www.burmeseclassic.com




LUCKY STAR
သားသမီးရတနာ မထွန်းကားသူများအတွက်
福星男女不孕不育專科
ဆရာစံ 楊醫師
B.E (Chemical) D.E.S (U.S.A)
Boy Baby
生男孩專方
သားသားရတနာ
x + y = ♂
Girl Baby
生女孩專方
သမီးလေးရတနာ
x + y = ♀
Twin Baby
雙生兒專方
အမြွှာလေးရတနာ
အခန်း(၆)၊ ရွှေစပယ်ရိပ်မွန်၊ ရေကြောင်းသိပ္ပံရှေ့၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
536355, Hp - 09 - 73241356, Hp - 09 - 5139886 Email @ sanmyin 5688 gmail. com
www.burmeseclassic.com

www.burmeseclassic.com

REAL EVENT CRIME MAGAZINE
မှုခင်း အမြင် မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ အမှတ်စဉ် (၁၀၃)

★ အယ်ဒီတာချုပ်
အောင်ကျော်ဇေ
★ အယ်ဒီတာအဖွဲ့
ထက်ထက်ဦးဝေ(B.Sc.Physics)
သဏ်း(သတ္တဗေဒ)၊ အေးအေးခိုင်
ညှိမီအောင်(B.A.Myanmar)
★ အုပ်ချုပ်ရေးမှူး
ဦးရဲလွင်(ရဲဘိုင်အို)
★ ထုတ်ဝေသူ
ဦးအောင်လွင်(ဝ၄၁၄၉)
★ ပုံနှိပ်သူ
ဦးမြင့်ဦး(ဝ၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်
၁၁၉/၁၂၁-၃၄လမ်း၊ ရန်ကုန်။
★ မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်
ရဲသူ (ရန်ကုန်တက္ကသိုလ်)၊ မင်းထက်နိုင်
★ စာပြင်- ဦးဝင်းတင်

## ဆောင်းပါး

- ရွှေမန်းထွန်းထွန်း --၈၅
(ပြဇာတ်ထိပ်ခေါင် မြို့တော်သိန်းအောင်၊ ပေါ်စံဇာတ်သဘင်အဖွဲ့)

ကိုညွန့်အောင် (ရွှေပန်းထိမ်) --၄၄
(အရက်သမား သားရချင်းမသိ)

## နိုင်ငံတကာသတင်း

ဆောင်းဟေမန် - - ၇၂

## ဗေဒင်

- သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် - -၁
နက္ခတ်ဗေဒင်လက္ခဏာပညာရှင်

ကွန်ပျူတာစာစီ နေမျိုးအောင်




တန်ဖိုး - ၃၀၀
အုပ်ရေ - ၁၀၀၀

**မှုခင်းအမြင်မဂ္ဂဇင်း**
အမှတ်(၉၇-က)၊ မြေညီထပ်၊ (၃၉)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၃၈၅၃၆၉၊ ဝ၉-၄၉၂၉၄၂၁၈

www.burmeseclassic.com

## မှခင်းဝတ္ထု

--- ၁၄
ဒုရဲမှူးကြီး ဝင်းဦး (ငြိမ်း)
(ဝန်ခံချက်မပေးသော ဖြောင့်ချက်) --- ၂၈
- ထက်ထက်ဦးဝေ
(ကိုယ့်ကိုယ်ကိုယ်သာကိုယ်မပိုင်) --- ၅၀
- မောင်သာမန် (ဒီးကုန်း)
(မြေခ ကြွေကျတဲ့ မနှမ်းပန်းတစ်ပွင့်) --- ၆၃
- မောင်သိန်းနိုင်
(သံစဉ်မဲ့ကဗျာတစ်ပုဒ်) --- ၇၇
- သိန်းဇော် (ရွှေလီဦး)
(ရွှန့်ပုံသူတို့နှလုံးသား) --- ၉၂
- ရေနဂါး
(သတင်းထောက်ကြီးရဲ့အမေ) --- ၁၀၀
- နိုင်မျိုးသစ္စာ (နမ့်တူ)
(ပုံပြင်ထဲက ကုလားအုတ်) --- ၁၀၆
- ရှင်လွန်းမယ်
(စတေးခံမြေတာပင်) --- ၁၁၇
- ဆုမွန်ဦး (ဟသ်ာတ)
(အလှမက်တဲ့ကျွန်တော်) --- ၁၂၆
- ခင်ဦး (ပုတီးကုန်း)
(ပန်းချီးသူ) --- ၁၄၀
- အောင်ကျော်ဇော
(ပန်သစ္စာ)

## ကာတွန်း

ဟန်၊ သူရိန်၊ ကျော်ကျော်လွင်၊ စောဟန်၊
လှမင်းအောင် (သာစည်)။

## ကဗျာ

လမင်းသစ္စာ၊ သန်းခိုင်အောင်၊ မောင်လွမ်းနိုင် (စံပယ်ငုံ)၊ နေရဲချို၊
မင်းထက်သားညီ (တောင်ငူ)၊ နန်းမျိုးဝင်း (စိတ်ပညာ)၊
သွန်းနှင်းဆွေ (ကျောင်းကုန်း)၊ ခိုင်လွမ်းသျှစ် (ပေါက်တော)။




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

➤ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့
(နေပြည်တော်) ၀၆၇-၄၁၂၂၀၁
➤ အထူးအဖွဲ့(မြစ်ကြီးနား) ၀၇၄-၂၂၃၃၆
➤ အထူးအဖွဲ့(ဗန်းမော်) ၀၇၄-၅၀၁၉၉
➤ အထူးအဖွဲ့(လွယ်ဂျယ်) ၀၈၂-၅၂၈၉၀
(မူဆယ်မှတစ်ဆင့်)
➤ အထူးအဖွဲ့(မူဆယ်) ၀၈၂-၅၂၈၉၀
➤ အထူးအဖွဲ့(လောက်ကိုင်) ၀၈၂-၇၂၀၀၃/၇၂၀၃၆
➤ အထူးအဖွဲ့(လားရှိုး) ၀၈၂-၂၃၀၁၇/၀၉၅၂၇၅၉၆၂
➤ အထူးအဖွဲ့(တောင်ကြီး) ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၁၇
➤ အထူးအဖွဲ့(ကျိုင်းတုံ) ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄
➤ အထူးအဖွဲ့(တာချီလိတ်) ၀၈၄-၅၃၀၂၂
➤ အထူးအဖွဲ့(မြဝတီ) ၀၅၈-၅၀၂၆၈
➤ အထူးအဖွဲ့(မော်လမြိုင်) ၀၅၇-၂၆၉၈၃
➤ အထူးအဖွဲ့(ကော့သောင်း) ၀၅၉-၅၁၉၈၁
➤ အထူးအဖွဲ့(မြိတ်) ၀၅၉-၄၁၀၄၁/၄၁၀၀၄
➤ အထူးအဖွဲ့(ပုသိမ်) ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉
➤ အထူးအဖွဲ့(ရန်ကုန်) ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆
➤ အထူးအဖွဲ့(ပဲခူး) ၀၅၂-၂၁၀၃၀/၂၁၂၅၉
➤ အထူးအဖွဲ့(စစ်တွေ) ၀၄၃-၂၃၆၂၅
➤ အထူးအဖွဲ့(မောင်တော) ၀၄၃-၅၅၀၈၉
➤ အထူးအဖွဲ့(ကလေး) ၀၉၄၇၀၇၂၂၀၂
➤ အထူးအဖွဲ့(မကွေး) ၀၆၃-၂၃၃၇၄/၂၅၀၁၆
➤ အထူးအဖွဲ့(မိတ္ထီလာ) ၀၆၄-၂၄၇၁၄/၂၃၀၅၄
➤ အထူးအဖွဲ့(မန္တလေး) ၀၂-၇၃၈၃၀
➤ UNIAP ၀၁-၂၅၄၈၅၂/၂၅၄၈၅၃

အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



# ကုသိုလ်ဖြစ်ကုသနည်း

စိတ်သွားတိုင်းကိုယ်ပါနေကြလို့ပေါ့
ဆန္ဒတွေအချင်းချင်း ပက်ပင်းတိုး
လောကကြီးဟာ ဘေးမဲ့ကြိုးဝိုင်းတော မဟုတ်ဘူးလေ။

ပဋိပက္ခ.....
ကမ္ဘာ့လောင်စာ၊ ပြဿနာတွေ
"တစ်ကိုယ်ရေသန့်ရှင်းမှု"အားနည်းကြလို့
ဆင်းရဲချမ်းသာ၊ အကွာအဝေး
လူသားစကားတွေ လွဲချော်ပြီး
အပူမီးငုံတွေ ကိုယ်စီဟပ်၊ ဒါ ဆုတ်ကပ်ဆိုတာပေါ့။

တရားမမှန့်
နှိုင်းဆချင့်ချိန်
ကိုယ်ရှိန်မသတ်နိုင်ဘူးဆိုရင်တော့
စိတ်သွားတိုင်း ကိုယ်မပါ
ဂိလာန တစ်ခြမ်းသေပြီး
လေဖြတ်နေတာကမှ
"မကူညီချင်ရင်နေ
 မနှောင့်ယှက်ပါနဲ့"စကားလို့
အိပ်ရာထဲလဲနေရင်း
ကုသိုလ်ရနေမှာပေါ့ သူငယ်ချင်း။ ။



နေရဲချို



www.burmeseclassic.com

www.burmeseclassic.com



# ခေတ်သစ်မိမွှိသာရ

ဌ စနေမနက်
နေတက်ရေတက်မှာ
သားဦးရတနာ
မွေးဖွားလာတော့။

ဌ သားဦးစနေ
မီးလိုမွှေသတဲ့
မွှေချင်လည်းမွှေ
ဈွေချင်လည်းဈွေ။




BURMESE CLASSIC .com

ဌ ဘယ်အခြေ
ဘယ်လိုရောက်စေ
ချစ်နေရမှာ
မိဘတိုင်းရဲ့
နှိုင်းမရပေတ္တာ။

ဌ ဇိမ္မိသာရထုံး
နှလုံးမူလို့
သည်းအူတုန်ကို
ဘယ်လိုနာမ်နှိမ်ရက်မှာလဲ။

ဌ ဒီဘဝ ဒီတစ်ခါ
ခဏတာလူ့လာဖြစ်
ငြိုးစုစရာမဟုတ်
သားလှမျက်နှာ ရွှေသော်တာအဆင်း
ဝင်းပကြည်လင် လူတကာမြင်
ချစ်ခင်ကြင်နာလေတော့
ဓားထမ်းလို့ ဘယ်လိုကျော်ရက်ပ။

သွန်းနှင်းဝေ (ကျောင်းကုန်း)

www.burmeseclassic.com

www.burmeseclassic.com



# ရင်ခွဲရုံ

ခိုင်လွမ်းသျှစ် (ပေါက်တော)

၁ နံနက်ခင်းမှာ သစ္စာတရားပုံရိပ်နဲ့
ဆေးကျမ်းတွေ ဖတ်နေတာ
ဆန့်ကျင်ဘက်ကို ပန်းချီဆွဲဖို့
စက္ကူအာရုံ ဘယ်ရောက်မနေလဲ
ကြည်ညိုမိတာ လွန်ကဲရင်
ထိတ်လန့်စရာ ရောက်လာတတ်တယ်
စေတနာပိုမိရင်လည်း
ကျွန်စာရင်းဝင်တတ်တယ်
ပိုင်ဆိုင်သမျှကို ထားခဲ့ပြီး
ငါ့ဆီမှာ ရင်လာဖွင့်ပြတာလား
မပြောဖြစ်ခဲ့တဲ့ အနှုန်းတရားတွေ
ရင်ထဲမှာရှိတယ်ဆိုတာ သက်သေ[illegible]သလို
သမုဒ္ဒရာကို မသေမချင်းကူးကြေးမှာ
ငါ့ဘဝ သမုဒ္ဒရာ ရေတိမ်နစ်သွားပြီလား
ကာယ်ထင်မပြနိုင်တဲ့ မျက်ရည်အတွက်
ငါမငိုတော့ပါဘူး
သွေးသားစုံညီရေးပွဲတော်မှာ
နှုတ်ဆက်ခြင်းတွေ သွေးအေးခဲ့လေပြီ
ရေသောက်မြစ်တွေ ရေဆာလာတယ်
ဒီကမ္ဘာထဲ ပူဆွေးခြင်းတွေက
ငါ့ဘဝတစ်ခုလုံးအား အရှင်လတ်လတ် ခွဲနေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# စေတနာလေး အားဖြည့်ပါ



■ ကျရာတာဝန်၊ ထမ်းရွက်သွန်၏
ချွန်၏ တော်၏၊ မော်ပါဘိ၏
တိကျသေသပ်၊ ဆုံးအဖြတ်နှင့်
ရပ်တည်နိုင်သော သူငယ်ချင်း။

■ နားမလည်၍
အားငယ်သူတို့၊ မျက်ရည်စို့၏။

■ နားယောင်မိ၍
အားဆောင်သူတို့၊ အနေချို့၏။

■ အပြစ်ရှိ၍
ညစ်မိသူတို့ ဘဝချို့၏။

■ သိခြင်း၊ တတ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့
အကြွင်းမရှိ၊ မှန်မှန်းသိ၏
တိကျသေချာ၊ အဖြေရှာသော်
ယာဆီမတိမ်း၊ ဝဲမယိမ်းခဲ့
ထိန်းသိမ်းဆုံးဖြတ်၊ သင့်အတတ်လျှင်
လူ့ရပ်ဝန်းကျင်၊ နယ်တစ်ခွင်မှာ
ပျံ့လွှင့်ခရေ၊ မွှေးပျံ့စေသို့
လေပြည်ချိုသင်း၊ ညှိနှံ့ကင်း။

■ မရှိ၍ခိုး၊ ရှိနိုးနိုးနှင့်
မလှ၍မျိုး၊ လှနိုးနိုးနှင့်
မပိုင်၍စိုး၊ ပိုင်နိုးနိုးနှင့်
ဆိုးစွအမြင်၊ ပတ်ဝန်းကျင်မှာ
ပညာမတတ်၊ စာတွေငတ်ခဲ့
စိတ်ဓာတ်နိမ့်ပါး၊ လူတန်းစားတို့
လွဲမှားခဲ့ရိုး၊ အဖြစ်မျိုးကို
တန်ဖိုးရှိစေ၊ အသိဝေရင်း
စေတနာလေး အားဖြည့်ပါ။

**မောင်လွမ်းဦး**



www.burmeseclassic.com

www.burmeseclassic.com



# လောင်မြိုက်ခြင်းတဏှာ

တဏှာမှူးယစ်
အတ္တနွံနစ်　　ဘဝညစ်ထေး
ပုပ်ဆွေး စေးပျစ် ငါမဖြစ်လို။
အမှောင်ပိန်းပိတ်　မောဟစိတ်ကို
သိုသိပ်သိမ်းပွေ့　မှိုင်းအငွေ့နှင့်
ပျော်မွေ့နှစ်ခြိုက်　မထွေးပိုက်လို။
အတ္တနယ်ပယ်　　လောဘနွယ်လျက်
တဏှာယှက်ကဲ　　နို့မဲ့ကျူဂုဏ်ပုဒ်
နွမ်းရိပုပ်ကာ　　ဖယ်ထုတ်ရှောင်ခွာ
ဆွေသဟာလည်း
ကြင်နာကင်းလျက် မေတ္တာကွက်လိမ့်။
ချက်ချာသေချာ　ချင့်ချိန်ပါသော်
တဏှာရှူးမိုက်　　သည်စရိုက်သည်
ရင်မြိုက်ရင်ကို　　ကျွမ်းစေသတည်း။　။



သန်းခိုင်အောင်




www.burmeseclassic.com

www.burmeseclassic.com



# ချစ်ဒုက္ခမီးတွေနဲ့လူ



သက်မဲ့ပစ္စည်းတစ်ခုကို ချစ်တဲ့ကိစ္စမှာ
ဒုက္ခမီးတွေ မပါဝင်ပေမယ့်.....
သက်ရှိလူသားတစ်ယောက်ကို
ချစ်မိတော့
သောကမီးတွေ လောင်မြိုက်တာခံရ.....
သံယောဇဉ်ကြိုးနဲ့ ချည်နှောင်မိခြင်းဟာ
ကိုယ့်ရင်ကိုကိုယ် သောကဓားနဲ့ ထိုးနေခြင်းပါ။
စိတ်က တစ်ခါတစ်ရံမှာ
မြူမှုန်လောက် သေးငယ်
ထွက်လွယ်တဲ့ ဒေါသ.....
ပေါက်ကွဲလွယ်တဲ့ လောဘ.....
ပြုတ်ကျလွယ်တဲ့ မောဟတွေကြောင့်
ချစ်ခြင်းရဲ့ ပျော်ရွှင်ဖွယ်ကောင်းတဲ့
ကရုဏာဝါဂွမ်းစိုင်တွေ ထွက်ပြေးသွားကြ
ဝေဒနာဒုက္ခတွေက
ချစ်ခြင်းကို ဝင်ရောက်တိုက်ခိုက်လာကြရဲ့။

ထာဝရ ကံကောင်းမှုတွေနဲ့ပဲ
လင်းလက်မနေတဲ့ ကမ္ဘာမှာ
ဝမ်းနည်းမှိုးတိမ်တွေဟာ ကောင်းကင်
ရံဖန်ရံခါ ပျံသန်း
လန်းဆန်းနေတဲ့ ပန်းတစ်ခက်တောင်
နေရောင်ရဲ့အပူဒဏ်ကြောင့်
ညှိုးခြောက်ကြွေကွဲတာ တွေ့မြင်ရ
အချစ်ကလည်း အဲဒီလိုပါပဲ
ပျော်ရွှင်စိမ်းလန်းပြီးတဲ့အခါ
ဒုက္ခမီးတွေနဲ့ ကြုံဆုံထွေးပိုက်သွားရ
အဲဒီအခါ လူဟာ.....
"ချစ်ဒုက္ခမီးတွေနဲ့လူ" ဖြစ်သွားရတာ

မင်းထက်သားညီ

www.burmeseclassic.com


www.burmeseclassic.com



# ပါးစပ်သေနတ်

င အလုပ်ကိုမေ့ထား
ကြွားတာတွေကများ
တရွေ့ရွေ့ "နေ" အသွား
အမှုမဲ့တွေ စုကာများ
ပျင်းလာပါပေါ့လား။

င အပျင်းကစုသယ်
ဖျင်းလာတာ ငါမသိ
ငါဟာလူတော်ဘိ
ပြောစကားသာရှိ
လက်တွေ့တကယ်မရှိ
ကြွားရဲ့သေနတ် "ကျည်" ထည့်ပစ်
လူရယ်စရာအဖြစ်
လေကြီးလိုက်ပါဘိ။ ။



**နန်းမျိုးဝင်း** [စိတ်ပညာ]

www.burmeseclassic.com

www.burmeseclassic.com



## သံသရာ

♛ စားပွဲခုံထက်
လျှာရင်းမြက်ဖို့
ဟင်းခွက်တစ်ခွက် ချက်ပါတယ်။

♛ ပေါ့တော့
အငန်ထည့်
ငန်တော့
အချဉ်ထည့်
ချဉ်တော့
အချိုထည့်
ချိုတော့ ရေထိုး
ရေထိုးတော့ပေါ့
ပေါ့တော့
အငန်ထည့်
ဒီလိုနဲ့.....
အဲဒီဟင်းတစ်အိုး
မီးဖိုပေါ်က
ခုထိကျမလာနိုင်သေးဘူး။ ။




လမင်းသစ္စာ



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




## ဝန်ခံချက်မပေးသော ဖြောင့်ချက်

ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)

အချိန်က နံနက် (၄)နာရီခန့် ဖြစ်သည်။ ညောင်လေးပင်ဘူတာရုံ ပလက်ဖောင်းပေါ်၌ ရန်ကုန်ဘက် သို့ထွက်ခွာမည့် အစုန်အမြန်ရထား အား စောင့်ဆိုင်းနေကြခြင်းဖြစ်ပါ သည်။ ဘူတာရုံအဆောက်အအုံ အတွင်း ပလက်ဖောင်းများ၌သာ မီး အလင်းရောင်ရှိသော်လည်း ဘူတာ ရုံ၏ မြောက်ဘက်၊ တောင်ဘက် ယွန်းယွန်းများတွင် လမ်းမီးတိုင်များ ၏ ဝါကျင်ကျင်မီးလုံး၊ မီးရောင်သာ ရှိသဖြင့် လူလုံးမကွဲလှပါ။

နံနက်စောစော ရန်ကုန်ဘက် သို့စီးမည့် ခရီးသည်များမှာလည်း စီးပွားရေးကုန်သည်အများစုသာ ဖြစ်ပါသည်။ ရန်ကုန်သို့ နံနက်စော စောရောက်ရှိပြီး ဈေးဝယ်ပြီးသည့် အခါ အဆန်စာပို့ရထားများ၊ အမြန် ရထားများဖြင့် ပြန်လာကြမည်ဖြစ် ပါသည်။ ခရီးသည်က သိပ်မများ လှပါ။ ဘူတာရုံရှိ လက်ဖက်ရည် ဆိုင်များလည်း မဖွင့်သေးပါ။ ကုန် ထမ်းအလုပ်သမား တစ်ဦး၊ နှစ်ဦး သာ တွေ့ရှိရသေးသည်။

ဒေါ်မြမေအဖို့ ညောင်လေးပင် ဈေးကြီးအတွင်း ဖွင့်လှစ်ထားသည့် အဝတ်အထည်ဆိုင်တွင် ရောင်းချ သည့် အင်္ကျီပိတ်၊ ထဘီ၊ မိန်းမ အသုံးအဆောင်ပစ္စည်းများ လျော့ နည်းနေသဖြင့် ရန်ကုန်သို့ ကိုယ်



တိုင်ဈေးဝယ်သွားခြင်းဖြစ်ပါသည်။ ဒေါ်မြမေတို့အိမ်တွင် ဒေါ်မြမေနှင့် မိတဆိုးမြေးလေး နွယ်နီဦးသာရှိပြီး ဈေးအတွင်း အထည်ဆိုင်ဖွင့်၍ စား ဝတ်နေရေး ဖြေရှင်းနေရခြင်းဖြစ်ပါ သည်။ မြေးဖြစ်သူ နွယ်နီဦးအား ဆိုင်စောင့်ထားပြီး ရန်ကုန်သို့ကိုယ် တိုင်သွားရောက်၍ ဝယ်ယူခြင်းဖြစ် ပါသည်။ အပျိုအရွယ် မြေး နွယ် နီဦးအား ရန်ကုန်သို့ တစ်ဦးတည်း လွှတ်ရမှာကလည်း စိတ်မချ။ ထို့ ကြောင့် ဆိုင်နီးချင်းများကိုသာ အပ်နှံခဲ့ပြီး သူမတစ်ဦးတည်း ရန်ကုန်သို့ ထွက်လာခြင်းဖြစ်သည်။

ဒီတစ်ပတ်ဝယ်ရမည့် ပစ္စည်း တန်ဖိုးက ကျပ်သုံးသိန်းဖိုးခန့်ရှိ သဖြင့် ငွေထည့်ထားသော ဆလင်း ဘက်အိတ်ကို သေချာစွာ ဆုပ် ကိုင်သတိပြု ကိုင်တွယ်ထားရသည်။ ဒေါ်မြမေ၏အသက်အရွယ်ကလည်း ၅၀ နှစ်ကျော် ၆၀ နှစ်အတွင်းသို့ ရောက်လာပြီမို့ ဈေးသက်သို့

www.burmeseclassic.com







တဖြည်းဖြည်း ဦးတည်နေပြီဖြစ်သည်။ ငယ်ရွယ်စဉ်ကကဲ့သို့ သွက်လက်မှု မရှိတော့ပါ။

နံနက် ၃ နာရီခန့်လောက်ကတည်းက အိပ်ရာထ၊ မျက်နှာသစ်၊ ဘုရားရှိခိုးခြင်းများ ပြုလုပ်ပြီး မြေးလေး နွယ်နီဦးအား ဆိုင်နှင့်ပတ်သက်၍ မှာစရာရှိသည်များကို မှာနေရသည်။ ဘူတာရုံသို့ နံနက် ၄ နာရီထိုးခါနီးတွင် ရောက်ရှိလာပြီး လက်မှတ်ဝယ်ယူ၍ ဘူတာပလက်ဖောင်းရှိ ထိုင်ခုံတွင်ထိုင်နေသည်။

ဒေါ်မြမေက ငွေပါသည့်အိတ်အား ရင်ဝယ်ပိုက်ပြီး အိပ်ရေးမဝမှုကြောင့် စိတ်လက်မအီမသာဖြစ်နေမိသည်။ ဒီနေ့မှ ရထားကလည်း နောက်ကျသည်ဟုထင်မိသည်။ ရထားလာချိန်အား စောင့်ဆိုင်းရင်းဖြင့် နံနက် ၄ နာရီခွဲအချိန်ခန့်တွင် အမြန်ရထားမှာ တော်ဝိဘူတာမှ ထွက်လာကြောင်း၊ မကြာမီ ညောင်လေးပင်ဘူတာသို့ ဆိုက်ရောက်တော့မည်ဖြစ်ကြောင်း ကြေညာသဖြင့် ထိုင်ခုံနေရာမှထပြီး ဘူတာပလက်ဖောင်း၏ မြောက်ဘက်ဆီသို့ ထွက်လာခဲ့သည်။ ရထားတွဲ၏နောက်ပိုင်းတွဲများတွင် လူချောင်တတ်သဖြင့် ရထားတွဲ၏နောက်ပိုင်းတွင်စီးရန် စိတ်ကူးရပြီး မြောက်ဘက်မီးတိုင်များဘက်သို့ ထွက်လာခြင်းဖြစ်သည်။

လမ်းမီးတိုင်မှာလည်း ၆၀ ဝပ်အား မီးသီးနီကျင်ကျင်အရောင်ကြောင့် မြင်ကွင်းအား ရှင်းရှင်းလင်းလင်းတော့ မမြင်ရပါ။ အချို့ခရီးသည်များကတော့ ဘူတာရုံရှေ့မှပင် စောင့်စီးကြသည်။ ဒေါ်မြမေက ငွေပါသည့် ဆလင်းဘက်အိတ်အား သေချာဆုပ်ကိုင်ပြီး မြောက်ဘက်မီးတိုင်နှင့် မနီးမဝေးတွင် ရပ်စောင့်နေသည်။ မီးရထားစက်ခေါင်း၏ မီးအလင်းရောင်ကိုလည်း လှမ်းမြင်နေရသဖြင့် ရထားဆိုက်လျှင် တွဲပေါ်တက်မည့် အစီအစဉ်ကိုသာ တွေးတောနေချိန်ဖြစ်သည်။ မီးရထားက တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။

ထိုအချိန် မမျှော်လင့်သော အဖြစ်အပျက်က ဒေါ်မြမေအား စိတ်လှုပ်ရှားမှု ဖြစ်စေခဲ့ရသည်။

ရထားဆိုက်ချိန်ကို အာရုံစိုက်နေစဉ် နောက်မှနေ၍ ရုတ်တရက် လွယ်ထားသောငွေအိတ်အား တစ်စုံတစ်ဦး၏ လှမ်းဆွဲမှုကို ခံလိုက်ရသည်။ ယခင်ကတည်းက ငွေအိတ်အား ဂရုတစိုက် ကိုင်ထားသည်မို့ ဆွဲယူသူထံသို့ လွတ်လွတ်ကျွတ်ကျွတ်တော့ ပါမသွားခဲ့ပါ။

ဒေါ်မြမေကလည်း သူမတွင်ရှိသည့်အင်အားနှင့် ပြန်ဆွဲထားသည်မို့ အလွယ်တကူ မပါသွားခြင်းဖြစ်သည်။ ထိုအချိန်တွင် လုယက်သူက တစ်စုံတစ်ခုဖြင့် ခေါင်းကိုရိုက်လိုက်သဖြင့် ဦးခေါင်းတွင် နာကျင်မှုဝေဒနာတစ်ရပ် ခံစားလိုက်ရပြီး ဒူးထောက်လျက် လဲကျသွားခဲ့သည်။ ငွေအိတ်ကိုတော့ လုံးဝလက်မလွှတ်သဖြင့် လုယက်သူကလည်း မာကျောသောပစ္စည်းတစ်ခုနှင့် ခေါင်းကို ဆက်တိုက်ဆက်



www.burmeseclassic.com

www.burmeseclassic.com

ကာ ရိုက်နေသည်။ ဒေါ်မြမေလည်း သတိကိုကောင်းစွာစုစည်းထားရှိပြီး မိမိကိုယ်ကို ကာကွယ်လျက် တွေ့သည့်အရာအား မှန်းရမ်း၍ လှမ်းဆွဲလိုက်သည်။

ဒေါ်မြမေ လှမ်းဆွဲလိုက်သည့်အရာမှာ ငွေအိတ်လုယူသူ၏ မအား (ဝေ့ဇေ့)နေရာဖြစ်ပြီး မလွှတ်တမ်း လှမ်းဆုပ်ထားလိုက်သည်။ လုယက်သူကလည်း သူ၏ဖွားဖက်တော်အား ရုတ်တရက် ဆွဲဆုတ်ဖျစ်ညှစ်ထားခြင်းခံရသဖြင့် ဖျစ်ညှစ်ထားခြင်းမှ လွတ်စေရန် အစွမ်းရှိသမျှ ရုန်းကန်ပြီး လက်ထဲမှအရာဖြင့် ဒေါ်မြမေ၏ခေါင်းအား အဆက်မပြတ် ရိုက်နေခဲ့သည်။

ဒေါ်မြမေကလည်း မိထားသည့်အရာအား မလွှတ်တမ်းသာ အားရှိသရွေ့ ဆုပ်ကိုင်လျက်ရှိနေသည်။ သို့သော်လည်း ဒေါ်မြမေ ကြာရှည်တော့ မဆုပ်ထားနိုင်တော့ပါ။ ခေါင်းကလည်း တဖြည်းဖြည်း နာကျင်လာသဖြင့် အားမတန် မာန်လျှော့ဆိုသလို ဆုပ်ထားသည့်အရာ (ဝေ့ဇေ့)အား လွှတ်လိုက်ရပါတော့သည်။ ထို့နောက် အရိုက်ခံရတယ်၊ ငွေလုတယ်၊ ထွက်ပြေးသွားတယ် ဟူသော အော်သံကြားပြီး သတိမေ့မြောသွားပါတော့သည်။

♛♛♛♛♛

နံနက် ၇ နာရီအချိန်ခန့် ဒေါ်မြမေ သတိရချိန်တွင် ဆေးရုံခုတင်ပေါ်တွင် ရောက်နေသည်ကို သတိပြုမိသည်။ ခုတင်အနီးတွင် မြေးမလေး နွယ်နီဦးက ၎င်းအားကျောခိုင်းလျက် ခုတင်ဘေး စားပွဲခုံလေးအား သန့်ရှင်းရေးပြုလုပ်နေသည်ကို တွေ့ရသည်။ ယခုမှ ဖြစ်ပျက်ခဲ့သည့်ကိစ္စများအား စဉ်းစားမိပြီး ငွေထုပ်အား သတိရမိသည်။

"မြေးလေး အဘွားငွေထုပ် ရောဟင်"

နွယ်နီဦးက ၎င်း၏အဘွားမေးသံကြားသဖြင့် ဒေါ်မြမေဘက်သို့ လှည့်လာပြီး.....

"ဪ.....အဘွား သတိရလာပြီလားဟင်၊ ဝမ်းသာလိုက်တာ အဘွားရယ်၊ သမီးလေ အိမ်ကို မီးရထားဘူတာရုံက လူကြီးတစ်ယောက်က အကြောင်းကြားတာနဲ့ အိမ်ခြေရင်းက ဘကြီးဦးသာမောင်ကိုခေါ်ပြီး ချက်ချင်းလိုက်လာတာ၊ အဘွားငွေထုပ်လည်း မပျောက်ဘူး၊ တာဝန်ရှိသူတွေ သိမ်းပေးထားကြတယ်၊ မသေကောင်းမပျောက်ကောင်း အဘွားရယ်၊ အခုမှ ဒီလိုဖြစ်ရတယ်လို့၊ သမီးဖြင့် စဉ်းစားမိရင်း ဝမ်းနည်းမိတယ် အဘွားရယ်၊ ဒါနဲ့ အဘွား နေထိုင်ရတာ သက်သာရဲ့လားဟင်"

"ခေါင်းက နည်းနည်းလေးပဲ နာပါတော့တယ် မြေးလေးရယ်"

"အဘွားရဲ့ချိုစောင်းမှာ နှစ်ချက်ချုပ်ရတယ်၊ နောက်ပြီး နဖူးက တစ်ချက်ချုပ်ရတယ်၊ ကျန်တာတွေ ကတော့ ဖူးရောင်ဒဏ်ရာတွေပဲ"

ယခုမှ ဒေါ်မြမေလည်း ခေါင်းကိုစမ်းကြည့်ရာ ပတ်တီးစည်းထား

**ဪ.....အဘွား သတိရ လာပြီလားဟင်၊ ဝမ်းသာလိုက်တာ အဘွားရယ်၊ သမီးလေ အိမ်ကို မီးရထားဘူတာရုံက လူကြီးတစ်ယောက်က အကြောင်းကြားတာနဲ့ အိမ်ခြေရင်းက ဘကြီးဦးသာမောင် ကိုခေါ်ပြီး ချက်ချင်းလိုက်လာတာ၊ အဘွားငွေထုပ်လည်း.....**



www.burmeseclassic.com

www.burmeseclassic.com



သည်ကို သိရပြီး ခေါင်းမှဖူးရောင် ဒဏ်ရာများကိုလည်း လက်ဖြင့် ဖြည်းဖြည်းလိုက်စမ်းနေမိသည်။

ခေါင်းကဒဏ်ရာအရှိန်ကြောင့် အိပ်နေချင်သေးသဖြင့် ခုတင်ပေါ်တွင် မျက်လုံးမှိတ်ပြီး လွန်ခဲ့သော နံနက်ခင်းက ဖြစ်ပျက်သည်များကို တွေးတောစဉ်းစားလျက် ရှိနေပါတော့သည်။

ရန်ကုန်သို့ ဈေးဝယ်သွားသည့် အကြိမ် မနည်းတော့ပါ။ ယခုမှသာ လူကိုရိုက်ပြီး ငွေလုခံရသည့်အဖြစ်မျိုး ကြုံရသဖြင့် မည်သည့်လူကများ သူမ၏သွားလာမှုကို စောင့်ဆိုင်းပြီး လုယက်ခြင်းဖြစ်မည်နည်းဟု တွေးမိသည်။ သို့သော် ဒေါ်မြမေအနေဖြင့်လည်း သာမန်အနေဖြင့်သာ ဝတ်စားပြီး သွားလာနေသူဖြစ်သဖြင့် သူမတွင် ဈေးဝယ်ရန် ငွေပါလာသည်ဟုလည်းကောင်း၊ ရန်ကုန်သို့ သူမ ဈေးဝယ်သွားမည်ဟုလည်းကောင်း မည်သူ့ကိုမျှ မပြောပြခဲ့ပါ။ တွေးမိတိုင်း အဖြေမပေါ်တော့သဖြင့် မျက်လုံးမှိတ်ပြီး တရားသာရှုမှတ်နေပါတော့သည်။

နံနက် ၁၀ နာရီခန့်တွင် ဆေးရုံမှ ဆရာဝန်ကြီးက အနီးရှိလူနာများကို လိုက်လံစစ်ဆေးကြည့်ရှုနေသည်ကို တွေ့ရသဖြင့် သူမလည်း အစစ်ဆေးခံရန် စောင့်ဆိုင်းနေလိုက်သည်။

"ဘယ်လိုနေသေးလဲ အစ်မကြီး၊ ဒဏ်ရာက သိပ်မပြင်းလှပါဘူး၊ ရောက်ခါစတုန်းကတော့ ကြောက်လန့်တဲ့စိတ်ကြောင့် စိတ်လှုပ်ရှားလွန်းပြီး သတိမေ့သွားတာပါ၊ စိုးရိမ်စရာ မရှိတော့ပါဘူး၊ အနေဆိုးရင် ဆရာမတွေကတစ်ဆင့် ပြောနော်"

ဆရာဝန်ကြီးက ဒေါ်မြမေ၏

**ဒေါ်မြမေက**
**နံနက်ပိုင်း အိပ်မှထွက်လာပြီး**
**ဘုရားရှိခိုး ကြောင်း၊**
**ရထားစောင့်နေပြီး**
**ရထားဝင်လာခါနီးချိန် နောက်**
**ဆုံးတွဲမှ စီးရန် မီးတိုင်အောက်မှ**
**စောင့်နေစဉ်**
**ရုတ်တရက်ငွေလုခံပြီး**
**ခေါင်းကို အရိုက်ခံရ၍**
**သတိလစ် သွားကြောင်း၊**

ရင်ဘတ်အား နားကြပ်ဖြင့်ထောက်ပြီး စမ်းသပ်ရင်း ပြောပြနေသည်။

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်မ သက်သာပါတယ်၊ ခေါင်းနည်းနည်း နာတာပဲရှိပါတယ်"

"စိုးရိမ်စရာမရှိပါဘူး၊ ဒဏ်ရာတွေက ဆေးထည့်၊ ဆေးစားတာနဲ့ ပျောက်မှာပါ၊ နောင်ကို သတိထားသွားလာပေါ့ဗျာ"

ဆရာဝန်ကြီးနှင့်အဖွဲ့လည်း သူနာပြုဆရာမအား လိုအပ်သည်များ မှာကြားပြီး အခြားလူနာများ စစ်ဆေးရန် ထွက်သွားသည်။

♛♛♛♛♛

မကြာမီ ညောင်လေးပင်ရဲစခန်းမှ ဒုရဲအုပ် စိန်ဝင်း (ဒုရဲမှူး၊ ငြိမ်း)နှင့် နယ်ထိန်း တပ်ကြပ် မြင့်စိုး၊ တပ်ကြပ်မြင့်လွင်၊ တပ်သား အောင်မောင်းတို့အဖွဲ့ ရောက်လာပြီး ဒေါ်မြမေအနီးရှိ ခုတင်ပေါ်တွင် ထိုင်လိုက်ကြသည်။

"ဘယ်လိုလဲ ဒေါ်မြမေ၊ သက်သာတယ်မဟုတ်လား၊ စကားလည်း ကောင်းကောင်းပြောနိုင်တယ်မဟုတ်လား"

"ဟုတ်ကဲ့၊ သက်သာပါတယ် ဆရာ"

ဒေါ်မြမေက ခုတင်ခေါင်းရင်းကိုမှီပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





''ဒီလိုဆိုရင် ဖြစ်စဉ်ကို စဉ်းစားပြီး အသေးစိတ် ကျွန်တော့်ကို ပြောပြပါဦး''

ဒေါ်မြမေက နံနက်ပိုင်း အိမ်မှထွက်လာပြီး ဘူတာရောက်ရှိကြောင်း၊ ရထားစောင့်နေပြီး ရထားဝင်လာခါနီးတွင် နောက်ဆုံးတွဲမှစီးရန် မီးတိုင်အောက်မှ စောင့်နေစဉ် ရုတ်တရက်ငွေလုခံပြီး ခေါင်းကိုအရိုက်ခံရ၍ သတိလစ်သွားကြောင်း၊ လုယက်သူကိုမမှတ်မိကြောင်း၊ ဆေးရုံရောက်မှ သတိရကြောင်းများ ပြောပြခဲ့သည်။

''ကျွန်တော် သိချင်တာလေးတွေတော့ မေးပါရစေ၊ စဉ်းစားပြီး ဖြေပေးပါဦးနော်''

''ဟုတ်ကဲ့၊ ကျွန်မ မှတ်မိသလောက်တော့ ပြောပြပါ့မယ်''

''ဟုတ်ပြီ၊ ဒါဆိုရင် ရိုက်တဲ့သူကို ထူးထူးခြားခြားများ မှတ်မိလိုက်သလား၊ ကျွန်တော် ဆိုလိုတာက လမ်းမီးတိုင်အောက်ဆိုတော့ မျက်နှာသော်လည်းကောင်း၊ အဝတ်အစား ကိုယ်လုံးအနေအထားသော်လည်းကောင်းပေါ့ဗျာ၊ စဉ်းစားကြည့်ပါဦး''

''ကျွန်မက ရထားလာတဲ့ဘက်ကို ကြည့်နေတုန်း နောက်ကနေ ရုတ်တရက် ငွေအိတ်ကို လုခံရတာပါ၊ ကျွန်မကလည်း ငွေအိတ်ကို အစကတည်းက သတိထားကိုင်ထားတာဆိုတော့ မပါသွားဘူးပေါ့ ဆရာ၊ အဲ...နောက်တော့ ကျွန်မခေါင်းကို တစ်ခုခုနဲ့ ရိုက် လိုက်တော့မှ ကျွန်မလည်း ဒူးထောက်ကျသွားတာ၊ ရုတ်တရက်ဆိုတော့ လုတဲ့သူရဲ့မျက်နှာ၊ ကိုယ် လုံးကိုတော့ သေသေချာချာ သတိမထားမိဘူး ဆရာ၊ ကျွန်မ ငွေအိတ် မပါရေးကိုသာ ဂရုစိုက်ပြီး ပြန်လုနေရတာ၊ ပါးစပ်ကလည်း ကြောက်လန့်ပြီး မအော်မိဘူး ဆရာရယ်''

ဒုရဲအုပ် စိန်ဝင်းကတော့ အားမလျှော့သေးဘဲ.....

''နည်းနည်းပြန်စဉ်းစားပါဦးဗျာ၊ ထူးထူးခြားခြားလေးပေါ့၊ ဘာများသတိပြုမိတာ ရှိဦးမှာလဲလို့''

ဒေါ်မြမေက မျက်လုံးခဏမှိတ်ပြီး စဉ်းစားလျက်ရှိနေသည်။ မကြာမီ မျက်လုံးပြန်ပွင့်လာပြီး...

''ဆရာ့ကို ပြောရမှာ အားနာတယ် ဆရာ၊ ရှက်လည်း ရှက်တယ်၊ နားနဲ့မနာ ဖဝါးနဲ့နာပါ ဆရာ''

''ပြောမှာသာ ပြောပါဗျာ၊ ဘာမှ အားနာစရာ မရှိပါဘူး၊ ဒါမှ ကျွန်တော်တို့အနေနဲ့ ပြစ်မှုကျူးလွန်သူကို ကောက်ချက်ချနိုင်မှာ၊ နောက်ပြီး ဖြစ်တဲ့အချိန် မျက်မြင်သက်သေကလည်းမရှိ၊ ငွေကလည်း ပါမသွားဘူးဆိုတော့ ကျူးလွန်သူဘက်က တစ်ပန်းသာနေတယ်လေ''

''ဒီလိုပါ ဆရာ၊ ခုန ကျွန်မ ပြောသလိုပေါ့၊ ကျွန်မက ငွေအိတ်ကိုလည်း တစ်ဖက်ကပိုက်ထားပြီး ကျွန်မကို ရိုက်နေတော့ ကျန်တဲ့လက်နဲ့ ကာနေရတာပေါ့၊ အဲဒီနဲ့ ကျွန်မလည်း တွေ့ရာဖမ်းဆွဲတာပေါ့ ဆရာ၊ အဲ.....အဲဒီမှာ ကျွန်မကို

www.burmeseclassic.com

www.burmeseclassic.com



ရိုက်တဲ့သူရဲ့ ဂွေးစေ့(မအား)ကို လုံချည်အပြင်ဘက်က မိမိရရ ဖမ်းဆုပ်မိတယ် ဆရာ၊(ရယ်လျက်) ကျွန်မလည်း မိတဲ့ဟာတော့မလွှတ်ဘူးဆိုပြီး အနာခံဆုပ်ထားတယ် ဆရာ၊ ဒါပေမဲ့လည်း ယောကျ်ားအားနဲ့ မိန်းမအားဆိုတော့ မတူဘူးပေါ့ ဆရာရယ်၊ ခေါင်းကိုလည်း ရိုက်နေတော့ နောက်ဆုံးနာလာလို့ ဆွဲဆုပ်ထားတာကို လက်လွှတ်



လိုက်ရတော့တယ် ဆရာ၊ အဲဒါတစ်ခုကတော့ ထူးခြားတယ် ဆရာ''

''ဒါဖြင့်ရင် ခင်ဗျားဆုပ်မိတာ ဂွေးစေ့(မအား)ဆိုတာတော့ သေချာပါတယ်နော်''

ဒေါ်မြမေက ခေါင်းငုံ့ရယ်ပြီး...

''ဆရာရယ် သေချာပါတယ်၊ အဲဒီဆုပ်တဲ့အချိန်မှာ ကျွန်မ သတိရနေပါသေးတယ်''

''အေးဗျာ၊ အခုလို အသေးစိတ်ပြောပြတာ ကျေးဇူးပဲ၊ နောက်ပြီး အရိုက်ခံရတဲ့နေရာမှာ သဲလွန်စပစ္စည်းလေးတွေ ကျန်နေခဲ့သေးတယ်၊ စခန်းမှူးကို တင်ပြပြီး နယ်ထိန်းအဖွဲ့နဲ့ တရားခံ စုံစမ်းဖမ်းဆီးရဦးမယ်၊ အမှုကတော့ ရဲစခန်းမှာ ဒေါ်မြမေရဲ့မြေး နွယ်နီဦးက တိုင်ချက်ဖွင့်ထားပြီးပါပြီ''

ဒုရဲအုပ် စိန်ဝင်းနှင့်အဖွဲ့လည်း ဒေါ်မြမေအား နှုတ်ဆက်ပြီး ဆေးရုံမှ ပြန်ထွက်လာခဲ့သည်။ ဒေါ်မြမေလည်း ရဲတပ်ဖွဲ့ဝင်များ ပြန်ထွက်သွားပြီးနောက် ၎င်းပြောပြခဲ့သည့် အချက်များအား တွေးတောစဉ်းစားရင်း ကျိတ်ပြုံးပြုံး၍ ကျန်နေခဲ့ပါတော့သည်။

♛♛♛♛♛

ဒုရဲအုပ်စိန်ဝင်းလည်း ရဲစခန်းသို့ ရောက်ရှိပြီး ရဲစခန်းမှူး အခန်းတွင် ရှိ/မရှိကြည့်ရှ
ရဲစခန်းမှူး ရဲအုပ် စိန်ညွန့် (ရဲ
ငြိမ်း)မှာ စခန်းရုံးခန်းအတွင်
ထိုင်နေသည်ကို တွေ့ရှိသဖြ
အလေးပြုဝင်ရောက်ခဲ့၏။

''ဘယ်လိုလဲ အိုင်အိုကြီး
နက်က ဘူတာမှာ အရိုက်ခံ
အခြေအနေ၊ ပေါ်ပြီလား''

ဒုရဲအုပ် စိန်ဝင်းက စခန်း
ရှေ့ ကုလားထိုင်တွင် ဝင်ထိုင်
နောက်.....

''ကျွန်တော်လည်း အ
ဆေးရုံက ပြန်လာတယ် ဆ
အရိုက်ခံရတဲ့ ဒေါ်မြမေကို
အသေးစိတ် ထပ်စစ်ဆေးခဲ့တ
သူ့အနေနဲ့ကတော့ ရိုက်တဲ့လူ
တော့ လုံးဝမမှတ်မိဘူးဖြစ်
တယ်၊ ဒါပေမဲ့ ထူးခြားတဲ့ ထ
ချက်တစ်ခုတော့ ရခဲ့တယ်''

စခန်းမှူး ရဲအုပ် စိန်ညွှန့်
စိတ်ဝင်စားသည့်ပုံစံဖြင့်.....

''လုပ်စမ်းပါဦး၊ ဘယ်လို
ခြားမှုမျိုးလဲ''

''ဒီလို ဆရာ၊ ဒေါ်မြမေ
သူ့ငွေအိတ်ကိုလုတော့ သူ
လည်း အစကတည်းက သတိ
ပိုက် ထားတာဆိုတော့ ရုတ်တ
မပါဘူးပေါ့ ဆရာ၊ အဲ...
ခေါင်းကို ရိုက်လိုက်တော့မှ
ထောက်ကျ သွားပြီးရိုက်တဲ့
မိရာဆွဲတော့ ဘာပါပဲ ဆ

www.burmeseclassic.com

www.burmeseclassic.com



ရာအနေနဲ့ဘာ ကိုဆွဲမိမယ်ထင်
လဲ''

''ကျုပ် ဘယ်သိမလဲဗျာ၊ ခင်
ပြောမှပဲ သိမှာပေါ့''

''ပြောရရင်တော့ ရယ်စရာပဲ
ရာရေ၊ ဒီအချက်လေးကလည်း
န်တော့်အတွက် သဲလွန်စအမျှင်
တစ်ခု ရနိုင်တယ်ထင်တာပဲ၊
မြမေ ဆွဲမိတာက ရိုက်တဲ့လူရဲ့
စေ့(မအား)ကိုတဲ့ ဆရာ၊ ဆွဲ
မိတော့ လွှတ်ကိုမလွှတ်တော့
တဲ့၊ ခေါင်းကို အဆက်မပြတ်
လို့ နာတော့မှ လွှတ်ပေးလိုက်
တဲ့၊ အဲဒါတော့ ထူးခြားတယ်
''

''အေးဗျာ၊ ဒါဆိုရင် ရိုက်တဲ့
သူ့ဝှေးစေ့(မအား)ကို ဆွဲ
ခံရတော့ တော်တော်ခံရခက်
၊ တွေးမိရင် ကြက်သီးထ
ဗျ''

''ဟုတ်တယ် ဆရာ၊ ကျွန်
လည်း အဲဒီအချက်ကိုတော့
သတိထားပြီး စစ်ရမယ်
နောက်ပြီး ဒေါ်မြမေထံက
မသွားတာဆိုတော့ တရား
မ်းမိရင်တောင် ငြင်းမှာပဲ''

''အေးပေါ့ဗျာ၊ ဒီအမှုမှာ
ကပဲ တိမ်းရှောင်နေနိုင်
ကျွန်တော့်အိုင်အိုကြီးကပဲ
နိုင်ပါ့မလားဆိုတာ စောင့်
ကြရတော့မှာပေါ့''

**ကျွန်တော့်အနေနဲ့ကတော့ ရ တဲ့သဲလွန်စ၊ ရှာဖွေတွေ့ရှိတဲ့ သက် သေခံပစ္စည်းတွေအပေါ် မူတည်ပြီး ကြိုးစားဖော်ထုတ် တရားစွဲတင်ရ မှာပဲ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး ဆရာ၊ အခင်းဖြစ်အရပ်မှာ .....**

''ကျွန်တော့်အနေနဲ့ကတော့ ရ တဲ့သဲလွန်စ၊ ရှာဖွေတွေ့ရှိတဲ့ သက် သေခံပစ္စည်းတွေအပေါ် မူတည်ပြီး ကြိုးစားဖော်ထုတ် တရားစွဲတင်ရ မှာပဲ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး ဆရာ၊ အခင်းဖြစ် အရပ်မှာ ကျန်ခဲ့တဲ့ သက်သေ ခံပစ္စည်းတွေ စိစစ်ပြီးရင် နယ် ထိန်းအဖွဲ့နဲ့ မြို့ထဲလှူပ်ရှားရဦး မယ်''

''ကောင်းပါပြီဗျာ၊ အမြန်ဆုံး ပေါ်ပေါက်ပါစေလို့ ဆန္ဒပြုလိုက်ပါ တယ်''

ဒုရဲအုပ် စိန်ဝင်းလည်း စခန်း မှူး ရဲအုပ် စိန်ညွှန့်အား အလေးပြု ပြီး စခန်းမှူးရုံးခန်းမှ ထွက်လာခဲ့ သည်။ တပ်ကြပ်ကြီးစာရေး တင် အောင် (ကွယ်လွန်)ထံသို့ သွား ရောက်ပြီး.....

''ကဲ.....စာရေးကြီး၊ ညက ဒေါ်မြမေ အရိုက်ခံရတဲ့နေရာမှာ တွေ့ရှိတဲ့ သက်သေခံပစ္စည်းလေး တွေ ပြပါဦး''

တပ်ကြပ်ကြီး စာရေး တင် အောင်က အနီးရှိ ဗီရိုအတွင်းထည့် ထားသော ဝါးဖတ်ခမောက်ကြီး တစ်လုံး၊ သော့ချောင်းငါးချောင်းပါ သော့တွဲတစ်တွဲ၊ ကျားဆောင်းထီး တစ်လက်၊ အဝတ်လျှော်လက်ရိုက် တုတ်တစ်ချောင်းတို့အား ထုတ်ပြ သည်။

ဒုရဲအုပ် စိန်ဝင်းက သက်သေ ခံပစ္စည်းများကို တစ်ခုချင်းစိစစ် သည်။

အဝတ်လျှော်လက်ရိုက်တုတ် မှာ တစ်တောင်ခန့်ရှည်ပြီး ဒေါ်မြ မေခေါင်းအားရိုက်သည့်တုတ် ဖြစ် နိုင်သည်။ ထိုအား စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com

လက်ကိုင်ရိုး ချောကလက်ရောင်ဖြစ်ပြီး ထီးအရွက်မှာ အနက်ဖြစ်သည်။ ထီးကိုဖွင့်၍ကြည့်ရှုရာ ထီးအရွက်အတွင်းသား၌ ကျော်ထွေး၊ စက်ချုပ်ဟူသောအမည်အား အပ်ချည်ဖြင့် စာလုံးဖော်ထားသည်ကို တွေ့ရှိရသည်။ သော့တွဲတွင် သော့တံငါးချောင်းပါရှိသဖြင့် သစ်သားဗီရိုတစ်ခုခုမှ သော့တွဲဖြစ်နိုင်သည်။ ဝါးဖတ်ခမောက်အား စစ်ဆေးရာ ထိပ်ချွန်လယ်ယာသုံးခမောက် အဝိုင်းကြီးဖြစ်သည်။ ခမောက်မှာ အသစ်မဟုတ်သော်လည်း အိမ်တွင် ထသွားထလာဆောင်းသောခမောက် ဖြစ်နိုင်သည်။ ခမောက်အတွင်း ခေါင်းစွပ်သည့် အခွေအနီးတွင် ဆံပင်မွှေးဟု ယူဆရသော အမွှေးတိုနှစ်ပင်အား ဒုရဲအုပ် စိန်ဝင်းကတွေ့ရှိသည့်အခါ.....

"ကဲ.....နယ်ထိန်းအဖွဲ့ရေ၊ သက်သေနှစ်ဦး အမြန်သွားခေါ်ကွာ"

ထိုသို့ပြောသဖြင့် နယ်ထိန်းတပ်ကြပ် မြင့်လွင်လည်း ရဲစခန်းမှ စက်ဘီးနှင့် အမြန်ထွက်သွားပြီး မကြာမီ ဈေးပိုင်းရှိ ရပ်ကွက်လူကြီး ဦးကျော်သိန်း၊ အဖွဲ့ဝင် ဦးစိုးအောင်တို့လည်း ရဲစခန်းသို့ ရောက်ရှိလာကြသည်။ ဒုရဲအုပ် စိန်ဝင်းက ခမောက်ကိုကိုင်ပြီး.....

"ကဲ.....လူကြီးမင်းများခင်ဗျာ၊ ဒီခမောက်က နံနက် ၄ နာရီခန့်က ဘူတာရုံမှာရိုက်ပြီး ငွေလုတဲ့နေရာမှာ ကျန်နေခဲ့တဲ့ ခမောက်ပါ၊ ကျွန်တော်လည်း အခု ခမောက်ကို သေချာစစ်လိုက်တော့ ဆံပင်မွှေးနှစ်ချောင်း ခမောက်အတွင်းခွေမှာ ညပ်နေတာတွေ့လို့ ခေါ်ပြရတာပါ၊ ဒါကို လူကြီးမင်းများရှေ့မှာပဲ မနက်က ခမောက်လာအပ်တဲ့သူကို ခေါ်ပြီး ဆံပင်မွှေးပါတဲ့ ခမောက်ကို ရှာဖွေပုံစံနဲ့ သိမ်းမှာဖြစ်ပါတယ်"

ထိုသို့ပြောပြီး ခမောက်၏ အတွင်းပိုင်းတွင် ညပ်နေသည့် ဆံပင်မွှေးနှစ်ချောင်းကိုပြသည်။

ရပ်ကွက်လူကြီး ဦးကျော်သိန်း၊ ဦးစိုးအောင်တို့ကလည်း ခမောက်အတွင်း ညပ်နေသော ဆံပင်မွှေးကိုကြည့်ပြီးနောက် ဒုရဲအုပ် စိန်ဝင်းပေးသည့် ရှာဖွေပုံစံတွင် အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးလိုက်ကြသည်။

ဒုရဲအုပ် စိန်ဝင်းက ဆံပင်နှစ်ပင်အား သက်သေများရှေ့တွင်ပင် ခမောက်မှဆွဲထုတ်ပြီး စာအိတ်တစ်ခုအတွင်းထည့်၍ သက်သေများရှေ့တွင် ချိပ်ပိတ်သိမ်းဆည်းကာ စာရေးကြီးအား အပ်နှံလိုက်သည်။ ရပ်ကွက်လူကြီးများအဖွဲ့ ပြန်လည်ထွက်ခွာသွားပြီးနောက် ဒုရဲအုပ် စိန်ဝင်းက.....

**ကဲ.....
လူကြီးမင်းများခင်ဗျာ၊
ဒီခမောက်က
နံနက် ၄ နာရီခန့်က
ဘူတာရုံမှာရိုက်ပြီး
ငွေလုတဲ့နေရာမှာ
ကျန်နေခဲ့တဲ့ ခမောက်ပါ၊
ကျွန်တော်လည်း
အခု ခမောက်ကို
သေချာစစ်လိုက်တော့...**

"နယ်ထိန်းအဖွဲ့အနေနဲ့
တာအနီးတစ်ဝိုက်မှာရှိတဲ့ စက်
ဆိုင်အားလုံးမှာ ကျော်ထွေး
အမည်နဲ့ စက်ချုပ်တဲ့သူ ရှိ/မရှိ
တပြင်း စုံစမ်းရမယ်၊ အဲဒီလူကို
ဒီနေ့မိမှ ဆက်လုပ်ရမယ့်ကိစ္စ
အမြန်လုပ်ရမှာ၊ အခုအချိန်က
ခင်ဗျားတို့အဖွဲ့ လူခွဲပြီး စက်
တွေမကျန်ရအောင် လှို့ဝှက်
နည်းနဲ့ စုံစမ်းကြပေတော့၊



www.burmeseclassic.com

www.burmeseclassic.com



တော်လည်း ရပ်ကွက်အလိုက် လူကြီးတွေနဲ့တွေ့ပြီး ကျွန်တော့်နည်းနဲ့ စုံစမ်းမယ်၊ အခု ၁၁ နာရီထိုးပြီ၊ ညနေ ၄ နာရီမှာ ကျွန်တော်တို့အဖွဲ့ ပြန်ဆုံမယ်၊ ဒီအတောအတွင်း ထူးခြားရင်တော့ အမြန်ဆက်သွယ်ကြပါ''

နယ်ထိန်းအဖွဲ့လည်း သက်ဆိုင်ရာ ရပ်ကွက်အလိုက် စုံစမ်းရန်



ရဲစခန်းမှ ထွက်ခွာသွားကြတော့သည်။

♛♛♛♛♛

ဒုရဲအုပ် စိန်ဝင်းလည်း ရဲစခန်း စားပွဲတွင်ထိုင်ပြီး ရှေ့ဆက်လုပ်ရမည့် အစီအစဉ်များကို တွေးတော စဉ်းစားနေသည်။ ယခင်က ဘူတာရုံတွင် ယခုကဲ့သို့ ရိုက်နှက်လုယူသည့်ဖြစ်စဉ်များ ၎င်းတာဝန်ထမ်း ဆောင်ခဲ့သည့် ကာလအတွင်း မကြုံခဲ့ဖူးပါ။ သာမန် ရန်ဖြစ်ထိုးကြိတ်သည့် မှုခင်းများသာ ကြုံတွေ့ခဲ့ရဖူးပါသည်။

ယခုဖြစ်စဉ်ကတော့ အရိုက်ခံရသူကလည်း ရိုက်သူအား မမှတ်မိ။ ပါဆုံးပစ္စည်းကလည်း မရှိသဖြင့် ရရှိသည့် သက်သေခံထွက်ချက် အထောက်အထားများပေါ်တွင်သာ အားထားရမည်ကို သဘောပေါက်မိသည်။

ယခုအချိန်ကတော့ ကျူးလွန်နိုင်ခြေရှိသော မသင်္ကာတရားခံကို ဖမ်းဆီးရမိရန်သာ အရေးကြီးနေသည်။ ထိုအမှုမပေါ်လျှင် မြို့ထဲ၌လည်း သိက္ခာကျရမည့်အပြင် ရွက်ပုန်းသီးလူဆိုးအနေဖြင့် ထပ်မံကျူးလွန်လာမည်ကိုလည်း စိုးရိမ်မိနေပါသည်။ မိမိအနေနှင့်လည်း ညောင်လေးပင်မြို့တွင် အနေကြာပြီး ညောင်လေးပင်သူကို ယူထားမိသည့်အတွက် အမှုမပေါ်လျှင် အရှက်ရမည်ကို တွေးတောပူပန်နေမိတော့သည်။

နယ်ထိန်းအဖွဲ့ထွက်သွားပြီး ဒုရဲအုပ် စိန်ဝင်းလည်း မြို့ပေါ် ငါးရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံရန် စက်ဘီးဖြင့် လှည့်ပတ်တွေ့ဆုံခဲ့ပြီးနောက် အကြောင်းမထူး၍ ရဲစခန်းသို့ ပြန်ခဲ့သည်။

ညနေ ၃ နာရီခန့်တွင် ရဲစခန်းရုံးရှေ့ တန်းလျားတွင် ထိုင်နေစဉ် နယ်ထိန်းတပ်ကြပ် မြင့်လွင်နှင့် အတူ အသားဖြူဖြူ၊ လူလတ်အရွယ်တစ်ဦးအား ရဲစခန်းရုံးပေါ်သို့ခေါ်လာခဲ့သည်။ ရောက်သည်နှင့် တပ်ကြပ်မြင့်လွင်က.....

"ဗိုလ်လေးရေ ကျွန်တော်တို့အဖွဲ့ ဘူတာရုံးတစ်ဝိုက်ရော၊ ဈေးအတွက် စက်ချုပ်ဆိုင်တွေရော ဆိုင် ဆယ့်ငါးဆိုင်ကို စုံစမ်းတော့ ဗိုလ် လေးပြောတဲ့ အမည်တူ ကျော်ထွေး ဆိုတဲ့သူကို ဈေးအတွင်း သီရိမေ အပ်ချုပ်ဆိုင်မှာ တွေ့တယ်၊ ကျန်တဲ့ စက်ဆိုင်တွေမှာတော့ အမည်တူ စက်ချုပ်တာ မရှိဘူး၊ သူ့ကိုပဲ အမည်တူတွေ့လို့ ခေါ်လာခဲ့တယ်၊ ဗိုလ်လေး စစ်ကြည့်ပါဦး''

ကျော်ထွေးဆိုသောလူက ဒုရဲအုပ် စိန်ဝင်းထိုင်နေသော စားပွဲရှေ့ လာရပ်သဖြင့်.....



www.burmeseclassic.com

www.burmeseclassic.com



"ကဲ.....သူ့ကို ခုံတစ်လုံးပေးပြီး ထိုင်ခိုင်းလိုက်ကွာ"

ထိုသို့ပြောသဖြင့် အကူစာရေး ဒုတပ်ကြပ် သိန်းလွင်က ကုလားထိုင်တစ်လုံးယူလာပြီး ချပေးသဖြင့် ကျော်ထွေးဆိုသော လူငယ်က ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။

ကျော်ထွေးမှာ အရပ် ၅ ပေကျော်ခန့် အသားဖြူသူတစ်ဦးဖြစ်ပြီး ဆံပင်အရှည်ဖြင့် ရုပ်ရည် သင့်တင့်ပြေပြစ်သူဟု ဆိုရမည်ဖြစ်၏။ သို့သော် ဒုရဲအုပ် စိန်ဝင်းက သူ့မျက်လုံးကြည့်ရှုမှုများကို စိတ်ထဲက သဘောမတွေ့ပါ။ အထူးသဖြင့် နှုတ်ခမ်း၊ လူပုံစံအနေအထားအရ နွဲ့နှောင်းမည့်ဟု ထင်ရသော်လည်း လက်ရိုး၊ လက်ဖျံများမှာ တောင့်တင်းကြံ့ခိုင်မှုရှိသည်ကို သတိပြုမိသည်။ ဒုရဲအုပ် စိန်ဝင်းက ကျော်ထွေးအား စူးစိုက်ကြည့်ပြီး.....

"ကဲ...ကျော်ထွေး၊ မင်းမနေ့ညကစပြီး အခုရဲစခန်းခေါ်လာသည့်အချိန်ထိ မင်း ဘာတွေလုပ်ခဲ့တယ်ဆိုတာ အသေးစိတ်ပြောပြစမ်းကွာ၊ အေး ဖြစ်နိုင်ရင်တော့ ငါဘာမှ ထောက်ပြမပြောမီ မင်းအနေနဲ့ အမှန်ကို အမှန်အတိုင်း ပြောပြစေချင်တယ်ကွာ၊ မင်းလည်းငါ့ကိုသိပါတယ်၊ ငါလည်း ညောင်လေးပင်မှာ အနေကြာနေပြီကွ၊ ငါ့အမျိုးတွေ ဘယ်သူရှိတယ်ဆိုတာ မင်းလည်းသိသင့်သလောက် သိမှာပါကွာ နော်"

ထိုသို့ပြောပြီး ကျော်ထွေးအား စိုက်ကြည့်နေသည်။ ကျော်ထွေးက ပြောခဲ့သည်မှာ.....

"ကျွန်တော် မနေ့က စက်ချုပ်ဆိုင်မှာပဲရှိပါတယ်၊ ညနေ ၆ နာရီလောက် အိမ်ပြန်ပါတယ်၊ ည ၉ နာရီလောက် အိပ်ရာဝင်ပါတယ်၊ ဒီနေ့မနက် ၈ နာရီလောက် စက်ချုပ်ဆိုင်ရောက်ပါတယ်၊ ရဲစခန်းက ကျွန်တော့်ကို တွေ့ချင်တယ်ဆိုလို့ ကျွန်တော်လည်း လိုက်လာတာပါ ဆရာ"

ထိုသို့ပြောသဖြင့် ဒုရဲအုပ် စိန်ဝင်းက ကျော်ထွေးအား စူးစိုက်၍ ကြည့်ပြီးနောက်.....

"မင်း ညက အိပ်ရေးဝရဲ့လားကွ၊ မင်းကြည့်ရတာ အိပ်ရေးပျက်ထားတဲ့ပုံစံဖြစ်နေတယ်"

"မပျက်ပါဘူး ဆရာ၊ ကျွန်တော့်ပုံစံက ဒီလိုပါပဲ၊ စက်ချုပ်သမားဆိုတော့ နည်းနည်းပါးပါး အညောင်းမိတဲ့ပုံစံတော့ရှိပါတယ်"

"ဒါဖြင့်ရင် မင်းကိုငါ ပြစရာတွေတော့ရှိတယ်ကွာ၊ ကြည့်ပါဦး"

ဒုရဲအုပ် စိန်ဝင်းက အကူစာရေး ဒုတပ်ကြပ် သိန်းလွင်အား နံနက်က သိမ်းထားသော အမောက်၊ အဝတ်လျှော်လက်ကိုင်ပုဝါ၊ သော့

www.burmeseclassic.com



ကွဲနှင့် ထီးတို့ကို ယူလာခိုင်းပြီး ကျော်ထွေးရှေ့ စားပွဲပေါ်တင်လိုက်သည်။ ကျော်ထွေးက တင်ထားသော ပစ္စည်းများအား ငေးစိုက်၍ ကြည့်နေသည်။ အမူအရာကတော့ မှင်သေသေဖြင့် သူနှင့်မဆိုင်သလို ကြည့်နေသည်။ ဒုရဲအုပ် စိန်ဝင်းက.....

"မင်းရှေ့မှာရှိတဲ့ ထီးအရွက်မှာ ကျော်ထွေး၊ စက်ချုပ်ဆိုပြီး အပ်ချည်နဲ့ရေးထားတာတွေ့လို့ မင်းထီးများ ဖြစ်နေမလားလို့ ခေါ်ပြတာပါ၊ သေချာပြီးဖွင့်ကြည့်စမ်းပါဦး"

ကျော်ထွေးက ထီးကိုယူ၍ဖွင့်ကြည့်သည်။

"ကျွန်တော့်ထီး မဟုတ်ဘူး ဆရာ၊ အမည်တူတာ ဖြစ်ပါလိမ့်မယ်"

"ဒါနဲ့ မင်းအိမ်မှာ အဝတ်အစားတွေ ဘာနဲ့ထည့်လဲကွ"

"ကျွန်တော် အိမ်မှာ အဆင့်သုံးဆင့်ပါတဲ့ ကျွန်းဗီရိုတစ်လုံးရှိပါတယ်၊ အဲဒီထဲမှာပဲ အဝတ်အစားတွေ စုပြုံထည့်ပါတယ် ဆရာ"

"သော့ပေါက် ဘယ်နှပေါက်ရှိလဲကွ"

"ကျွန်တော် သေချာမှတ်မထားဘူး ဆရာ"

ဒုရဲအုပ် စိန်ဝင်းက ဆက်၍မေးခဲ့သည်။

"ဒီခမောက်နဲ့ အဝတ်လျှော်လက်ကိုင်တုတ်ကရော မင်းပစ္စည်းတွေများလားကွာ၊ ငါတို့လည်း ဒီပစ္စည်းတွေကို တစ်နေရာတည်းမှာ စုပြီးတွေ့နေရလို့ မင်းပစ္စည်းတွေများ ဖြစ်နေမလားဆိုပြီး ခေါ်မေးရတာပါ"

ဒုရဲအုပ် စိန်ဝင်းက ပြောရင်းအကဲခတ်သည်။

"ကျွန်တော့်ပစ္စည်းတွေ တစ်ခုမှ မဟုတ်ပါဘူး ဆရာ၊ ကြိုက်သလို စစ်ဆေးလို့ရပါတယ်"

ကျော်ထွေးက မှင်သေသေဖြင့် ပင် ပြောဆိုနေသည်။ လူဆိုး၊ သူခိုးဆိုတာကလည်း ချိုပါတာမဟုတ်တော့ သူ့ဘက်ကလည်း သူမဟုတ်ကြောင်း ငြင်းရမှာက သဘာဝကျလှပါသည်။

"ကဲ.....မင်းကို တစ်ခုပဲ စစ်ဆေးတော့မယ်ကွာ၊ ယောက်ျားချင်းပဲ၊ မရှက်ပါနဲ့"

"ကျွန်တော့်ကို ဘာလုပ်မလို့လဲ ဆရာ"

ဟု အံ့သြစွာဖြင့် ပြန်မေးပါတော့သည်။

ဒုရဲအုပ် စိန်ဝင်းက ကျော်ထွေးအား ရဲစခန်းမှူးရုံးခန်း၏နောက်ကျောအခန်းလွတ်ထဲသို့ခေါ်ပြီး တံခါးပိတ်လိုက်သည်။ နယ်ထိန်းအဖွဲ့ကိုတော့ အပြင်မှ စောင့်ကြပ်ခိုင်းထားသည်။ အခန်းထဲသို့ရောက်သည်နှင့် ကျော်ထွေးအား

ဒုရဲအုပ် စိန်ဝင်းက
ကျော်ထွေးအား
ရဲစခန်းမှူးရုံးခန်း၏
နောက်ကျောအခန်းလွတ်ထဲသို့
ခေါ်ပြီး
တံခါးပိတ်လိုက်သည်။
နယ်ထိန်းအဖွဲ့ကိုတော့
အပြင်မှ
စောင့်ကြပ်ခိုင်းထားသည်။
အခန်းထဲသို့ရောက်သည်နှင့်
ကျော်ထွေးအား
မှဆိုးချွတ်ချခိုင်းလိုက်သည်။
ကျော်ထွေးသည်
ခိုင်းသည့်အတိုင်း....



www.burmeseclassic.com

www.burmeseclassic.com



ပုဆိုးချွတ်ချခိုင်းလိုက်သည်။ ကျော်ထွေးလည်း ခိုင်းသည့်အတိုင်း ချွတ်ချလိုက်သည်။ ဒုရဲအုပ် စိန်ဝင်းက ကျော်ထွေး၏ဝှေးစေ့(မအား)ကိုစစ်ဆေးရာ နီရဲနေသည်ကို တွေ့ရသဖြင့်.....

"မင်းဝှေးစေ့က ဘာဖြစ်လို့ ဒီလောက်နီရဲနေရတာလဲကွ"

"ကျွန်တော်က အသားဖြူလို့ပါ ဆရာ"

ထိုသို့ပြောသဖြင့် ဒုရဲအုပ် စိန်ဝင်းက မရွံမရှာ ၎င်း၏ဝှေးစေ့(မအား)ကို လက်နှစ်ဖျစ်ကြည့်လိုက်ရာ ကျော်ထွေးမှာ ဆတ်ခနဲတွန့်သွားခဲ့သည်။

"အား...ဆရာ မကိုင်ပါနဲ့ နာတယ် ဆရာ"

"ဘာဖြစ်လို့ နာနေရတာလဲကွ"

"ဒီနေ့မနက် အိပ်ရာထတော့ အောင့်ပြီးနာနေတာပဲ ဆရာ၊ ကျွန်တော်လည်း ဆရာဝန်ဆီ သွားပြမလို့ပဲ၊ ဘာဖြစ်မှန်းမသိဘူး ဆရာ"

"မင်းပစ္စည်းကို တစ်ယောက်ယောက်ကများ ဆွဲမိ၊ ကန်မိသေးလားကွ"

"ဟာ..ဆရာကလည်း ဘယ်သူမှ မကန်၊ မဆွဲပါဘူး ဆရာ"

ဒုရဲအုပ် စိန်ဝင်းလည်း ကျော်ထွေးအား အခန်းအပြင်သို့ ပြန်ထုတ်လာပြီး နယ်ထိန်းအဖွဲ့အား သက်သေနှစ်ဦးထပ်မံခေါ်ခိုင်းလိုက်သည်။ အကူစာရေး ဒုတပ်ကြပ် သိန်းလွင်အား ရဲဆေးစာပုံစံတစ်စောင် ယူလာခိုင်းပြီး ဆေးစာရွက်ပေါ်တွင် ကျော်ထွေး၏အမည်ဖြည့်စွက်၍ ရဲစခန်းရောက်ရှိချိန်၊ အခင်းဖြစ်ပွားချိန်၊ ဝှေးစေ့(မအား)တွင် မျက်မြင်တွေ့ရှိ နီရဲနေမှု၊ ကိုင်တွယ်လျှင် နာကျင်မှုအခြေအနေများအား ဖော်ပြပြီး ဆရာဝန်ထံမှသိလိုသည့် ထင်မြင်ချက်အပိုဒ်တွင်

"ဝှေးစေ့(မအား)ကို တစ်စုံတစ်ခုဖြင့် ဆွဲညှစ်ခံထားရခြင်း ရှိ/မရှိ၊ မည်သည့်အတွက် နီရဲနေမှုသိရှိလိုကြောင်း"ဟု ရေးသားဖော်ပြပြီး ကျော်ထွေးအား တပ်ဖွဲ့ဝင်တစ်ဦးနှင့်အတူ ဆေးရုံသို့ပို့အပ်စေလွှတ် စစ်ဆေးစေလိုက်သည်။

ဆေးရုံမှ ပြန်လည်ရောက်ရှိပြီးနောက် သက်သေများရှေ့မှောက်တွင်ပင် ကျော်ထွေး၏ဦးခေါင်းမှ ဆံပင်နမူနာ ငါးပင်ခန့် နုတ်ယူသိမ်းဆည်းခြင်းပြုလုပ်သည်။ ထို့နောက် ခေါ်ဆိုထားသော သက်သေများနှင့်အတူ ညောင်လေးပင် မြို့မရပ်ကွက် (၃)ရှိ ကျော်ထွေးနေအိမ်သို့ ဒုရဲအုပ် စိန်ဝင်းနှင့်အဖွဲ့သွားရောက်ကြသည်။

ကျော်ထွေး၏အိမ်မှာ သုံးပင်နှစ်ခန်း ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးဖြစ်သည်။ အိမ်အပေါ်ထပ်တွင် ၎င်း

တို့ဇနီးမောင်နှံအိပ်သော အိပ်
တစ်ခန်း၊ ခြေရင်းခန်းတစ်ခန်းရှိ
အိမ်အောက်တွင် မီးဖိုချောင်ပြုလု
ထားသည်။ အိမ်အပေါ်ထပ်
ခန်းတွင် ကျွန်းဖြင့်ပြုလုပ်ထားသေ
အဆင့်သုံးဆင့် ဗီရိုတစ်လုံးတွေ
ပြီး ပိတ်ထားသဖြင့် ၎င်း၏ဇနီး
သော့တွဲတောင်းရာတွင် ခင်ပွန်း
ကျော်ထွေးထံတွင်သာရှိကြော
ပြောသဖြင့် မေးမြန်းရာ ကျော်
က စက်ဆိုင်တွင်ကျန်ခဲ့သည်ဟု
ကြောင်း ပြောကြားခဲ့သည်။
အုပ် စိန်ဝင်းက.....

"ကဲ...မင်းသော့တွဲ မ
တော့လည်း မင်းကို ခုနက
သော့တွဲနဲ့ ဖွင့်ကြည့်တာပေါ့ကွ

ထိုသို့ပြောဆိုပြီး အခင်း
နေရာတွင် ကျန်ရှိခဲ့သော သော့
ဖြင့် ဗီရိုအား ဖွင့်လိုက်ရာ ဗီ
ခါးများအားလုံးပွင့်သည်ကို တွေ
ရသည်။

"ကဲ...ကျော်ထွေး၊ မင်း
များ ပြောဦးမှာလဲ၊ မင်းအပြ
ဝန်ခံဖို့တော့ ကောင်းပြီနော်"

ကျော်ထွေးက ဘာမှမပြော
ခေါင်းငိုက်စိုက်ချထားလိုက်သ
ဒုရဲအုပ် စိန်ဝင်းက သက်သေ
ရှေ့မှောက်တွင်ပင် ဗီရိုကီး
ကျော်ထွေးထံမှ ရှာဖွေပုံစံနှင့်
ဆည်းလိုက်တော့သည်။

ဒုရဲအုပ် စိန်ဝင်းနှင့်အဖွဲ့



www.burmeseclassic.com

www.burmeseclassic.com




ွေးနှင့်အတူ ရဲစခန်းသို့ပြန်လည် ောက်ရှိကြပြီး ကျော်ထွေးအား ပ်မံအသေးစိတ် စစ်ဆေးခဲ့သော် ည်း ကျော်ထွေးအနေဖြင့် ပြစ်မှု ကျူးလွန်ကြောင်း ဝန်ခံထွက် ခြင်း မပြုခဲ့ပါ။ င်းကွယ်မြဲ ငြင်း ွယ်နေခဲ့သည်။

သို့သော် အမှု စ် ဒုရဲအုပ် စိန် င်းက အခင်း ဖြစ်နေရာတွင် ကျန်ရှိခဲ့သော မောက်အတွင်းမှ တွေ့ရှိသည့် အမွေးနှင့် ကျော် ထွေး၏ ဆံပင်မွေးတို့ တူညီခြင်း ရှိ/မရှိမှုခင်း တပ်ဖွဲ့(စီအိုင်ဒီ)သို့ ပေးပို့စစ် ဆေးခဲ့ရာ မှုခင်းတပ်ဖွဲ့က ''အမွေး များသည် အသွင်သဏ္ဍာန် တူညီ သည့် အကြောင်း''ပြန်ကြား ထင်မြင်ချက် ရခဲ့သည်။

ထို့အတူ ဆေးစာထင် မြင်ချက်၌လည်း ကျော်ထွေး၏ ားစေ့ (မအား)သည် တစ်စုံ တစ်ခုဖြင့် ဖျစ်ညှစ်ခံရသဖြင့် နေသည်ဟု ယူဆရကြောင်း ထင်မြင်ချက်ရရှိခဲ့ပြန်သည်။

ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲ ခံရသူ ကျော်ထွေးက ''ဘူး''တစ် လုံးဆောင် ငြင်းကွယ်ထွက်ဆိုခဲ့ သော်လည်း အမှုစစ် ဒုရဲအုပ် စိန် ဝင်း၏ စေ့စပ်သေချာစွာ စစ်ဆေး မှု၊ ကျူးလွန်ခြင်းခံရသူ ဒေါ်မြမေ



၏ မှတ်သားထွက်ဆိုမှု၊ ကျော်ထွေး ၏ ဇေးစေ့(မအား)ကို အမှုစစ်က စစ်ဆေးကြည့်ရှုပြီး ဆေးရုံအမြန်ပို့ စစ်ဆေးနိုင်မှု၊ အခင်းဖြစ်နေရာတွင် ကျန်ရှိခဲ့သောအမွေးနှင့် ကျော်ထွေး ဆံပင် တူညီမှုရှိ/မရှိ စစ်ဆေးမှု၊ အခင်းဖြစ်နေရာတွင် တွေ့ရှိသော သော့တွဲဖြင့် ကျော်ထွေးအိမ်ရှိ ဗီရိုအား အလွယ်တကူ ဖွင့်နိုင်ခဲ့မှု၊ ထီးတွင်ပါရှိသည့်အမည်ကိုရပ်ကွက် အလိုက် ကွက်ပြည့်နှင်းစုံစမ်းဖော် ထုတ်နိုင်ခဲ့မှုများကြောင့် ကျော်ထွေးအား အချိန်မီ ဖမ်းဆီးနိုင်ခဲ့ ခြင်းဖြစ်သည်။

ကျော်ထွေးအနေဖြင့် မည်သို့ပင် ငြင်းကွယ်ထွက်ဆိုနေသော် လည်း ရရှိသောအထောက်အထား များသည် ဝန်ခံထွက်ဆိုနေသည့် သဘော သက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ တစ်နည်း အားဖြင့် ဝန်ခံခြင်း မပြုသော ဖြောင့်ချက်ဟု ပင် အမည်တပ်လိုက် ချင်ပါတော့ သည်။

(ညောင်လေးပင် ရဲစခန်းမှ လုပ်ဖော် ကိုင် ဖက်များအား အမှတ်ရ လျက် ဖြစ်စဉ်အမှန်အား အမည်များ လွှဲပြောင်း တင်ပြထားခြင်းဖြစ်ပါ သည်။)

**ဒုရဲမှူးကြီးဝင်းဦး (ငြိမ်း)**

www.burmeseclassic.com

www.burmeseclassic.com



ထက်ထက်ဦးဝေ

# ကိုယ့်ကိုယ်ကိုယ်သာ ကိုယ်မပိုင်



www.burmeseclassic.com

www.burmeseclassic.com



## ကိုယ့်ကိုယ်ကိုယ်သာကိုယ်မပိုင်

ထက်ထက်ဦးဝေ

ဦးကျော်စွာနှင့် ဒေါ်နှင်းခတို့တွင် သားသုံးဦးနှင့် သမီးတစ်ဦးသာ ထွန်းကားခဲ့ပြီး မည်သူမျှ အိမ်ထောင်မကျသေးပေ။ သားသမီးများကို မိဘအရိပ်အောက်တွင် ထားရှိခဲ့သော်လည်း အရွယ်ရသည့်အထိ စိတ်မချနိုင်ခဲ့။ သို့သော်လည်း သားများကို သမီးလောက် စိတ်ပူပန်ခြင်းမရှိခဲ့ပေ။ 'သမီးတစ်ကောင် နွားတစ်ထောင်' ဆိုသည့်စကားအတိုင်း တစ်ဦးတည်းသောသမီးလေးကို အချစ်ပိုခဲ့ကြသည်။ သွားသည်၊ လာသည်မှအစ စိတ်မချ၍ အစ်ကိုများက တစ်ယောက်မဟုတ် တစ်ယောက် အရိပ်လို လိုက်ပါစောင့်ရှောက်တတ်ကြသည်။ ထို့ကြောင့်လည်း မာလာကျော်စွာနားသို့ မည်သူမျှ မကပ်ရဲကြပေ။ လှပသောပန်းလေးတစ်ပွင့်ကို ပျား၊ ပိတုန်းတို့ မရစ်ဝဲရဲကြသည့် အဖြစ်မျိုးပင်။

သို့သော် မာလာကျော်စွာမှာ လိမ္မာရေးခြားရှိပါသည်။ အချစ်ရေးကို စိတ်မဝင်စားဘဲ ပညာကိုသာ ဂရုစိုက်ပြီး မိဘနှင့် အစ်ကိုများ၏ စကားကို နားထောင်ရှာသည်။ အချက်အပြုတ်၊ အိမ်မှုကိစ္စတွင်လည်း ဝါသနာပါသူပါ။ ဤသို့ 'ဗိုင်းကောင်းကျောက်ဖိ' ညီမလေးအား အစ်ကိုသုံးယောက်မှာ မျက်စိအောက်မှ အပျောက်မခံချင်ကြပေ။



မာလာကျော်စွာတစ်ယောက် တက္ကသိုလ်တက်သည့်အခါ ယခင်ကလို လိုက်ပါစောင့်ရှောက်ခွင့်မရသည့်အပြင် သူငယ်ချင်းအပေါင်းအသင်းများလည်း စုံလာပြီး ယောက်ျားလေးများလည်း ပါလာတတ်သည်။

"မေမေနော် မေမေ့သမီးကို ကြည့်ပြောဦး၊ မနေ့ကလာတဲ့ အကောင်က သူ့ရည်းစားမဟုတ်လား"

"ပေါက်တတ်ကရကွယ်၊ အဲဒီကလေးက သမီးရဲ့သူငယ်ချင်းပါ၊ သူတို့စကားပြောနေတာ မေမေရှိပါတယ်"

ဒေါ်နှင်းခမှာ အစိုးရိမ်ပိုနေသော သားငယ်အား နှစ်သိမ့်စကားပြော၍မဆုံးခင်တွင် သားလတ်က ဆိုလာပြန်သည်။

"ကျောင်းမှာလည်း ကောင်လေးတွေနဲ့ စကားပြောတယ် မေမေ၊ အစ်ကိုရှေ့မှာတောင် မရှောင်ဘူး"

"အိုကွယ် သူငယ်ချင်းတွေပဲ၊ ခေါ်ခေါ်ပြောပြောတော့ ရှိလိမ့်မပေါ့၊ အဲဒါကို နားလည်မှုနဲ့ ခွင့်ပြုရမှာလေ သားရဲ့၊ လူငယ်တွေရဲ့ ရိုးသားတဲ့ ခင်မင်မှုကို သွားပြီး ပိတ်ပင်ရင် မဖြစ်သင့်တာတွေဖြစ်ပြီး ပိုဆိုးသွားတော့မှာပေါ့ကွယ်"

သားများနှင့် ဇနီးသည်၏ စကားများကြောင့် သတင်းစာဖတ်နေသော ဦးကျော်စွာမှာ မျက်ခုံးကို မြှင့်ပြီး မျက်မှန်ကို အောက်စိုက်ကြည့်ကာ မျက်လုံးပြူးကြည့်လာသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ သမီးလေးမှာ ရှေ့နှစ်ဆို ကျောင်းပြီးတော့မည်။ ဘွဲ့ရလျှင် အလုပ်တစ်ခုခုဝင်လုပ်ပြီး မိဘအား လုပ်ကျွေးချင်သည်ဟု သမီးကဆိုထားသော်လည်း သမီးလေးအား အိမ်ထောင်ချပေးရင် ကောင်းမလားဟု စဉ်းစားမိသည်။ မိဘတို့ဝတ္တရားရှိသည့်အတိုင်း မိတ်ဆွေတစ်ဦး၏သားနှင့် လက်ထပ်ပေးလိုပေမယ့် ဇနီးသည်၏သဘောထားကိုသိရန် တီးခေါက်ကြည့်ချင်သည်။ ပြီးတော့လည်း သားများ၏ဆန္ဒကို သိချင်သေးသည်။



"ကဲ.....ထိုင်ကြပါဦးကွာ၊ မင်း တို့က သမီးလေးအတွက် စိတ်မချ ဖြစ်နေကြတယ်မဟုတ်လား"

ဦးကျော်စွာစကားကြောင့် သူ့အနီးတွင် ဝင်ထိုင်လာကြသည်။ ပြီးနောက် သူ့စကားကို ကန့်ကွက်မည် ကိုလည်း စိုးရိမ်နေ၍ မရဲတရဲသွေး တိုးစမ်းမေးကြည့်မိသည်။

"သမီးလေးကို စိတ်ချရတဲ့သူနဲ့ အိမ်ထောင်ချပေးရင် ကောင်းမလား၊ မင်းတို့သဘောထားတွေ ပြောပါဦး"

"ရှင်က တွေ့ထားလို့လား"

ဒေါ်နှင်းခမှာ သိလိုစိတ်ဖြင့် အလျင်အမြန် မေးလိုက်သော်လည်း သားများက မျက်မှောင်ကုတ်၍ ကြည့်နေကြသည်။

"ကိုသိန်းဇံက သူ့သားနဲ့ ကမ်းလှမ်းထားလို့ မင်းတို့ကို တိုင်ပင်တာ ပါ"

"ဩော်...ကိုသိန်းဇံရဲ့သားနဲ့လား၊ မဆိုးပါဘူး၊ ကောင်လေးက ဘူမိဗေဒအရာရှိလေးပဲ၊ နယ်မှာဆိုတော့လက်ထပ်ပြီးရင် သမီးကို ထည့်လိုက်ရမှာပေါ့နော်"

"သျှောင်နောက် ဆံထုံးပါတာ ဘာဆန်းသလဲကွာ"

ဒေါ်နှင်းခ၏ သက်ပြင်းချသံအဆုံးတွင် သားကြီး၏ အလိုမကျသံကို ကြားရသည်။

"ညီမလေးက ငယ်ပါသေးတယ် ဖေဖေ၊ နန္ဒမျက်စိထဲမှာ ညီမလေးကို ကလေးတစ်ယောက်လို့ပဲမြင်တယ်၊ အတင်းအကျပ် မပေးစားချင်ပါနဲ့ဗျာ"

"ဟုတ်ပါတယ် ဖေဖေ၊ ညီမ



www.burmeseclassic.com

www.burmeseclassic.com



လေးကို သီဟတို့တောင် ချစ်လို့ မဝသေးဘူး၊ ကျောင်းလည်း ပြီးသေး တာမဟုတ်ဘူး၊ လွတ်လွတ်လပ်လပ် နေပါစေ''

သားအလတ်ကလည်း သူ့သဘောထားကို တင်ပြလာသည်။

''ဟိုအငယ်ကောင် ဝဏ္ဏက ရော ဘာပြောချင်သေးလဲ''

အလှည့်ကျပြောရန် စောင့်နေသော သားအငယ်အား စိတ်တိုတိုဖြင့် လှမ်းမေးလိုက်ရာ

''အဟီး...အစ်ကိုတို့အတိုင်း ပါပဲ ဖေဖေ''

ပြောင်စပ်စပ်ဖြင့် ပြန်ဖြေ၏။ မိဘမှ ကောင်းသည်ထင်၍ စီစဉ်ခြင်းကို သူတို့က ဘာကြောင့်များ လက်မခံချင်ကြပါသနည်း။

''သားတို့ကလည်းလေ တယ်ခက်တာပဲ၊ မိန်းကလေးဆိုတာ အချိန်တန် အရွယ်ရောက်လာရင် သီးချိန်တန်သီး၊ ပွင့်ချိန်တန် ပွင့်ရတယ်ကွဲ့၊ မင်းတို့နှမကို တစ်သက်လုံး လုပ်ကျွေးနိုင်ကြမှာတဲ့လား''

မိခင်စကားကြောင့် သုံးယောက်သား ငိုင်သွားကြလေသည်။ သူတို့တစ်ဦးချင်းစီ၏ အတွေးထဲတွင် ယောက်ဖလောင်းရရှိရေးကို စိတ်ကူးနှင့် ပုံဖော်နေကြသည်။ ယောက်ဖလောင်းသည် သူတို့စိတ်ကြိုက်ရွေးချယ်ထားသော သူ ဖြစ်စေရမည်ဟု ဆုံးဖြတ်ထားသည့်အတွက် ဖခင်၏ဆန္ဒကို ကန့်ကွက်နေကြခြင်းပဲဖြစ်လေသည်။ ထိုအချိန် မာလာကျော်စွာမှာ ကျောင်းမှပြန်ရောက်လာသည့်အတွက်.....

''ဟော.....သမီးတောင် ကျောင်းကပြန်လာပြီ၊ လာပါဦးကွယ်၊ အခုလေးတင် သမီးအကြောင်း ပြောနေကြတာ''

''ဘာတွေများလဲ မေမေ''

''ဖေဖေ့မိတ်ဆွေ ကိုသိန်းဖံ က သူ့သားအတွက် သမီးကို တောင်းရမ်းပါရစေတဲ့၊ အဲဒါ သမီးက.....''

''ဟင့်အင်း..ဖေဖေ၊ မာလာ မယူပါရစေနဲ့၊ မယူဘူးနော် ဖေဖေ''

ဦးကျော်စွာမှာ စကားပင်ဆုံးအောင် မပြောလိုက်ရပေ။ ငြင်းဆန်သည့်စကားနှင့်အတူ အိမ်ထဲပင် ပြေးသွားသည့်အတွက် ဦးကျော်စွာ လက်လျှော့လိုက်ရလေပြီ။ မိဘဟူသည် ကိုယ့်သားသမီးကို ဆင်စီးမြင်းရံစေလိုသော်လည်း သမီး၏ဆန္ဒမပါဘဲနှင့် မစီစဉ်ရက်။ သည်အတိုင်းဆိုလျှင် ဦးသိန်းဖံအား မည်သို့ စကားလှအောင် ပြောရမည် မသိတော့။ သက်ပြင်းကို ဟင်းခနဲ ချလိုက်မိပါသည်။

♛♛♛♛♛

**မိခင်စကားကြောင့် သုံးယောက်သား ငိုင်သွားကြလေသည်။ သူတို့တစ်ဦးချင်းစီ၏ အတွေးထဲတွင် ယောက်ဖလောင်း ရရှိရေးကို စိတ်ကူးနှင့် ပုံဖော်နေကြသည်။ ယောက်ဖလောင်းသည် သူတို့စိတ်ကြိုက် ရွေးချယ်ထားသောသူ .....**



www.burmeseclassic.com

www.burmeseclassic.com



အသံကိုမြှင့်ပြီး
ညီမထံ
လှမ်းပြောလိုက်သည်။
ဒေါ်နှင်းခမှာဖြင့်
သူတို့နှစ်ဦးပြောနေသည့်
စကားများ ထက် လူရွယ်၏
ပြောဟန်ဆိုဟန် ကို
လေ့လာနေဆဲပင်။
ပြောပုံဆို ပုံမှာ
လူတိုင်း
သဘောကျလောက်သည်....

အိမ်ရှေ့တွင်လာရပ်သောဆိုင်ကယ်သံကြောင့် သားကြီးပြန်လာပြီဆိုသည်ကို သိလိုက်မိ၍ အပြင်သို့ကြည့်လိုက်ရာ သားနှင့်အတူ လူရွယ်တစ်ယောက်ကို တွေ့လိုက်ရသည်။

"လာ.....ကိုဝေယံ.....ထိုင်၊ ဟောဒါ ကျွန်တော့်မေမေပဲ"

"တွေ့ရတာ ဝမ်းသာပါတယ် အန်တီ"

သွက်သွက်လက်လက်နှင့် မွန်မွန်ရည်ရည်ရှိသော လူရွယ်အား ဒေါ်နှင်းခက ပြုံးပြလိုက်၏။ သားကြီးက မိခင်၏ပခုံးကို ဖွဖွဖက်ပြီးနောက်.....

"မေမေ့ကို မိတ်ဆက်ပေးရဦးမယ်၊ သူက သားမိတ်ဆွေ ကိုဝေယံထွန်းပါ၊ နိုင်ငံခြားကုမ္ပဏီတစ်ခုက Managing Director တစ်ယောက်ပေါ့၊ အိမ်အလည်ခေါ်လာတာ"

"နောင်လည်း သားကြီးမပါလည်း လာလည်ပေါ့ကွယ်၊ အိမ်ကို သိနေပြီပဲ"

"ဟုတ်ကဲ့ အန်တီ"

သားကြီးသည် သူ့မိတ်ဆွေတိုင်းကို အိမ်သို့ခေါ်လာလေ့မရှိပါ။ ယခုမှ ခေါ်လာပုံထောက်လျှင်.....

ဒေါ်နှင်းခလည်း အကင်းပါးပါသည်။ လူရွယ်ကို အကဲခတ်မိရာ ဝတ်ထားသည့်အင်္ကျီကပင် သောင်းကျော်ရှိပေလိမ့်မည်။ ရေမွှေးနံ့မှာလည်း အပေါစားရေမွှေးနံ့မျိုး မဟုတ်ပါ။ ယောကျ်ားတန်မဲ့ ဝတ်ထား သည့် ရွှေတွေမှာလည်း မြင်၍ပင် မကောင်းပေ။ အလှ အပကို မြတ်နိုးပုံရပြီး ငွေကိုရေလို သုံးမည့် စိတ်ထားမျိုး၍ လှတာ မက်လျှင် သမီးလေး ညစာခက်ပေ တော့မည်။ ဒါတောင် စိတ်သဘော ထား မည်သို့ရှိနေဦးမည်မသိ။ သားကြီး၏မိတ်ဆွေသည် သူ့ အတွေးနှင့်ပင် အမှတ်လျော့နေ လေပြီ။

"မေမေ ညီမလေးရောဟင်"

"ရှိတယ်လေ၊ အိမ်ထဲမှာ စာ ကျက်နေမှာပေါ့"

"ညီမလေးရေ.....ဧည့်သည် အတွက် တစ်ခုခုလုပ်ပေးပါဦးကွာ"

အသံကိုမြှင့်ပြီး ညီမထံ လှမ်း ပြောလိုက်သည်။ ဒေါ်နှင်းခမှာဖြင့် သူတို့နှစ်ဦးပြောနေသည့် စကားများ ထက် လူရွယ်၏ ပြောဟန်ဆိုဟန် ကို လေ့လာနေဆဲပင်။ ပြောပုံဆို ပုံမှာ လူတိုင်းသဘောကျလောက် သည့် အရည်အချင်းမျိုးရှိလေ၏ မိန်းကလေးတိုင်း ခေါင်းညိတ်နိုင် သည့် လူစားမျိုးပါ။ သိပ်မကြာ ကော်ဖီဗန်းလေးကိုကိုင်ကာ ထွက် လာသော မာလာကျော်စွာကို မြင် သည်နှင့် မျက်လုံးများ ကျွတ်ကျ တော့မည့်အတိုင်းပင် ကြွ



www.burmeseclassic.com

www.burmeseclassic.com



တော့။ မိန်းကလေးတစ်ယောက် အပေါ် ဤမျှလောက် အကြည့်ရဲသည့် ယောကျ်ားမျိုးသည် ဘယ်မှာစိတ်ချရပါအံ့မည်နည်း။ ကျန်ရှိသောအမှတ်များပင် ထပ်လျော့သွားရသည်။

"ဟောဒါ ကျွန်တော့် ညီမပေါ့ ကိုဝေယံ၊ မာလာကျော်စွာတဲ့၊ အီ ကို နောက်ဆုံးနှစ်ရောက်နေပြီ"

"ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကိုယ် ဝေယံထွန်းပါ"

ပိုင်စိုးပိုင်နင်း၊ လက်ရဲခက်ရဲနှင့် နှုတ်ဆက်လာသည့်အတွက် မာလာကျော်စွာမှာ လန့်သွားပြီး အစ်ကိုဖြစ်သူအား လှမ်းကြည့်လိုက်သည်။ ရုတ်အရက်မို့ ရှောင်တိမ်းချိန်မရလိုက်မှန်း ဒေါ်နှင်းခသိပါသည်။ မြန်မာလူမျိုးတစ်ယောက်ဖြစ်ပြီး အနောက်တိုင်း၊ အနောက်ဟန်၊ အနောက်စရိုက်နှင့် အနောက်တိုင်း ယဉ်ကျေးမှုကို အထင်ကြီးလေးစားသည့်အထဲတွင် မိမိတို့မိသားစုမပါပေ။ မြန်မာ့ယဉ်ကျေးမှုတွင် မိန်းကလေး တစ်ယောက်အား ဤသို့နှုတ် ဆက်ခြင်းမပြုရဆိုသည်ကို မြန်မာတစ်ယောက်ဖြစ်သည့် ဝေယံထွန်းမှာ နားမလည်ခဲ့ပါလား။ အမှတ်ပင် တစ်မှတ်မှ မကျန်တော့ပေ။

သမီးမှာ ရှက်ရွံ့ပြီး အခန်းထဲ ပြန်ဝင်ပြေးသွား၍သာ တော်ပါသေးသည်။ ထိုသို့မဟုတ်ပါက မည်မျှငမ်းကြောထဦးမည်မသိ။ သားကြီး၏ ကျေနပ်သောအပြုံးကြောင့် ဒေါ်နှင်းခမှာ သက်ပြင်းအခါခါချမိလေသည်။ သည်လိုလူစားမျိုးကိုမှ ယောက်ဖတော်ချင်ရသလား နန္ဒကျော်စွာရယ်၊ ယောကျ်ားချင်း လေ့လာပါဦးတော့လား။



သို့သော် နန္ဒကျော်စွာ၏ အတွေးတွင်ကား ကိုဝေယံ၏ အကြည့်များသည် ညီမလေးအား နှစ်သက်သဘောကျသည့် အရိပ် အယောင်မျိုးတွေ့ရ၍ ကျေနပ်မိ လေသည်။

ဝေယံထွန်းလို ယောကျ်ားမျိုးကိုမှ ယောက်ဖမတော်ရလျှင် မည်သူ့ကို တော်ရပါမည်နည်း။ ကိုဝေယံမှာ တစ်ဦးတည်းသောသား၊ သူ့ပိုင်ဆိုင်မှုက အားကျစရာပင်။ ကိုယ့်ညီမလေးကို မြင်မြင်ချင်းချစ်သွားသည်ဆိုတော့ ကိုယ့်နှမကိုယ် ပြန်အောင်သွယ်ရမည့်ကိုက မျက်နှာပူစရာပါ။ သို့ပေမယ့်......

"ငါ့သမီးကို တွေ့ရာ



www.burmeseclassic.com

www.burmeseclassic.com



လူနဲ့ပေးစားဖို့ စိတ်မကူးနဲ့နော်၊ သူ့ဆန္ဒမပါဘဲ ဖွတ်စီစဉ်ရင်တော့ ငါနဲ့အတွေ့ပဲ”

ဦးကျော်စွာ သိသည့်အခါတွင် ဓားကြိမ်းကြိမ်းလေသည်။ ထို့ကြောင့် နန္ဒကျော်စွာမှာ ရှေ့မတိုးရဲတော့ပေ။ ညီမထံမှလည်း ကိုဝေယံနှင့်ပတ်သက်၍ တစ်ခွန်းမျှ ဖွင့်ဟပြော ကြားခြင်းမရှိခဲ့၍ သည်ပုံစံအတိုင်းဆိုပါလျှင် သူ့စိတ်ကူးများကို လက်တွေ့ အကောင်အထည် ဖော်ခွင့်ရမည် မဟုတ်ပေ။ သည်ကြားထဲ သီဟကျော်စွာက တစ်မျိုး၊ နေထွန်းတောက်ဆိုသည့် အင်ဂျင်နီယာကို ခဏခဏ အိမ်ခေါ်လာတတ်သည်။ မြွေမြွေချင်းခြေမြင်ပြီးသားမို့ ညီမကို သီဟကျော်စွာဘက်ပါသွားမည်ကို စိုးရိမ်နေမိသည်။

♛♛♛♛♛

ဒေါ်နှင်းခ၏တာဝန်မှာ သားများခေါ်လာသမျှကို သမီးနှင့်သင့်တော်၊ မသင့်တော် စစ်ဆေးရွေးချယ်ရန်ပင်ဖြစ်လေသည်။ ယခုလည်း သားလတ်၏သူငယ်ချင်းမှာ မိမိရှေ့တွင်ရောက်နေလေပြီ။ ပညာတတ်လေးဆိုပြန်တော့ စိတ်ဝင်စားသွားသည်။

“ထွန်းတောက်က အလုပ်ကို သိပ်ကြိုးစားတာ မေမေရဲ့၊ သူ့ဖွဲကို သားတောင်လိုက်မမီဘူး”

“ဟုတ်လား၊ အလုပ်ကြိုးစားတာ ကောင်းတာပေါ့ကွယ်၊ အမြင့်ကိုရောက်ချင်သူတွေဟာ အလုပ်ကို ကြိုးစားလုပ်ရမှာပေါ့လေ”

ထိုကလေးမျိုးကိုသာ သမက်တော်ရလျှင် သမီးလေး၏ဘဝ တင့်တယ်လှပမည်ပင်။ စိတ်ထဲတွင် အမှတ်ပေးနေမိသည်။ ရုပ်ရည်မှာ ဝေယံထွန်းလို အချောကြီးမဟုတ်သော်လည်း ယောကျ်ားပီသသူတစ် ယောက်ဖြစ်သည်။ အသားဖြူတော့ အလကားလှူ၊ အသားမည်းတော[...] သကြားခဲဆိုပေမ[...] အသားအရေမှာ ညို[...] ထောင်ထောင်မောင်[...] မောင်းနှင့် အားကိုးအ[...] ထား ပြုရမည်[...] ယောကျ်ား တစ်ယော[...] ပုံစံပင်ဖြစ်သည်။

“အမေကလည်[...] ကျွန်တော့်ကို ဒီအတိုင်[...] ဆုံးမထားပါတယ် [...] ဒေါ်”

မဆိုးဘူးဟုထင်[...] သည်။ မိဘအပေါ်လည်း ရို[...] သမှုရှိသည့်အတွက် သဘော[...] သွားရလေပြီ။ သည်အတိုင်းဆိုလျှ[...] ယောက္ခမအပေါ်လည်း သိတတ်[...] သေပါလိမ့်မည်။ အမှတ်ထပ်[...] သွားရလေသည်။

“ဒါကြောင့်လည်း ဘာပဲလု[...] လုပ် အမေ့ကိုတိုင်ပင်ပြီးမှ အလု[...] လုပ်ပါတယ်ခင်ဗျား၊ အမေဟ[...] ကျွန် တော့်ရဲ့ လမ်းပြကြယ်ပါ[...]

ထိုစကားကြောင့် ဒေါ်နှင်းခ[...] မျက်ခုံးတစ်ဖက်မှာ အလိုလို [...] တက်သွားရတော့သည်။ လက်[...] သတ်တော့ အမေချစ်သည့်သား[...] လာတွေ့နေသည်။

“ဟုတ်တယ် မေမေရဲ့ [...] တောက်က အစ်မတွေကြား[...] တစ်ဦးတည်းသောသား၊ တစ်[...]

www.burmeseclassic.com



...ရဲ့ အသည်းစွဲပေါ့"

ဒေါ်နှင်းခတစ်ယောက် စဉ်း...ရလေပြီ။ အမေချစ်သည့် သား...မှာဆိုလျှင် ချွေးမကို ကြည်ဖြူ...မဟုတ်ပေ။ သမီးလေးလည်း...စ်သက်လုံး စိတ်ဆင်းရဲနေရာပေ...မည်။ ယောက်မတွေနှင့် ရေ...ဆက်ဆံရေးမှာလည်း အဆင်...မည်မဟုတ်ပါ။ ထို့ကြောင့် သက်...င်းမောကြီးကို မည်သူမျှမကြား...အောင် ချလိုက်မိလေသည်။

သမီးအပေါ်ကြည့်သည့်မျက်...လုံးများမှာ တည်ငြိမ်ပြီး မသိမသာ...ကြည့်တတ်သည်မှအပ မရိုးသား...သော အပြုအမူမျိုး မတွေ့ရပေ။ ...သို့သော်လည်း.....

"အေးအေးဆေးဆေး စကား...ပြောကြဦးနော်၊ ဒေါ်ဒေါ့်မှာ လုပ်...စရာလေးတွေရှိနေလို့ ခွင့်ပြုပါဦး...ကွယ်"

သူတို့အနီးမှ ထွက်လာမိ၏။ ...နေထွန်းတောက်တွင်သာ အဘက်...ဘက်မှ ပြည့်စုံလျှင် မည်မျှကောင်း လိုက်ပါမည်နည်း။ ယခုတော့ ပြည်ပန်းညို ချိုပါလျက် ဆားကဖျက်ဆိုသလို ဖြစ်နေရပါလား။ သူငယ်ချင်းပြန်သွားမှ သားဖြစ်သူက မိခင်ထံရောက်လာပြီး သူ့သဘောထားကို တိုင်ပင်ရှာသည်။

"ညီမလေးကို ထွန်းတောက်နဲ့ ပေးစားချင်တယ် မေမေ၊ သူက ညီမလေးကို လက်ထပ်ချင်တယ်တဲ့၊ သားတို့ကသာ သဘောတူရင် သူ့အမေကို ဖွင့်ပြောပြီး တောင်းရမ်း ခိုင်းပါ့မယ်တဲ့"

"သူ့အမေ သဘောမတူရင်ကော သား"

သီဟကျော်စွာ မဖြေနိုင်တော့ပေ။ သူ့စိတ်ထဲတွင် ယောက်ဖရရှိရေးအတွက်သာ အဓိကဖြစ်နေ၍ မျက်စိတစ်ဆုံး ကြည့်မြင် စဉ်းစားတတ်မည်မဟုတ်ပေ။ သားသိစေရန် စကားတစ်ခွန်းတော့ ဒေါ်နှင်းခ ပြောလိုက်မိပါသည်။

"လောကကြီးမှာ ထင်သလိုဖြစ်လာလိမ့်မယ်လို့ မထင်နဲ့ သား၊ နေရာတိုင်းမှာ အခက်အခဲဆိုတာ ရှိတတ်ကြတယ်၊ အဲဒီအခါမှာ စိတ်ဆင်းရဲခြင်းဆိုတာတွေကို မမျှော်လင့်ဘဲ ရင်ဆိုင်ရတတ်တယ်၊ မင်းရဲ့ညီမလေးကို အဲဒီဒုက္ခတွင်းထဲကို တွန်းချချင်လို့လားကွယ်"

မိခင်ထံမှ သဘောတူချက်မရ၍ လက်မှိုင်ကျသွားရတော့သည်။ သို့သော် ဖွဲတော့မလျှော့ခဲ့ပေ။ ခက်သည်က ထွန်းတောက်မိခင်သည် ဒေါ်နှင်းခပြောသည့်အတိုင်းပင် သားတစ်ယောက်၏ အိမ်ထောင်ပြုခွင့်ကို နှောင်ကြိုးတစ်ခုဖြင့် ကာဆီးထားလေသည်။

"ငါလက်ထပ်တဲ့နေ့ဟာ မေမေ သေတဲ့နေ့တဲ့ကွာ"

သီဟကျော်စွာမှာ မည်သို့မျှ မတတ်နိုင်တော့ပေ။ ထို့ကြောင့် လက်လျှော့လိုက်ရတော့သည်။

♛♛♛♛

**မိခင်ထံမှ သဘောတူချက်မရ၍ လက်မှိုင်ကျသွားရတော့သည်။**

**သို့သော်ဖွဲတော့မလျှော့ခဲ့ပေ။ ခက်သည်က ထွန်းတောက်မိခင်သည် ဒေါ်နှင်းခပြောသည့်အတိုင်းပင်**

**သားတစ်ယောက်၏အိမ်ထောင်ပြုခွင့်ကို နှောင်ကြိုးတစ်ခုဖြင့်......**

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါ ရောက်လာသူမှာ သားငယ်၏သူငယ်ချင်း နေလင်းမောင်ဖြစ်လေသည်။ တစ်ရပ်ကွက်တည်းသား၊ အကြောင်းသိချင်းဖြစ်သည့်အတွက် ဝဏ္ဏကျော်စွာက ယောက်ဖလောင်းကို အနီးအနားမှပင် ရှာတွေ့ခဲ့ပုံရလေသည်။ နေလင်းမောင်မှာ မာလာကျော်စွာအား တိတ်တခိုး ချစ်ကြိုက်နေသူဖြစ်ရာ ဝဏ္ဏကို အကြောင်းပြု၍ ချဉ်းကပ်ခွင့်ရခဲ့သည်။ သို့ရာတွင် မာလာကျော်စွာမှာ နေလင်းမောင်အား ပုံမှန်ဆက်ဆံပြီး နှစ်သက်ခြင်းမရှိပေ။ ညီမဖြစ်သူကို ရောင်းကုန်အဖြစ် သဘောထားကာ အချစ်ပွဲစားလုပ်နေကြသည့် အစ်ကိုများကို အံ့ဩမိပါသည်။ တကယ်ဆို သူမကို သက်ရှိတစ်ယောက်ဟုပင် သဘောထားကြပါရဲ့လား။ အသွေးအသားနှင့် တည်ဆောက်ထားသည့် ခန္ဓာကိုယ်တွင် အသည်းနှလုံးရှိမှန်းသူတို့ မေ့လျော့နေကြပြီလား။

ယခုလည်း ဒေါ်နှင်းခမှာ ရပ်ကွက်ထဲဆင်းပြီး နေလင်းမောင်အကြောင်း စုံစမ်းရပြန်သည်။ နေလင်းမောင်တွင် မိဘများ မရှိကြတော့ပေ။ အိမ်ထောင်သည် အစ်ကိုနှင့်အတူတူနေ၍ သံယောဇဉ်အနှောင်အဖွဲ့ သိပ်မရှိပါ။ စိတ်သဘောထားလည်း ကောင်းရှာပြီး လက်ခံနိုင်သည့် အရည်အချင်းမျိုးရှိသည်။ ဘွဲ့တစ်ခုရပြီး ဆေးကုမ္ပဏီတစ်ခုမှ ဒေါ်လာစားတစ်ယောက် ဖြစ်၍ မဆိုးပါဘူးဟု မှတ်ချက်ချမိ ပြန်သည်။ သားငယ်နှင့် ငယ်ပေါင်းဖြစ်၍ အတွင်းသိ၊ အဆင်းသိပါ။



"မောင်နေလင်းမောင်ကို ကျွန်မတော့ သဘောကျမိတယ် ကို ကျော်စွာ၊ ရှင့်သဘောကရော"

"မင်းက ဘာကိုသဘောကျ တာလဲ"

"သူ့ရဲ့ရိုးသားခြင်းပေါ့၊ ရပ်ကွက်ထဲမှာ နေလင်းမောင်ကို လူ တိုင်းအားကျတယ်၊ အသောက် အစားလည်းမရှိ၊ ကစားခုန်စား လည်း မလုပ်ဘူးဆိုတာ၊ ဒီခေတ် ကြီးထဲမှာ ဒါမျိုးလေးက ရှားသွား ပြီလေ"

"နို့.....နေပါဦး၊ ရိုးသားခြင်း ကို မင်းက ဘာပေတံနဲ့တိုင်းပြီး အလွယ်တကူ လက်ခံနိုင်ရတာလဲ သူများပြောတိုင်း အယုံလွယ်ပြီး အဟုတ်ကြီးထင်မနေနဲ့"

ဒေါ်နှင်းခအပြောကို ဦးကျော် စွာက လက်မခံနိုင်ပေ။ ထို့ကြောင့် နေလင်းမောင် အလုပ်လုပ်သည့် ဆေးကုမ္ပဏီတွင် ဦးကျော်စွာ၏ မိတ်ဆွေ ရှိနေ၍ ပွင့်ပွင့်လင်းလင်း တီးတိုး စုံစမ်းမိရာမှ နေလင်းမောင် အကြောင်းကို သိခဲ့ရတော့သည်။

"ဆေးရောင်းရငွေ အလွဲသုံး စားလုပ်လို့ ကုမ္ပဏီက တစ်ကြိမ် ခွင့်လွှတ်ထားတဲ့သူလေ၊ ကြည့် လည်းလုပ်ဦး ကိုကျော်စွာ၊ ဒီ ကောင်လေးက အလုပ်ထဲမှာ ငြိ ချက်ရှိတယ်"

ဦးကျော်စွာ ထိတ်လန့်သွား



www.burmeseclassic.com

www.burmeseclassic.com





သည်။ ထိုကလေးမျိုးကို သမက်တော်ရလျှင် ရှိသမျှစိုက်လျော်ရ၍ ပြည်းစိမ်ပြုတ်ပေလိမ့်မည်။ ဤသည်ကို ဝဏ္ဏကျော်စွာက သိပေ။ ညီမဖြစ်သူနှင့် နီးစပ်ရန် ခန့်တီးနေ၍ ဦးကျော်စွာမှာ ဒေါသဖြစ်ဖြစ်နှင့် ကြားခဲ့သမျှကို ပြောပြလိုက်မိသည်။

"လောကမှာကိုယ်ကျင့်တရားကောင်းမှ ရှိးသားတာ၊ ဘယ်မှာလဲ၊ မင်းသူငယ်ချင်းရဲ့ ရိုးသားမှု၊ လူတစ်ယောက်ကို အပေါ်ယံပေါင်းကြည့်လို့ သူ့အတွင်းအဖျွတ်ကို သိနိုင်ဘူးကွ၊ ကံကောင်းလို့ပေါ့ ဝဏ္ဏရာ"

သည်တော့မှ ဝဏ္ဏကျော်စွာလည်း ငြိမ်ကျသွားသည်။ သူ့အနေနှင့် ထိုအကြောင်းများကို မသိခဲ့ပေ။ ထို့ကြောင့် မျက်လွှာလေးချပြီး ဖခင်၏မျက်နှာကို မော့မကြည့်ရဲတော့ပေ။

"ငါ့သမီးကိုများ ဟင်းရွက်ကန်စွန်းများ မှတ်နေသလား၊ မင်းတို့အားလုံးရဲ့လုပ်ရပ်တွေ ရပ်တန်းကရပ်ကြတော့၊ သမီးကိစ္စ ငါကိုယ်တိုင် စီမံပြမယ်၊ ငါ့ကို ဘယ်သူမှ ဆရာမလုပ်ကြနဲ့"

ဦးကျော်စွာ၏ ပြတ်သားသောစကားကြောင့် အားလုံးမှာ စောဒက မတက်ရဲကြတော့ပေ။ ထိုစကားများကို ကြားမိသော မာလာကျော်စွာမှာ စိတ်ညစ်သွားရလေသည်။ သူမအနေဖြင့် အိမ်ထောင်မပြုလိုပါ။ သည်အမိ၊ သည်အဖ၊ သည်အစ်ကိုများနှင့် သက်ဆုံးတိုင် ချမ်းမြေ့စွာ နေလိုစိတ်ရှိပါသည်။ ကာယကံရှင် သူမ၏ဆန္ဒကိုရော မေးမြန်းကြပါဦးတော့လား။ အခန်းထဲပြေးဝင်ပြီး ဝမ်းနည်းစွာ ရှိုက်ငိုမိလေသည်။

♛♛♛♛♛

သို့ပေမယ့် မာလာကျော်စွာသည် မိဘစကားကို မဖယ်ရှားလိုသော သမီးလိမ္မာပီပီ မိဘစိတ်ချမ်းသာစေရန် သူ့နှလုံးသားကို စတေး ပေးရလေပြီ။ ဖခင်စီစဉ်သမျှကို နာခံလိုက်လျောခဲ့ရ၏။ အစ်ကိုများသည်လည်း နှမအဖြစ်ကို စိတ်မကောင်းရုံမှတစ်ပါး ဖခင်အား မလွန်ဆန်ရဲကြပေ။

မကြာမီတွင် စေ့စပ်မင်္ဂလာ အခမ်းအနားကျင်းပရန် ဦးသိန်းဖံ တို့သားအဖနှင့် အသိသက်သေ လူကြီးများ ရောက်ရှိလာကြသည်။

ဦးကျော်စွာတို့ဘက်မှလည်း ရပ်ကွက်လူကြီးအချို့ကို ဖိတ်ကြားခဲ့ရာ အဆင်သင့် ရောက်ရှိနေကြသည်။ မင်္ဂလာပွဲစတင်သည့်အချိန်တွင် သတို့သားလောင်းဘက်မှ အမျိုးသားကြီးတစ်ဦးမှာ ဟန့်ပါပါ



www.burmeseclassic.com

www.burmeseclassic.com

ထလိုက်သည့်အခါတွင် အားလုံးမှာ စိတ်ဝင်တစား နားထောင်နေကြလေသည်။

"အဟမ်း.....အဟမ်း"

ချောင်းဟန့်သံပေးပြီးသည့်နောက် မင်္ဂလာစကားကို ပြောကြား လာတော့သည်။

"ဒီနေ့ဟာ မင်္ဂလာနေ့လေးပါခင်ဗျာ၊ အခုလာရခြင်းအကြောင်းက ဟောဒီက ဦးသိန်းဖေ၊ ဒေါ်ခင်မိမိတို့ရဲ့သား မောင်အောင်မင်းထက်က ဒီက ဦးကျော်စွာ၊ ဒေါ်နှင်းခတို့ရဲ့သမီး မမာလာကျော်စွာကို နှစ်ဖက်မိဘ ဆွေမျိုးများနဲ့ ဂုဏ် သရေရှိလူကြီးမင်းများရှေ့မှာ လာရောက်စေ့စပ် တောင်းရမ်းခြင်းပဲ ဖြစ်ပါတယ်၊ ယခုလို မိသားဖသားပီပီ တောင်းရမ်းလာခြင်းအတွက် မိန်းကလေးရှင်များဘက်က လက်ခံသဘောတူပါလို့ တောင်းဆိုပါရစေ"

စကားကို ခဏရပ်ကာ အခြေ အနေကို အကဲခတ်၏။ ပြီးမှ ဦး ကျော်စွာနှင့် ဒေါ်နှင်းခတို့ရှိရာသို့ လှည့်ပြီး.....

"မောင်အောင်မင်းထက်ဆိုတာကလည်း ဦးကျော်စွာတို့မျက်စိရှေ့အောက်မှာ ကြီးပြင်းလာတဲ့ကလေးတစ်ယောက်ပါ၊ အကျင့်စာရိတ္တ၊ မျိုးရိုးကအစ အထူးပြောပြစရာ လိုမယ်မထင်ပါဘူး၊ ပြီး



တော့လည်း ဦးကျော်စွာရဲ့သမီးကို မေတ္တာသက်ဝင် ချစ်ခင်စုံမက်လို့ အခုလို လာရောက်တောင်းရမ်းရ တာပါ"

မင်္ဂလာစကားမဆုံးခင်တွင် နန္ဒ ကျော်စွာမှာ မတ်တတ်ထရပ်လိုက် ၍ ဦးကျော်စွာမှာ မျက်မှောင်ကြုတ် ပြီး ခေါင်းထောင်လာတော့သည်။

"ကျွန်တော် တစ်ခုမေးပါရစေ ခင်ဗျာ၊ ကျွန်တော့်ညီမလေးကို ဘာ ကြောင့် မေတ္တာရှိရတာလဲ၊ ညီမ လေးအစား တခြားမိန်းကလေးတစ် ယောက်ကို လက်ထပ်လို့မဖြစ်ဘူး လားခင်ဗျာ၊ ညီမလေးက ငယ်ပါ သေးတယ်"

"ဟော့ကောင် နန္ဒ၊ ထိုင်စမ်း လူကြီးတွေကို အားနာစရာ၊ မင်း ဘာတွေလျှောက်မေးနေတာလဲ"

ဦးကျော်စွာ လှမ်းငေါက်ရတော့ သည်။ သို့သော်လည်း နန္ဒကျော်စွာ မှာ အလိုက်မသိ ဆက်ပြောနေပြန် သည်။

"ကျွန်တော် မှန်တာကိုပြော နေတာပါ ဖေဖေ"

"ဒီကောင် အရစ်ရှည်နေပြန် ပါပြီ၊ ထိုင်စမ်းကွာ"

လာရောက်တောင်းရမ်းသူများ မျက်စိမျက်နှာပျက်ကုန်လေပြီ။ စည် အိမ်ပေါ်သို့ ကလေးငယ် ပြီး တက်လာသည့် အမျိုးသ ကြောင့် ပြုံ်ငတူလှမ်းကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဟုတ်ပါတယ်ရှင်၊ ကျွန်မက လည်း အမှန်တရားကိုမြတ်နိုးပြီး ကိုယ်ချင်းစာလို့ ဒီကိုလိုက်လာရတာ ပါရှင်၊ ဒီကလေးရဲ့ဖခင်ဟာ ဟိုက ထိုင်နေတဲ့ သတို့သားလောင်း ကို အောင်မင်းထက်ပါပဲ"

အားလုံးမှာ အာမေဋိတ်သံ အမျိုးမျိုးဖြင့် အံ့သြသွားကြလေ သည်။ အမျိုးသမီးမှာလည်း လက်ထဲတွင် ကိုင်ထားသော စာရွက် ခေါက်လေးကိုပြကာ.....

"ဒီမှာ ကျွန်မတို့ရဲ့ လက်ထပ်စာချုပ်၊ နှစ်ဦးသဘောတူ တရားဝင် လက်ထပ်ထားတာပါရှင်၊ ကြည့်ကြပါ"

ဦးကျော်စွာမှာ စာချုပ်လေးအား ယူကြည့်ပြီး အံ့အားသင့်သွား၏။ ဦးသိန်းဖံမှာ မျက်နှာမှာ နီရဲလာသလို အောင်မင်းထက်လည်း ချွေးပြန်နေရှာ၏။ ပို၍သေချာစေရန် ဦးသိန်းဖံမှာ သားဖြစ်သူအား လူပုံအလယ်တွင် မေးလိုက်သည်။

"ဟုတ်သလား သား"

"ဟုတ်.....ဟုတ်ပါတယ် ဖေဖေ၊ ဒါပေမဲ့....."

"တော်ပါတော့ကွာ၊ လာ.... ပြန်ကြမယ် မိမိ၊ မင်းသားက တို့ကို သောက်ရက်ခဲ့တယ်၊ တောက်"

ဖနီး၏လက်ကိုဆွဲ၍ ထပြန်

နှုတ်ဆက် မသွားကြတော့ပေ။ အောင်မင်းထက်မှာလည်း မိန်းမနှင့်ကလေးအား ခေါ်ဆောင်ပြီး သွက်လက်စွာ ထွက်ခွာသွား ကြလေသည်။ မထင်မှတ်သည့် အဖြစ်အပျက်ကြောင့် ဦးကျော်စွာ တို့မိသားစုလည်း မည်သည့်စကားမျှ မဆိုနိုင်။ ဧည့်သည်များသည် လည်း အခြေအနေမကောင်း၍ အလိုက်သိစွာ....

သွားရာ နှုတ်ဆက်မသွားကြတော့ပေ။ အောင်မင်းထက်မှာလည်း မိန်းမနှင့်ကလေးအား ခေါ်ဆောင်ပြီး သွက်လက်စွာ ထွက်ခွာသွားကြလေသည်။ မထင်မှတ်သည့် အဖြစ်အပျက်ကြောင့် ဦးကျော်စွာ တို့မိသားစုလည်း မည်သည့်စကားမျှ မဆိုနိုင်။ ဧည့်သည်များသည်လည်း အခြေအနေမကောင်း၍ အလိုက်သိစွာ အလျှိုအလျှို ပြန်သွားရှာသည်။

"ကောင်းကြသေးရဲ့လားဟင်၊ အဖေလုပ်ပုံကြောင့် ညီမလေးမှာ ဘယ်လောက်အရှက်ရစေခဲ့သလဲ၊ သွားပါပြီဗျာ၊ ကျွန်တော်တို့သိက္ခာတွေ ရေစုန်မျောကုန်ပါပြီ"

"အဲဒါ ဖေဖေ့ကြောင့်ဗျာ၊ ဖေဖေ့ကြောင့်"

"တော်သေးတာပေါ့ဗျာ၊ ဟို အမျိုးသမီးကို ကျေးဇူးတင်ရမယ်"

တစ်ယောက်တစ်ပေါက်ဖြင့် ဖခင်ကို ဝိုင်းပြီးအပြစ်တင်နေခြင်းကြောင့် မာလာကျော်စွာမှာ.....

"တော်ပါတော့ အစ်ကိုတို့ရယ်၊ ညီမလေး ရှက်လို့သေရပါတော့မယ်၊ ဟီး.....ဟီး.....ဟီး"

ချုံးပွဲချပြီး ဆောက်တည်ရာမရ ဖြစ်နေရပါပြီ။ မိန်းကလေးရှင်က

ပို၍ရှက်စရာကောင်းပါလိမ့်မည်။ အိပ်ရာထက်တွင် အားပါးတရ ငို



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်နေပေမယ့် ဖခင်၏ တောင်းပန်သံ၊ မိခင်၏ ပြစ်တင်စကား၊ အစ်ကိုများ၏ ဒေါသစကားသံများက အပြင်တွင် ဆူဆူညံညံနှင့်။ မည် မျှရှက်စရာကောင်းလိုက်ပါသနည်း။

♛♛♛♛♛

အဖြစ်အပျက်များက မြန်ဆန်လွန်းလှသည်။ သူတို့၏မိသားစုအဖြစ်က ငြိမ်သက်နေသော ပင်လယ်ပြင်ကို ရုတ်တရက် မထင်မှတ်ဘဲ ပြင်းထန်စွာ တိုက်ခတ်လာသည့် မုန်တိုင်းတစ်ခုအလား ဖရိုဖရဲ ဖြစ်ကျန်ရစ်ခဲ့ရလေသည်။ မနေ့ကကိစ္စကြောင့် သမီးလေးမှာ အတော်လေး ခံစားခဲ့ရသည်။ ထို့ကြောင့် အချိန်တန် အိမ်ပြန်မလာသည့် မာလာကျော်စွာအတွက် ဒေါ်နှင်းခမှာ တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်နေရပြန်သည်။ သားများကိုလည်း လူစုခွဲ၍ ရှာခိုင်းထားရ၏။ ဒေါ်နှင်းခနည်းတူ ဦးကျော်စွာမှာလည်း ရတက်မအေးနိုင်ပေ။ မိမိမွေးခဲ့သည့်မီးဖြစ်နေ၍ သမီးလေး တစ်စုံတစ်ခု လုပ်သွားမှာကို စိုးရိမ်မိရသည်။

သားငယ်မှာ ဦးစွာပြန်ရောက်လာသော်လည်း မျက်နှာမကောင်းပေ။ ဒေါ်နှင်းခမှာ အိမ်ပေါ်တက်လာသည့်အထိပင် မစောင့်နိုင်တော့။

"တွေ့ခဲ့လားဟင် သား၊ တွေ့ခဲ့လား"

"ဟင့်အင်း၊ သူ့သူငယ်ချင်းအိမ်တွေလည်း ရောက်ခဲ့တယ် မေမေ၊ သူတို့နဲ့ ကျောင်းကအတူတူ ပြန်လာတာပဲတဲ့"

"ဒုက္ခပါပဲ၊ ဒီအချိန်ထိ အိမ်ပြန်မလာဘဲတော့ မနေပါဘူး၊ သမီးလေး တစ်ခုခုဖြစ်နေတာများလား"

သမီးအတွက် သောကအပူမှာ ပါးနှစ်ဖက်ပေါ် တလိမ့်လိမ့်ကျဆင်းလာသော မျက်ရည်များက သက်သေပါ။

"ဘယ်လိုလုပ်မလဲ ကိုကျော်စွာ၊ ရဲစခန်းမှာ လူပျောက်တိုင်ရရင် ကောင်းမလားဟင်၊ အချိန်ရှိတုန်း ရှာလို့ရအောင်လေ"

"ခဏလေးစောင့်ကြည့်ပါဦး ကွာ၊ ဟိုနှစ်ကောင်ပြန်လာရင် ဘာ ထူးခြားဦးမလဲလို့ စောင့်ပါဦး"

"ရှင်ဟာလေ ဘာမှ နာ မလည်ဘူး၊ တော်ကြာ စိတ်ညစ် ပြီး ရေထဲပဲဆင်းသွားမလား၊ ဒါ မဟုတ် လင်နောက်ပဲ လိုက်သွား မလား"

အရွယ်ရောက်နေတော့လည်း မလုပ်သင့်တာလုပ်ပြီး မဖြစ်သင့် တာ ဖြစ်သွားမှာကို စိုးရိမ်ပူပန်ရ





www.burmeseclassic.com

www.burmeseclassic.com

...။ ထိုစဉ် သားနှစ်ယောက် အိမ်ပေါ်တက်လာပြီး စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ချလိုက်ပုံကြောင့် မေးနန် အင်အားမရှိတော့ပေ။ သူတို့ပြောလာမည့် စကားကိုပင် နားစွင့်မျှော်လင့်နေရသည်။

"ဘူတာကြီး၊ သင်္ဘောဆိပ်၊ အဝေးပြေးဂိတ်အနှံ့ ရောက်ခဲ့တယ်၊ မတွေ့ဘူးဗျာ၊ ဟူး.....မောလိုက်တာ"

"ဟုတ်တယ် မေမေရာ၊ ရှာတာ ဘယ်မှာမှမတွေ့ဘူး၊ မောတာပဲ အဖတ်တင်တယ်"

သားနှစ်ယောက်၏ စိတ်ပျက်စကားသံအဆုံးတွင် သားငယ်မှာ ဝမ်းသာအားရ ပြောလာပြန်သည်။

"ခုမှစဉ်းစားမိတယ် မေမေ၊ ဟုတ်ပြီ.....ဒါဖြစ်နိုင်တယ်"

"ဘာလဲကွ၊ မင်းဟာက အရင်းမရှိ၊ အဖျားမရှိ၊ ဘာကိုစဉ်းစားမိလို့လဲ"

ဝဏ္ဏကျော်စွာက သူ့ထင်မြင်ချက်အား ရှင်းပြလာပါတော့သည်။

"ညီမလေးဆီ အလာအများဆုံး ချမ်းမြေ့ဆိုတဲ့အကောင်နဲ့များ ကြိုက်နေသလားမသိဘူး၊ ဒီကောင့်အိမ် ကျွန်တော်သိတယ်၊ သွားရှာရင် သဲလွန်စတော့ ရနိုင်တယ် မေမေ"

ထိုစကားကြောင့် အားလုံး တွေးကြည့်မိကြသည်။ ဖြစ်နိုင်ခြေတော့ ရှိသည်။ ဒေါ်နှင်းခမှာ ပို၍ စိတ်ပူသွားရပါပြီ။

"ဟုတ်မယ် မေမေ၊ ကောင်လင်နောက်လိုက်သွားတာပဲ ဖြစ်ရမယ်"

"တောက်...အစ်ကိုတွေထိန်းနေပါလျက်နဲ့ ရည်းစားကို ဘယ်လိုထားလိုက်မှန်းမသိဘူး၊ တော်တော်ပိရိတယ်"

ခုမှဒေါသထွက်နေကြသည့် သားများကို ဒေါ်နှင်းခ စိတ်ပျက်စွာကြည့်ပြီး သက်ပြင်းချမိသည်။ မိုးပင်ချုပ်တော့ပေမည်။ အမှန်တကယ် လိုက်သွားလျှင် အချိန်မီနိုင်သေးသည်။

ခုမှ ဒေါသထွက်နေကြသည့် သားများကို ဒေါ်နှင်းခ စိတ်ပျက်စွာကြည့်ပြီး သက်ပြင်းချမိသည်။ မိုးပင်ချုပ်တော့ပေမည်။ အမှန်တကယ် လိုက်သွားလျှင်

"ဒါဆိုလည်း မြန်မြန်သွားကြလေကွယ်၊ တကယ်လို့ ညီမလေးရှိနေရင် ကိုယ့်ညီမလေးကို ထိန်းထိန်းသိမ်းသိမ်း အိမ်ပြန်ခေါ်ခဲ့၊ ဒေါသမကြီးနဲ့နော်"

သားသုံးယောက်အား တဖွဖွမှာရသည်။ အလတ်ကောင် သီဟက စိတ်ကြီးတတ်သည်။ သည်တော့ စိတ်မချနိုင်ပါ။

"ပြန်မလိုက်ရင် ရိုက်ပြီးတော့ကို ခေါ်လာမှာ"

ထင်သည့်အတိုင်းပင် မတွေ့ခင်က ဒေါသကြီးနေပြန်သည်။

"ဟဲ့.....အို၊ ဒီလိုသွားမလုပ်ရဘူးလေ သားရဲ့၊ တစ်ရက်ကနေ နှစ်ရက်ဖြစ်လိမ့်မပေါ့၊ သားကြီး ကိုယ့်ညီလေးတွေကို ကြည့်ထိန်းဦး"

"စိတ်ချ မေမေ"

သားများ ခြံဝအရောက်တွင် ဦးကျော်စွာလည်း မနေနိုင်တော့။

"မဖြစ်ပါဘူး၊ ငါပါလိုက်သွားမယ် မနှင်းခ၊ တော်ကြာ ကျော်မကောင်း၊ ကြားမကောင်း ဖြစ်နေဦးမယ်"

"ကောင်းတာပေါ့ ကိုကျော်စွာရယ်"

သမီးပျောက်ရှာပုံတော်ထွက်သွားသူများကို မျက်စိတစ်ဆုံးကြည့်ပြီးမှ ပြန်ထိုင်နေရသော်လည်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကမပြောင့်။ နာရီတကြည့်ကြည့်၊ ဖင်တရွရွဖြစ်နေရသည်။ မိခင်၏ သောကကို သမီးက သိမည်မဟုတ်ခဲ့။ ဆုံးဖြတ်ချက်အမှားဖြင့် ထောင်နှင့်တူသော လူမှုဒုက္ခကြီးထဲတွင် အတောင်အလက်မစုံခင် မပျံစေချင်ပါ။ မပြည့်စုံသောဘဝဖြင့် အိမ်ထောင်ရေးနယ်ပယ်တွင် စမ်းတဝါးဝါး မလျှောက်စေချင်ပါ။ ချမ်းမြေ့သည် သမီး၏သူငယ်ချင်းများထဲတွင် အနွမ်းပါးအချို့တဲ့ဆုံးကလေး

**သံယောဇဉ် စကားလေးဖြင့် တားဆီးရန် ကြိုးစားကြည့်မိသည်။ သို့ပေမယ့် သီလရှင်လေးထံမှ အေးချမ်းသော အကြည့်များဖြင့် သူမကို တရားပြရှာလေသည်။ သမီး၏ ငြိမ်းအေးသော တရားသံလေးကို ဒေါ်နှင်းခ...**

တစ်ယောက်ဖြစ်မှန်း ဒေါ်နှင်းခ သိနေခဲ့သည်။

နံရံပေါ်မှ နာရီမြည်သံသည် ည ၇ နာရီတိတိကို ပြနေသည့်တိုင် ထွက်သွားသူများ ပြန်ရောက်မလာကြသေးပေ။ လှုပ်ရှားနေသော စိတ်အား ဂုဏ်တော်ပုတီးဖြင့် တည်ငြိမ်အောင်စိပ်ရင်း ထိန်းထားလိုက်၊ အန္တရာယ်ကင်းဂါထာကို ရွတ်လိုက်နှင့် မျက်လုံးလေးကိုမှိတ်ပြီး တရားရှုမှတ်နေလိုက်သည်။

ထိုအချိန်တွင် ညင်သာသော ခြေသံနှင့်အတူ မိမိအနီးတွင် ရပ်တည်လာသော ခြေအစုံကြောင့် မျက်လုံးကို ဖျတ်ခနဲ ဖွင့်ကြည့်မိသည့်အခါတွင်.....

"ဟင်...သမီး၊ သမီးလေး"

အံ့သြတုန်လှုပ်ခြင်းများစွာ ဖြစ်သွားရလေပြီ။ မျက်လွှာလေးချပြီး တည်ငြိမ်စွာရပ်နေသော သီလရှင်လေးမှာ မိမိ၏သမီးလေးပါလား။

"လုပ်ရက်လိုက်တာ သမီးရယ်၊ မေမေတို့အပြစ်ပါ၊ သမီးလေးကိုဝိုင်းပြီး ယောက်ျားပေးစားချင်တဲ့စိတ်ကြောင့် ခုလိုဖြစ်ရတာပါ၊ ပြန်လွှတ်လိုက်ပါ သမီးရယ် နော်"

သီလရှင်လေးကို ဖက်တွယ် ငိုယို တောင်းပန်မိသည်။ သို့ပေမယ့် သီလရှင်လေးမှာ ခေါင်းကို ဘယ်ညာခါယမ်းပြီးမှ စကားကို ကျနွဲ့ရရ တစ်လုံးချင်းပြောလာရှာသည်။

"ဒကာမကြီး၊ ဘာ့ကိုမှ ပူဆွေးသောကတွေ ဖြစ်မနေကြပါနဲ့တော့၊ ဆရာလေးဟာ ဗုဒ္ဓရဲ့အရိပ်အောက်မှာ ခိုလှုံမယ့် ဘုရားသမီးတော် ဖြစ်သွားပါပြီ၊ ဆရာလေးအတွက် မစိုးရိမ်ကြပါနဲ့တော့"

စကားကို တည်တည်ငြိမ်ငြိမ်ဆိုလာသည်။ သို့သော်လည်း ဒေါ်နှင်းခမျက်လုံးအိမ်ထဲတွင် မျက်ရည်များ ပြည့်လျှံနေသလို မိခင်တစ်ယောက်၏ ခံစားမှုကို သမီးလေး မသိရှာခဲ့ပါလား။ သူမ၏ရင်ထဲတွင် မီးတောက်နေသလောက် သမီးလေးကတော့ အေးဆေးငြိမ်သက်နေသည်။

"အမေ့ကို ပြန်မငဲ့တော့ဘူးလား သမီးရယ်၊ သမီးအတွက် ပူပန်သောကတွေ ရောက်နေကြတာပါ၊ သမီးရဲ့အစ်ကိုတွေဆို သမီးကိုစိတ်ပူပြီး လိုက်ရှာနေတာ၊ အခု အချိန်ထိ ပြန်မလာသေးဘူးလေ၊ အစ်ကိုတွေကို သမီးချစ်တယ်ဆို"

သံယောဇဉ်စကားလေးဖြင့် တားဆီးရန် ကြိုးစားကြည့်မိသည်။ သို့ပေမယ့် သီလရှင်လေးထံမှ အေးချမ်းသော အကြည့်များဖြင့် သူမကို တရားပြရှာလေသည်။ သမီး၏ ငြိမ်းအေးသော တရားသံလေးကို ဒေါ်နှင်းခ ကြားရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

“ဒကာမကြီး၊ ဆရာလေး စကားကို နားထောင်ပါ၊ တကယ်တော့ ပုထုဇဉ်တွေဟာ မရှိကို အရှိလုပ်ပြီး တရားသဘောကို မရှုမြင်ဘဲ ဒုက္ခသံသရာ ဝဲဂယက်ထဲမှာ ကျင်လည်နေကြသူတွေပါပဲ၊ သံယောဇဉ်၊ သမုဒယနှောင်ကြိုးတွေကြောင့် မမြဲတဲ့ သင်္ခါရတရားကြီးကို မေ့လျော့နေတတ်ကြတယ်၊ ဘယ်သူပဲဖြစ်ဖြစ် နောက်ဆုံးတော့ သေခြင်းဆိုတဲ့ မရဏမင်း အလောင်ခံရမှာပဲလေ၊ အဲဒီအခါမှာ ဘယ်သား၊ ဘယ်သမီးကမှ မကယ်နိုင်ကြသလို မိမိပြုလုပ်ခဲ့တဲ့ကုသိုလ် ကောင်းမှုကသာလျှင် ကယ်တင် ရှင် အစစ်ဖြစ်ပေတယ် ဒကာမကြီး”



သမီးဖြစ်သူ၏စကားကြောင့် ဒေါ်နှင်းခမှာ မျက်ရည်များ ဖြိုင်ဖြိုင်စီးကျနေရလေပြီ။ ဝေဝါးသော အကြည့်များဖြင့် မမှိတ်မသုန် ကြည့်နေမိ၏။ သမီးက သူမအား ကြည် လင်သော မျက်ဝန်းများဖြင့် ပြန် ကြည့်ပြီး

“ဒါကြောင့် လူ့ဘဝကို ရောက်ရှိခိုက်အချိန်လေးမှာ ကိုယ့်နောက် အရိပ်လိုလိုက်ပါမယ့် ကုသိုလ်ကောင်းမှုကိုသာ ပြုလုပ်ကြပါ၊ သားသမီးဆိုတဲ့ သံယောဇဉ်အပူမီးတွေကို ငြိမ်းသတ်လိုက်ပါတော့၊ ဒီလိုမှ မငြိမ်းသတ်နိုင်ရင် ကိုယ့်ကိုပြန်လောင်မြိုက်သွားတတ်ပါတယ်၊ ဒီတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး တရားရိပ်ကို ခိုဝင်ကျင့်ကြံ အားထုတ်ဖို့သာ ကြိုးစားပါ၊ ဆရာလေးကတော့ လောဘ၊ ဒေါသ၊ မောဟနဲ့ သံယောဇဉ်တွေချုပ်ငြိမ်းတဲ့ ဘုရားရိပ်မှာ အပြီးအပိုင်နေဖို့ ဆုံးဖြတ်ပြီးပါပြီ၊ ဒါကြောင့် တားဆီးဖို့ မကြိုးစားပါနဲ့တော့၊ ဆရာလေးကိုသာ ခွင့်လွှတ်ကြပါ၊ ခွင့်ပြုကြပါ”

မည်သည့်စကားမျှ မဆိုနိုင်တော့လောက်အောင် နှုတ်ဆိတ်သွားရသည်။ သမီးအား တားဆီး၍ရလိမ့်မည်ဟုလည်း မထင်တော့ပေ။ ဆရာလေး၏ စကားများသည် မိမိ၏ သတိမေ့လျော့နေသော စိတ်ကို တရားပြလိုက်သကဲ့သို့ ချက်ချင်းပင် အသိတရားရလိုက်ပါပြီ။ ကိုယ့်ကိုယ်ကိုယ်သာ ကိုယ်မပိုင်ဆိုသည့် သင်္ခါရတရားကြီးကို မေ့နေမိသည်။ ထိုသင်္ခါရတရားမှန်သမျှ မမြဲ၊ အစိုးမရကြပါလား။

ဒေါ်နှင်းခသည် ပါးနှစ်ဖက်ပေါ်မှ မျက်ရည်စီးကြောင်းလေးများကို လက်ဖမိုးနှင့် သုတ်ပြီးနောက် မာလာကျော်စွာတစ်ဖြစ်လဲ ‘ပညာဝတီ’၏ ကျက်သရေရှိသော မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်းက တရားသံဝေဂရမိလေတော့သည်။

**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**



www.burmeseclassic.com

www.burmeseclassic.com





## ကိုညွန့်အောင် (ရွှေပန်းထိမ်)

# အရက်သမားသားချင်းမသိ

အလုပ်ကြမ်းလုပ်တဲ့လူ တော်တော်များများက အရက်သောက်ပြီး အလုပ်လုပ်ရင် အလုပ်ပိုလုပ်နိုင်တယ်။ အလုပ်ပိုတွင်ကျယ်တယ်။ များများလုပ်နိုင်တယ်လို့လည်း ယူဆပြီး သောက်ကြတယ်။ သူတို့အနေနဲ့ အရက်သောက်ရင် အားရှိတယ်၊ ခံနိုင်ရည်ရှိတယ်၊ အမောခံနိုင်တယ်၊ အပူဒဏ်လည်း ခံနိုင်တယ်စသဖြင့် သူတို့အယူအဆနဲ့သူတို့ သောက်နေကြတာပဲ။ တကယ်တမ်းကတော့ အရက်သောက်တဲ့သူဟာ တဖြည်းဖြည်းနဲ့ အားအင်ဆုတ်ယုတ်လာပြီး ခန္ဓာကိုယ်ရှိ အသားအရေပါ ခန်းခြောက်လာပါတယ်။ ဒီနောက်တော့ ရုပ်ပိုင်းဆိုင်ရာပါ ပြောင်းလဲလာပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ရုပ်ရည်ကြမ်းတမ်းတဲ့ လက္ခဏာတွေ ပေါ်လာပါတော့တယ်။ နောက်ပိုင်း စိတ်ပိုင်းဆိုင်ရာတွေပါ ပြောင်းလဲလာပြီး မွေးရာပါ မူလစိတ် ပျောက်တဲ့အထိ ဖြစ်တတ်ပါတယ်။

အရက်သောက်တာဟာ အားရှိတယ်၊ သွက် လက် ပေါ့ပါးတယ်လို့ ထင်တာဟာ အရက်ထဲမှာပါတဲ့ အယ်လ်ကိုဟောအရှိန်နဲ့ သွေးပူပြီး ဖြစ်တာမျိုးပါ ကောင်းတဲ့ ပေါ့ပါးမှုမျိုး မဟုတ်ပါဘူး။ တစ်နည်း ပြောရရင် ကြွန္တေကို ထိန်းသိမ်းတဲ့ အင်အားများ အခိုက်အတန့် ပျက်စီးသွားပြီး၊ ဒါမှမဟုတ် အဖျက် ဆီးခံရပြီး အထိန်းမဲ့ဖြစ်ကုန်တာမျိုးလို့ ဆိုပါတယ်။ ဒီလိုဖြစ်တာကို အရက်သောက်တဲ့သူများက အရက် သောက်ရင် အားတိုးလာ တယ်လို့ ထင်နေကြတာ



www.burmeseclassic.com

www.burmeseclassic.com

အမှန်ကတော့ အားတိုးလာတာမဟုတ်ပါဘူး။ မူးနေတော့ ကိုယ့်ကိုယ့်ကိုယ် မထိန်းနိုင်ဖြစ်တာကို သွက်လက်ပေါ့ပါးတယ်လို့ ယူဆပြီး အားအင်တိုး လာတယ် ထင်မိတာပါ။ အားအင်အစစ် မဟုတ်ပါဘူး။

ယခုလက်ရှိ အခြေအနေမှာ စီးပွားရေး၊ ကြီးပွားရေးကိုသာ ကြည့်တတ်တဲ့ လုပ်ငန်းရှင်များကတော့ အရက်ဆိုင်ဖွင့်ဖို့ပဲ တာစူနေတာကို တွေ့ရပါတယ်။ အရက်သောက်လို့ လူတွေဘယ်လောက် ဒုက္ခရောက်တယ်၊ စီးပွားပျက်တယ်၊ လင်ကွဲမယားကွဲ ဖြစ်ရတာတွေ၊ နောက်ဆုံး စိတ်မကျန်းမာတဲ့ဖြစ်လာတာတွေ၊ အရက်စွဲသူဘဝ ရောက်ရတဲ့သူတွေလည်း မနည်းဘူး ဆိုတာကို အရက်ဖြင့်စီးပွားရှာဖွေနေတဲ့သူတွေအားလုံးလည်း သိကြမှာပါ။ ဘယ်လိုမှ ကောင်းကျိုးမပေးတဲ့ ဒီအရက်ကို ဘာကြောင့်များ စွဲလမ်းနှစ်သက်နေရတာလဲဆိုတာကို စဉ်းစားလို့မရပါဘူး။ စီးပွားရေးသမားများကတော့ အရက်သောက်တာ မကောင်းဘူးလို့သိလည်း ရောင်းမှာပါပဲ။ ဘာကြောင့်လဲဆိုတော့ သူတို့က စီးပွား ရေးတစ်ခုတည်းပဲ ကြည့်တတ်လို့ပါပဲ။

နိုင်ငံတိုင်းလိုလို သူ့နိုင်ငံနဲ့သူ အရက်ချက်ကြတယ်။ သောက်သုံးတဲ့ လူဦးရေလည်း နေ့စဉ်နဲ့အမျှ တိုးလာသလို အရက်ချက်တဲ့ စက်ရုံကြီးတွေလည်း အပြိုင်အဆိုင် ထုတ်လုပ်ရောင်းချနေကြတာကို မြင်တွေ့နေရပါတယ်။ ကြော်ငြာဈေးကွက်ထဲမှာလည်း အရက်ကို အခမဲ့တိုက်ခြင်းဖြင့် ဈေးကွက်ချဲ့ထွင်နေတာလည်း ရှိပါတယ်။ အရက်မသောက်တတ်သေးတဲ့ လူများကို အစမ်းသဘော မြည်းခိုင်းပြီး အရက်သမား ဖြစ်အောင်လုပ်တဲ့သဘောပါပဲ။ ဒီလိုမြည်းစမ်းရင်းနဲ့ အရက်သမားဘဝ ရောက်သွားသူတွေ အများအပြား ရှိပါတယ်။ အရက်သမားဘဝ ရောက်သွားတဲ့သူတွေ အများအပြားရှိပါတယ်။ အရက်သမားဘဝ ရောက်သွားတဲ့သူတွေဟာ တစ်ခွက်တစ်ဖလား မြည်းစမ်းရင်း ရောက်သွားတဲ့သူတွေပါပဲ။

**နိုင်ငံပေါင်းစုံက အရက်ကို အပြိုင်အဆိုင် ချက် လုပ်နေကြတယ်။ အရက်ကောင်းလည်း ကြိုက်ကြ တယ်။ အရက်ကောင်း ကြိုက်တဲ့သူများကတော့ နိုင်ငံ ပေါင်းစုံကဝင်တဲ့ ....**

နိုင်ငံပေါင်းစုံက အရက်ကို အပြိုင်အဆိုင် ချက်လုပ်နေကြတယ်။ အရက်ကောင်းလည်း ကြိုက်ကြတယ်။ အရက်ကောင်းကြိုက်တဲ့သူများကတော့ နိုင်ငံပေါင်းစုံကဝင်တဲ့ တံဆိပ်မျိုးစုံ၊ အရက်မျိုးစုံ ရှာသောက်တတ်တဲ့လူများလည်းရှိပါတယ်။ အဲဒီလို တံဆိပ်မျိုးစုံ၊ အရက်မျိုးစုံ ရှာသောက်တတ်တဲ့သူများက ဘယ်နိုင်ငံက ဘယ်အရက် ဘယ်လိုကောင်းတယ်ဆိုတာကို သိကြပါတယ်။ ယခုလက်ရှိအချိန်မှာတော့ အရက်အကောင်းဆုံးက ပြင်သစ်နိုင်ငံလို့ ဆိုပါတယ်။ အရက်ကို စီးပွားရေးအနေနဲ့ ဖိဖိစီးစီးလုပ်ပြီး နိုင်ငံတကာကို အများဆုံးဖြန့်ချိရောင်းချနေတာကတော့ အီတလီနိုင်ငံ ဖြစ်ပါတယ်။ ပြီးတော့ ပြင်သစ်၊ ဆိုဗီယက်ယူနီယံ (ယခု ရုရှား)၊ စပိန်၊ အာဂျင်တီးနား၊ အမေရိကန် (U.S.A) စတဲ့နိုင်ငံများဖြစ်ကြောင်းလည်း သိရပါတယ်။

ဘယ်နိုင်ငံက ဘယ်လိုချက်ချက် အရက်တိုင်းကတော့ သောက်ရင်မူးတာပါပဲ။ အရက်အားလုံးဟာ အရောင်နဲ့တံဆိပ်သာ ကွဲလွဲမှာပါ။ မူးတဲ့အရသာနဲ့ ဖြစ်တဲ့ရောဂါတို့ကတော့ အတူတူပါပဲ။ အရက်


www.burmeseclassic.com

www.burmeseclassic.com

အသောက်များလို့ အဲဒီကဖြစ်တဲ့ရောဂါကတော့ အသည်းရောဂါဖြစ်ပါတယ်။ နိုင်ငံတကာမှာ အရက်သောက်လို့ ရောဂါရပြီး ဆေးရုံတက်ရတာတွေများတယ်လို့ဆိုပါတယ်။ အရက်ချက်တဲ့နိုင်ငံတွေက သူ့နိုင်ငံနဲ့သူ တစ်မျိုးကောင်းတော့ ထွက်ကြတယ်။ ဘယ်နိုင်ငံက ဘာအရက်ကောင်းတယ်ဆိုတာကို အရက်မျိုးစုံအောင် သောက်တဲ့သူတစ်ဦး ပြောပြတာကတော့ ပြင်သစ်က ကော့ညက်၊ အီတလီက ဝိုင်၊ စကော့တလန်က ဝီစကီ၊ ရုရှားက ဗော့ဒ်ကာ၊ အညာက ထန်းရည်၊ ရောဝတီတိုင်းဒေသကြီးက ဓနိရည်၊ တောင်တန်းဒေသက ခေါင်ရည်၊ ဘုံဆိုင်က အရက်ဖြူလို့ဆိုပါတယ်။

အရက်ကို မြည်းစမ်းရင်းနဲ့ စွဲလမ်းနှစ်သက်သွားတဲ့ လူငယ်လေးတစ်ဦး တွေ့ဖူးတယ်။ သူ့နာမည်က ကိုဇော်။ အသက် (၂၀)မှာ မြို့တက်ပြီး ငွေရှာစာယ်။ ရတဲ့အလုပ်က စားပွဲထိုး (ဝိတ်တာ)၊ စားသောက်ဆိုင်ကြီးမှာ လုပ်ရတယ်။ စားသောက်ဆိုင်ကြီးဆိုတော့ သီး သန့်ခန်းတွေလည်းများတယ်။ အဲဒီ သီးသန့်ခန်းတွေ တစ်ခန်းနဲ့တစ်ခန်း လူချင်းမမြင်ရအောင် ခန်းဆီးလိုက် ကာလေးတွေ တပ်ဆင်ပေးထားတယ်။ အရက် စသောက်ခါစ လူငယ်လေးတွေရယ်၊ အရက်သောက် တာကို မိတ်ဆွေအပေါင်းအသင်းတွေမြင်ရင် အထင် အမြင်သေးမှာစိုးရိမ်တတ်တဲ့ လူကြီးပိုင်းတွေရယ်၊ နောက်ပြီး ကိုယ်အရက်သောက်နေတာကို သူများတွေ မသိအောင် ခွက်ပုန်းချတဲ့သူများကလည်း အဲဒီလိုခန်းဆီးလိုက်ကာလေးတွေ တပ်ဆင်ပေးထားတဲ့ စား သောက်ဆိုင်မှ သူတို့က ဝင်သောက်ကြတာ။

တစ်ခါတလေမှ သောက်တတ်တဲ့သူများက အဲဒီလို သီးသန့်ခန်းပါတဲ့ စားသောက်ဆိုင်တွေမှာပဲ သောက်လေ့ရှိကြတယ်။ သူတို့က အရက်သမားမဖြစ်သေးဘူး။ အစပဲရှိသေးတော့ အစားပဲအားထားကြ

သောက်တာကတော့ စားကောင်း၊ အိပ်ပျော်
အောင်ဆိုတဲ့သဘောလောက်ပဲ ထားတတ်ကြတာ။
သူတို့ အရက်ဆိုင် တစ်ခါထိုင်ရင်
မှာသောက်တဲ့ အရက်ကို
ကုန်အောင်သောက်လေ့မရှိကြဘူး။
အနည်း ဆုံး ဖန်ခွက်ထဲမှာ
လက်နှစ်လုံးလောက်ကျန်တတ် ကြတယ်။
ဒါကလည်း အပျော်သဘော
စမ်းသောက် တဲ့သူတိုင်း .....

တယ်။ သောက်တာကတော့ စားကောင်း၊ အိပ်ပျော် အောင်ဆိုတဲ့သဘောလောက်ပဲ ထားတတ်ကြတာ သူတို့ အရက်ဆိုင် တစ်ခါထိုင်ရင် မှာသောက်တဲ့ အရက်ကို ကုန်အောင်သောက်လေ့မရှိကြဘူး။ အနည်း ဆုံး ဖန်ခွက်ထဲမှာ လက်နှစ်လုံးလောက်ကျန်တတ် ကြတယ်။ ဒါကလည်း အပျော်သဘော စမ်းသောက် ဟဲ့သူတိုင်း ကျန်တတ်ကြမြဲပဲ။ ဒီလိုကျန်တာလေး တွေကို ကိုဇော်တို့လို စားပွဲထိုးလေးတွေက မြင်ပါများ တော့ သွားရည်တမျှားမျှားဖြစ်ပြီး ယူသောက်မိကြ တယ်။

အဲဒီလို ဒေ့သည်တွေ စားသောက်ပြီးလို့ ပိုလျှံ တဲ့ အမြည်းနဲ့အရက်ကို ဆိုင်ရှင်အလစ်မှာ ဦးတဲ့စားပွဲ ထိုးက ဝင်ကစ်လိုက်တာပဲ။ စားပွဲထိုးတွေက သူတို့ လက်ကျန်အရက်သောက်တာကို ဆိုင်ရှင်မသိဘူးလို့ ထင်မှတ်နေကြတာ။ တကယ်တမ်းကျတော့ ဆိုင်ရှင် က မသိချင်ဟန်ဆောင်နေတာပါ။ သိတာပေါ့။ ဆိုင် မှာရှိတဲ့ ဝန်ထမ်းအားလုံးကို အုပ်ချုပ်နေတာပဲ။ ဘယ် ဝန်ထမ်းက ဘယ်လိုစိတ်ဓာတ်မျိုးရှိတယ်ဆိုတာ အားလုံးကိုသိတာပဲ။ စားပွဲထိုးတွေ လက်ကျန်အရက် သောက်တာပဲ။ ပုလင်းအသစ်ဖွင့်သောက်ဘာမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ။ ပုလင်းအသစ်ဖွင့်သောက်ရင်တော့ ပြောမှာပေါ့။ ဆိုင်ရှင်ပဲ၊ လုစ်လုစ်လေးပါ။ သူတို့ အဲဒီလို လက်ကျန်အရက်လေးတွေ သောက်ရင်းနဲ့ စွဲသွားတော့လည်း ဆိုင်မှာ လူမြဲတာပေါ့လို့ မှတ်ယူပြီး မပြောဘဲနေတာပါ။

ကိုဖော်လည်း စားသောက်ဆိုင်မှာ အရက်လက်ကျန်လေးတွေသောက်ရင်းနဲ့ အလုပ်မြဲနေတဲ့သူပါ။ အရက်က အလကားသောက်ရတော့ သူတို့မှာ လစ်ခစ်ဆိုတာ မရှိဘူး။ ရရင် ရသလိုသောက်တာပဲ။ ဧည့်သည်ထပြန်သွားတဲ့အခါ ခွက်ထဲမှာ ကျန်တဲ့အရက်က နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ လစ်ရင် လစ်သလို မော့ချလိုက်တာပဲ။ သီးသန့်ခန်းလေးတွေဆိုတော့ တော်ရုံတန်ရုံ အပြင်လူ မမြင်နိုင်လို့ ကိုဖော်တို့လို အရက်ချိုးကပ်နေတဲ့ စားပွဲထိုးလေးတွေ ကစ်ချင်တိုင်း ကစ်လို့ရနေတာပဲ။ စားသောက်ဆိုင်တွေမှာ စားပွဲထိုးလုပ်တဲ့သူ တော်တော်များများ အသောက်အစားနဲ့ မကင်းဘူး။ သူတို့ရှေ့မှာက နေ့စဉ်သောက်စားနေတဲ့ မြင်ကွင်းကို မြင်ပါများတော့ သူတို့လည်း သွေးနဲ့ကိုယ်၊ သားနဲ့ ကိုယ်ပဲ။ ဘာတတ်နိုင်မှာလဲ။ သောက်ကြည့်ချင်တာ ပေါ့။

> ကိုဖော်လည်း စားသောက်ဆိုင်မှာ
> အရက်လက် ကျန်လေးတွေသောက်ရင်းနဲ့
> အလုပ်မြဲနေတဲ့သူပါ။
> အရက်က အလကားသောက်ရတော့
> သူတို့မှာ လစ် မစ်ဆိုတာ မရှိဘူး။
> ရရင် ရသလိုသောက်တာပဲ။
> ဧည့်သည်ထပြန်သွားတဲ့အခါ....

ဒီတော့ သောက်တော့တာပေါ့။

ခေတ်စနစ်တွေ ပြောင်းလာတာနဲ့အမျှ စားသောက်ဆိုင်တွေလည်း ဖွဲ့စည်းပုံပြောင်းလာပါတော့တယ်။ အရင်က အရက်သောက်ရင် လူမြင်မခံဝံ့လို့ ခန်းဆီးလိုက်ကာလေးတွေ တပ်ဆင်ပေးထားရတယ်။ အဲဒီလို ခန်းဆီးလိုက်ကာလေးတွေနဲ့ တပ်ဆင်ထားတဲ့ဆိုင်မှ လူပိုစည်တာ၊ ပိုရောင်းရတာ။ အခုတော့ ပြောင်းပြန်ဖြစ်သွားပြီ။ အရက်ဆိုင်ကို လူမြင်ကွင်းမှာ ရောင်းမှ ပိုရောင်းရတာ။ ပလက်ဖောင်းပေါ်ထိ ခုံခင်းရောင်းတဲ့ဆိုင်ဆို ပိုလို့ရောင်းကောင်းနေသေးတယ်။ အရက်သောက်တာကို ဂုဏ်ယူစရာလို့ထင်ပြီး လမ်းပေါ်လူ မြင်ကွင်းမှာတောင် ပေါ်ပေါ်ထင်ထင် သောက်လာကြပြီ။

စားသောက်ဆိုင်ပုံစံပြောင်းလာတော့ ကိုဖော်လုပ်တဲ့ စားသောက်ဆိုင်လည်း ပုံစံပြောင်းသွားပြီး လူ မြင်ကွင်းမှာပဲ ရောင်းတော့တယ်။ ဒီလိုပုံစံပြောင်းလိုက်တော့ စားပွဲထိုးလေးတွေအတွက် လက်ကျန်သောက်ဖို့ရာ အခွင့်အလမ်းတွေ ပိတ်လိုက်သလိုဖြစ်သွားတယ်။ ဒါကြောင့် သူတို့ လွတ်လွတ်လပ်လပ်သောက်လို့မရတော့ဘူး။ အရက်ကလည်း စွဲနေပြီဆိုတော့ မသောက်ဘဲလည်း မနေနိုင်တော့ဘူး။ ဒီတော့ သောက်လို့ရတဲ့ နည်းလမ်းရှာရတယ်။ အကြိုက်ချင်းတူတဲ့ စားပွဲထိုးတွေစုပြီး ညဘက်မှာသောက်ဖို့ စီစဉ်လိုက်ကြတယ်။ အဲဒီလို စီစဉ်လိုက်တဲ့သူကတော့ ကိုဖော်ပဲ။ သူတို့လုပ်တဲ့ စားသောက်ဆိုင်မှာ အရက်အများဆုံးသောက်နိုင်သူကို ဆုပေးမယ်ဆိုရင် ကိုဖော်က ဆုအများဆုံးရမှာပဲ။

သူတို့ ညဘက်မှာ ခိုးသောက်တဲ့အရက်က လက်ကျန်အရက် မဟုတ်ပါဘူး။ ပုလင်းအသစ်တွေကို နေ့ခင်းဘက်မှာ ဆိုင်ရှင်မသိအောင် ဝှက်ယူသိမ်းဆည်းပြီး ညဘက် အလုပ်နားချိန်မှာ ခိုးသောက်ကြတယ်။

www.burmeseclassic.com



သူတို့ဒီလိုလုပ်နေတာကို ဆိုင်ရှင်ကသိတော့ အလုပ်ကနေ ထုတ်ပစ်လိုက်တယ်။ အလုပ်ထုတ်ခံရတဲ့ စားပွဲထိုးတချို့က အခြားဆိုင်တွေပြောင်းပြီး အလုပ်ပြန်လုပ်ကြတယ်။ ကိုဇော်ကတော့ နောက်ထပ် ဘယ်ဆိုင်မှ မလုပ်ချင်ဘူးဆိုပြီး သူ့မွေးရပ်မြေ ရွာကိုပြန်သွားတယ်။

အရက်သမားဆိုတော့ ရွာရောက်တယ်ဆိုရုံရှိသေး အရက်ဆိုင်တန်းဝင်တာ။ အရက်မူးနေအောင် သောက်တယ်။ မူးနေတော့ ဆိုင်ရှင်ကိုရစ်တယ်။ သူမြို့မှာ သောက်ခဲ့တဲ့ အရက်မျိုးစုံကို ရွတ်ပြပြီးမှာတယ်။ ဆိုင်ရှင်က အဲဒီအရက်တွေက နိုင်ငံခြားအရက်မို့ ဈေးအရမ်းကြီးတယ်၊ ဒါ့ကြောင့် ဆိုင်မှာတင်မရောင်းနိုင်ဘူး၊ ပြီးတော့ အရက်ဖြူလိုင်စင်ယူထားတာမို့ ဒီအရက်နီနဲ့ပတ်သက်တာ ဘာမှမထားဘူးလို့ပြောတော့ ဆိုင်ရှင်ကို ထထိုးတော့တာပဲ။

ကိုဇော် အရက်ဆိုင်ပိုင်ရှင်ကို လက်သီးနဲ့ထိုးလို့ ဆိုတဲ့သတင်းက ရွာထဲမှာ ဟိုပြော၊ ဒီပြောနဲ့ တစ်ခဏလေးအတွင်း ပျံ့နှံ့သွားတယ်။ ဒီသတင်းကြားတော့ မိဘတွေက အရက်ဆိုင်ကို လိုက်လာကြတယ်။ ဆိုင်ထဲမှာလည်း သူတို့သား မူးပြီး ခုံတွေရိုက်ချိုးထားတာ ရစရာကို မရှိတော့ဘူး။ သူလည်း ဘယ်လောက်များ သောက်ထားတယ်မသိဘူး။ ခုံအကျိုးတွေကြားထဲမှာ မှောက်လဲနေလို့ မိဘတွေက အိမ်ကိုတွဲခေါ်လာရတယ်။ အိမ်ရောက်ပြီး မကြာခင် မှာပဲ အမူးပြေလို့ ငုတ်တုတ် ထထိုင်တယ်။ သူ့ဘေးနားမှာရှိတဲ့ မိဘနှစ်ပါးကိုလည်း မြင်ရော တစ်ခါမှ မမြင်ဘူးသေးတဲ့လူကို မြင်ရတဲ့ပုံစံမျိုးနဲ့ မျက်တောင်မခတ် စိုက်ကြည့်နေလေရဲ့။

ယခုဆိုရင် ကိုဇော် အသက်သုံးဆယ်ရှိပြီး သူအရက်စသောက်တော့ အသက်က နှစ်ဆယ်ပဲရှိသေးတယ်။ စားသောက်ဆိုင်မှာ စားပွဲထိုးလုပ်ရင်း ညည့်

အရက်သမားဆိုတော့ ရွာရောက်တယ်ဆိုရုံရှိ သေး
အရက်ဆိုင်တန်းဝင်တာ။
အရက်မူးနေအောင် သောက်တယ်။
မူးနေတော့ ဆိုင်ရှင်ကိုရစ်တယ်။
သူ မြို့မှာ သောက်ခဲ့တဲ့ အရက်မျိုးစုံကို
ရွတ်ပြပြီးမှာတယ်။
ဆိုင်ရှင်က အဲဒီအရက်တွေက

သည်တွေ စားသောက်ပြီးလို့ မကုန်ဘဲ ကျန်နေ[…] အရက်နဲ့အမြည်းကို စမ်းသောက်ကြည့်ရင်းနဲ့ စွဲသွ[…] တာ။ အရက်က တကယ်စွဲသွားတော့ ဖြတ်မရတေ[…] ဘူး။ အရက်နီ၊ အရက်ဖြူ၊ မီးတောက်၊ ခေါင်ရည်[…] ခနီ၊ ထန်းရည် ရရာသောက်တာပဲ။

အခုတော့ သိပ်မသောက်နိုင်တော့ဘူး။ ဦးနှော[…] နဲ့ အာရုံကြောတွေထိထားလို့ ဆေးခန်းခဏခဏ [...] နေရတယ်။ တစ်ခါတစ်ရံ တစ်ယောက်တည်း ရယ်[…] ရယ်နေတတ်ပြီး ငိုချင်တဲ့အခါလည်း ငိုနေပြန်[…] အသောက်များရင် ဒီလိုပဲဖြစ်တတ်တယ်လို့ ဆရာ[…] တွေက ပြောပါတယ်။ ကိုဇော် လက်သီးနဲ့ထိုးလိုက်[…] အရက်ဆိုင်ပိုင်ရှင်က သူ့ဦးလေးဖြစ်နေတာ[…] တအား မူးနေတော့ ဦးလေးမှန်းမသိဘဲ ထိုးလိုက်မိ[…] လို့ဆို တယ်။ ဦးလေးဖြစ်သူကလည်း အရက်အ[…] အကျုံ သောက်ထားလို့ ရုပ်ရည်ကြမ်းတမ်းသွားတဲ့[…] ရုတ်တရက် မမှတ်မိလို့ မတားလိုက်နိုင်ဘူးလို့ ဆို[…] ရော။

ကိုညွန့်အောင် (ရွှေပန်း[…]



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## မြေခကြွေကျတဲ့ မနှမ်းပန်းတစ်ပွင့်

မောင်သာမန် (ဇီးကုန်း)

မုတ်သုံလေရူး၏ ဟော့ရမ်း သော့သွမ်းမှုကြောင့် မိုးစက်မိုး ပေါက်တို့သည် မြေပြင်သို့ ကျဆင်း ပြုနေ၏။ ထိုမိုးစက်မိုးပေါက်တို့၏ ဆိခတ်မှုများကြောင့် ရွာလယ် ကောင်ရှိ ခရေပင်အိုကြီးမှ ခရေ န်းကလေးများသည် ရနံ့သင်းပျံ့ ှာ မြေသို့ကြွေသက်နေကြသည်။

ခင်ထားအတွက် ထိုမြင်ကွင်း များသည် အဆန်းတကြယ်မဟုတ် ။ မိုးရွာသည့်နေ့ရက်များတွင် အမြဲတစေ မြင်တွေ့နေရသောမြင် ကွင်းဖြစ်၏။ သူမ၏ ငယ်စဉ်ကလေး ဘဝတစ်လျှောက်လုံး ခရေပင်ပေါ် ဝဲပျံကျလေသော ခရေပန်းလေး များကို မြူးထူးပျော်ရွှင်စွာ သူငယ် ချင်းများနှင့်အတူတကွ ကောက်ခဲ့ သည့်နေ့ရက်များသည် မရေ တွက်နိုင်အောင် ရှိခဲ့သည်မဟုတ် ပါလား။

ယခုအခါတွင်မတော့ ထိုခရေ ပန်းလေးများ မိုးစက်မိုးပေါက်တို့၏ ပယောဂကြောင့် ကြွေဆင်းနေရ သည့် မြင်ကွင်းကို ခင်ထား မကြည့် ရက်၊ မမြင်ရက်လေတော့။ အေး စက်စက်နိုင်လှသည့် မိုးစက်၊ မိုး



ပေါက်တို့၏ မညှာမတာ ရွာသွန်းမှု များကြောင့် ဖြူစင်၍ မွှေးရနံ့သင်း ပျံ့သော ခရေပန်းများသည် အကြောင်းမဲ့သက်သက် ရက်စက် စွာ အခြွေခံနေရသည်ဟု သူမ မြင် မိ၏။ သူမ၏ မျက်ဝန်းထဲ၌ မြင် တွေ့နေရသည့် ခရေပန်းလေးများ သည် လွန်စွာသနားဖို့ ကောင်းလှပါ ၏။ နှလုံးသားမရှိ အသိမဲ့ မိုးစက်၊ မိုးပေါက်တို့၏ ရက်စက်မှုသည် ကမ်းကုန်လှသည်ဟုပင် ခင်ထား ယူဆသည်။

ခရေပင်မြင့်ပေါ်တွင် မိုးစက် တစ်ပေါက် ခြွေလေတိုင်း မြေနိမ့် သို့ ကြွေဆင်းနေရသည့် ခရေပန်း လေးများကို မြင်ရသည့်တစ်ခဏ ခင်ထားတစ်ယောက် ရင်၌ဆို့၍ မျက်ရည်ဝဲရသည်။ သူမ၏ဘဝ သည်လည်း မိုးစက်ကြောင့် ခရေ ပန်းလေးများ၏ဘဝနှင့်မခြား ခံစား ခဲ့ရသည်ကြောင့် မိမိဘဝအလား ခရေပန်းလေးများအား စာနာသနား မိခြင်းပင်ဖြစ်၏။

ခရေပန်းလေးများသည် မိမိ ၏ဘဝနှင့် ထပ်တူပြုနေသည်ဆို



www.burmeseclassic.com

www.burmeseclassic.com



သော အတွေးတစ်ခုကြောင့် သူမ၏နှလုံးသားတစ်ခုလုံး ကြေကွဲသွားမတတ် နာကျင်စွာ ခံစားနေရပါ၏။ သို့ကြောင့်ပင်.....

"ရက်စက်လိုက်တာ မိုးစက်ရယ်"

ထိုသို့ ရင်မှ မခံမရပ်နိုင်စွာဖြင့် သူမ၏နှုတ်ဖျားမှ ပွင့်ထွက်သွားရ၏။

သူမ၏ ချစ်ရသော မိုးစက်သည် သူမ၏ဘဝ အဖတ်ဆယ်၍ မရအောင် ချေမွခဲ့သည်ဟု နှလုံးသား၌ နာကျင်စွာ ခံစားမိရသည်နှင့် သူမ၏မျက်ဝန်း၌ မျက်ရည်စများ ပျော်ဝင်စိုစွတ်လာရသည်။ အစကတည်း ကပင် မိုးစက်နှင့် မတွေ့ခဲ့ကြရလျှင် သိပ်ကောင်းမည်ဟု သူမ စဉ်းစားမိခြင်းသည် ယခုအခါတွင် အရာရာနှောင်းခဲ့ပြီမို့ နောင်တတရားတို့ဖြင့် ယူကျုံးမရ ဖြစ်ရသည်က အခါခါပင်။

အသိဉာဏ်နှင့်အတူ ချစ်တတ်သည့်နှလုံးသားရှိသော သူမအား ချစ်ခြင်းတရားဟူသော ပျားရည်နှင့် ဝမ်းချခဲ့၍ ဘဝတစ်ခုလုံး ခေါင်းမဖော်ပံ့အောင် ချေမွဖျက်ဆီးခဲ့သော မိုးစက်အကြောင်း တွေးမိလေတိုင်း ချစ်တတ်သည့် သူမ၏ နှလုံးသားသည် တဆတ်ဆတ်နာကြည်းခဲ့ရသည်။

ထိုစဉ်က ခင်ထားတို့မိသားစုသည် ကျန်းမာရေး၊ စီးပွားရေးမှအစ ယိုယွင်းယိမ်းယိုင်နေခဲ့သည့် ကာလဖြစ်သည်။ ထိုအခြေအနေ၌ သူတော်ကောင်းယောင်ဆောင်နေသည့် မိုးစက်၏ ရေနစ်တဲ့သူ ဝါး



ကူထိုးခဲ့သည့်အဖြစ်က ခင်ထား၏ ဘဝတစ်ခုလုံး ကြေမွပျက်စီးလုမတတ် ဖြစ်ခဲ့ရပါ၏။ သူမ၏ဘဝတစ်ခုလုံး စုတ်ပြတ်သွားနိုင်လောက်သည်အထိ တွေ့ကြုံခံစားခဲ့ရလေသော ခင်ထားမှာ နွမ်းကြွေနေရသော ခရေပန်းလေးများကို မြင်ရလေတိုင်း မိုးစက်အား သံယောဇဉ် များ ဖြတ်တောက်ထားသည့်တိုင် အသည်းနာနာဖြင့် မေ့ပျောက်မရ နိုင် ဖြစ်ခဲ့ရသည်။ သို့ကြောင့်ပင် သူမ၏ဘဝတစ်ခု လုံးအား တွေးမိ၊ စဉ်းစားမိလေ တိုင်းကျဆင်းနေသော မျက်ရည် များအား တားမရဆီးမရ ဖြစ်ခဲ့ သည်။

ရှီးသားဖြူစင်၍ ချစ်တတ် သည့် နှလုံးသားပိုင်ရှင် ခင်ထား၏ မေတ္တာ တရားအား ရက်ရက် စက်စက် ဥပေက္ခာပြုလျက် လူမဆန်သည့် မိုးစက်၏ ကောက်ကျစ်ယုတ်မာ များသည် သူ အတွက် တစ်သ မမေ့စရာ အကြော မျှားပင်ဖြစ်၏။

စိမ်းစိမ်းညို့ည အုပ်ဆိုင်းနေသေ ခရေပင်ကြီးတွင် ဖြူစင်လ စွာ ဖူးဖူးငုံငုံတချို့၊ ငွားငွားစွင့် တစ်ပုံဖြင့် ရှိနေကြသည့် မွှေး ထုံသင်းသည့် ခရေပန်းလေးမ သည် လေရှူးလေမိုက်တို့၏ တိုက်မှု၊ မိုးစက်မိုးပေါက်တို့၏တ တိုက်မှုများကြောင့် မြေခ ကြွေ နေရပါ၏။ ထိုနည်းတူစွာပင် ထား၏ ပျိုမျစ်နုနယ်သော ဘ လေးသည်လည်း မိဘများ၏ က



www.burmeseclassic.com

www.burmeseclassic.com



မာရေးနှင့် စားဝတ်နေရေးကို အကြောင်းခံလျက် သူမ၏ဘဝအား ချုပ်ဆီးခံခဲ့ရသည်ဟု ရင်နာနာဖြင့် ဆိုရမည်ဖြစ်သည်။ တကယ်စင်စစ် ခင်ထား၏ဘဝလေးသည် ကံကြမ္မာရိုင်းများကြောင့် အခွေခံ လိုက်ရသည့် ရနံ့သင်းထုံသည့် ခရေပန်း လေးတစ်ပွင့်နှယ်ဟု ဆိုပါလျှင် မှားမည်တော့ မဟုတ်ပါချေ။

♛♛♛♛♛

ခင်ထားတို့နေထိုင်သော သရက်တစ်ပင်ရွာလေးသည် အုပ်စုဝင်ကျေးရွာဖြစ်သော်လည်း မြို့နှင့် နီးကပ်နေခြင်းကြောင့် မြို့ဆင်ခြေ ဖုံးဟုဆိုပါက မှန်ကန်ပါလိမ့်မည်။

ခင်ထား၏ဖခင် ဦးထွန်းခိုင် သည် ဆန်စက်တစ်စက်တွင် ဘွိုင် လာမီးထိုးသမားတစ်ယောက် ဖြစ် သကဲ့သို့ မိခင် ဒေါ်သန်းလှသည် လည်း မြို့ဈေးကြီးတွင် ခေါင်းရွက် ချုပ်ထိုးဈေးသည်တစ်ဦးပင်ဖြစ်၏။ ခင်ထားတွင် ညီအစ်ကိုမောင်နှမဆို၍ မောင်အငယ် အောင်မျိုးခိုင်တစ် ဦးတည်းသာရှိ၏။

ဖခင်ဖြစ်သူမှာ နံနက် ၄ နာရီ ထိုးခင်ကပင် ဆန်စက်အရောက် သွား၍ ဖွဲချ၊ ရေတင်၊ မီးထိုးစသည့် လုပ်ငန်းများ လုပ်ဆောင်ရပါ၏။ နံနက် ၄ နာရီထိုးသည်နှင့်တစ်ပြိုင် နက် ဆန်စက်ဥသြဆွဲ၍ ကာယ လုပ်သားများ စုစည်းစေပြီးနောက် တစ်နေ့တာ ဆန်နှင့် ဆန်ထွက် ပစ္စည်းများ စံနှုန်းမီ ထွက်ရှိနိုင်ရေး အတွက် စက်လည်ပတ်ရပါ၏။ ထို နည်းတူစွာ မိခင် ဒေါ်သန်းလှ သည်လည်း အုန်းမောင်းခေါက်၍ သံဃာတော်များ ဆွမ်းကြီးခံ ထွက်ချိန်တွင် ကုန်ရောင်းကုန်ဝယ် ပစ္စည်းများဖြင့် အတူဈေးသို့ အချိန်မှန်ရောက်ရ စမြဲဖြစ်၏။ ထိုသမယ၌ပင် ခင်ထား တို့ မောင်နှမသည်လည်း အိမ်နီး ချင်း သူငယ်ချင်းများနှင့် ရွာလယ် ရှိ ခရေပင်ကြီးဆီသို့ အရောက်သွား လျက် မြေ၌ပြန့်ကျဲနေသော မွှေး ကြိုင်ထုံသင်းသည့် ခရေပန်းလေး များအား အလုအယက် ကောက် ကြစမြဲဖြစ်ပေ၏။

ဟိုယခင်က ခင်ထားတို့မှာ ကလေးသာသာမို့ ခရေပန်းလေး များ ကြွေကျလေတိုင်း ပျော်ရွှင် မြူးထူးခဲ့ရသည်။ ကောက်ယူ၍ရ သော ခရေပန်းလေးများအား တချို့ ကို သီကုံး၍ ဘုရား၌ကပ်ကြ၏။ တချို့ကိုမူ နှီးကြိုးမျှင်မျှင်လေးများ ဖြင့် သီကုံးလျက် အချိန်မီ ရောင်း ချနိုင်ရေးအတွက် ဈေးထဲ၌ရှိသော အမေ့ထံသို့ အလျင်အမြန် ပို့ပေး ကြရ၏။ ထိုစဉ်က ကလေးအရွယ်

**ခင်ထား၏ဖခင်**
**ဦးထွန်းခိုင်သည်**
**ဆန်စက်တစ်စက်တွင်**
**ဘွိုင်လာမီးထိုးသမား**
**တစ်ယောက်ဖြစ်သကဲ့သို့**
**မိခင် ဒေါ်သန်းလှသည်လည်း**
**မြို့ဈေးကြီးတွင်**
**ခေါင်းရွက်**
**ချုပ်ထိုးဈေးသည်**
**တစ်ဦးပင်ဖြစ်၏။**
**ခင်ထားတွင်.....**



www.burmeseclassic.com

www.burmeseclassic.com

ခင်ထားမှာ ခရေပန်းလေးများ သီ၍ရောင်းချပါက ပိုက်ဆံရသည်ဟူသော အသိသာရှိပါ၏။ မည်သို့သော အတွေးဆန်းများမှ တွေးတောနိုင်ခြင်း မရှိသေးပေ။

မည်သို့ပင်ဖြစ်စေ အချိန်များ ကြာညောင်းလာသည်နှင့်အမျှ ခင်ထားတစ်ယောက် ဆယ်ကျော်သက် အရွယ်သို့ ရောက်ရှိလာခြင်းနှင့် အတူ မိန်းကလေးတို့၌ရှိသင့်သော အလှအပတရားတို့သည် အစွမ်းကုန် ပွင့်လန်းလာကြသည်ဟု ဆိုရပေမည်။ ခင်ထားသည် မိန်းကလေးတို့၌ ရှိအပ်၊ ရှိသင့်သည့် လုပခြင်းကြွန်အင်လက္ခဏာများ ပြည့်စုံလာသည်နှင့်အတူ လုပခြင်းကို ပို၍မက်မောတွယ်တာလာခဲ့သည်မှာ ထူးဆန်းလှသည်ဟု မဆိုနိုင်ပေ။ သို့သော် နွမ်းပါးသော မိသားစုမှ ပေါက်ဖွားလာသောသူဖြစ်ခြင်းကြောင့် ခေတ်မီသော လုပဆန်းပြားမှုများကို အသာထား၍ ကျေးလက်သမီးပျိုလေး၏ သဘာဝအလှတရားနှင့်အတူ ရှင်မတောင်သနပ်ခါးရေကျဲ ပါးကွက်ကွက်၍ ရိုးယဉ်စွာ ဝတ်စားခြင်းဖြင့် ကျေနပ်နှစ်သိမ့်နေရပေသည်။

**မည်သို့ပင်ဖြစ်စေ အချိန်များ ကြာညောင်းလာသည်နှင့်အမျှ ခင်ထားတစ်ယောက် ဆယ်ကျော်သက် အရွယ်သို့ ရောက်ရှိလာခြင်းနှင့် အတူ မိန်းကလေးတို့၌ ရှိသင့်သော အလှအပတရားတို့သည် အစွမ်းကုန် ပွင့်လန်းလာကြသည်ဟု....**

ခင်ထားသည် အလှအပမြတ်နိုးသူဖြစ်သော်လည်း လက်ရှိဘဝ အခြေအနေများက ပိုမို၍ အလှအပကို ဦးစားမပေးပါပေ။ ခင်ထားသည် ရှစ်တန်းအထိ ပညာသင်ကြားခဲ့သည်။ သို့ဖြင့် မိသားစု၏ ဘဝအခက်အခဲများအရ ကျောင်းထွက်ခဲ့ရ၏။ ခင်ထားသည် အိမ်၌ပင် ထမင်းချက်၊ ဟင်းချက်ဖြင့်လည်းကောင်း၊ မိခင်အား ဈေးကူရောင်းခြင်းဖြင့်လည်းကောင်း ကူညီနေရပါ၏။ မောင်ငယ်ဖြစ်သူမှာ သူမတို့ အိမ်တွင် အငယ်ဆုံးဖြစ်ခြင်းကြောင့် ကျောင်းတက်၊ ကျောင်းဆင်း၊ ကစားခြင်းဖြင့်သာ အချိန်ကုန်၍နေလေ၏။

နောက်ပိုင်းကာလများတွင် ခင်ထား၏ဖခင် ဦးထွန်းခိုင်မှာ အလုပ် ပင်ပန်းသည့်ဒဏ်များကြောင့် အိပ်ရာထဲ ဗုန်းဗုန်းလဲလေတော့သည်။ စက်ပိုင်သူဌေးက လူမှုရေးအရ ကူညီထောက်ပံ့ပေးခဲ့သော်လည်း ရေရှည်မဟုတ်ခြင်းကြောင့် မိသားစု စားဝတ်နေရေးအတွက် ကျပ်တည်းမြဲ ကျပ်တည်း၍သာနေလေ၏။ မိခင်၏ ဈေးရောင်းခြင်းမှ ရရှိသည့် ဝင်ငွေသည် မဆိုစလောက်မို့ ခင်ထားတို့မှာ မလောက်ငခဲ့ပါ။ ဖခင်အတွက် ဆေးဝယ်ဖို့ပင် အနိုင်နိုင်ဖြစ်နေခြင်းကြောင့် ဖခင်မှာ ဆေးမှန်မှန် မသောက်ရသည့် အခြေအနေ ဖြစ်ခဲ့ရပေသည်။

ထိုအချိန်သည် ခင်ထား၏ ဘဝ၌ မိုးစက်သည် တွယ်ငင်စရာ မြက်ပင်လေးတစ်ပင် ဖြစ်ခဲ့ပါ၏။ မိုးစက်သည် ခင်ထားတို့နှင့် ဆွေမျိုးနီးစပ်တော်သော ကိုအေးမြင့်ထံသို့ ရောက်လာသည်မှ အစပြု၍ တွေ့ဆုံနှုတ်ဆက် ခင်မင်ရာမှ ခင်ထားတို့နှင့် ရင်းနှီးခဲ့ရသည်။ ခင်မင်ရင်းနှီးမှုအပေါ် မူတည်၍ မိုးစက်သည် ခင်ထားတို့အိမ်သို့ ဝင်ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့သည်။ ရှာရှိမိန်းကလေးများသည် မိုးစက်အား စိတ်ဝင်စားကြ၏။ အဘယ်ကြောင့်ဆိုမူ မိုးစက်သည် ဆံပင်ရှည်ရှည်ဖြင့် မိန်းမချော ချောသူဖြစ်ပေ၏။

မိုးစက်အား ရှာရှိမိန်းကလေးများ စိတ်ဝင်စားကြသည့်နည်းတူ ခင်ထားသည်လည်း မိုးစက်အား စိတ်ဝင်စားခဲ့သည်။ ကိုအေးမြင့်တို့ အိမ်တွင် မည်သည့်လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမရှိဘဲ ကာလတာရှည်နေ ထိုင်ခြင်းမှာလည်း ခင်ထားအတွက် ပို၍စိတ်ဝင်စားစေရသည်။ မိုးစက်သည်လည်း ခင်ထားအား စိတ်ဝင်စားသည့် ပမာ ခြင်းကြောင့် ခင်ထားမှာ နှလုံးသား၏တုန်လှုပ်ခြင်းကို ခံစားခဲ့ရသည်။ မိုးစက်နှင့် မျက်လုံးချင်းဆုံတိုင်း ခင်ထား ရင်ခုန်ရသည်။ မိုးစက်ချစ်ရေးဆိုပါက ခင်ထားသည် ငြင်းကွယ်မှုမရှိဘဲ လက်ခံရန် အသင့်ရှိနေ၏။

ထိုအချက်ကို သိနေသော မိုးစက်သည် ခင်ထား၏အချစ်ကို တောင်းခံခဲ့၏။ မိုးစက်၏ ချစ်ရေးဆိုမှုအပေါ် ခင်ထားသည် ချမ်းသာကြည်နူးစွာဖြင့် လက်ခံခဲ့သည်။ ခင်ထား၏အချစ်ကိုရသည်နှင့် မိုးစက်သည် ပိုမိုရဲတင်းစွာဖြင့် လက်ရဲဇက်ရဲနိုင်လာသည်။ ခင်ထားသည် မိုးစက်၏ လက်ရောက်ကျူးလွန်မှုအား အပြစ်မမြင် ချစ်ခင်လျက် ပို၍ပင် ကြည်နူးခဲ့ရသည်။

မိုးစက်သည် ရန်ကုန်မှဖြစ်ပြီး မိဘများမှာ ချမ်းသာသူများဟု သိရ၏။ မိုးစက်သည် ငွေကြေးသုံးစွဲမှုများ၌ လိုသည်ထက် ပိုနေသည်မို့ သူဌေးသားတစ်ယောက်ဟု တစ်ရွာလုံး ယုံကြည်ကြပါ၏။

တစ်နေ့တွင် မိုးစက်သည် ခင်ထား၏မိဘများအား ဖွင့်ဟပြောကြားခဲ့ပါ၏။

"ဦးနဲ့အဒေါ်ခင်ဗျား.....ကျွန်တော်ပြောမယ့်စကားကို နားနဲ့မနာဖဝါးနဲ့နာပါခင်ဗျာ၊ ဦးတို့ရဲ့သမီး ခင်ထားနဲ့ ကျွန်တော် လူငယ်ဘာဝ မေတ္တာမျှနေကြပါပြီ၊ ဒါကြောင့် ခင်ထားကို မိကောင်းဖခင် သားသမီး ပီသစွာနဲ့ တောင်းရမ်း လက်ထပ်နိုင်ဖို့ ကျွန်တော် မိဘတွေဆီပြန်ပြီး ခွင့်ပန်ရပါလိမ့်မယ်၊ အဲဒီအတွက် ကျွန်တော်နဲ့ခင်ထားကိစ္စကို ဦးနဲ့အဒေါ်တို့ လက်ခံပေးကြပါခင်ဗျာ၊ လက် ခံပေးလိမ့်မယ်လို့လည်း ကျွန်တော် ယူဆပါတယ်"



ခင်ထား၏မိဘများမှာ မိုးစက်၏ အကူအညီအထောက်အပံ့တချို့ ရနေသည်မို့ မိုးစက်၏ဖွင့်လှစ်တောင်းဆိုမှုကို မည်သို့မျှ မပြောသာဘဲ လက်ခံသည့်သဖွယ် ငြိမ်သက်၍နေကြ၏။ မိုးစက်က သူတို့၏သမီး ခင်ထားအား မိသားဖ သားပီပီ တောင်းဆိုလက်ထပ်သည်

www.burmeseclassic.com



ဆိုပြန်တော့ လူကြီးမိဘပီသစွာ ကျေနပ်စွာ လက်ခံရမည်သာဖြစ်သည်။ ယင်းကြောင့်.....

"အေးကွယ်၊ အခုလို မောင်ရင့်ဘက်က မိကောင်းဖခင်သား သမီးပီသစွာ ဦးတို့သမီးကိုတောင်းရမ်းလက်ထပ်မယ်ဆိုတော့ ဦးတို့ကလည်း လက်ခံရမှာပေါ့၊ ဦးတို့ လူကြီးတွေ ဘာမှကန့်ကွက်စရာမရှိပါဘူးကွယ်၊ ဦးတို့သမီးနဲ့ မောင်ရင့်ကို သဘောတူပါတယ်၊ မင်းရဲ့မိဘတွေကို ပြန်အကြောင်းကြားမယ်ဆိုတော့ ပိုပြီး သင့်လျော်မှန်ကန်တာပေါ့"

မိမိဖြစ်ချင်သောဆန္ဒအား သဘောတူညီမှုရသည်နှင့် မိုးစက်က.....

"နောက်တစ်ခုပြောဖို့ ရှိပါသေးတယ် ဦး၊ ကျွန်တော် ရန်ကုန်ကို ခဏပြန်တဲ့အခါမှာ ခင်ထားက ရန်ကုန်မရောက်ဘူးလေတော့ ခင်ထားကို ရန်ကုန်ရောက်ဘူးအောင် ခေါ်သွားချင်ပါတယ်၊ ခင်ထားကို ရန်ကုန်ကဘုရားတွေ ဖူးစေချင်တာကတစ်ကြောင်း၊ ကျွန်တော့်ရဲ့မိဘတွေ ခင်ထားကို မြင်ဘူးစေချင်တာက တစ်ကြောင်းကြောင့် ရန်ကုန်ကို ကျွန်တော်နဲ့အတူ ထည့်လိုက်စေချင်ပါတယ်"

မိခင် ဒေါ်သန်းလှသည် သမီးဖြစ်သူ ခင်ထားအားကြည့်လိုက်ပြီး သက်ပြင်းချလျက်.....

"သမီးခင်ထားက ရောက်ဘူးအောင် လိုက်ချင်တယ်ဆိုရင်တော့ အဒေါ်တို့ မတားပါဘူးကွယ်၊ မိုးစက်ကို မိကောင်းဖခင်သားသမီးလို့ အဒေါ်တို့ယုံကြည်လို့ သမီးခင်ထားက လိုက်ချင်တယ်ဆိုရင် အဒေါ်တို့ ခွင့်ပြုရမှာပေါ့"

ခင်ထား၏ လိုက်လိုသည့် သဘောဆန္ဒဖြင့် ခေါင်းညိတ်ဝန်ခံမှုကြောင့် မိုးစက်သည် ခင်ထားအား နှစ်လိုစွာ ရန်ကုန်သို့ခေါ်သွားခဲ့လေ၏။ ခင်ထားသည် ချစ်သူနှင့်အတူ ခရီးသွားရခြင်းကို အထူးကျေနပ်နေပါ၏။ ယင်းသို့ဖြင့် ရထားပေါ်တွင် မိုးစက်၏ရင်ခွင်ထဲ၌ ခေါင်းမှီလျက် တောင်းပန်တိုးလျှိုးသံဖြင့် ခင်ထားက စကားဆိုလာ၏။

"မိုးစက်ကို ယုံကြည်လို့ သိပ်ချစ်လို့ မောင်တစ်မျက် တစ်ရွာထင်ပြီး လိုက်ခဲ့တာပါနော်၊ ခင်ထားကိုတော့ ပစ်မထားပါနဲ့ မိုးစက်ရယ်၊ ရန်ကုန်ဆိုတာ ခင်ထား မရောက်ဘူးတဲ့အရပ်မို့ လူတွေနဲ့ ပြောဆိုဆက်ဆံရမှာ ကြောက်တယ်ရှင့်၊ မိုးစက်ကို ပွင့်ပွင့်လင်းလင်းနဲ့ ရိုးသားစွာ ဝန်ခံရမယ်ဆိုရင် ခင်ထားက မိုးစက်ကို သိပ်ချစ်တဲ့၊ ရိုးသားတဲ့ တောသူမလေးပါရှင်"

အကယ်၍သာ မိုးစက်သည် မနုဿမှုဆိုးရိုင်းတစ်ယောက်ဖြစ်





www.burmeseclassic.com

www.burmeseclassic.com



**ခင်ထားသည် မိုးစက်အား မောင့်တစ်မျက် တစ်ရှာ ထင်ထားသည့်ကြောင့် သူ့အား ချစ်တတ်၍ သစ္စာရှိသော၊ တည်ကြည်သော ယောကျာ်း တစ်ယောက်အဖြစ်သာ ယုံကြည်ထား၏။ သို့ကြောင့်ပင် မိုးစက်အား သူမ၏ ...**

သည်ကို တောသူမလေး ခင်ထား တစ်ယောက် သိခဲ့ပါလျှင်.....

သို့သော် ခင်ထားသည် မိုးစက်အား မောင့်တစ်မျက် တစ်ရှာ ထင်ထားသည့်ကြောင့် သူ့အား ချစ်တတ်၍ သစ္စာရှိသော၊ တည်ကြည်သော ယောကျာ်းတစ်ယောက်အဖြစ်သာ ယုံကြည်ထား၏။ သို့ကြောင့်ပင် မိုးစက်အား သူမ၏ ယုံကြည်ချက်အတိုင်း အသည်းတုန်၊ အူတုန်မတတ် ချစ်မိနေသည်ဟု ပြောရမည်ပင်ဖြစ်၏။

သို့စေကာမူ မိုးစက်သည် ရိုးအသော တောသူမလေး ခင်ထားအား အညှာလွယ်သောမိန်းကလေးဟု ထင်ကောင်းထင်မည်ဖြစ်၏။ ခင်ထားကမူ မိုးစက်အား သက်ဆုံးတိုင်အောင်ချစ်မည့် ထာဝရအချစ်ဖြင့်သာ။

မိုးစက်ကမူ အချစ်ဆိုသည်ကို ရေးရေးမျှပင်မသိ။ စိတ်မဝင်စား။ ခင်ထား၏ ချစ်ခြင်းတရားအား တလေးတစားမရှိ။ အလေးအနက်လည်းမထား။ သူလှုပ်ရှားသမျှမှာ သူ၏ဘဝအောင်မြင်ရေး၊ ပျော်ရွှင်ရေးနှင့် လူပေါ်လူဖော်လုပ်နိုင်ရေးတို့အတွက်သာ ဖြစ်လေ၏။

♛♛♛♛♛

ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်သည့်အခါတွင် မိုးစက်သည် သူ၏မိဘများထံ ဟန်းဖုန်းဖြင့်ဆက်သွယ်လျက်ရှိ၏။ ခဏအကြာတွင် မိုးစက်တစ်ယောက် စိတ်ပျက်လက်ပျက်ဟန်ဖြင့် ဖုန်းကိုပိတ်လိုက်၏။

"မိုးစက်ရဲ့မိဘတွေ မန္တလေးသွားသတဲ့ကွာ၊ အိမ်ကိုလည်း တံခါးပိတ်သွားတယ်တဲ့၊ ဒီညတော့ ကိုယ်နဲ့ခင်ထား နီးစပ်ရာ ဟိုတယ်ဖြစ်ဖြစ်၊ တည်းခိုခန်းဖြစ်ဖြစ်မှာ အိပ်ရလိမ့်မယ်"

မိုးစက်၏အပြောကြောင့် ခင်ထား လန့်သွားပါ၏။ ခင်ထား နားလည်သည်က မိုးစက်တို့မိဘအိမ်တွင် မိန်းမသားများအချင်းချင်းအိပ်ရလိမ့်မည်ဟု ထင်ထားခဲ့ပါ၏။ ယခုတော့ ထိုသို့မဟုတ်ပါချေ။ မိုးစက်နှင့်အတူတူ အိပ်စက်ရမည်ဟူသော အသိကြောင့် ခင်ထားမှာ တကယ်ပင် ကြောက်ရွံ့သွားရ၏။

"ငါ မိုးစက်ရဲ့နောက်ကို လိုက်လာတာ မှားများသွားပြီလား"

ထိုသို့စိုးရိမ်စိတ်ဖြင့် တွေးပူမိသကဲ့သို့ တစ်ဖက်မှလည်း.....

"မိုးစက်ဟာ ငါ့ချစ်သူပဲလေ၊ မကြာခင်ပဲ ညားကြရတော့မှာပဲ"

ဟု ဖြေသိမ့်မိပြန်သည်။

မိုးစက်သည် ခင်ထား၏ စိတ်အခြေအနေကို ရိပ်မိနေသော်လည်း သတိမထားမိသည့်ပမာ ဂရုမပြု နေလိုက်၏။ ခင်ထားသည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



အား ချစ်ခင်ကြင်နာသောစိတ်၊ ယုံကြည်အားကိုးသောစိတ်တို့ဖြင့် ထိုညတွင် မိုးစက်မိုးပေါက်တို့၏ တွန်းတိုက်မှုကြောင့် နရွှဲ ဖြူစင်သော ခရေပန်းလေးမှာ ရက်စက်စွာအကြွေခံလိုက်ရသည်။ ဒါကိုပင် မိုးစက်က ခင်ထားအား နှစ်သိမ့်လိုက်သေး၏။

"ဝမ်းနည်းမနေပါနဲ့ ခင်ထားရယ်၊ ဒီလိုအဖြစ်တွေက ချစ်ကြတဲ့သူတွေရဲ့ သဘာဝတွေပဲကွာ၊ တိတ်.....တိတ်၊ မငိုနဲ့တော့နော်"

ထိုမှစ၍ မိုးစက်သွားရာနောက်သို့ ခင်ထား လိုက်ခဲ့ရပါ၏။ မိုးစက်၏မိဘများ အလည်သွားရာ မန္တလေးသို့ လိုက်သွားမည်ဆို၍ မိုးစက်ခေါ်ရာ မန္တလေးသို့ ခင်ထားလိုက်ခဲ့ပြန်၏။ မိုးစက်သည် တွေ့စကနှင့်မတူ ခပ်စိမ်းစိမ်းဖြစ်နေသည်ကို ခင်ထားသတိထားမိသော်လည်း သူ့အပူနှင့်သူ ရှိလိမ့်မည်ဟု စဉ်းစားလျက် မိုးစက်အား သံသယရှိသမျှ မမေးမိခဲ့ပေ။

**မိုးစက်သွားရာနောက် သို့**
**ခင်ထား လိုက်ခဲ့ရပါ၏။**
**မိုးစက် ၏မိဘများ**
**အလည်သွားရာ မန္တလေးသို့**
**လိုက်သွားမည်ဆို၍**
**မိုးစက်ခေါ်ရာ မန္တလေးသို့**
**ခင်ထား လိုက်ခဲ့ရပြန်၏။**
**မိုးစက်သည် တွေ့စကနှင့်မတူ**
**ခပ်စိမ်းစိမ်းဖြစ်နေသည် ကို**
**ခင်ထား**
**သတိထားမိသော်လည်း**
**သူ့အပူနှင့်သူ....**

မန္တလေးသို့ရောက်သော် မန္တလေးအဝေးပြေးဂိတ်ဝင်းကြီးမှ ကားငှားလျက် တည်းခိုမည့်နေရာသို့သွားရ၏။ ခင်ထားက.....

"မိုးစက် ရှင့်မိဘတွေနေတဲ့ နေရာကို အခုသွားနေတာလားဟင်"

ထိုသို့မေးလိုက်ရာ မိုးစက်၏ မျက်နှာတစ်ချက်ပျက်သလိုဖြစ်သွားရပြီး မျက်နှာကို ချက်ချင်းပြန်ပြင်လျက်.....

"ခုနက ဂိတ်ဝင်းထဲမှာ မိုးစက် တယ်လီဖုန်းဆက်တာ မြင်တယ်မဟုတ်လား၊ မိုးစက်ရဲ့မိဘတွေဆီ လှမ်းဆက်တာပဲ၊ ဒါပေမဲ့ မိုးစက်ရဲ့မိဘတွေ ဒီမန္တလေးမှာမရှိကြတော့ဘူးလေ၊ မနေ့ညနေကပဲ ရန်ကုန်ကိုပြန်သွားပြီလို့ သိရတယ် ဒါကြောင့် မိုးစက် စိတ်ညစ်သ ဖြစ်သွားရတယ်၊ လမ်းမှာပဲ လွဲ လွဲသွားတယ်နဲ့တူတယ်၊ ဒီတော မထူးပါဘူး၊ ဒီနေ့တစ်နေ့လုံး လေးမှာရှိတဲ့ အထင်ကရနေရာ ကို လျှောက်သွားကြမယ်ကွ နောက်ပြီး....."

မိုးစက်နှင့်အတူ မဟာမြတ်မု ဘုရား၊ မန္တလေးနန်းတွင်း၊ မန္တလေ တောင်၊ ဦးပိန်တံတား စသည် သို့ လျှောက်လည်လျက် ခင်ထ တစ်ယောက် ပျော်ရွှင်ကြည်နူးနေ ၏။

မိုးစက်သည် ခင်ထားအ စားသောက်ဆိုင်တစ်ခုသို့ခေါ်သွာ ညစာစားသောက်ခဲ့ကြ၏။ ယ နောက် မိုးစက်သည် ခင်ထားအ အငှားကားဖြင့် တစ်နေရာသို့ ခေ သွား၏။ ညအချိန်ဖြစ်၍လည်း ဘ ဆီဘယ်ဝယ်ရောက်နေသည်ကို ခ ထားမသိ။ နောက်ဆုံး၌ အငှားကာ လေးသည် ကျယ်ဝန်းသော ခြံကြ ထဲသို့ မောင်းဝင်လိုက်ပြီး ကြီးမာ သည့် နှစ်ထပ်အဆောက်အအုံရှေ့ တွင် ရပ်လိုက်သည်ကိုသာသိလိုက် ရသည်။

ခင်ထားသည် မိုးစက်နှင့်အတ ထိုအဆောက်အအုံထဲ ဝင်လို သည်နှင့် အမျိုးသားများနှင့်အတ သူမနှင့်သက်တူရွယ်တူမိန်းကလေ



www.burmeseclassic.com

www.burmeseclassic.com

ငါးဦးအား ဘွေ့လိုက်ရ၏။ ခင်ထားမှာ တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသည့် သူစိမ်းတစ်ရုံဆံများကြားတွင် မျက်စိသူငယ်၊ နားသူငယ်ဖြစ်လျက် မိုးစက်အား အားကိုးတကြီးဖြင့် မော့ကြည့်လိုက်ပါ၏။ မိုးစက်ကလည်း ခင်ထားအား ကြည့်ပါ၏။ မိုးစက်၏ကြည့်သောအကြည့်သည် ထူးဆန်းလွန်းသည်ဟု ခင်ထား ထင်မြင်မိ၏။ သူ၏အကြည့်သည် ခင်ထားအား တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသည့် အကြည့်များသာဖြစ်၏။ မိုးစက်၏အကြည့်ကြောင့် ခင်ထားမှာ လွန်စွာအားငယ်သွားရ၏။

မျက်ရည်စို့၍ ဖြူဖတ်ဖြူရော်ဖြစ်နေသော ခင်ထားအား မိုးစက်က တိုးတိတ်ညင်သာစွာဖြင့် အခန်းလွတ်တစ်ခုထဲသို့ ဆွဲခေါ်လာခဲ့၏။

"ဒီည မိုးစက်နဲ့ခင်ထား ဒီအခန်းထဲမှာ တည်းရမယ်၊ မနက်မှပဲ ကြုံရာကားနဲ့ ရန်ကုန်ပြန်ကြတာပေါ့၊ မိုးစက် အပြင်ခဏထွက်လိုက်ဦးမယ်နော်၊ ခင်ထား ဒီမှာနားလိုက်ပါဦး၊ မိုးစက် အမြန်ပြန်လာခဲ့မယ်နော်"

ပြောပြောဆိုဆိုဖြင့် အခန်းအပြင်သို့ မိုးစက်တစ်ယောက်ထွက်သွားပါ၏။ အခန်းတံခါးအား မိုးစက်က သော့ခတ်သွားခဲ့သည်ကို ခင်ထားတစ်ယောက် မသိခဲ့ပါ။ လုံးဝမသိခဲ့ပါ။ တစ်အောင့်မျှကြာသော် တံခါးကိုဖွင့်၍ ဝင်လာသူအား မိုးစက်ဟု ထင်မိသော်လည်း မိုးစက်မဟုတ်ပါပေ။ ရုပ်ကြမ်းကြမ်းနှင့်လူစိမ်းတစ်ယောက်သာဖြစ်၏။ ခင်ထား



မှာ ထိုလူစိမ်းအား တုန်လှုပ် ချောက်ချားစွာကြည့်၍.....

"ရှင်...ရှင် ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျွန်မတို့အခန်းထဲကို ဝင်လာတာလဲ၊ မိုးစက် ဘယ်ကိုသွားနေတာလဲမသိဘူး၊ မိုးစက်ရေ...မိုးစက်"

ခင်ထား၏ဟန်ပန်ကြောင့် လူစိမ်းမှာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီးနောက် ခင်ထားအား လှောင်ပြုံးပြုံးလျက် ပြောခဲ့သည်။

"မင်း အညာမိသွားပြီ မိန်းကလေး၊ မိုးစက်က မင်းကို ငါတို့ဆီမှာ ထားသွားခဲ့တာကွ၊ မင်းကို ဒီမှာထားခဲ့လို့ မိုးစက်ကို ငါတို့က ငွေသုံးသိန်းပေးလိုက်ရတယ်၊ မင်းနဲ့မိုးစက် ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ အခုအချိန်မှာတော့ မင်းဟာ ငါတို့လက်ခုပ်ထဲကရေ ဖြစ်သွားပြီ၊ မနက်ဖြန်မှာ မင်းနဲ့ မိန်းကလေးငါးယောက် စုစုပေါင်း ခြောက်ယောက် ရွှေလီကိုသွားရမယ်၊ ဟိုဘက်ကမ်းကို ရောက်ရင် မင်းတို့ရဲ့ကံစီမံရာ အတိုင်း တစ်ခုခုဖြစ်မှာပါ"

"မဖြစ်နိုင်ပါဘူးရှင်၊ ကျွန်မက မိုးစက်နဲ့ လက်ထပ်ပေါင်းသင်းဖို့ သူ့မိဘတွေရှိရာ ရန်ကုန်ကိုလာရင်း သူ့မိဘတွေ မန္တလေးရောက်နေလို့ ကျွန်မတို့ လိုက်လာခဲ့ကြတာ၊ ဒီကို ရောက်တော့ သူတို့တွေက ရော်ကန်

www.burmeseclassic.com

ပြန်သွားကြလို့ ဒီည တည်းခိုမယ့် နေရာကို မိုးစက်ကိုယ်တိုင် ခေါ်လာခဲ့တာ၊ ရှင်တို့ထင်သလို ကျွန်မက ရှင်တို့အလုပ်လုပ်ဖို့ လာတာမဟုတ်ဘူး၊ မိုးစက်ရေ.....မိုးစက်''

လူစိမ်းမှာ ခင်ထားအားသနားစရာသတ္တဝါသဖွယ်ကြည့်လျက် ခေါင်းအား ဖြည်းညင်းစွာ ခါရင်း ပြောခဲ့ပြန်သည်။

''တော်တော်ရိုးအတဲ့ မိန်းကလေးပါလားကွာ၊ အရိပ်ပြတာတောင် အကောင်မထင်သေးဘူးလား၊ မိုးစက်က မင်းကို ငါတို့ဆီမှာ တန်ရာတန်ဖိုးနဲ့ ရောင်းစား သွားတာကွ၊ ဒီတော့ မင်း ဘယ်ကိုမှ ထွက်ပြေးဖို့ မကြိုးစားပါနဲ့၊ ထွက်ပြေးလို့လည်း လွတ်မှာမဟုတ်ဘူး၊ အခုအချိန် ကစပြီး မင်း ငါတို့ပြောတဲ့အတိုင်း၊ ခိုင်းတဲ့အတိုင်း လုပ်ရမယ်၊ ငြင်းဆန်မယ်ဆိုရင်တော့ မင်းနာလိမ့်မယ်၊ ငါတို့အပြစ်မဆိုနဲ့''

ခင်ထားတစ်ယောက် မမျှော်လင့်သော မိုးစက်၏ လူမဆန်သည့် ရက်စက်ယုတ်မာမှုများအား ကြောက်ရွံ့ထိတ်လန့်ခြင်းနှင့်အတူ မကျေနိုင်မချမ်းနိုင်ဖြင့် မျက်ရည်များသာ ကျနေရ၏။ အမှန်အားဖြင့် ခင်ထားသည် ရိုးသားသည့် ကျေးလက်လုံမေ ဖြစ်ပါ၏။ မိုးစက်၏ ချောမောသောရုပ်ရည်၏ ဆွဲဆောင်မှုစက်ဝန်းထဲသို့ ပါမှန်းမသိ ပါရှိလျက် မိုးစက်အား အသည်းနှင့်အောင်ချစ်မိခဲ့သည်။ လူတစ်ဦး၏ စိတ်သဘောကို မမှန်းဆမိသည်သာမက ရုပ်ရည်အလှအပဟူသော အပြင်ပန်းကို မက်မောတွယ်တာမိသော ခင်ထားတစ်ယောက် ချစ်ခြင်းအာရုံ၌ ယစ်မူးမိပါ၏။ ယခုသော် မိုးစက်၏ ယုတ်မာသောအပြုအမူတို့ကြောင့် ဖွတ်ထွက်မှ တောင်ပို့မှန်းသိလိုက်ရသည့်ပမာ မိုးစက်အား လူယုတ်မာမှန်း သိလိုက်ရတော့၏။

ယခုတော့ သူမအား မိုးစက်က ငွေကြေးများဖြင့် လူကုန်ကူးသူများထံ ရောင်းစားခဲ့ချေပြီ။ လူမဆန်သော မိုးစက်၊ ယုတ်မာသော မိုးစက်၊ မိုက်ရိုင်း၍ နှမချင်းမစာနာသော မိုးစက်ဟု အကြိမ်ကြိမ်ရွတ်ဆိုကြိမ်းမောင်းလျက် အခန်းကျဉ်းလေးထဲတွင် ခင်ထားတစ်ယောက် ကြုံကြုံပြအောင် ငိုကြွေးနေမိ၏။



ခင်ထားတစ်ယောက် မိဝေး၊ ဖဝေးဖြင့် ကယ်မည့်သူများအား မျှော်လင့်နေမိပါ၏။ ခင်ထားတစ်ယောက် ယခုလိုအချိန်အခါ သမယတွင် မည်သူ့ကို အားကိုးရပါမည်နည်း။ ညလုံးပေါက် ငိုကြွေးကျက် မိမိဘဝတစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



ချက်စီးတော့မည့် အရေးတွေးပူ သွက် သောကဖိစီး နေပေ၏။

နံနက် ၄ နာရီခန့်တွင် ခင်ထားတစ်ယောက် သတိလက် လွတ် မေ့ခနဲ အိပ်ပျော်သွားရာမှ အခန်း အပြင်ဘက်မှ လှုပ်လှုပ်ရှား ရှား ဆူ ဆူညံညံအသံများကြောင့် လန့်နိုး လာရ၏။ မကြာပါချေ။ သူမ၏ အခန်းတံခါးအားဖွင့်၍ ဝင်ရောက်လာသူများမှာ ရဲမေများနှင့် ရဲအရာ ရှိတစ်ယောက် ဖြစ်ပါ၏။ ခင်ထားမှာ ရဲတပ်ဖွဲ့ဝင်များကို အမှတ်မထင် မြင်တွေ့ရသည်ကြောင့် အားတက် သွားချေပြီး.....

"ကျွန်မကို ကယ်ပါဦး ဗိုလ်ကြီးရယ်၊ ကျွန်မကို ကယ်ပါရှင်၊ ညကတည်းက ကျွန်မကို တရားခံ တစ်ယောက်လို ဒီအခန်းလေးထဲမှာ ချုပ်ထားခဲ့ကြပါတယ်၊ ကျွန်မရဲ့ယုံကြည်မှုကို အလွဲသုံးစားလုပ်ပြီး ကျွန်မကို ရောင်းစားသွားတာပါ၊ ကျွန်မနာမည် ခင်ထားပါ၊ ဟိုး အောက်ပြည်အောက်ရွာကပါရှင်"

ရဲအရာရှိက.....

"ဟုတ်ပါပြီ၊ မင်းတို့ လူ အရောင်းစားခံရတယ်ဆိုတာ ငါတို့ သိပြီးပါပြီ၊ နောက်ပြီး လူကုန်ကူး နဲ့ ကျော်စောနေတဲ့ ရာဇဝင်လူ ဆိုးတွေကို ဖမ်းမိထားပါပြီ၊ မင်းတို့ ကို သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့နဲ့ အမျိုးသမီးရေးရာတို့ကို ဆက်သွယ် ပြီး ကိုယ့်နေရပ်ပြန်ရောက်အောင် ဆောင်ရွက်ပေးပါ့မယ်"

**ကျွန်မကို ကယ်ပါဦး**
**ဗိုလ်ကြီးရယ်၊**
**ကျွန်မကို ကယ်ပါရှင်၊**
**ညကတည်းက**
**ကျွန်မကို**
**တရားခံ တစ်ယောက်လို**
**ဒီအခန်းလေးထဲမှာ**
**ချုပ်ထားခဲ့ကြပါတယ်၊**
**ကျွန်မရဲ့ယုံကြည်မှုကို**
**အလွဲသုံးစားလုပ်ပြီး ကျွန်မကို**
**ရောင်းစားသွားတာပါ၊**
**ကျွန်မနာမည် ခင်ထားပါ၊ ဟိုး**
**အောက်ပြည်အောက်ရွာ....**

ထိုအရာရှိကပင် မိုးစက်နှင့် ပတ်သက်၍ ရှင်းပြခဲ့ပြန်သည်။

"မိုးစက်ဆိုတာ ဦးတို့ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ရဲ့ အလိုချင်ဆုံး မှတ်တမ်းဝင် ရာဇဝင်လူဆိုးတစ်ယောက်ပါ၊ လူကုန်ကူးမှုမှာ နာမည်ကြီးသလို မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုမှာလည်း နာမည်ကြီးတယ်၊ သူ့ကို အလိုရှိလို့ ဝရမ်းထုတ်ထားပေမယ့် ဟိုတလောက ဒီနယ်တစ်ဝိုက်မှာ ပျောက်နေခဲ့တယ်၊ အခုတော့ တိုက် တိုက်ဆိုင်ဆိုင် မနေ့ကတည်းက ကလေးမနဲ့ တွဲနေတာ တွေ့ရလို့ နောက်ယောင်ခံလိုက်နေခဲ့တာ၊ အခု တော့ ယုန်ထောင်ကြောင်မိရုံတင် မဟုတ်ဘူး၊ ယုန်ရော၊ ကြောင်ရော မိသလိုပါပဲ၊ ကလေးမတို့လည်း လူတစ်ယောက်ကို အကြောင်းအကျိုး မသိဘဲ မယုံကြည်ပါနဲ့၊ အခုခေတ်က လူဆိုး၊ လူကောင်း ခွဲခြားဖို့ အလွန်ခက်ခဲတဲ့ခေတ်ကွ"

ခင်ထားတစ်ယောက် အမှောင် တကာ့အမှောင်ချောက်ထဲမှ သီသီကလေးလွတ်သွားသည်ဟု ဆိုရပေတော့မည်။

♛♛♛♛♛♛

ခင်ထားတစ်ယောက် ခါးသီးသော အတွေ့အကြုံတစ်ခုကို ကိုယ်တိုင်တွေ့ကြုံ ခံစားခဲ့ရသည်မို့ ရွာရှိ မိန်းကလေးတိုင်းအား သူမကဲ့သို့ အဖြစ်ဆိုးမျိုး မဖြစ်အောင် သတိပေးလေ့ရှိပါ၏။ ယခုအခါ နိုင်ငံတကာတွင် ဖြစ်ပွားလျက်ရှိသည့် သာမက သူမတို့၏နိုင်ငံတွင်လည်း လူကုန်ကူးမှုများ ဖြစ်ပေါ်နေသည့်ကြောင့် နိုင်ငံတော်အစိုးရမှ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် စီမံ



www.burmeseclassic.com

www.burmeseclassic.com

ချက်များ ချမှတ်ထားပါ၏။ ထိုစီမံချက်ဖြစ်သော လူကုန်ကူးမှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးများ သုံးစွဲမှု ပပျောက်ရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအပြင် တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး စွမ်းစွမ်းတမံကြိုး ပမ်းနေကြပြီဖြစ်သည်။

ပြစ်ဒဏ်ကျခံနေရသည့် မိုးစက်၏ရာဇဝင်ကား မကောင်းလှပါချေ။ မိုးစက်သည် အခြေအနေမဲ့ သော မိဘများမှပေါက်ဖွားခဲ့သူဖြစ်၏။ အကျင့်စာရိတ္တမကောင်းသော သူများကြားမှ လူဖြစ်လာရသော မိုးစက်သည် ငယ်စဉ်ကလေးဘဝ ကပင် ကြမ်းတမ်းခက်ထန်ခဲ့သည်။ အဆင်မပြေသော လူမှုဘဝထဲ၌ ကာလကြာမြင့်စွာ နေခဲ့ရသော မိုးစက်သည် လောကကြီးအား အရွဲ့တိုက်လိုသည့်စိတ်တို့ဖြင့် အရက်ကို သောက်၏။ အရက်၏ဒဏ်ကို မခံနိုင်သော မိုးစက်သည် အရက်မူးယစ်ရမ်းကားမှုကြောင့် မကြာခဏ အချုပ်ကျခံရ၏။ နောင်သောအခါတွင် အများတကာနည်းတူ ကြီးပွား ချမ်းသာလိုစိတ်များမှာ ထိန်းမနိုင် သိမ်းမရဖြစ်လျက် နယ်စပ်ဒေသများသို့ သွားရောက်လျက် မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုတွင် ကယ်ရီအဖြစ် လုပ်ကိုင်ခဲ့သည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကြွရူးသွပ်ဆေးများအား နိုင်ငံတကာ



နည်းတူ မြန်မာနိုင်ငံတွင်လည်း ပြင်းထန် သောအရှိန်အဟုန်ဖြင့် တားဆီး ပိတ်ပင်နေသည့်အခါတွင် မိုးစက်တစ်ယောက် မူးယစ်ဆေးဝါး ရောင်းဝယ်ခြင်းအား ဆက်လက်မလုပ်တော့ဘဲ ဆန်းသစ်လာသည့် လူကုန်ကူးမှုလုပ်ငန်းအား တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ခဲ့ပေ၏။ ထိုလုပ်ငန်းနှင့်ပတ်သက်၍ မိုးစက်၏ပယောဂကြောင့် မြန်မာတိုင်းရင်း သူ မိန်းကလေးပေါ[...] နှစ်ဆယ်ခန့်မှာ ရွှေလီ၌ ရောင်း[...] ခံလိုက်ရ၏။ ထို့ထက်ပိုဆိုးသ[...]ကား မိုးစက်သည် မူးယစ်ဆေး[...] စွဲနေခြင်းကြောင့် ငွေလိုအပ်[...] သည်။ ထို့ကြောင့် လူ ကုန်[...] မှုအား ပိုမို၍ ဆောင်ရွက်လာ[...] သည်။

ယင်းကြောင့်ပင် မူးယ[...] ဆေးဝါးနှင့် စိတ်ကိုပြောင်း[...] စေသော ဆေးဝါးများတ[...] သီးရေးအဖွဲ့နှင့် လူကုန်[...] မှုတိုက်ဖျက်ရေးအဖွဲ့တို့[...] မိုးစက်အား အလိုရှိနေကြ[...] ဖြစ်၏။


မိုးစက်၏ မကောင်း[...] သော ရာဇဝင်အကြောင်းအ[...] မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှတစ်[...] သိခဲ့ရသော ခင် ထားသ[...] မိုးစက်အပေါ်ထားရှိ [...] ချစ်ခြင်းမေတ္တာများ ကြ[...] ပျောက်၊ ငှက်ပျောက်သည့်[...] ကွယ်ပျောက်ကုန်ရသည်[...] ယခုတိုင် ယုတ်မာရိုင်းစိုင်း[...] မိုးစက် အကြောင်း တွေ[...] စဉ်းစားမိလေ တိုင်း ခင်ထား[...] ကြက်သီးတဖြန်း ဖြန်းထ[...] နေတော့သည်။

**မောင်သာမန်** (...



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## သံစဉ်မဲ့ကဗျာတစ်ပုဒ်

မောင်သိန်းနိုင်

ကျောင်းပြီးသွားကြပြီးနောက်တွင် ဝါသနာပါရာအလုပ်များကို လုပ်ကိုင်ကြသည်။ ဝါသနာမပါသော်လည်း အခြေအနေပေးသည့် အလုပ်အကိုင်များကို လုပ်ကိုင်ကြရသည်များလည်းရှိသည်။ တချို့က လည်း ကျရာတာဝန်ကို ကျရာမြို့ရွာများဆီဝယ် လုပ်ကိုင်ကြရသည်။

အာနီးတစ်ယောက်ကတော့ ရဲအရာရှိဖြစ်ကာ တစ်မြို့တည်းတွင် လာဆုံကြသည်။ ၄င်းကို ဗလကောင်းကောင်းနှင့် တိုက်ချင်ခိုက်ချင်စိတ်ရှိသူဖြစ်၍ ကျောင်းကတည်းက အာနီးဟု နာမည်ပေးထားခြင်း ဖြစ်သည်။



သူငယ်ချင်းများအနက် မိမိသည်သာ ဘဝနှင့်ဆန္ဒတစ်ထပ်တည်းကျသဖြင့် ကံထူးသူဖြစ်သည်။ စာရေးဆရာအလုပ်ကို ဝါသနာလည်းပါသည်။ ဝါသနာပါသည့်အတိုင်းလည်း လုပ်ကိုင်ရသူဖြစ်သည်။ ထူးခြားဆန်းပြားသည့် မှုခင်းဆိုလျှင် ပြောပြတတ်သည်။ နှစ်ဦးသားတွေ့ဆုံကြလျှင် မှုခင်းဖြစ်ပွားရသည့် အကြောင်းအရင်းများကို သုံးသပ်ကြသည်။

ဒီဇင်ဘာလ နံနက်ခင်းတစ်ခုတွင်ဖြစ်သည်။ နံနက်ခင်းဟု ဆိုရာတွင် ရက်ဟောင်းမှ ရက်သစ်သို့ ကူးပြောင်းစ သန်းခေါင်ကျော်စ အချိန် ၁ နာရီ ၅ မိနစ်တွင် တယ်လီဖုန်းမြည်သံကြားသည်။ ကျော... နေဖက် သူငယ်ချင်း အာနီးထံ... တယ်လီဖုန်းဖြစ်သည်။ စာ... ကောင်းနေတုန်းမို့ အာရုံနော... သွားသည်။

"မင်းလိုက်မလား၊ လိုက်... ငါးမိနစ်အတွင်း ထွက်ခဲ့"

ဖုန်းချသွားသည်။

ပို၍ပင် အာရုံနောက်သွ... သည်။

"ဘသားချော လုပ်လိုက်... ဒီအတိုင်းချည်းပဲ၊ ဆပ်ပြာသ... လင်ပျောက်တာကျနေတာပဲ"

တစ်ကိုယ်တည်း ရေရွတ်... လိုအပ်သည်များ အသင့်ထ... ထားသည့် အိတ်အမည်းကြီးလွ... လျက် ကပျာကယာ ထွက်လာ... သည်။ သူငယ်ချင်းဖြစ်သူ ရဲအ... ရှိအား နောက်ပါ ... ဖွဲ့ဝင်များ... အတူ ... အဆောက်ဝတ... တွေ့ရသည်...



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းက ရဲကားပေါ်မှ လှမ်းအော်သွားသည်။

“ငါတို့ကားနောက်က လိုက်ခဲ့”

ရှေ့က ရဲကားနောက်သို့လိုက်နေရသည်။ မြို့အပြင်သို့ ဦးတည်မောင်းနေသည်။ ကားလမ်းမတိုင်းသုံးမိုင်ခန့်မောင်းပြီး လမ်း၏ဝဲဘက်ရှိကျေးရွာအတွင်းသို့ ချိုးကွေ့သွားသည်။ အိမ်ခြံ ကျယ်ကြီးရှေ့တွင် ကားရပ်သွားသည်။

လူတစ်ယောက်က အခိုင်အခံ့ ပြုလုပ်ထားသည့် သံတံခါးကြီးကို ဖွင့်ပေးသည်။ ကားနှစ်စီးစလုံး ခြံဝင်းထဲတွင် ဝင်ရန် ထိုလူက လက်ဟန်ခြေဟန်ဖြင့်ပြသည်။ ရပ်ရမည့် နေရာများကိုလည်း ထိုလူကပင် ပြသည်။ ခြံဝင်း အတွင်းတွင် ဝက်သယ်သည့် ပုံသဏ္ဍာန်ရှိ ဆယ်ဘီး ကားကြီးနှစ်စီးကို တွေ့ရသည်။


ကားပေါ်ကဆင်းလိုက်သည်နှင့် စက်ချေးနံ့ရသည်။ အာနိုးက ကျွန်တော့်ထံသို့ ခြေလှမ်းကျဲကြီးဖြင့် လျှောက်လာပြီး ဓာတ်ပုံရိုက်ထားရန် ပြော၍ အိတ်အတွင်းမှ ကင်မရာကို ဆွဲထုတ်လိုက်ရ၏။

“အခုဟာက ဘာဖြစ်တာလဲကွ၊ ငါက ဘာကိုရိုက်ရမှာလဲ”

“ဓားပြတိုက်ခံရလို့ဟ၊ ဆီးန်ကို ပြည့်ပြည့်စုံစုံသာရိုက်ပေတော့”

အခင်းဖြစ်ရပ်ကို ဓာတ်ပုံရိုက်ခြင်းဖြစ်သည်။ အိမ်မှာ သစ်သား ပျဉ်ထောင် နှစ်ဆောင်ပြိုင် ရှေးပုံစံဖြစ်သည်။ အိမ်ခြံဝင်းအတွင်းတွင် ကြီးမားသည့် ဝက်မွေးမြူရေးခြံတစ်ခြံ၊ ငါးကန်တစ်ကန်၊ ကြက်ခြံတစ်ခြံ၊ သီးပင်စားပင်များနှင့် မန်ကျည်းပင် လေးပင်ရှိသည်။

ဝက်တင်သည့် ဆယ်ဘီးကား နှစ်စီး တွေ့ရသည်။ အနီးကပ်ပုံ၊ အဝေးပုံများဖြင့် ဓာတ်ပုံမှတ်တမ်း ယူလိုက်သည်။ အမျိုးသားကြီး တစ်ဦးနှင့် အမျိုးသမီးကြီး တစ်ဦးတို့က အာနိုးကို ဦးဆောင်ရှင်းပြနေသဖြင့် ၎င်းတို့သည် အိမ်ရှင်များ ဖြစ်မည်။



ခပ်ချောချော အမျိုးသမီးငယ် တစ်ဦးကလည်း ဝင်ဝင်ပြောနေသဖြင့် သူမသည် သမီးဖြစ်မည်။ ကျန်လူများမှာ အမျိုးသားများချည်းဖြစ်ပြီး စုစုပေါင်း ခုနစ်ဦး တွေ့ရသည်။ အလုပ်သမားများ ဖြစ်မည်။ စစ်ဆေးနေသည့်ပုံများပါ ဓာတ်ပုံ ရိုက်လိုက်သည်။ နံနက် ၅ နာရီခန့်တွင် စစ်ဆေးမှု ပြီးဆုံးသည်။ လာလမ်းအတိုင်း ပြန်လာကြသည်။ လှမ်းခွဲး အရောက်တွင် ကျွန်တော်လည်း အာနိုးကို လက်ပြကာ အိမ်ပြန်ပြီး ထပ်အိပ်လိုက်သည်။

ဖုန်းသံမြည်လာပြန်သည်။ နာရီကိုကြည့်လိုက်သောအခါ နံနက် ၉ နာရီခွဲဖြစ်သည်။ အာနိုးထံမှပင် ဖြစ်သည်။ ကျွန်တော်မှ ဦးအောင် ဆီးဟောက်လိုက်သည်။

“မင်းကွာ ငါ့ကို ခဏ ခဏ ဖုန်းဆက်နေတော့ တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com

မင်းအဖေ များထင်နေသလား''

''မင်းက အိပ်ရသေးတယ်၊ ငါက အခုထိ မေးတောင် မမေးရသေးဘူး၊ အစီရင်ခံစာတင်မလို့၊ ဓာတ်ပုံတွေ လာပေးဦး''

''မင်းတပည့်များမှတ်နေလား၊ မပေးဘူးကွာ၊ ငါအိပ်လိုက်ဦးမယ်''

ဖုန်းချပစ်လိုက်သည်။ ပြန်လှဲအိပ်မည်ပြုစဉ် အာနိုးကို စာနာလာသဖြင့် လူးလဲပြီးပြန်ထကာ ဓာတ်ပုံများကို ကူးဆေးပြီး သွားပို့လိုက်ပါသည်။ ကျွန်တော်က အာနိုးကို နောက်လိုက်သည်။

''ကြက်သွန်ရယ်၊ ကိုယ့်ဘာသာ ကိုယ်နေရင်အကောင်းသား၊ ငရုတ်သီးနဲ့ သွားပေါင်းလိုက်တော့ ရောထောင်းတာခံရပြီပေါ့''

အာနိုးက ဘာမှပြန်မပြောပဲ စာစီထားသည့် အစီရင်ခံစာ ပြန်ဖတ်နေသည်။ ဓာတ်ပုံမှတ်တမ်းများကို ကြည့်နေရာမှ ခုံတစ်လုံးပေါ်တွင်ငိုက်နေသည့် ကျွန်တော့်ကို အော်ကြီးဟစ်ကျယ်နှင့် လှမ်းအော်နေသည်။

''ဟော့ကောင် ကြည့်စမ်း၊ ဒီမှာ ဓားပြတိုက်ခံရတဲ့သူက နာရီနဲ့ ဘာနဲ့ ကွ''

သူက ခေါ်ပြသည်။ အမှန်ပင် အိမ်ရှင်ကို စစ်ဆေးစဉ်က ရိုက်ထားသည့်ဓာတ်ပုံတွင် ၄င်း၏ဝဲလက်၌ ရိုးလက်စ်နာရီပုံသဏ္ဌာန်ရှိ နာရီပတ်လျက် တွေ့ရသည်။

''ရိုးလက်စ်ပုံစံပဲကွ၊ အစစ်ဆိုရင်တော့ သိန်းရာချီမယ်ထင်တယ်''

'ငါသာ ဓားပြဆိုလို့ကတော့ တုတ်၊ စစ်စစ် မထားခဲ့ဘူး ယူသွားမှာပဲ''

ကျွန်တော်က နောက်လိုက်သော်လည်း အာနိုးကမရယ်ဘဲ အဆိုပါဓာတ်ပုံကို အမှတ်အသား တစ်ခုဖြင့် မှတ်လိုက်သည်။ နောက်ဓာတ်ပုံများကို ဆက်ကြည့်လိုက်၊ အမှတ်အသားပေးလိုက်နှင့် အလုပ်ရှုပ်နေသည်။ အာနိုးကိုကြည့်ရသည်မှာ အိပ်ချင်နေသည့်ပုံမပေါက်ပဲ လန်းဆန်းတက်ကြွနေသည်ကို တွေ့ရသည်။ ကျွန်တော့်အနေနှင့် အာနိုးတို့အလုပ်နှင့်ပတ်သက်၍ ဘာမှမလုပ်တတ်သဖြင့် နှုတ်ဆက်ပြီး ပြန်ခဲ့သည်။

''ဩော်.....လူသားအချင်းချင်း အတူတူတောင် ဒီလူသားတွေက ဘာသားနဲ့ထုထားတဲ့ လူသားတွေပါလိမ့်''

♛♛♛♛♛

ထွက်ချက်များရယူရာတွင် ကွဲလွဲချက်များကို တွေ့ရသဖြင့် အကြိမ်ကြိမ် ထပ်စစ်ရသည်။ ကွဲလွဲသည်ဆိုရာတွင် ဓားပြအရေ အတွက်မှာ ကိုးယောက်ဖြစ်လိုက်၊ ငါးယောက်ဖြစ်လိုက်၊ ခုနစ်ယောက်



အာနိုးကမရယ်ဘဲ
အဆိုပါဓာတ်ပုံကို
အမှတ်အသားတစ်ခုဖြင့်
မှတ်လိုက်သည်။
နောက်ဓာတ်ပုံများကို
ဆက်ကြည့်လိုက်၊
အမှတ်အသားပေးလိုက်နှင့်
အလုပ်ရှုပ်နေသည်။
အာနိုးကိုကြည့်ရသည်မှာ
အိပ်ချင်နေသည့်ပုံမပေါက်ပဲ
လန်းဆန်းတက်ကြွနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ပါသည်ဟု
ပြောသဖြင့်
ဓားပြများကိုင်သည့်
သေနတ် ကိုမေးရာတွင်လည်း
တစ်ကြိမ်နှင့်တစ်ကြိမ်မတူဘဲ
ထွက်ချက်များ
ကစဉ့်ကလျားဖြစ်နေသည်။
တစ် ယောက်က အတိုနှစ်လက်၊
အရှည် သုံးလက်ဟုပြောပြီး၊
နောက်တစ် ယောက်က
သေနတ်များသည်
သံသေနတ်ဖြစ်ပြီးပြောင်းကာတွင်
အပေါက်များပင်....



ဖြစ်လိုက်နှင့် ထွက်ဆိုနေကြသည်။

ဝက်များပို့ခဲ့ပြီး အပြန်တွင် ဓားပြများသည် ဝက်ကားကိုတား၍ အိမ်အထိ လိုက်လာကြခြင်းဖြစ်ကြောင်း ထွက်ဆိုသူက ထွက်ဆိုသည်။ ဓားပြများက ခြံတံခါးဖွင့်ခိုင်း၍ ဖွင့်ပေးလိုက်စဉ် အိမ်ပေါ်တက်သွားပြီး ဓားပြတိုက်ခံရခြင်းဖြစ်ကြောင်းထွက်ဆိုသူက ထွက်ဆိုသည်။

BURMESE CLASSIC .com

သေနတ်ပါသည်ဟု ပြောသဖြင့် ဓားပြများကိုင်သည့်သေနတ်ကိုမေးရာတွင်လည်း တစ်ကြိမ်နှင့်တစ်ကြိမ်မတူဘဲ ထွက်ချက်များကစဉ့်ကလျား ဖြစ်နေသည်။ တစ်ယောက်က အတိုနှစ်လက်၊ အရှည်သုံးလက်ဟုပြောပြီး၊ နောက်တစ်ယောက်က သေနတ်များသည် သံသေနတ်ဖြစ်ပြီး ပြောင်းကာတွင် အပေါက်များပင်ပါကြောင်း ထွက်ဆိုသူလည်းရှိသည်။

အာနိုးက ''ဒီလိုသေနတ်ရောပါလား''ဟု ခြောက်လုံးပြူးကိုပြ၍ မေးရာ ''ပါတယ်''ဟု ဖြေသဖြင့် ရယ်ရသေးသည်။ မေးရင်းမေးရင်းနှင့် ကျွန်တော်သည်ပင် တရားခံထဲတွင်ပါလာပေတော့မည်။ တရားလို ဦးအောင်မြတ်၏ သမီးက . . .

''ရှင်တို့လို သင်တန်းဆင်းထားတဲ့လူတွေမဟုတ်ဘူး၊ ကျွန်မလူတွေ စာတောင်သိပ်တတ်တာမဟုတ်ဘူး၊ ကြွေ့ပတ်ပြီး မေးမနေနဲ့၊ ကျွန်မတို့က တိုင်ထားတယ်ဆိုရင် ပြီးတာပဲ၊ ပေါ်မှာလည်းမဟုတ်ဘူး''

စစ်မေးနေခြင်းကို ဝင်ရောက်တားမြစ်လေသည်။

ဦးအောင်မြတ်က ထွက်ဆိုရာတွင်လည်း ဓားပြများက ၎င်းကိုဆန်ကောကို ဓားနှင့်ကြက်ခြေခတ်ပြီး လည်ပင်းကိုစွပ်ပြီး လှည့်ကြောင်း၊ နာလွန်းမကနာသဖြင့် မီးခံသေတ္တာ သော့ကိုခါးကြားမှထုတ်ပေး လိုက်ရခြင်းဖြစ်ကြောင်း ထွက်ဆိုသည်။

''ဦးလေးလည်ပင်းမှာ ဒဏ်ရာမရှိပါလား''

ဆန်ကောက ဝါးနှီးအပျော့စားဖြစ်၍ ဒဏ်ရာသိပ်မထင်သော်လည်း အင်မတန်နာကြောင်း ထုချေသည်။

''ဟုတ်ပါပြီ၊ ဓားပြတွေက လမ်းမှာ ကားကိုတားလို့ ရပ်ပေးလိုက်ရတယ်လို့ပြောတယ်၊ သူတို့က ဘယ်နားမှာတားပြီး ဘယ်နားမှာဆင်းလဲ''

''ရွာမရောက်ခင် နှစ်မိုင်ခွဲလောက်မှာပါ''

''ဘယ်ကိုလိုက်မယ်ဆိုတာမပြောဘူးလား''

''ကားရပ်တာနဲ့ သေနတ်နဲ့ထိုးချိန်ပြီး ဆက်မောင်းခိုင်းတာ အိမ်ရောက်တဲ့အထိပဲ''

www.burmeseclassic.com



"ဒါဆို ဓားပြတွေက ဦးတို့နဲ့ အတူပါလာတာပေါ့၊ ကိုယ့်အိမ်ပြန် ရောက်နေပြီပဲ၊ မအော်ဘူးလား၊ ပြန်မချဘူးလား"

"မချရဲဘူးဆရာ၊ သူတို့က သေနတ်တွေနဲ့ အလုပ်သမား ခုနစ် ယောက်စလုံးကို ကြိုးနဲ့တုပ်ပြီး အိမ်အောက်မှာထားခဲ့ပြီး ကျွန်တော့် အိမ်ပေါ်တက်ခိုင်းတယ်၊ ခုနပြော သလိုပါပဲ မီးခံသေတ္တာသော့ တောင်းမရလို့ ဆန်ကောနဲ့ လည် ပင်းကိုတပ်ပြီး လှည့်တော့တာပဲ"

"ဟုတ်ပါပြီ၊ ဓားပြတွေ ဘယ် လိုပြန်သွားကြလဲ"

"သူတို့ကို ကားနဲ့ ကို ပြန်လိုက် ပို့ရတာ ဆရာ၊ အထွက်ကျမှ ကျွန်တော်တို့ကို ပြန် လွှတ်တာ"

"ဒါနဲ့ ဦးလေးပတ် ထားတဲ့ နာရီက ဘယ် ရောက်သွားပြန်လဲ"

"သူတို့ယူသွားတာပေါ့ ဆရာ ရယ်၊ မီးခံသေတ္တာထဲက စိန်တွေ ရယ်၊ ရွှေတွေရယ်၊ သမီးနဲ့ မိန်းမဆီ က ရွှေထည်တွေရော အကုန်ယူ တာပဲ"


"ဦးလေးနာရီက ဘာအမျိုး အစားလဲ"

"ရိုးလက်စ်အစစ်ပါဆရာ၊ သိန်းနှစ်ရာ့ခြောက်ဆယ်လောက် တန်မယ်ထင်တယ်"

"နှမြောစရာပဲ"

"ဘယ်တတ်နိုင်မလဲ ဆရာ ရယ်၊ လူကိုသတ်မသွားတာပဲ တော် လှပြီ"

"ကျွန်တော်တို့ ဒီကိုစရောက် တဲ့ညက ဦးလေး နာရီပတ်ထား



တယ်နော်"

"ဟာ.....ဘယ်ကလာ ပေါက် ပေါက်ရှာရှာ ဆရာရယ်"

ထိုသို့ပြင်းဆန်လျှက် ပြော သဖြင့် အာနီးက ဓာတ်ပုံထုတ်ပြ လိုက်သည်။ ဦးအောင်မြတ်က ဓာတ်ပုံကို ယူကြည့်လိုက်သည်။ ၄င်း၏သမီးနှင့် ဖနီးတို့ကပါ ဝိုင်း ကြည့်ကြသည်။ ဦးအောင်မြတ်က မေ့တတ်သည့်ဟန် နှင့် ပြ ပြန်သည်။

"ဪ.....ဆရာ့ ကိုပြော မေ့နေလိုက် တာ၊ ဓားပြတွေကို ကျွန်တော့်ဝက်ကားနဲ့ ပြန်လိုက် ပို့ပေးရ တယ် လို့ ဆရာ့ကို ပြောပြီး ပြီနော်၊ သူတို့ဆင်းမယ့် နေရာ ရောက်တော့ ဓားပြက ကျွန်တော့် ကိုခေါ်ပြီး 'ခင်ဗျားနာရီ ပြန်ယူ သွား' ဆိုပြီး ပေးတယ် ဆရာ၊ အမှောင်ထဲမှာဆို တော့ ဒီကောင်တွေ တန်ဖိုးရှိမှန်း မသိဘူး"

အာနီးက "ဪ" ဟုပြောပြီး စစ်ဆေးမှုရပ်က ပြန်လာခဲ့ကြသည်။ စစ်ကြောချက် များကို သုံးသပ်ချက်အစီရင်ခံ စာနှင့် တင်ပြရပေမည်။

နောက်ရက်၊ နောက်ရက်များ တွင်လည်း ထပ်မံ၍ စစ်ကြော ချက်များ ရယူခဲ့သည်။ ကွဲလွဲမှုသေး သေးလေးများမှသည် မရှုနိုင် မကယ်နိုင်သည်အထိ ဖြစ်လာပေ သည်။ နောက်ဆုံးတွင် ဦးအောင် မြတ်၏ ဖွင့်ဟဝန်ခံချက်ကို ရ ပေတော့သည်။

ဦးအောင်မြတ်သည် မွေးချင်း တစ်ကျိပ်နှစ်ယောက်မှာ သူက အကြီးဆုံးသားဖြစ်သည်။ မိခင်က အရင်ကွယ်လွန်ခဲ့သည်။ အဖေ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်ပြီး ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဖခင်က ကွယ်လွန်ခဲ့သည်။ မကွယ်လွန်မီ ဖခင်က ဦးအောင် မြတ်ကို အမွေဆိုင်အဖြစ် စိန်တွေ၊ ရွှေတွေကို အမွေထိန်းအဖြစ် ထိန်းသိမ်းဖို့တာဝန်ပေးပြီး အကုန်အပ်ခဲ့သည်။ အမွေဆိုင်ပစ္စည်းများတွင် ယခုအိမ်ကြီးလည်း အပါအဝင်ဖြစ်သည်။

ဦးအောင်မြတ်သည် အမွေဆိုင်ပစ္စည်းများကို ထိန်းသိမ်းထားရင်း လောဘတက်လာခဲ့သည်။ မည်သို့ အပိုင်စီးရ မည်ကို နေ့စဉ်ပင် တွေး တောအကြံထုတ်နေသည်။ အိမ်ကြီး မီး လောင်သွားတယ်လို့ပဲ လုပ်ရမလား၊ ဓားပြတိုက်ခံရတယ်လို့ပဲ လုပ်ရမလား စဉ်းစား ရင်း ဇနီး၊ သမီးတို့နှင့် တိုင်ပင်ကာ ဓားပြတိုက် ခံရကြောင်း ရဲကိုတိုင်မည်။ ရဲတွေက ဓားပြမှုတရားခံတွေကို စုံစမ်းထောက်လှမ်းကြမည်။ နောက်ဆုံး အမှုမပေါ်တော့ အမှုပိတ်ကြလိမ့်မည်။ ဦးအောင်မြတ်တို့မိသားစုက အမွေဆိုင် ပစ္စည်းတွေပိုင်မည်။ လွယ်လွယ် လေးပါ။

"နောက်ဆုံးတော့ ဓားပြတိုက် ခံရတယ်ဆိုပြီးခွင်ဆင် လိုက်တာပ၊ပဲ ဆရာရယ်"

"ကြီးတဲ့အမှုကိုမှ ရွေးမိသွားတယ် ဆရာရယ်၊ မသကာ အခိုးခံရတယ်ဆိုရင် တော်ဦးမယ်"

"တော်လောက်ပါပြီ ဦးအောင်မြတ်ရယ်"

ထိုသို့ စိတ်ထဲကပြောမိသည်။

♛♛♛

အာနိုးနှင့်မတွေ့ဖြစ်သည်မှာ ကြာပြီဖြစ်သည်။ ဖုန်းလည်းမပြောဖြစ်ပါ။ အလုပ်ပါးလျှင် ဖုန်းနှင့်ချိန်းပြီး စားကြသောက်ကြ၊ ပြောကြဆိုကြလေ့ရှိသည်။ ကျွန်တော်က အာနိုးနှင့်တွေ့လျှင် "သူငယ်ချင်း မှုခင်း အဖြာဖြာသာပြော၊ ကျန်တာမပြောနဲ့"ဟု နောက်သည်။ အာနိုးကလည်း မှုခင်းကလွဲလျှင် ဘာမှမပြောတတ်။ မိမိရေးလက်စသည်လည်း ပြီးစီးသွားပြီဖြစ်၍ အာနိုးနှင့်အတူသွားထားသည့် ဓားပြမှုကို



ဦးအောင်မြတ်သည်
အမွေဆိုင်ပစ္စည်းများကို
ထိန်းသိမ်းထားရင်း
လောဘတက်လာခဲ့ သည်။
မည်သို့အပိုင်စီးရမည်ကို
နေ့စဉ်ပင်
တွေးတောအကြံထုတ်နေသည်။
အိမ်ကြီး
မီး လောင်သွားတယ်လို့ပဲ
လုပ်ရမလား၊
ဓားပြ တိုက်ခံရတယ်လို့ပဲ
လုပ်ရမလားစဉ်းစားရင်း
ဇနီး၊သမီးတို့နှင့်တိုင်ပင်ကာ
ဓားပြတိုက် ခံရကြောင်း....



www.burmeseclassic.com

www.burmeseclassic.com



သတိရလိုက်သဖြင့် ဖုန်းဖြင့်လှမ်း မေးလိုက်သည်။

"ပေါ်ပြီကွ.....ပေါ်ပြီ ဟေ့ ကောင်ရ"

အာကျယ်ပါကျယ် အသံပြဲကြီး ကို ကြားရပါလေပြီ။

"ဘာပေါ်တာလဲ မင်းကြီး တော်ကြီးပေါ် တာလား"

"မင်း ဖုန်းဆက် တာနဲ့ အတော်ပဲ၊ ငါ ဒီ အမှုအကြောင်း ပြောချင် နေတာ၊ ညနေလာခဲ့ကွာ၊ ပိုက်ဆံအစိတ်သား လောက်လည်း ထည့်ခဲ့"

ဒီကောင်ကြီး အူမြူး နေပုံ ထောက်ရင် ခါးပြမှု တရားခံတွေကို မိပြီထင် သည်။

ညနေဘက်တွင် အာနိုးထံ သွားရာ ဘသားချောက အသင့် စောင့်နေသည်ကို တွေ့ရ သည်။ ရောက်မဆိုက်ပင် ကျွန်တော်က အာနိုးကို နောက်လိုက်သည်။

"တရားခံတွေ ဝမ်း လျှောနေ တုန်း လက်ရဖမ်းဆီးရမိတာ လား"

"လာ.....ငါပြောပြမယ်၊ မင်း ကားနဲ့ပဲသွားရအောင်"

သောက်နေကျ ကော်ဖီဆိုင် သို့ရောက်သောအခါ.....

"ဒီလိုကွ....."ဟု အာနိုးက အစပြုလိုက် သည်။

"မင်းကျေးဇူးတွေ လည်း ပါ တာပေါ့ကွာ"



"ဒါဆို ခေါက်ပုံဖိုး ပေးတော့ မယ်ပေါ့"

အာနိုးက ရယ်ပြီးပြန်နောက် သည်။

"ခေါက်ပုံဖိုးတောင်းရင် ကုန်

ကြမ်း မပေးတော့ဘူး၊ နောက်

ငါ့ဘာသာငါ ရေးတော့မယ်"

"အဘိုးကြီးပတ်ထားတဲ့နာ

က ရှိုးလက်စ်အစစ်ကြီးကွ"

"ဟေ...ခါးပြက ဘာလို့

မသွားတာလဲ"

"ခါတ်လမ်းက

အဲဒီကစတာ ကိုယ့်

ရေ....."

ဟုစတင်က

ဖြစ်ကြောင်း ကုန်

ပြောပြခဲ့သည်။

"မင်းတို့ကိုလိမ်

တိုင်တာဆိုတော့

တို့ကို အရေးမယူဘ

လား"

"လီဆယ်မှု

အရေးယူလိုက်တယ

လေ၊ ပြီးတော

မွေးချင်း အားလုံး

လည်း သူ့ကိုမယ

ကြည်ကြတော့ဘူ

အမွေခွဲခိုင်းကြ

အမွေတွေ အကုန်

ပေးလိုက်ရတယ

အခုလည်း အိမ်

ကို ကာလပေါက်ဈေးနဲ့ ရောင်း

အမွေခွဲကြမယ်လို့ လုပ်နေ

တယ်၊ ဒါမှမဟုတ် ဦးအေ

မြတ်က ကာလပေါက်ဈေးအတို

အမ်းပေးမယ်ဆိုရင် လည်



www.burmeseclassic.com

www.burmeseclassic.com


အမ်းပေး၊ ၃အမ်းပေး နိုင်ရင် အမ်းပေါ်က ဆင်းဆိုပြီး ဝိုင်းအော် ကြပြီ"

"လူဆိုတာက ယုံကြည်မှုက အရေး အကြီးဆုံးပဲ ကိုယ့် လူရေ"


"မွေးချင်းပေါက် ဖော်ချင်း မကြုံသင့် တာကြုံတာကိုးကွ၊ အခုတော့ ယုံကြည်မှုနဲ့လည်း အရေးယူခံရဦးမယ်၊ အမွေတွေလည်း ခွဲပေးရဦးမယ်၊ ကာလတန်ဖိုးနဲ့ တွက်ချက်ပြီး အမ်းမပေးနိုင်ပြန်ရင်လဲ လက်ရှိနေတဲ့ အိမ်ကြီးပေါ်ကလည်း ဆင်းပေးရဦး မယ်ဆိုတော့ ဇာတ်လမ်းက ကြမ်းလှချည်လားလို့တောင် ပြောရမလို ဖြစ်နေပြီ"

"ဒီလိုပဲဖြစ်ရမယ်လေ၊ လောဘကို အတော သတ်နိုင်တာရယ်၊ ပြီးတော့ အကုသိုလ်အလုပ်ကို လုပ်တာကြောင့်လည်းပါမယ် ထင်ပါရဲ့"

"အမှန်တကယ် နစ်နာမှုရှိလို့ တိုင်တာနဲ့၊ လီဆယ်ပြီးတိုင်တာနဲ့ ဖော်မြူလာမရှိပေမယ်လို့ ခွဲခြားနိုင်တယ်ကွ"

"မွေးရာပါပညာလို့ ဆိုနိုင်မလား မသိဘူး"

"တို့က အသေအချာနီးပါးလောက်ကို သိနေတတ်တယ်၊ ယုတ္တိရှိအောင် ဘယ်လောက်ပဲ အကွက်ချထားထား သဘာဝတရားကို လွန်ဆန်ပြီဆိုရင် သိသာတယ်ဆိုရမလား၊ လေးနက်မှု မရှိဘူး"



"ဘယ်လိုပြောမလဲကွာ"

"သံစဉ်မဲ့ကဗျာတစ်ပုဒ်လိုပေါ့"

"သံစဉ်မဲ့ကဗျာတစ်ပုဒ်....."

သူငယ်ချင်းဖြစ်သူက သံယောင်လိုက်ပြောလိုက်ရင်း အာနိုး၏ ဥပမာကို သဘောကျသွားခဲ့မိ၏။

"ဦးအောင်မြတ်က မင်းတို့ကို လျှော့တွက်နေတာကွ"

"ဘယ်ရမလဲကွာ၊ ဒါမျိုးက သေးသေးလေး"

"အာနိုး အဟုတ် မထင်နဲ့၊ မင်းကို ငါ မြှောက်ပြောနေတာ"

"ခွေးကောင်"

"ငါက ခွေးကောင်ဆိုရင် ခွေးသူငယ် ချင်းက ဘယ်သူလဲ"

သူငယ်ချင်းနှစ်ဦးတို့သည် မတွေ့ဖြစ်ခဲ့ကြသည့် နှစ်လစာကို အတိုးချ၍ ရယ်မောကြလေသည်။

သက်မဲ့ ဝတ္ထုပစ္စည်းများက သက်ရှိလူသားများကို ကြောက်မက်ဖွယ် လောဘအပူမီးများ ဖြစ်ပေါ်စေပါလားဟု တင်ခြင်နိုင်ကြစေရန် ရည်သန်လျက်.....

**မောင်သိန်းနိုင်**


www.burmeseclassic.com

www.burmeseclassic.com



# ရေအောက်တွင် ခြောက်ရက်ကျော်ကြာရေငုပ်၍ စံချိန်တင်နိုင်ခဲ့သ



အမေရိကန်ပြည်ထောင်စု၊ တန်နက်ဆီပြည်နယ်သား စကူဘာ ရေငုပ်သမားတစ်ဦးသည် ရေအောက်တွင် အသက်ရှူကိရိယာဖြင့် ခြောက်ရက်ကျော်ကြာနေထိုင်ကာ စံချိန်သစ်တင်ခဲ့ကြောင်း သိရသည်။

ဂျဲရီဟောအမည်ရှိ အဆိုပါရေငုပ်သမားသည် ရေမျက်နှာပြင်ပေါ်သို့ ပြန်ရောက်သောအခါ စိတ်လှုပ်ရှားလျက်ရှိပြီး အားနည်းနေကြောင်း ဟော၏ဖခင်ဖြစ်သူက ပြောကြားခဲ့သည်။ အသက် ၄၉ နှစ်အရွယ်ဟောသည် ရေငုပ်နေစဉ် အရည်ကိုသာ သောက်ဖွယ်ရှိပြီး ရေပေါ်သို့ ပြန်ရောက်ချိန်တွင် ကိုယ်အလေးချိန် ပေါင်၃၀ ကျသွားသလို အလွန်အမင်း အားနည်းနေခဲ့သည်။

ဟော၏ရေငုပ်စံချိန်သည် ယခင် ငါးရက်ဖြင့် စံချိန်တင်ထ[…] သော ဖလော်ရီဒါပြည်နယ်မှ [...]ငုပ်သမား၏စံချိန်ကို ကျော်ဖြတ်[…] သောကြောင့် ကမ္ဘာ့စံချိန်တင်နိုင်[…] ဂင်းနစ်စံချိန်အဖွဲ့သို့ တင်ပြသွ[…] မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဟေ[…]**

Ref: Internet N[…]

24/8/20[…]



www.burmeseclassic.com

www.burmeseclassic.com



# နှလုံးနေရာ မှားယွင်းစွာမွေးဖွားလာသူ အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့

တရုတ်နိုင်ငံ၊ ဟောနန်ပြည်နယ် ဟွမ်ရုံမင်းဆိုသူ အမျိုးသားတစ် ၏နှလုံးသည် ဝမ်းဗိုက်တွင် နေ ရာများ၌ မွေးဖွားလာသူဖြစ်ပြီး ယခု အခါ ဝူဟန်ယူနီယမ်ဆေးရုံတွင် နှလုံးခွဲစိတ်မှုကို အောင်မြင်စွာလုပ် ဆောင်နိုင်ခဲ့သည်။

မင်းယည် အသက် ၂၄ နှစ် အရွယ် စက်ရုံလုပ်သားတစ်ဦးဖြစ် ပြီး ၎င်းအား မွေးဖွားချိန်တွင် နှလုံး သည် ဝမ်းဗိုက်အတွင်းမှ အပြင်သို့ စူထွက်နေပြီး ထိခိုက်မှုရရှိရန် လွယ် ကူသည့်အတွက် ဆရာဝန်များက ၎င်းအား အသက်ရှည်ရှည် နေထိုင် နိုင်မည်မဟုတ်ဟု ထင်ခဲ့ကြသည်။ ယခုအခါ ၎င်း၏အခြေအနေမှာ လျင်မြန်စွာ ဆိုးရွားလာပြီး အသက် ရှုကျပ်လာသည့်အတွက် ဆရာဝန် များက ခွဲစိတ်ရန် စီစဉ်ခဲ့ခြင်းဖြစ် သည်။

ယခုအခါ မင်း၏နှလုံးကို ဆရာ ဝန်များက ဝမ်းဗိုက်မှဖယ်ရှားကာ နေရာမှန်သို့ အောင်မြင်စွာ ရွှေ့ ပြောင်းခဲ့ကြသည်။

**ဆောင်းဟေမန်**

Ref: Internet News

-25-8-13

www.burmeseclassic.com





# ငါးမန်းတစ်ကောင်၏ဝမ်းဗိုက်အတွင်းမှ ပင်လယ်ဖျံ

အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း ကမ်းခြေတစ်ခုတွင် ငါးဖမ်းသမားများ ဖမ်းဆီးခဲ့သော အရှည် ၁၂ ပေရှိ ငါးမန်းတစ်ကောင်ကို ငါးမန်းသုတေသီများက ခွဲစိတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ၎င်း၏ဝမ်းဗိုက်အတွင်းမှ ပေါင် ၂၀၀ အလေးချိန်ရှိ ပင်လယ်ဖျံတစ်ကောင်ကိုတွေ့ရှိခဲ့ရသည်။

အဆိုပါ သုတေသနအဖွဲ့သည် ငါးမန်းကောင်ရေပေါင်းများစွာ၏ ဝမ်းဗိုက်ကို ခွဲစိတ်လေ့လာခဲ့ဖူးသော်လည်း ယခုဖမ်းမိသော ငါးမန်း၏ ဝမ်းဗိုက်အတွင်းမှ တွေ့ရှိရသော အစာမှာ အကြီးမားဆုံးဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမျိုးသား သမုဒ္ဒရာနှင့် လေထုထိန်းချုပ်ရေးအဖွဲ့၏ ပြောကြားချက်အရ နှစ်စဉ် ငါးမန်းကောင်ရေ သန်းတစ်ရာခန့် သတ်ဖြတ်ခံ[illegible] ပြီး ငါးမန်းတောင်ဟင်းချို[illegible] တရုတ်နိုင်ငံတွင် အလွန်[illegible] ကောင်းသော ဟင်းလျာတစ်မျိုး[illegible] သည်။

**ဆောင်းဝေ[illegible]**

Ref:Int'l Interesting [illegible]

21.8.[illegible]



www.burmeseclassic.com

www.burmeseclassic.com

# ပြင်သစ်နိုင်ငံမှ ပင့်ကူလူသား ကမ္ဘာ့အမြင့်ဆုံး ကြောင်လိမ်မျှော်စင်တက်ရန် စီစဉ်

ပြင်သစ်နိုင်ငံမှ ပင့်ကူလူသား ဟု လူသိများသော အပျော်တမ်း တောင်တက်သမား အာလန်ရော ဘတ်သည် အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဒူဘိုင်းမြို့ရှိ ကာရန် ကမ္ဘာ့အရှည်ဆုံး ကြောင်လိမ်မျှော် စင်ထိပ်ကို တက်ရောက်ရန် စီစဉ် လျက်ရှိကြောင်း သိရသည်။

ထိုမျှော်စင်သည် အပျော်တမ်း တောင်တက်သမားများကို စိန်ခေါ် သည့် နေရာတစ်ခုဖြစ်ပြီး မျှော်စင် မှ တာဝန်ရှိသူများနှင့် ဒူဘိုင်းရှိ အာဏာပိုင်များ၏ ခွင့်ပြုမိန့်ကို စောင့်ဆိုင်းလျက်ရှိသည်။

ရောဘတ်သည် ၁၉၉၄ ခုနှစ် မှစတင်ကာ အထပ်မြင့်အဆောက် အအုံများကို စတင်တက်ရောက်ခဲ့ ပြီး လွန်ခဲ့သည့် နှစ်နှစ်ခန့်က ဒူဘိုင်းမြို့လယ်ရှိ ၈၂၈ မီတာအမြင့် ရှိ ကမ္ဘာ့အမြင့်ဆုံး ဘာ့ဂျ်ခါလီဖာ မျှော်စင်ကို အောင်မြင်စွာ တက် ရောက်ခဲ့သူတစ်ဦးဖြစ်သည်။ ယခု ကြောင်လိမ်မျှော်စင်မှာ ၃၁၀ မီတာ ရှိကြောင်း သိရသည်။

**ဆောင်းဟောမန်**

Ref: Internet News

-25-8-13





www.burmeseclassic.com

www.burmeseclassic.com

# အဝတ်အစားမပါဘဲ ရေကူးသည့် တရုတ်ရဲအရာရှိရှစ်ဦး အလုပ်မှထုတ်ခံရ

တရုတ်နိုင်ငံတွင် ရဲအရာရှိရှစ်ဦးသည် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်သည့် ကမ်းခြေတွင် အဝတ်မပါဘဲ ရေကူးသည့် ပုံများ အွန်လိုင်းပေါ်သို့ ရောက်ခဲ့ပြီးနောက် အာဏာပိုင်များက အဆိုပါရဲအရာရှိများအား အလုပ်မှထုတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရဲအရာရှိရှစ်ဦးသည် ရဲတပ်ဖွဲ့၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင်ပြုလုပ်ခဲ့သောကြောင့် ၎င်းတို့အား အလုပ်ထုတ်ပစ်ခဲ့ခြင်းဖြစ်ကြောင်း ဟောနန်ပြည်နယ်အလယ်ပိုင်း၊ ပြည်သူ့ရေးရာလုံခြုံရေးအဖွဲ့က ပြောကြားခဲ့သည်။



အဆင့်မြင့်ရဲအရာရှိသုံးဦးကို အလုပ်မှထုတ်ပယ်၍ အပြစ်ပေးခြင်းများကိုပါ ဆက်လက်လုပ်ဆောင်သွားမည်ဟု ပြောကြားခဲ့သည်။

**ဆောင်းဟေမန်**

Ref. International News

21.8.2013

# အကြောသေနေသောချစ်သူနှင့် လက်ထပ်ခဲ့သည့် အမျိုးသမီး

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ အသက် (၃၅)နှစ်အရွယ် မလေးရှားနိုင်ငံသူ အမျိုးသမီးတစ်ဦးသည် အကြောသေရောဂါ ခံစားနေရသော တရုတ်နိုင်ငံမှ ချစ်သူနှင့် လက်ထပ်ရန် ဘရုတ်နိုင်ငံသို့သွားရောက်ကာ လက်ထပ်ခဲ့ကြောင်း သိရသည်။

ဂန်ဆုတ်ရင်းဆိုသူ အမျိုးသမီးနှင့် အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲသည့် ရောဂါကြောင့် အကြောသေဝေဒနာကို ခံစားနေရသူ အသက် (၃၈)နှစ်အရွယ် လီကန်ယုတို့သည် ၂၀၁၁ ခုနှစ်၊ ဇွန်လကတည်းမှစတင်၍ အင်တာနက်အသုံးပြုရင်း တွေ့ဆုံချစ်ကြိုက်ခဲ့ကြသည်။

ဂန်ဆုတ်ရင်းသည် လီ၏ဘဝပေးအခြေအနေကို နားလည်ကိုယ်ချင်းစာကာ လက်ထပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ လီသည် အသက်ခုနစ်နှစ်အရွယ်ကပင် အကြောသေရောဂါကို ဆိုးဝါးစွာ ခံစားခဲ့ရပြီးနောက်ဆုံးတွင် အိပ်ရာမှမထနိုင်သည်အထိ ဖြစ်သွားခဲ့ရသည်။ လီနှင့်ဂန်တို့သည် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ခဲ့ပြီး နှစ်ဖက်မိဘ စုံလင်စွာဖြင့် လက်ထပ်မင်္ဂလာပွဲကို ဆင်နွှဲခဲ့သည်။

**ဆောင်းဟေမန်**


Ref:Internet News

18.8.2013



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## စွန့်ပစ်သူတို့နှလုံးသား

သိန်းဖော် (ရွှေလီဦး)

ကျွန်တော်သည် ဘဝတွင် ဆင်းဆင်းရဲရဲဖြင့် နေခဲ့ရသောသူ တစ်ယောက်ဖြစ်ပါသည်။ အဖေက အနီးမှ ကျုံလဟာအင်းချောင်းမှ ကျုံလဟာအင်းတွင် ရေငုပ်သားဝင်လုပ်၍ အမေက ငါးဖောက်သည် ယူပြီး ရွာသို့လှည့်လည်ရောင်းရသည်။

နွေပိုင်းရောက်လို့ အင်းချောင်းတွေမှာ အလုပ်မရှိလျှင် အဖေက ရိုးချောင်းကမ်းနားတွင် အလေ့ကျပေါက်သောချုံမှ ဆောက်ပြာသားတွေ၊ ရေမန်ကျည်းတွေ ခုတ်ပါသည်။ အနေတော် ထင်းတွေစည်းပြီးရောင်းသင့်တာရောင်း၊ အိမ်အတွက် ထားသင့်တာ ထားပါသည်။

ထိုအချိန်တွင် ကောက်နှံတွေ ကောက်ရပါသည်။ လယ်ထဲတွင် နွေအက်ပေါက်သော ကန်စွန်းပင်တွေ၊ ကန်စွန်းညွှန့်လေးတွေခူး၍ ဈေးတွင်ရောင်းရန် လိုက်လံရှာဖွေကြပါသည်။ တစ်ခါတလေ ချောင်းကမ်းနားတွင် ပေါက်လေ့ရှိသော ပေါက်ပင်များမှ ပေါက်ရွက် မနုမရင့်များခူး၍ မြို့ဈေးသို့သွားပြီး ရောင်းကြရသည်။ အသားငါးထုပ်ရာတွင် အသုံးများသဖြင့် ခူးရောင်းသူတွေများသဖြင့် များများစားစာ အလုပ်မဖြစ်ပေ။

အမေနှင့်ကျွန်တော်သည် ပေါက်ရွက်ခူးခူး၊ ကောက်နှံကောက် ကောက် နံနက်စောစော ထမင်း ကြမ်းနှင့် ငါးပိဖုတ်စားပြီး ကွင်းထဲ လယ်ထဲတွင် နေပူပူထဲ ချွေး တရွဲရွဲဖြင့် အလုပ်လုပ်ကာ နေမွ တည့်မှ အိမ်ပြန်ရောက်တာများ သည်။



''မခင်နုရေချော ထဲမှာ ထင်းစည်းေ များနေပြီ၊ ထမင်းေ ပြီးရင် ဝိုင်းသယ်ကြ အောင်ဟေ့''

ဓားမတို တ ချောင်း ခါးကြားထိုး ခြံထဲဝင်လာကာ အ ပြောလိုက်သည့်စ ကြောင့် ကျွန်တော်ဘွ ဖြစ်သွားပြီး ပန်းကို ယ ၍ပင် စမ်းကြည့်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ပြီးသားထင်းများ သယ်
ပြောသောကြောင့်ဖြစ်သည်။ တစ်နွေလုံးခုတ်သည့် ထင်းများ သယ်ရပြီဆိုလျှင် တစ် နှစ်ရက်နှင့် မပြီးနိုင်တော့။ ပင် လိုက်သည့်ဖြစ်ခြင်း။ ကျွန် တော့်ပခုံးတွင် သွေးပေါက်များကျ တ် နာကျင်ရောင်ကိုင်းလေ့ရှိ သည်။

"ကဲ.....သားလေး၊ မင်း အမေပြောတာ ကြားလား၊ ထင်း ရောင်းပြီးရင် သားကို အကျႌ အသစ်၊ ပုဆိုးအသစ်လေးတွေ ဝယ်ပေးမယ်၊ နောက်ပြီး ကျောင်း ဖွင့်ဖို့လည်း နီးနေပြီမဟုတ်လား သားရဲ့၊ အလုပ်လုပ်မှ ပိုက်ဆံရ မှာကွဲ့၊ ကဲ...လာ...လာ၊ ထမင်း စားကြရအောင်"

အမေက ပြောလည်းပြော၊ ထမင်းလည်းပြင်နေပါသည်။ ထမင်းဝိုင်းမှာတော့ ငါးပိရည်တစ် ခွက်နဲ့ ကောက်ရိုးနွယ်၊ ကန်စွန်း ရွက်တို့စရာတွေ၊ နောက်ပြီး ငါး မြွေထိုး တစ်ကောင်နှစ်ကောင်၊ ဟင်းခတ်ပါသော ဆူးပုပ်ရွက် ဟင်းရည်တစ်ခွက်၊ နောက်ပြီး ကောက်နံ့ကောက်၍ရသည့် စပါး နှံကို လက်ထိုးကြိတ်ဆုံနှင့်ကြိတ်၍ မောင်းနှင့်ဖွပ်၍ရသော ဆန်ကြမ်း ထမင်းတွေပေါ့။ အမေက ကျွန် တော့်မျက်နှာကိုကြည့်ရင်း...

အမေကပြောလည်းပြော၊ ထမင်းလည်းပြင်နေပါသည်။ ထမင်းဝိုင်းမှာတော့ ငါးပိရည်တစ်ခွက်နဲ့ ကောက်ရိုးနွယ်၊ ကန်စွန်းရွက်တို့စရာတွေ၊ နောက်ပြီးငါးမြွေထိုး တစ်ကောင်နှစ်ကောင်၊ ဟင်းခတ်ပါသောဆူးပုပ်ရွက် ဟင်းရည်တစ်ခွက်၊ နောက်ပြီး.....

"သားလေး.....မင်းအဖေ အတွက် ဆူးပုပ်ရွက်ဟင်းရည် ထဲက ငါးမြွေထိုးတစ်ပိုင်း ဦးချ ထားလိုက်၊ ပြီးရင် ထမင်းစား တော့၊ ဟိုမှာ မင်းအဖေ ထင်းစည်း ကို ထမ်းဖို့ ဝါးချွန်လုပ်နေတာ မပြီး သေးဘူး၊ အမေစောင့်ပြီးမှစား မယ်၊ သားစားနှင့်နော်"

ကျွန်တော့်အမေစကားဆုံး တော့ အဖေ့အတွက် ဦးချပြီး ဗိုက် ကလည်းဆာနေပြီမို့ ထမင်းကို ပလုတ်ပလောင်းစားနေမိသည်။ အမေတစ်ယောက်မှာတော့ ကျွန် တော် ထမင်းကို အားရပါးရစား နေသည်ကို ကျေကျေနပ်နပ်ကြီး ကြည့်နေသည်ကိုပင် သတိမထား မိတော့။

"ပညာမရှိ၊ သူ၏ဝန်ထမ်းတဲ့၊ မင်းတို့ ပညာတတ်အောင် လုပ်ကြ၊ ပညာမတတ်ရင် ဆင်းဆင်းရဲရဲနဲ့ လူ့ဘဝကို ဖြတ်သန်းရမယ်၊ သူ များတွေ သက်သက်သာသာ၊ ချမ်း ချမ်းသာသာနဲ့ ဘဝကိုဖြတ်သန်းနေ ချိန်မှာ ကိုယ်က ဆင်းရဲဒုက္ခအမျိုး မျိုး၊ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲနဲ့ ဘဝကို ရုန်းကန်နေရရင် လောက ငရဲကျနေတာပဲ၊ နေပူမရှောင်၊ မိုးရွာမရှောင် နဖူးကချွေး ခြေမ ကျအောင် လုပ်နေရတာ ဘယ် လောက်ပင်ပန်းလဲ၊ စဉ်းစားကြ၊ ဒါကြောင့် စာတတ်အောင်၊ ပညာ တတ်အောင်သင်ကြ"

ရွာကျောင်းမှ ဆရာကြီး စစ် ရှိန်၏စကားကို ကျွန်တော့်နားထဲမှ သံမှိုစွဲသလို စွဲနေသည်။ ကျွန်တော့် ဘဝ ကလေးအရွယ်ကပင် အဖေ အမေနှင့်အတူ ဆရာကြီးပြောသည့် ဒုက္ခတွေ၊ သည်အလုပ်မျိုးတွေ ကြုံ ဖူး၊ လုပ်ဖူးနေပြီမို့ သည်ဆင်းရဲမှု ကို လက်တွေ့ခံစားနေရသည်။ ကျွန် တော့်သူငယ်ချင်းတွေကြုံသည်



www.burmeseclassic.com

www.burmeseclassic.com



တင်ဝင်းတို့၊ မိုးအောင်တို့ကို အားကျ သည်။ သူတို့မိဘတွေက ရွာမှာ အိမ်ကြီးရခိုင်နှင့် ပစ္စည်းရှိသူတွေမို့ သူတို့သားတွေ ကျွန်တော့်လိုမပင် ပန်းကြ။ ကြော့မော့စွာဖြင့် ကျောင်းတက်နိုင်ပြီး စာသင်နိုင်ခြင်း၊ မုန့်စားနိုင်ခြင်း၊ အဝတ်အစားသစ်များ မကြာခဏပြောင်းဝတ်နိုင်ခြင်းများကို တွေ့နေရသည်။ ကျွန်တော် သူတို့လို နေချင်မိ၊ အားကျမိသည်မှာ အခါခါပင်။

"သားရယ် မင်းဆရာကြီးပြောတာ ဟုတ်တယ်၊ အခု အဖေတို့ သူများအလုပ်ထဲ ဆင်းဆင်းရဲရဲ လုပ်နေရတာ ပညာမတတ်ခဲ့လို့ကွ၊ သားရယ် စာကြိုးစားပါ"

အဖေကပြောသလို အမေကလည်း.....

"သားချမ်းသာချင်ရင် ပညာသင်တာ မပျင်းနဲ့၊ မရှိတဲ့ဘဝမှာ မိဘကို အလုပ်တော့ဝိုင်းကူလုပ်ပေါ့၊ ဒီသားအမိ၊ သားအဖ သုံးယောက်ပဲရှိတာ၊ သားကြီးလာလို့ ပညာတတ်ကြီးဖြစ်ရင် ပိုက်ဆံရှိတဲ့ သူဌေးသမီးနဲ့ ညားအောင်လုပ်၊ ပညာတတ်၊ လူချမ်းသာကြီးဖြစ်ရောပေါ့၊ ဟုတ်တယ်နော် သား၊ အမေပြောတာ မှတ်ထား"

♛♛♛♛♛



သို့နှင့် ကျွန်တော် ဆယ်တန်းအောင်ပြီး အဝေးသင်တက္ကသိုလ် တက်ခဲ့သည်။ ရန်ကုန်ရှိ ဦးလေး ဦးမောင်သိန်းထံတွင် သွားနေ၍ ကျောင်းတက်ခြင်းဖြစ်သည်။

အဝေးသင်တက္ကသိုလ် စာမေးပွဲဖြေဆိုရန် အနီးကပ်တက်ချိန်တွင် စိုးနှင့် ချစ်သူများဖြစ်ခဲ့ကြသည်။ စိုးမှာ--- မြို့မှဖြစ်သည်။ ဒုတိယနှစ်ဖြေအပြီးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ဝင်ခဲ့သည်။ ရဲတပ်သားသစ်သင်တန်းကို ---တွင်တက်ရသည်။

သို့ဖြင့် ကျွန်တော် သင်တန်းကာလတွင် စိုးနှင့်အဆက်အသွယ် ပြတ်နေသလောက်ဖြစ်နေသည်။ သင်တန်းဆင်းသောအခါ ကျွန်တော် ချင်းပြည်နယ်ဘက်သို့ ရောက်ခဲ့ပြီး နှစ်နှစ်တာဝန်ထ... ဆောင်ရသည်။

ထိုအတောအတွင်း စိုးနှင့်ကျ... တော် ဖုန်းအဆက်အသွယ်ရသ... စိုးမှာ ရန်ကုန်ရောက်လိုက်၊ သူ... မြို့မှာရှိလိုက်ဖြစ်နေသည်။ ကျ... တော်မျှော်မှန်းထားပါသည်။ အ... အခွင့်သင့်လျှင် စိုးတို့မြို့ရော... တာဝန်ထမ်းဆောင်ချင်ပါသ... ကျွန်တော့်ဆန္ဒ ပြည့်ဝခဲ့ပါသ... ကျွန်တော် စိုးတို့မြို့သို့ တာဝ... ခဲ့ပါသည်။ သို့သော် မြို့ပေါ်... မှာတော့မဟုတ်။ မြို့နှင့် ငါးမို... ဝေးသော ရွာကြီးတစ်ရွာတွ... ပါသည်။ တစ်နေ့ စိုးက အ... ခေါ်သဖြင့် သူတို့မြို့မှသူတို့အိ... ရောက်ခဲ့သည်။ စိုးတို့မိသား...

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ကြီးမှာ ဟီးထနေသည်။ ခြံဝင်းကျယ်ကျယ်ကြီးထဲတွင် ရေကူးကန်၊ ပန်းခြံ၊ အလှသစ်ပင်များဖြင့် အကယ့်ဥယျာဉ်နန်းတော်ကြီးတမျှပင်။

"စိုးရယ် စိုး အဲဒီလောက် ချမ်းသာနေတော့ စိုးတို့မိသားစု မိဘတွေ မောင်နဲ့သဘောတူပါ့မလား"

ကျွန်တော် စိုးရိမ်စွာ မေးမိသည်။

"စိုးနဲ့မောင့်အကြောင်း၊ အထူးသဖြင့် မောင့်အကြောင်းကို မိဘတွေကို ပြောပြီးပြီ၊ တစ်ဦးတည်းသော သမီးရဲ့ အလိုအတိုင်းတဲ့၊ ကဲ..ဘာလိုသေးလဲ၊ စိုးအကြောင်းကို မပြောတာ၊ ပိတ်ထားတာက စိုးက စိုးကိုတကယ်ချစ်မယ့် အချစ်စစ်သမားကို ရွေးတာလေ၊ ကဲ... လာ၊ ဒက်ဒီတို့ မာမီတို့နဲ့တွေ့ရအောင်"

သို့ဖြင့် စိုးမိဘများနှင့် ကျွန်တော် သိကျွမ်းလာရသလို စိုးမိဘနှစ်ပါးစလုံးက ကျွန်တော့်ကို သူ့သားအရင်းလို ဆက်ဆံကြသည်။

"မောင်ရင်လေးအနေနဲ့ ဦးတို့အိမ်ကို အချိန်မရွေး ဝင်နိုင်ထွက်နိုင်ပါတယ်၊ နောက်ပြီး မင်းတို့နှစ်ယောက် လက်တွဲဖို့ ဆုံးဖြတ်ပြီးရင် ဦးတို့ကို ပွင့်ပွင့်လင်းလင်းပြောနော်"

စိုးဖခင်၏ပြောစကားက ကျွန်တော့်နားမှာ အခါခါကြားနေမိသလို ပျားသကာလို ချိုနေမိသည်မှာ အမှန်ပင်။ မချိုသည်မှာ ထိုရက်ပိုင်းအတွင်းမှာပင် ရန်ကုန်မှ ကျွန်တော့် ဦးလေး၏သား၊ ကျွန်တော့်အချစ်ဆုံး ညီအစ်ကို မင်းမင်းသူ မူးယစ်ဆေးသုံး၍ အပ်တန်းလန်းနှင့်သေသည့် အကြောင်း၊ ကျွန်တော် ခင်မင်ခဲ့သော ဗီဒီယို သရုပ်ဆောင်တက် သစ်စမင်းသားလေး ကျော်ကျော်မောင် မူးယစ်ဆေးကြောင့် သေဆုံးသွားသည့် သတင်းက ကျွန်တော့်ရင်ထဲတွင် အမှန်ပင်ထိခိုက်ခဲ့ပါသည်။



"တောက်"

ကျွန်တော် တောက်ခေါက်ရုံမှတစ်ပါး ဘာမှမတတ်နိုင်။ ဦးလေးကိုတော့ အားပေးခဲ့ပါသည်။

ကျွန်တော် ဘွဲ့ရပြီးချိန်တွင် သတ်မှတ်ချက်နှင့်ကိုက်ညီသဖြင့် ဒုရဲအုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရသည်။

♛♛♛♛♛

"ငါ့သားလေးက သူ့ချစ်သူ သူဌေးသမီးနဲ့ လက်ထပ်တော့မှာ၊ ငါ့သားလေး တစ်သက်လုံး တောင့်တခဲ့တဲ့ ဆန္ဒပြည့်ပြီ၊ အမေဝမ်းသာလိုက်တာလို့၊ မင်းအမေ ဆွေ့ဆွေ့ခုန်အောင် ဝမ်းသာနေတယ်ကွ၊ ဦးလေးနဲ့ မင်းမိဘတွေ မင်္ဂလာဆောင်ပွဲအမီ လာမယ်ဟေ့၊ ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကွာ''

ဦးလေး ဦးမောင်သိန်း အားရဝမ်းသာ ဖုန်းဖြင့်အကြောင်းကြားသလို ကျွန်တော်လည်း အလွန်ဝမ်းသာမိသည်။ ကျွန်တော်၏ တာဝန်ဝတ္တရားများ ကျေပွန်စွာထမ်းဆောင်ခဲ့သည့်အတွက် အထက်လူကြီးများ၏ ချီးမွမ်းခြင်းကို ခံနေရသလို စိုး၏မိဘများကလည်း သူတို့အကုန်အကျခံကာ စိုးနှင့်ကျွန်တော်ကို လက်ထပ်ပေးရန် ရက်သတ်မှတ်၊ ဖိတ်စာများ ဝေပြီးဖြစ်သည်။ စိုး၏မိဘများက ကျွန်တော်တို့ မင်္ဂလာဦးလက်ဖွဲ့အဖြစ် မြို့စွန်ခြံအကျယ်ကြီးတွင် လှပစွာ ဆောက်လုပ်ထားသော နှစ်ထပ်တိုက်တစ်လုံးနှင့် အိမ်ထောင်ပရိဘောဂအစုံ၊ ကားတစ်စီး စီစဉ်ထားပြီးဖြစ်သည်။

ထို့အပြင် ကျွန်တော်နှင့်စိုးတို့ မင်္ဂလာလက်ဖွဲ့ရသော ပစ္စည်းနှင့်ငွေကို အပိုင်ပေးမည့်အပြင် ရင်းနှီးမြှုပ်နှံရန် ငွေကျပ်သိန်းတစ်ရာ ဘဏ်တွင်ထည့်ပေးထားပြီးဖြစ်သည်။ ကျွန်တော့်အတွက်တော့ အတိုင်းထက်အလွန်ပင်။

ကျွန်တော့်ကို ချမ်းသာစေချင်သည့် အမေ့အတွက်တော့ သားရွှေအိုးထမ်းလာသည့်ကိန်းပင်။ ဘာပဲပြောပြော လက်ရှိအနေအထားအရ ကျွန်တော် ငယ်စဉ်ကပင်တောင့်တခဲ့သော ကျွန်တော့်ရည်မှန်းချက် ပြည့်ခဲ့ပါပြီ။ ဒါတွေအားလုံးသိသောအမေမှာ ပို၍ဝမ်းသာမဆုံးနိုင်ပါ။ ကျွန်တော့်မင်္ဂလာပွဲမှာ ကျွန်တော့်ဘဝအတွက်တော့ အလွန်ကြီးကျယ်ခမ်းနားစွာဖြင့် ကျင်းပမည့် နေ့ထူးကြီးပင်။ မိဘအစုံအလင်နှင့် ပီတိဖြစ်စရာတွေ၊ ဂုဏ်ယူဝမ်းမြောက်ခြင်းတွေနှင့် အတိပြီးမှာ သေချာနေသည်။

ကျွန်တော့်အသက် မငယ်တော့ပေမယ့် စိတ်ကူးယဉ်အိပ်မက်တွေက ကျွန်တော့်ကို လွှမ်းမိုးနေလျက် တာဝန်ထမ်းဆောင်နေရသည့်မှာလည်း ပေါ့ပါးသွက်လက်ပြီး တက်ကြွလန်းဆန်းနေသည်။ သို့ဖြင့် မင်္ဂလာသတ်မှတ်ရက် သုံးရက်အလို ကျွန်တော်ချစ်သောအဖေ၊ အမေနှင့် ကျေးရွာရှင် ဦးလေး ဦးမောင်သိန်းတို့ ရောက်လာကြသည်။

ကျွန်တော့်မှာ အဖေ၊ အမေမျက်နှာကိုကြည့်ပြီး ပို၍တက်ကြွရွှင်လန်းနေသလို အဖေအမေတို့ကလည်း ကျွန်တော့်မျက်နှာကိုကြည့်ရင်း ပီတိတွေဖြစ်ရင်း ပျော်ရွှင်နေကြရှာသည်။ အမှန်အတိုင်းပြောရလျှင် ကျွန်တော့်ဘဝတစ်လျှောက် ဒီလောက်ပျော်သည့်အချိန်၊ ပီတိဖြစ်စရာအချိန်မရှိသေးဟု ဆိုလိုက်ချင်ပါသည်။

စိုးတို့မိဘတွေကလည်း သူတို့

ကျွန်တော်၏
တာဝန် ဝတ္တရားများ
ကျေပွန်စွာ
ထမ်းဆောင်ခဲ့သည့်အတွက်
အထက်လူကြီးများ ၏
ချီးမွမ်းခြင်းကို ခံနေရသလို
စိုး ၏မိဘများကလည်း
သူတို့အကုန်
အကျခံကာစိုးနှင့်ကျွန်တော်ကို
လက်ထပ်ပေးရန်
ရက်သတ်မှတ်၊ ဖိတ်စာများ
ဝေပြီးဖြစ်သည်။
စိုး၏မိဘများက .....

တိုက်ကြီးရှေ့တွင် မင်္ဂလာမ... ကြီး ဟီးနေအောင်ထိုးထားပြီး ... ခံကျွေးမွေးရန်အစီအစဉ်များကို... ၏ဖခင်ကြီးကိုယ်တိုင် စီမံဆော... ရွက်နေပြီဖြစ်သည်။

♛♛♛♛♛

''ဗိုလ်လေး စခန်းမှူးက ... ပြောမယ်တဲ့''

ကျွန်တော်နှင့်အတူနေ ရဲဘ...



www.burmeseclassic.com

www.burmeseclassic.com

သား တိုးဝင်းက သတင်းပို့ခဲ့သည်။ စခန်းမှူးက ဖုန်းဖြင့် အရေးပေါ် တာဝန်ပေးအပ်သည်။ ကျွန်တော် စိတ်အချရဆုံး ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။ ထိုသူတို့မှာ ရဲတပ်သားတိုးဝင်းနှင့် ဒုတပ်ကြပ် လှိုင်မင်းတို ဖြစ်သည်။ နှစ်ယောက်စလုံး ကျွန်တော်နှင့် အတူနေသော လူငယ်လေးများပင်။ စခန်းမှူး ညွှန်ကြားသော နေရာ အနီးတစ်ဝိုက် သတ်မှတ် အချိန်တွင် ကျွန်တော်တို့ ထွက်ခဲ့သည်။

ကျွန်တော်တို့သုံးယောက်လုံး တက်ကြွနေသည်။ ပူးပေါင်းအဖွဲ့များနှင့်လည်း အဆက်အသွယ်ယူပြီး ပြီဖြစ်သည်။ သို့ဖြင့် ကျွန်တော်တို့တစ်တွေ မျက်စိဖွင့်၊ နားစွင့်လျက်ရှိနေစဉ်.....

"ကားတစ်စီး ဒီဘက်လာနေတယ် ဗိုလ်လေး"

"အိုကေ"

ရဲတပ်သားတိုးဝင်း အနားကပ်ပြောလိုက်သည့် စကားအဆုံးဝယ် ကျွန်တော်က ညွှန်ကြားစရာရှိသည်များကို ညွှန်ကြားလိုက်ပြီး အသီးသီး နေရာယူလိုက်သည်။

"ခဏရပ်ပေးပါခင်ဗျာ၊ မေးစရာလေးရှိလို့ပါ"

ဗိုးဗိုးကားတစ်စီး တောလမ်းမှတစ်ဆင့် ကျေးရွာချင်းဆက်လမ်းပေါ်သို့ မောင်းအတက်တွင် ကျွန်



တော်၏တပည့်နှစ်ဦးက စနစ်တကျတားလိုက်နိုင်သည်။ ကားပေါ်ပါသည့်ပစ္စည်းများကို လျင်မြန်စွာ၊ ကျွမ်းကျင်စွာ ရှာဖွေလိုက်ကြသည်။ ကားနောက်ခန်းတွင် စိုက်ပျိုးရေးသုံးပစ္စည်းများနှင့် ရောနှောထည့်လာသော ဘိန်းဖြူထုပ်များအပြည့်။ ဤဒေသတွင် လုပ်ငန်းသုံးကားများမှာ ဗိုးဗိုးကားများဖြစ်၍ မထင်မှတ်စရာဖြစ်အောင် အသုံးချလိုက်ခြင်းဖြစ်သည်။

"ကျေးဇူးပြုပြီး ကားပေါ်က ဆင်းပေးကြပါ"

နေကာမျက်မှန်တပ်ပြီး ခေါင်းစည်းပဝါ ဦးထုပ်ပြန့်ကြီးဆောင်းထားသော ကားမောင်းသူ အမျိုးသမီးကို ကျွန်တော် ပြောလိုက်၏။ အမျိုးသမီးနှင့်ယှဉ်၍ မျက်မှန်မည်း ကြီးတပ်ထားသော လူကြီးတစ်ယောက် ထိုင်နေသည်။ ကျွန်တော်စိတ်မရှည်စွာ ကားတံခါးကို ဆွဲဖွင့်မလို လုပ်လိုက်မိသည်။ ထိုစဉ် တဖြည်းဖြည်းပွင့်လာသည့် မှန်တံခါး၊ နောက် ကျွန်တော့်ကို မျက်မှန်ချွတ်ပြလိုက်သည့် ကားမောင်း သူအမျိုးသမီးကို ကြည့်လိုက်တော့ ကျွန်တော် အလွန်အမင်း အံ့အား သင့်သွားရတော့သည်။

"ဟင်.....စိုး"

"ဟုတ်ပါတယ်၊ ဦးရဲ့သမီး စိုးအစစ်ပါ မောင်ရင်၊ မောင်ရင့်အနေနဲ့ အခြေအနေ ထိန်းလို့ရပါတယ်၊ ကျွန်တာတွေ ညှိကြပေါ့၊ ကဲ..... အချိန်မရှိဘူး၊ ဦးတို့သွားမယ်၊ မင်း တပည့်တွေလည်း မနစ်နာစေရပါဘူးကွာ"


www.burmeseclassic.com

www.burmeseclassic.com



မထင်ထားသည့် မြင်ကွင်း၊ ဖြစ်ရပ်၊ စကားတွေကြောင့် ကျွန်တော် ကြက်သေသေကာ တုန်လှုပ်သွားမိသည်။

"အချိန်မရှိဘူး မောင်၊ ဘာတွေစဉ်းစားနေတာလဲ၊ ဖေဖေပြောတာ လက်ခံလိုက်ပါ၊ စိုးနဲ့မောင် ကိစ္စတွေ မဟုတ်ဘူးနော်၊ မောင့်ဘဝမှာ အဖြစ်ချင်ဆုံးဆန္ဒတွေ ဖြစ် လာမယ့်အချိန်ဟာ မောင့်လက်ထဲ မှာပဲရှိတယ်၊ စိုးတို့သွားတော့မယ်နော်"

"နေပါဦး စိုး၊ မောင် ပြောပါရစေ"

လက်ရှိအနေအထားအရ ကျွန်တော်တာဝန်ထမ်းဆောင်စဉ်တစ်လျှောက်လုံး စိတ်အလှုပ်ရှားဆုံးအချိန်ဖြစ်သည်။

ကျွန်တော့်ဦးနှောက်ထဲဝယ် စိုးနှင့်ကျွန်တော် မင်္ဂလာပွဲကိစ္စပြင်ဆင်ထားမှုများ၊ ပတ်ဝန်းကျင်နှင့် အပေါင်းအသင်းအသိုင်းအဝိုင်းများ၏ မျက်နှာများ၊ နောက်ပြီး ကျွန်တော့်အဖေ၊ အမေ၊ ဦးလေးတို့၏ မျက်နှာများကို မြင်ယောင်နေမိသည်။

ငယ်စဉ်က ကျွန်တော့်ဘဝတွင် ဆင်းရဲတွင်းနက် ပင်ပန်းခဲ့ရပုံများ၊ ကျွန်တော် ချမ်းချမ်းသာသာနေချင်သည့် စိတ်ဆန္ဒများ၊ အထူးသဖြင့် ကျွန်တော့်မင်္ဂလာပွဲအတွက် ဝမ်းသာမဆုံးဖြစ်နေသည့် မိဘနှစ်ပါးနှင့်အတူ မင်္ဂလာဖိတ်စာများ၊ တိုက်များ၊ ကားများ၊ ရွှေ၊ ငွေများ ခေါင်းထဲ၊ အာရုံထဲ စုပြုံဝင်လာသည်။ ကျွန်တော် ဘာလုပ်ရမည်နည်း။ ခေါင်းချာချာလည်နေသည်။ ပုံရိပ်များ အထပ်ထပ်ဖြစ်နေ



သလို ကျွန်တော့်ရင်ထဲမှာလည်း မွန်းကျပ်နေသည်။

"မောင် ဘာတွေစဉ်းစားနေတာလဲ၊ စိုးတို့ သွားတော့မယ်နော်၊ အားလုံး အိုကေစေရမယ်"

စိုးတစ်ယောက် ကျွန်တော့်ကို ယုံကြည်ချက်အပြည့်ရှိသော မျက်နှာဖြင့်ပြောရင်း ကားစက်နှိုးလိုက်သည်။ ကျွန်တော် လျင်မြန်စွာပြ စိုးလက်မှကားသော့ကို ယူလိုက်ရင်း ဘောင်းဘီအိတ်ထဲ ထည့်လိုက်ချိန်တွင် ကျွန်တော်၏တပည့်ကျော် တိုးဝင်းက စိုး၏ဖခင်ကို ကားတံခါးဖွင့်ပြီး အတင်းဆင်းခိုင်းနေပြီဖြစ်သည်။ ဒုတပ်ကြပ် လှိုင်မင်းက ပူးပေါင်းအဖွဲ့များထံဆက်သွယ်နေပြီဖြစ်သည်။

"ဦး ကျွန်တော့်ကို နားလည်ပေးပါ"

"ချောက်....."

စိုး၏ဖခင်ကို လက်ထိတ်ခတ်လိုက်သည် အသံမှာ ကျွန်တော့်ရင်ထဲ ကျင်ခနဲဖြ သွားစေသည် မှာ အမှ ပင်ဖြစ်သည် ထိုအသံ နှင့်အတူကျွန်တော် ဘဝပေးဆန္ဒ၊ ကျွန်တော် နှင့်စိုးတို့ကြားမှ အဖြစ်ချင်ဆုံ အရာတွေနှင့်အတူ ကျွန်တော် နှလုံးသားနှင့် ဝမ်းတွင်းကလီစာမျ ဟာလာ ဟင်းလင်းကြီး ဖြစ်သ သလို ခံစားလိုက်ရပါတော့သည်။

**သိန်းဇော် (ရွှေလီဦး**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေမန်းထွန်းထွန်း

ပြဇာတ်ထိပ်ခေါင်မြို့တော်သိန်းအောင်၊
ပေါဝံဇာတ်သဘင်အဖွဲ့





www.burmeseclassic.com

www.burmeseclassic.com





# ရွှေမန်းထွန်းထွန်း

## ပြဇာတ်ထိပ်ခေါင် မြို့တော်သိန်းအောင်၊ ပေါ်စံ ဇာတ်သဘင်အဖွဲ့

မြို့တော်သိန်းအောင်.....

ပြဇာတ်ထိပ်ခေါင် မြန်မာ့သဘင်တွင် စံတင်ရလောက်အောင် တော်၍ကျော်သူဖြစ်သည်။ မြို့တော်သိန်းအောင်၏ဖခင်သည် လူရွှင်တော် ဦးဓာတ်ခိုးဖြစ်သည်။ ဖခင်မှ သူ့သား မြို့တော်မြစိန်ကို မင်းသားအကခိုင်းပြီး သိန်းအောင်နှင့်ပေါ်စံကို လူရွှင်တော်လုပ်ခိုင်းရာ မြို့တော်မြစိန်ဇာတ်သဘင်ဟု ကပြလာခဲ့သည်မှာ အတော်အတန် နာမည်ရလာပြီး မြစိန်ကိုယ်တိုင် ပြဇာတ်မင်းသား နှစ်ပါးသွားနှင့် ညီဖြစ်သူ မြို့တော်သိန်းအောင်ကို နှစ်ပါးမင်းသားအဖြစ် ပွဲထုတ်ကာ မြန်မာပြည်အနှံ့ ထင်ရှားအောင်မြင်မှုရ ၍ ရေပန်းစားသော သူ့ခေတ်၊ သူ့အခါက ပြဇာတ်ဘုရင်ဖြစ်ခဲ့ပေသည်။ မြို့တော်မြစိန်သည် အသက် (၁၉)နှစ်သားက မင်းသားဖြစ်သည်။ ၁၃၅၀ ပြည့်၊ အသက် (၃၉)နှစ်ခန့်တွင် မန္တလေး၌ ဖျားနာပြီးကွယ်လွန်ခဲ့သည်။ မြို့တော်မြစိန်ကွယ်လွန်ချိန်၌ ပွဲရက်စာချုပ်များရှိနေ၍ ပွဲကိုဖျက်၍မရ။ မြို့တော်သိန်းအောင်ကို ဇာတ်မင်းသားအဖြစ် တင်မြှောက်ပြီး ညီဖြစ်သူ လူရွှင်တော် ပေါ်စံနှင့်တွဲဖက်၍ ကပြစေခဲ့သည်။

မြို့တော်သိန်းအောင်ကို ၁၂၈၅ ခု၊ နတ်တော်လပြည့်တွင် ဖွားမြင်သည်။ ဖခင် ဦးဓာတ်ခိုး၊ ဒေါ်ဖွားချစ်တို့ဖြစ်သည်။ မြို့တော်သိန်းအောင် မင်းသားဖြစ်ခါစ သီဆိုသောသီချင်းမှာ “မြို့တော်သိန်းအောင်ရောက်တဲ့အရပ်တွင်××××ရွှေငွေရတနာတွေစုံလင်××××ရန်ဘယာဘေး××××ကွာဝေးကြစေအစဉ်××××ရွှင်လန်းဖို့ရာပင်××××လေးလေးစားစား ဒီပွဲတွင်×××မောင်သိန်းအောင်×××အဆိုအကတွေစုံလင်××ယနေ့ည××ကန်တော့ပန်းတွေဆင်×××”ဟူသော သီချင်းဖြစ်သည်။ ၎င်းသီချင်းဖြင့် နာမည်ကျော်ခဲ့သည်။

မင်းသားလေးကို လူရွှင်တော်ဘဝ၊ နှစ်ပါးမင်းသားဘဝနှင့် နှစ်ဖက်လှ ပွဲကြည့်ပရိသတ်တို့က အားပေးခဲ့ကြသည်။ ဇာတ်ထဲတွင် ပညာသဘာရင့်သည့် ဇာတ်မင်းသား စိန်ကလေး၊ မြကလေး၊ ဦးအောင်စိန်၊ အာဇာနည်လှကြည်တို့ ရှိနေပါသည်။ အက၊



www.burmeseclassic.com

www.burmeseclassic.com



အဆို၊ အင်္ဂတို့ကို ထိုဆရာများထံမှ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအဖြစ် မောင်သိန်းအောင်က ဦးထိပ်မှာ ထားပါသည်။ လူရွှင်တော် သိန်းအောင်ဘဝမှ ရုံ၊ ဇလာပွဲမရွေးကပြကာ မြန်မာပြည်အနှံ့ ကျော်စောထင်ရှား လာခဲ့ပါသည်။

မြို့တော်သိန်းအောင်သည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ကောင်းသည်မဟုတ်ပါ။ အုံနှင့်ကျင်းနှင့် အစ်ကိုသန်းငွေ၊ ကိုရင်တို့က စီမံအုပ်ချုပ်ပြီး အဖွဲ့သူ၊ အဖွဲ့သားများ၏ စည်းလုံးညီညွတ်မှု အင်အားတို့ကြောင့် မြို့တော်သဘင်ဟု ထင်ရှားကျော်ကြားလာခဲ့ပြီးဖြစ်ပါသည်။ ကိုသိန်းအောင်ကိုယ်တိုင်က သရုပ်ဆောင်ကောင်းမှု၊ စီစဉ်ညွှန်ကြားသူ၏ စနစ်ကျမှု၊ ညီဖြစ်သူ ပေါ်စံ၏ ဟာဒယရွှင်ပြုံးစေသော ပြက်လုံးများကြောင့် နိုင်ငံကျော်ဖြစ်လာသည်ဟု ပြောလျှင်ရပါသည်။

ဖခင်ဖြစ်သူ လူရွှင်တော် ဦးဓာတ်ခိုးသည် သဘင်ရှင်သွေးများဖြစ်ကြသည့် သိန်းအောင်နှင့် ပေါ်စံကို ပြက် လုံးထုတ်ပေးရာတွင် ထူးချွန်သူဖြစ်ပါသည် အပြက် ကောင်းခြင်း၊ ပြက်လုံးဝေဖန်ကောင်းခြင်း၊ ပြက်လုံး အချိတ်အဆက်၊ အပို့အကြိုတို့ကို တဒင်္ဂအတွင်းတွင် တစ်ဖက်လူလည်း မနစ်နာရ၊ ပွဲကြည့်ပရိသတ်လည်း ဟာဒယ ရွှင်ပျ ပျော်ရွှင်စရာ၊ ရယ်မောစရာဖြစ်အောင် စွမ်းဆောင်နိုင်သူဖြစ်ပါသည်။ လူရွှင်တော်ပညာတွင် ဆရာစားမချန် ဘဲ သူတက်ပါ်းကိုလည်း သင်ကြားပေး သူဖြစ်ပါသည်။

အစ်ကိုဖြစ်သူ မြို့တော်မြစိန် မရှိတော့ မြို့တော်သိန်းအောင် မင်းသားဖြစ်လာပါသည်။ သီချင်းရေးဆရာ အေဝမ်းဆရာညှာ၊ မြင်းခြံဦးဖုန်းမို၊ မန္တလေးသား ရွာစားကြီး စိန်တင်ဟန်တို့က နှစ်ပါးသွားသီချင်းများကို ရေးပေးပါသည်။ “မြို့တော်မြစိန်×××မရှိတဲ့အချိန်အခါမှာ×××သိန်းအောင်ကို×××ပြောကြလေတာ×××မင်းသားလုပ်ကာ ကစေချင်တာ×××ဒီလိုအားပေးကြတဲ့ လူထုများရဲ့အလိုကျစေရာ×××အဆိုအက နှစ်ဌာန အစစအရာရာ”ဟူသည့် သီချင်းနှင့်လည်းကောင်း၊ “မိဘရိုးရာပါကွယ်×××ဦးဓာတ်ခိုးရဲ့ လမ်းစဉ်မဖျက်ခဲ့တယ်××ကိုယ်ကျိုးသူကျိုးမျှတ×××နှစ်ဖက်လုဖို့ကတဲ့ သိန်းအောင်







www.burmeseclassic.com

www.burmeseclassic.com



ပါ×××အရာရာ သမာဓိနဲ့ရယ်××လှူငယ်ပေမယ့် သဘော ထားကြီးတယ်×××ခင်တို့တာဝန်လိုတော့ တယ်××သိန်း အောင်ချစ်သလို ချစ်မှာလားကွယ်××× အဲဒီလို အပြန်အလှန်ချစ်ရင်×××ဥမကွဲ သိုက်မပျက် နေရပါမယ်××" စသော သီချင်းမှာလည်း လူကြိုက် များပါသည်။


ဗမာ့တပ်မတော်ဖွဲ့စည်းစအချိန်က မြို့တော်မြ စိန်၊ သိန်းအောင်၊ ပေါစံ ညီအစ်ကိုတို့သည် ဗမာ့ တပ်မတော်သားကောင်းများ ပေါ်ထွန်းရေးကို ရည် ရွယ်၍ ကြည်းတပ်၊ လေတပ်၊ ရေတပ် ပြဇာတ်များ ကပြခဲ့ပါသည်။ ထိုအခါက အောဝမ်းဆရာညွှာ ရေးပေး သည့် "အမျိုးသားအတွက်ဆို×××လေတပ်ကို ဝင်လို သည်×××မောင့်အရိုးတွေ အသားတွေ ယွင်းပစေ××ဖွဲ့နဲ့ တိုက်မည်×××ရေတပ်ထဲ ဝင်ရောက်တိုက်မည်××မောင့် အပေါ်ဝယ် ရေညှိတက်ပါစေ×××ကုန်းတပ်ထဲမှာနွဲမည် ကျောတစ်ပြင်လုံး×××မြေကြီးဖုံးပါစေ×××"သီချင်းများ မှာလည်း ဂျပန်ခေတ်တစ်ခေတ်လုံး လူတိုင်းသီဆိုခဲ့ သည့် သီချင်းတစ်ပုဒ်ဖြစ်ခဲ့ပါသည်။ မြို့တော်သိန်း အောင်အား ပြဇာတ်နှစ်ထုပ်၊ ပြည်ထောင်စုပွဲ၊ တောင် သူလယ်သမားပွဲ၊ အလုပ်သမား(မေဒေး)ပွဲ ကျိုက္ကဆံ ကွင်း ဇာတ်ရုံတွင် ပြဇာတ်ကသည့်အခါ ရုပ်ရှင်မင်း သား ကောလိပ်ဂျင်နေဝင်းဟန်ကို တုသည်မှာ ကိုယ် ပိုင်မဟုတ်၊ မတုသင့်ကြောင်း၊ ကိုယ်ပိုင်ဟန်သုံးသင့် ကြောင်း ရုပ်ရှင်မျက်မှန်၊ ရုပ်ရှင်အောင်လံ မဂ္ဂဇင်းတို့ တွင် သဘင်ပညာရှင်၊ ဆောင်းပါးပညာရှင်တို့က ဝေ ဖန်ရေးလုပ်လာပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဇာတ် ဆရာ သိန်းအောင်က ကောလိပ်ဂျင်နေဝင်း သည် ဇာတ်မင်းသားမဟုတ်ကြောင်း၊ မိမိသည်လည်း ရုပ်ရှင်မင်း သားမဟုတ်ကြောင်း၊ အကယ်၍ မိမိသည် ရုပ်ရှင်မင်းသားဖြစ်ပါက ကိုနေဝင်း၏ ဟန်အမူ အရာကိုတုမည် မဟုတ်ကြောင်း၊ ထို့အပြင် မိမိသည်





www.burmeseclassic.com

www.burmeseclassic.com



လူရွှင်တော်မှ မင်းသားတက်ဖြစ်လာသူ လူရွှင်တော် မင်းသားဖြစ်သဖြင့် ပရိသတ်က မိမိရယ်စရာလုပ်မှ သဘောကျ၊ နှစ်သက်ကြသဖြင့် ပရိသတ် ပျော်ရွှင် ရယ်မောစေရန်သာ ရည်ရွယ်၍ ဤကဲ့သို့ ကိုနေဝင်း ဟန်ကို ကျွန်တော်လုပ်ပြခြင်းဖြစ်သည်ဟု ပြောကြား ခဲ့ပါသည်။

မြို့တော်သိန်းအောင်၊ ပေါ်စံဇာတ်သဘင်အဖွဲ့ ကြီးသည် မြို့တော်အနုသဘင်ဟု ကြွေးကြော်၍ ပြ ဇာတ်ကောင်းများကို တင်ပြရာတွင် နာမည်ကျော်ကြား သောပြဇာတ်များမှာ ၁။ဤမြေမှတောင်တန်း၊ ၂။မိုး ကြိုသည့်ပန်း၊ ၃။ မိုးသောက်ကြယ်ဖြူ၊ ၄။ မိုးလား၊ ထိမ်လား၊ မြူလား၊ ၅။ သန်းခေါင်ကို နေ့မှတ်ပါလို့၊ ၆။ ဆီမီးထွန်းချိန်၊ ပန်းပျိုးချိန်၊ ၇။ ရွှေတံခါးကြီးဖွင့်ပါ ဦး၊ ၈။ မိုးမလင်းသောည၊ ၉။ ကောက်ပင်တစ်ရေးနိုး၊ ၁၀။ ရိုးပြတ်ကွင်းမှ တောက်ခေါက်သံ၊ ၁၁။ အမိရွှေ သက် တေးပုခက်၊ ၁၂။ အရှုပ်တော်ပုံ စာနှစ်စောင်၊ ၁၃။ ပွဲပြန်ကြော့ကြော့၊ ၁၄။ ရွှေဖိနပ်ကို ရုပ်တိုက်စီး မယ်၊ ၁၅။ ချစ်လုလုငေး၊ ၁၆။ အခါသကြန်၊ ၁၇။ ချစ် သူလျှို၊ ၁၈။ ကိုးဆယ်ဆသာလိမ့်မယ်၊ ၁၉။ ဖွတ်ချစ် မယ်၊ ၂၀။ တောင်ကညို ပြုံတော့မယ် စသည်တို့ဖြစ် ပါသည်။

ပြဇာတ်တိုင်း၊ ပြဇာတ်တိုင်း၌ တိုင်းရင်းသားစည်း လုံးညီညွတ်ရေး၊ မောင်နှင့်နှမ၊ သားနှင့်အမိ ကြည့်ရှု ရန် သင့်လျော်သော ပြဇာတ်အခန်းများ၊ တိုင်းရင်းသား ချစ်ကြည်ရေး၊ လူမျိုးအဆင့်အတန်း မခွဲခြားရေး စသည် တို့ဖြင့် ပညာပေးပြဇာတ်များကို ကပြသွားခဲ့ပေသည်။ မြို့တော်သိန်းအောင်သည် သားဖြစ်သူ မောင်မောင် သိန်းအား ပွဲထုတ်၍ ဇာတ်သဘင်တွင် အော်ပရာများ၊ ပြဇာတ်များ၊ နောက်ပိုင်းဇာတ်ထုပ်များ ကပြအသုံး တော်ခံခဲ့ပေသည်။ ဦးလေးဖြစ်သူ ဇာတ်လူရွှင်တော် ကြီး ဦးပေါ်စံမှ ဇာတ်ပို့ခြင်းဖြင့် ကျရာဇာတ်ရုပ်မှ တာဝန် ထမ်းဆောင်၍ တူဖြစ်သူ မောင်မောင်သိန်းအား မှုပ်

www.burmeseclassic.com

ရှင်လောကသို့ မြှင့်တင်ပေးခဲ့သည်။

မြို့တော်မောင်မောင်သိန်း ရိုက်သောရုပ်ရှင်ကား မှာ ကောလိပ်ဂျင်နေဝင်း၊ မေဝင်းမောင်တို့နှင့် ဇမ္ဗူပေါ် လူကျော် ရုပ်ရှင်ကားဖြစ်ပါသည်။ မြို့တော်သိန်း အောင်ကိုယ်တိုင် ရုပ်ရှင်ရိုက်ခဲ့ပါသည်။ တိုင်ပေါ်အလံ စိုက်ချင်ဇာတ်ကားတွင် ပြဇာတ်အခန်း၌ နယ်လီဆန်း နှင့်တွဲကာ မြို့တော်သိန်းအောင်၊ အကယ်ဒမီ ခင်မို့ မို့နှင့် ဒါရိုက်တာ စိတ်နှင့်မာယာ ရုပ်ရှင်ကားကို ရိုက် ခဲ့ပါသည်။ မြို့တော်သိန်းအောင်သည် ပထမဇနီးဖြစ် သူ ကွယ်လွန်၍ ဒုတိယအိမ်ထောင် ဒေါ်အေးကြိုင်နှင့် အိမ်ထောင်ပြုကာ မန္တလေးတွင် ဦးသိန်းအောင်နှင့် ဒေါ်အေးကြိုင်တို့ရသော သားသမီးတို့သည် မြို့တော် သဘင်ကို ဆက်လက်၍ ကပြနေသည်ဟု သတင်းရရှိ ပါသည်။ မြို့တော်သိန်းအောင်အကြောင်းကိုရေးလျှင် ပေါ်စံမပါလျှင် မပြီး။ ထို့အတူ တူဖြစ်သူ ပြဇာတ်ဒါ ရိုက်တာ မောင်ယဉ်အောင် မပါပါကလည်း မဖြစ်နိုင် ပါ။ မြို့တော်သိန်းအောင် ကပြသော ပြဇာတ်များတွင်





မောင်ယဉ်အောင် ဒါရိုက်တာလုပ်၍ ဇာတ်စီးသော ပြဇာတ်များက ပွဲကြည့်ပရိသတ်များအား အသိပညာ အတတ်ပညာ ပညာပေးဇာတ်ထုပ်များ ဖြစ်ကြ သည်။

မောင်ယဉ်အောင်သည် သည်ဘက်ခေတ်တွ ငင်းရေးသားခဲ့သော ကိုးဆယ်ဆသာလိမ့်မယ်ပြဇာ ကို ရုပ်ရှင်ဒါရိုက်တာလုပ်၍ အကယ်ဒမီဆု၊ ဒါရိုက်တာ ဆု မောင်ယဉ်အောင်ရရှိခြင်း၊ မင်းသား သရုပ်ဆော ကျော်ရဲအောင် အကယ်ဒမီရရှိခြင်း၊ လူရွှင်တော် ဦး မိုးဒီ အကယ်ဒမီရရှိခြင်း၊ ဇာတ်ကားဆုရရှိခြင်း ရို ပြနိုင်သော ဒါရိုက်တာဖြစ်သည်။ မြို့တော်ဦးသိ အောင်နှင့် ပေါ်စံတို့ ကွယ်လွန်သွားသော်လည်း မြို့ တော်၏ ပြဇာတ်များ၊ သီချင်းများ ကမ္ဘာဆုံးတို (သို့မဟုတ်) တစ်သက်တာ ဘဝဇာတ်လမ်း မှတ်တမ်းများ ကျန်ရစ်ခဲ့မည်ဟု အနုပညာမှ တမ်းပြုလျက် မှုခင်းအမြင်မဂ္ဂဇင်းမှ ဂုဏ်ပြုစီစဉ်ပေ သားလိုက်ရပါကြောင်း။ ။

ရွှေမန်းထွန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## သတင်းထောက်ကြီးရဲ့အမေ

**ရေနဂါး**

"မိအေး.....ညည်းနှယ်အေ မှန်ရှေ့ကကို မခွာဘူး"

မိခင်ဖြစ်သူက သမီးဖြစ်သူ မိအေးအား အမြင်မတော်၍ ကျီစယ် ပြောဆိုလေ၏။ သမီးဖြစ်သူ မိအေး ကလည်း လုပ်နေကျ၊ ပြောနေကျ အတိုင်း ပြောလေ၏။

"အမေကလည်း သမီး မင်းသမီးဖြစ်ရင် အမေ့ကို အိမ်ဦးခန်းမှာ ထားပြီး လုပ်ကျွေးမှာ အမေရဲ့"

"ညည်းအနေနဲ့ မင်းသမီးဖြစ်ဖို့ ခဏထား ဦး၊ ဒီခေတ်မှာ သတင်း ထောက်ပဲဖြစ်အောင် အရင် လုပ်ဦး၊ ဘွဲ့ရပြီး ဘာမှမလုပ်ဘဲ ဒီအတိုင်း တော့ မနေနဲ့အေ"

မိခင်ဖြစ်သူ၏ဆန္ဒကို မလွန်ဆန်နိုင်သော မိအေးတစ်ယောက် မခံချင်စိတ်ဖြင့် သတင်းထောက် တစ်ယောက်ဖြစ်ဖို့ အရေးကြီးနေ၍ သူငယ်ချင်း ဝဏ္ဏထံ ဖုန်းဆက်၍ မေးခဲ့၏။

"ဟယ်လို....."

"ပြောပါ"

"ကိုဝဏ္ဏလား"

"ဟုတ်တယ် မိအေး၊ နင် ဘာ အခက်အခဲရှိလို့လဲ"

"အေး.....ငါ နင့်ဆီက အကူအညီ တောင်းချင်လို့ပါ"

"ပြောလေ၊ ဘာကူညီရမလဲ"

"ငါ သတင်းထောက် လုပ်ချင်လို့၊ နင်ကသတင်းထောက် ဆိုတော့ ငါ့ကို နည်းနည်းလောက် သင်ပေးပါလား"



"ရပါတယ် မိအေးရယ်၊ ငါတို့က သူငယ်ချင်း တွေပဲ နောက်တော့"

"ဟဲ့ကောင်...နောက် တော့ဆိုတဲ့ စကားလုံးကို မသုံးနဲ့နော်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ နောက်တော့ဆိုတဲ့ အဓိပ္ပာယ်နောက်က နင် ဘာပြောချင်သလဲဆိုတာ သိတယ်"

"အလကားစတာပါ


www.burmeseclassic.com

www.burmeseclassic.com



မိအေးရယ်၊ နင့်အမေ မသိစေနဲ့”

“တော်ပြီ.....တော်ပြီ”

မိအေးက ဖုန်းကို စိတ်ဆိုး တကြီး ပိတ်လိုက်၏။

♛♛♛♛

မိုးအကုန်၊ ဆောင်းအကူး မြူမှုန်ကွဲစ ဆောင်းရာသီ၏ အရိပ်အာဝါသကို စတင်ခံစားလိုက်ရ၍ လူတိုင်းအတွက် အအေးဓာတ်က အတွေ့တစ်မျိုးဖြစ်စေခဲ့၏။

နံနက်ခင်းတွင် မိအေးတစ်ယောက်လည်း ဆောင်းရာသီ၏ အရသာကို အနှစ်တုရင်း သတင်းထောက်ဖြစ်ဖို့ ကြိုးပမ်းနေရသည်။

“ဟဲ့.....မိအေး၊ အစောကြီး ရေတွေ ထချိုးနေပါလား၊ အအေးပတ်ဦးမယ်”

ဆောင်းနံနက်၌ ရေချိုးနေသော သမီးကိုကြည့်ရင်း မိခင်ဖြစ်သူက လှမ်းမေးလိုက်သည်။ မိအေးက အမေ့စကားကို ပြန်ပြောလိုက်၏။

“အမေပဲ သတင်းထောက်တစ်ယောက် ဖြစ်စေချင်တယ်ဆို၊ အခုဂျာနယ်တိုက်တစ်ခုမှာ သတင်းထောက်အလိုရှိတယ်ဆိုလို့ သွားလျှောက်မလို့”

“ဝါသနာပါမှပဲ လုပ်ပါအေ၊ ဘယ်ဟာမဆို ဝါသနာမပါရင် ဘာ မှမဖြစ်ဘူး”

“ဟုတ်ကဲ့ပါအမေ၊ သမီး ဖြစ်အောင်လုပ်ပါ့မယ်”



မိအေးတစ်ယောက် ရေချိုး၊ အဝတ်အစားဝတ်ဆင်ပြီးနောက် မိခင်ဖြစ်သူအား ရှိသေစွာ ရှိခိုးပြီး ဘုရားအား ဦးတိုက်ကာ နေအိမ်မှ ထွက်လာခဲ့၏။ ကားဂိတ်သို့ရောက်သောအခါ မထင်မှတ်သော နမော်နမဲ့ဖြစ်ရပ်ကြောင့် စိတ်ရှုပ်ထွေးစရာ ကြုံခဲ့ရသည်။

“ဟာ.....သွားပါပြီဗျာ၊ ကျ
တော့်ခြေထောက်တွေ ညစ်ပ
ကုန်ပြီ”

မိအေးမှာ စာပေတိုက်
ကပျာကယာ ထွက်လာရာ က
ဂိတ်၌ ကားစောင့်နေသူတစ်ဦး
ခြေထောက်အား ဒေါက်ဖိနပ်
ချွန်ဖြင့် တက်နင်းမိခြင်းဖြစ်လေ

“ဆောရီးနော်၊ မတော်လို့

“ခင်ဗျားတို့
လိုက်ရင်တော့
အတိုင်းပေါ့ဗျာ၊
ကလေးနဲ့ယောက်
လေးဆိုတော့အ
ပေးရမှာပေါ့ဗျာ၊
တယ်...ရပါတယ်

အနင်းခံရသူ
မကျေမနပ်ဖြင့်
ရင်း စိတ်ဆိုးတ
ဖြစ်နေခဲ့၏။

♛♛♛♛

ဂျာနယ်တိုက်ရှေ့သို့ရော
သော် သတင်းထောက်အ
သည်ဟူ၍ရေးထားသော
ဘုတ်ကြီးရှေ့သို့ မိအေးရော
သွားသည်။

ဘေးပတ်ဝန်းကျင်သို့
ကြည့်လိုက်တော့ လိုမြဲ
ထမ်းအား တွေ့သွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ရောက်၊ မေးမြန်းရန် အပေါက်နားသို့ ရောက်သွားခဲ့မိသည်။ ထိုသို့ သွားစဉ် ခလုတ်တိုက်မိသဖြင့် ဆလင်းဘက်အိတ်တခြား၊ လူ တခြား ဖြစ်ကုန်၏။ လုံခြုံရေး ဝန်ထမ်းက ကူညီရန်ပြေးလာစဉ် မိအေးက ရှက်ကိုးရှက် ကန်းဖြင့် အကူအညီမလို ကြောင်း ပြောလိုက် သည်။

"အို.....ရတယ်..... ရတယ်"

လုံခြုံရေးဝန်ထမ်းက မိအေးကို အကဲခတ်မိသွား ၏။

ရှက်စိတ်ဖြင့် အကူ အညီပေးမည့်သူကို ငြင်း ဆယ်နေခဲ့မှန်း သိသွား ခဲ့၏။ အကူအညီမပေးဘဲ ရပ် ကြည့်နေလိုက်၏။

"ဩော်.....ကားဂိတ် မှာတုန်းက ကျွန်တော့် ခြေထောက်ကို တက်နင်း တဲ့ မချောပဲ"

လုံခြုံရေးဝန်ထမ်းထံမှ ရေရွတ်သံကြားရတော့ မိအေးမှာ ရှက်စိတ်နှင့်အတူ ဒေါသထွက်သွားလေ၏။

"ဒီမယ်....ရှင်က ကျွန်မကို ကူညီတာ ကလဲ့စားချေတာပေါ့ လေ"

"မဟုတ်ရပါဘူး အစ်မလေး ရယ်၊ အစ်မလေးပဲ ရတယ်ဆိုလို့"

♛♛♛♛

သတင်းထောက်များ



လျှောက် ထားရန် အခန်းတွင်း၌ လူများ ပြည့်ကျပ်နေ၍ မိအေးမှာ ဝဏ္ဏအား သတိရမိ၏။ သတင်းထောက်များအား ဗဟုသုတနှင့် ပညာအရည်အချင်းအား စစ်မေးသော်လည်း ပညာအရည်အချင်းကို အကန့်အသတ်မရှိသလို ဗဟုသုတပိုင်းကိုလည်း အကန့်အသတ်မထားကြောင်း ပြောဆိုသံများကြားရ၍ မိအေးမှာ အားတက်သွားလေ၏။

"ဟဲ့.....မိအေး"

အလန့်တကြား ခေါ်လိုက်၍ လှည့်လိုက်မိ၏။ တစ်ဖက်မှ ခေတ်ဘူးကိုင်ထားသောသူအား တိုက်မိသလို ဖြစ်သွားခဲ့သဖြင့် ခေတ်ဘူး ကိုင်လာသူ၏လက်ထဲမှ ခေတ်ဘူးနှင့် ဖန်ခွက်များမှာ သံမံတလင်းပေါ် ပြုတ်ကျသွားခဲ့လေတော့၏။

"ဟာ.....သွား..... သွားပါပြီဗျာ၊ ဖန်ခွက်တွေလည်းကွဲကုန်ပြီ"

"ကျွန်မ ပြန်လျော်ပေးပါ့မယ် ရှင်၊ မတော်လို့ပါ"

မိအေးက ပျာပျာသလဲ ပြောဆိုပြီး ဖန်ခွက်များအားလက်နှင့် လိုက်ကောက်နေလေ၏။

♛♛♛♛

ထိုအချိန် အယ်ဒီတာအခန်းမှ အသံတစ်သံ ထွက်လာလေ၏။

"မမိအေး"

"ဟုတ်.....ရှိ"

သတင်းထောက်များ၏မျက်

www.burmeseclassic.com

များက မိအေးထံ စုပုံရောက်လာကြ၏။ လက်တွင်လည်း ဖန်ခွက်အကွဲများအား ကိုင်ထားကာ သူမအားခေါ်သည့် အခန်းထဲသို့ ထိုအတိုင်း ဝင်သွားလေ၏။

"ဟုတ်ကဲ့ရှင့် ကျွန်မ မမိအေးပါ"

မိအေးမှာခေါင်းလေးငုံ့၍ အရိအသေပေးဟန်ဖြင့် မိတ်ဆက်လိုက်၏။

အယ်ဒီတာဆိုသူက မိအေးအား မေးခဲ့၏။

မိဘအမည်အား စတင်မေးမြန်းလေ၏။ မေးမြန်းသောအသံများတွင် ရယ်နေသောအသံ ပါနေသည်ကို မိအေးသတိမထားမိ။ သူမ၏လက်ထဲတွင်ကိုင်ထားသော ဖန်ခွက်များ လက်အားမထိရေးအတွက်သာ ဂရုစိုက်နေရ၏။

"ကျွန်မရဲ့ မိဘများက ဘုန်းကြီးကျောင်းသွားနေတယ်ရှင့်"

ထိုအခါ ဘေးနားတွင် ရပ်နေသော ရုံးလုလင်က ကူညီပြီး ပြောပေးခဲ့ရ၏။

"အစ်မလေး...အစ်မလေးရဲ့ မိဘအမည်ကို မေးနေတာ"

"ဟုတ်ကဲ့ရှင့်၊ မှားလို့၊ ဦးခွက်နဲ့ ဒေါ်ကွဲပါ"

မိအေးက အယောင်ယောင်အမှားမှားဖြင့် ဖြေလိုက်မိရာ အယ်ဒီတာဆိုသောလူက ရယ်ပြီး ရှက်နေသော မိအေးအား ခေါင်းမော့ခိုင်းလေ၏။

"ဟင်.....ဝဏ္ဏ"


သူ့ကြောင့် ဖန်ခွက်တွေ ကုန်သည်။ ထိုစဉ်က မိအေးသည် နောက်ကခေါ်သံကို လှည့်ကြည့်မိ အင်္ကျီအရောင်သာ လှစ်ခနဲ တွေ့ လိုက်ရ၍ လိုက်ရှာရာ မတွေ့သ ရှက်ရှက်ဖြင့် ဖန်ခွက်ကွဲတွေကို အ တာဗျူးအခန်းထဲထိ ကိုင်လာ မိခြင်းဖြစ်၏။

အခုတော့ သူက အယ်ဒီတာ တွေ့မယ်.....တွေ့မယ်။ မိအေး အကြောင်း ကောင်းကောင်းဖြ မယ်ဟု တွေးရင်း မိအေးတ ယောက် အကြံထုတ်လိုက်လေ၏။

"အား.....ကျွတ်...ကျွတ်"

မိအေးက အလန့်တကြ အော်ဟစ်ရင်း ခန္ဓာကိုယ်ကို လဲ လိုက်၏။

"ဟာ.....ဘာဖြစ်သွား မသိဘူး၊ ဆေးရုံကို ပို့ဖို့လုပ်ပါ ငါ့သူငယ်ချင်းကို"



♛♛♛♛

ဆေးရုံရောက်တော့ မိအေး သူမ၏မျက်လုံးအား ဖွင့်ကြ လိုက်လေ၏။ ညနေအချိန် ညနေ ၆ နာရီထိုးနေပြီ။

"ဟင်...သူငယ်ချင်း မိအေ သတိရလာပြီလား"



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံကားပေါ်မှ အောက်သို့ တွန်းလှည်းဖြင့်ချစဉ် မိအေးတစ်ယောက် လှည်းပေါ်၌ ငုတ်တုတ်ထိုင်လေ၏။ ဝဏ္ဏအား မိအေးမှ မျက်စောင်းထိုး၍ ဆောင့်ကြီးအောင့်ကြီးဖြင့် ဖြေလိုက်၏။

"ဟုတ်တယ်၊ သတိရလို့ ထထိုင်တာပေါ့၊ တခြားတော့ မထင်နဲ့နော် ငါ့မိဘတွေ အခုချိန်ဆို ဘုန်းကြီးကျောင်းက ပြန်လာတဲ့ အချိန်မို့လို့ ပြောတာ"

ဝဏ္ဏတစ်ယောက် မိအေး၏ လှည့်စားမှုကို ခံလိုက်ရမှန်း သိလိုက်၍ နဖူးနဲ့လက်ရိုက်လိုက်မိလေ၏။

မိအေးအား လှည်းပေါ်တင်ပြီး တွန်းလှည်းတွန်းပေးနေသူက ပြန်လှည့်ရန် ပြောလိုက်၏။ တာဝန်ကျဆရာဝန်ကလည်း သဘောပေါက်သွား၍ လှည်းအားပြန်လှည့်ရန် ပြောသဖြင့် မိအေးတစ်ယောက် လှည်းပေါ်၌ ပြန်လှဲနေလိုက်စဉ် တာဝန်ကျဆရာဝန်အား စကားပြောလိုကြောင်း ပြောသဖြင့် ဆရာဝန်က ပြောရန် မိအေးအား ခွင့်ပြုလေ၏။ မိအေးက လေသံဖြင့် ပြောပြနေခဲ့၏။ ဝဏ္ဏက အကဲခတ်နေလေ၏။ ဒေါက်တာမှ ခေါင်းလေးညိတ်ပြပြီး လှည်းနားမှ ထွက်သွားလေ၏။

♛♛♛♛

**မိအေးအားလှည်းပေါ်တင်ပြီး**
**တွန်းလှည်းတွန်းပေးနေသူကပြန်လှည့်ရန်ပြောလိုက်၏။**
**တာဝန်ကျဆရာဝန်ကလည်းသဘောပေါက်သွား၍**
**လှည်းအားပြန်လှည့်ရန်ပြောသဖြင့်**
**မိအေးတစ်ယောက်လှည်းပေါ်၌ပြန်လှဲနေလိုက်စဉ်**
**တာဝန်ကျဆရာဝန်အား....**

တံခါးအား တွန်းဖွင့်သံကြား၍ မိအေးခေါင်းအား လှည့်လိုက်လေ၏။

"ကဲ....မိအေး နေကောင်းသွားပြီလား၊ ဘာမှမဖြစ်ဘူးလို့ သာပြောတယ် အခုတော့ သွေးတောင်သွင်းရပါလား"

ထိုအချိန်တွင် မိအေး၏အခန်းထဲသို့ ဝဏ္ဏဝင်လာ၏။ မိအေးက လှမ်းတွေ့သော်လည်း ဝဏ္ဏက ကျောပေးထား၍ မတွေ့။ မိအေးနှင့် နီးစပ်ရန် စကားလမ်းကြောင်းအား စဉ်းစားနေ၍ အမျိုးသမီးဒေါက်တာက ချောင်းဟန့်ပြီး စကားစလိုက်သည်။

"သြော်...ကိုဝဏ္ဏလားရှင့်"

"ဟုတ်ကဲ့၊ ကျွန်တော်ဝဏ္ဏပါ၊ ---ဂျာနယ်တိုက်က အယ်ဒီတာတစ်ယောက်ပါ"

"သြော်...ဟုတ်လား ကိုဝဏ္ဏ မနေ့က သွေးလှူခဲ့တာ အရမ်းကျေးဇူးတင်လိုက်တာရှင်"

အမျိုးသမီးဆရာဝန်က ဝဏ္ဏကို ကျေးဇူးတင်စကားပြောပြီး မိအေးဘက်သို့လှည့်၍ ပြောပြလိုက်၏။

"ကဲ....မိအေး နင့်အသက်ကို ငါ့သွေးနဲ့ကယ်လိုက်တာ"

"ဟို.....ဟို"

မိအေးကနားမလည် မေးမည်ပြုစဉ် ဝဏ္ဏက ဆရာဝန်ကို ရှင်းပြပေးပါရန် မေတ္တာရပ်ခံလိုက်၏။

"ဒေါက်တာ ရှင်းပြလိုက်ပါဦး"

မိအေးက ထပ်မံ၍ တောင်းဆိုလိုက်၏။

မိအေးက သူ၏လှည့်ကွက်ကို ဝဏ္ဏခံသွားရသည်ဟု သိရှိစေလိုသောဆန္ဒဖြင့် ဂုဏ်ယူစွာ ဒေါက်တာအား ရှင်းပြစေလေ၏။

"ဒီလို ကိုဝဏ္ဏရဲ့၊ မမိအေးက



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံကိုရောက်တော့ ကျွန်မတို့ အနေနဲ့ အားလုံးစမ်းသပ်တဲ့အခါ အားလုံးကျန်းမာတယ်ရှင့်၊ ဘေး အခန်းက လူနာက သွေးလိုတော့ ကိုဝဏ္ဏရဲ့သွေးအမျိုးအစားကို သိ နေတဲ့ မမိအေးက ဒေါက်တာ့ကို ပြောတယ်၊ ကိုဝဏ္ဏကလည်း သွေး လှူလေ့ရှိတယ်လို့ ကြားရတယ်၊ အဲဒါ နဲ့ ဒေါက်တာ လည်း မစဉ်း စားတော့ဘဲ အဲဒါ.....''

"ရပါတယ် ဒေါက်တာ ဒါနဲ့ လူနာကို တစ် ချက်လောက် ကြည့်လို့ရမလား''

''ရပါတယ်၊ ကြွပါရှင်''



♛♛♛♛

''ဟင်.....မမြ ကြည်''

"ဟုတ်ပါတယ်၊ ကျွန်မ မမြ ကြည်ပါ''

"ငါ မင်းကို လာရှာသေး တယ်၊ မတွေ့တာနဲ့''

မမြကြည်နှင့်ကိုဝဏ္ဏတို့ တွေ့ ဆုံစကားပြောနေကြ၏။ ထိုစဉ် မမိအေးက ကိုဝဏ္ဏတို့၏နောက်မှ မယောင်မလည်ဖြင့်လိုက်သွားကာ နားထောင်ခဲ့၏။ အကြောင်းစုံ သိရ၍ အခွင့်ကောင်းယူကာ ပြော ပြလိုက်၏။

သူမနှင့် ဝဏ္ဏတို့ ချစ်သူဖြစ် ကြောင်း ပွင့်ပွင့်လင်းလင်း မရှက် စတမ်း ပြောပြခဲ့၏။

"ဒီမှာရှင့် ကျွန်မနဲ့ ကိုဝဏ္ဏ တို့က မကြာခင် လက်ထပ်တော့ မှာရှင့်၊ အဲဒါလေးသိဖို့ ပြောပြလိုက် ချင်တယ်''

"ရပါတယ် ငါ့ညီမရယ် ငါလ ကိုဝဏ္ဏနဲ့ မတွေ့နိုင်အောင်ဖြစ်ခဲ့လ သူ့ကိုမစောင့်ဘဲ အိမ်ထောင် ပြုလိုက်တယ်လေ ငါ့ညီမတို့ ချစ်သူ နှစ်ဦး လျှောက်မယ့်လမ်း ဖြောင့်ဖြူ ပါစေလို့ အစ်မ ဆုတောင်းပေးခဲ့ တယ်''

မိအေးတစ်ယောက် ပြော လိုက်ပြီးမှ ဝဏ္ဏထံ မကြည့်ရဲ ဒုတိယအကြိမ် ခေါင်းငိုက်ကျသွ ရပြန်သည်။ သတင်း ထောက်တစ်ဦးလ သတင်း ထော လှမ်းရင်း အနိုင်ယ ပြလိုက်၍ ဖြစ်၏။

ယင်းအချိန် မိအေ ၏မိခင်ရောက် လာ မိအေးအား တက်သွ ပြီး အားမလိုအားမရ သူမ၏အမေကို လှ ခေါ်လိုက်၏။

"အမေ.....အမေ တော့ အမေဖြစ်စေချင် သတင်းထောက်ကြီးခဲ့ အမေဖြစ်ပြီ အမေရဲ့''

မိအေးက ပြောလည်းပြော ငိုလည်းငိုရင်း မိခင်အား ဖက်ထား လေ၏။

**ရေနံ**

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

နိုင်မျိုးသစ္စာ (နှမ်တူး)

# ပုံပြင်ထဲက ကုလားအုတ်





www.burmeseclassic.com

www.burmeseclassic.com





# ပုံပြင်ထဲက ကုလားအုတ်

နိုင်မျိုးသစ္စာ (စမ္ပတူ)

ကမ္ဘာကျော် ပုံပြင်လေး တစ် ...ပါ။

တစ်ခါတုန်းက အပြင်ဘက်မှာ ...န်တိုင်းတွေကျနေပြီး အအေး ... လွန်ကဲလှတာကြောင့် နားခို ...နေတဲ့ ကုလားအုတ်တစ် ...င်ဟာ တဲအိမ်ကလေးတစ်လုံး ...မှာရပ်နေပြီး အိမ်ရှင်ထံ အိမ် ...ကိုဝင်ခွင့်ပြုဖို့ ခွင့်တောင်းသတဲ့။

အိမ်ရှင်က သူရဲ့ အိမ် ... သေးငယ်လှတာကြောင့် ...ခွင့်ပြုဖို့ မဖြစ်နိုင်ပါဘူး ... ပြောတဲ့အခါ ကုလား ...က တစ်ကိုယ်လုံး မဝင် ...င်နေပါစေ၊ နှာခေါင်း ...ကျ မတတ်အေးခဲနေ ...မို့ နှာခေါင်းလေးကို ... ဝင်ခွင့်ပြုပါလို့ တောင်း ...ဘယ်။

အိမ်ရှင်ကလည်း ...တာနဲ့ ဝင်ခွင့်ပြုလိုက်သတဲ့။ နှာခေါင်း လေးဝင်ခွင့်ရပြီး ပြန်တော့မထူးပါဘူး၊ ခေါင်းတစ် ခေါင်းလုံးဝင်ခွင့်ပြုပါလို့ တောင်း ပန်သတဲ့။ ဒီလိုနဲ့ ခေါင်းဝင်၊ ခေါင်း ဝင်ပြီးတော့ ညာဘက်လက် တစ်ဖက် ကိုလည်း ဝင်ခွင့်ပြုပါလို့ ထပ်ပြီး တောင်းဆိုပြန်ပါရော။ အိမ် ရှင်က ကရုဏာ စိတ်နဲ့ခွင့်ပြုပြန် သတဲ့။ ကုလားအုတ်က တစ်ဆင့် တက်လို့ ဘယ်လက်ကလေးပါ ဝင်ခွင့်ပြုပါလို့ ထပ်ပြီးတောင်း ဆိုပြန်တော့ အိမ်ရှင်ကလည်း ဘယ်ဘက်လက် တစ်ဖက်ထပ် ဝင်ရုံနဲ့တော့ မထူးလောက်ပါဘူး ဆိုပြီး ခွင့်ပြုပြန်တယ်။ အခွင့် အရေးသမား ကုလားအုတ်ဟာ ဘယ်ဘက်လက် တစ်ဖက်တင် မကဘူး၊ တစ်ကိုယ်လုံးပါ တိုးဝင် လိုက်တော့ အိမ်ရှင်ရဲ့တဲ အိမ် လေးဟာ ပြိုကျပျက်စီးသွားရ တော့တာပေါ့။ တော်တော်ဆိုးတဲ့ ကုလားအုတ်။



အဲဒီပုံပြင်ထဲကလိုပါပဲ။ ယခု ကြုံရပြီလေ။ ကုမ္ပဏီရဲ့ ငွေအဝင် အထွက်စာရင်းတွေကို ရေး ဆွဲနေတုန်း အသံကြားလို့ မော့ကြည့်လိုက်တဲ့အခါ ကျွန်တော့်ရှေ့မှာ လက်ဆွဲ အိတ်တစ်လုံးနဲ့ လူငယ်တစ် ယောက်၊ ဒီတော့မှ ကုမ္ပဏီ ပိုင်ရှင် ဦးမင်းသူရ မနက်က ဖုန်းဆက်ထားတာကို သတိရမိတော့တယ်။

“ကိုသစ္စာ.....ခင်များ ဆီကို ကျော်ဇောဆီက

www.burmeseclassic.com

ကောင်လေးတစ်ယောက်
ကျွန်တော်လွှတ်လိုက်တယ်၊ ဘွဲ့ရ
ပြီးသား၊ တရုတ်စကားလည်း
တတ်တယ်ဆိုတော့ ခင်ဗျား
အတွက် အထောက်အကူဖြစ်မှာပါ”
ကျွန်တော်တို့ “အောင်
မြင်သူ” ကုမ္ပဏီ
က ကုန်ပစ္စည်း
တွေကို တစ်ဖက်
နိုင်ငံ ကျယ်ဂေါင်
မြို့မှာရှိတဲ့ ဂိုဒေါင်
မှာ သိုလှောင်ထား
တယ်။တရုတ်ကုန်
သည်တွေ ကုန်
ပစ္စည်းတွေ လာ
ယူတော့မှဘောက်
ချာဖြတ်၊ ငွေလက်
ခံတယ်။ လုပ်ငန်း
သဘောအရ
တရုတ်လူမျိုးတွေနဲ့
မလွှဲမရှောင်သာ
ဆက်ဆံရတာမို့
တရုတ်စကားတတ်ကျွမ်းတဲ့ ဝန်
ထမ်း တစ်ယောက်ရှိမယ်ဆိုရင်
ကျွန်တော့်အတွက် အားတစ်ခုပေါ့။
ကုမ္ပဏီပိုင်ရှင် ပြောခဲ့တဲ့စကားတွေ
ကို ပြန်လည်ကြားယောင်မိပါ
တယ်။

“အေးကွ.....မနက်က ဦးမင်း
သူရ ဖုန်းကြိုဆက်ထားတယ်၊ နေ
မျိုးရေ...ကျော်ဇောအတွက် နေရာ
စီစဉ်ပေးပါဦး၊ ကဲ.....ညီလေးရေ
သူနဲ့လိုက်သွား၊ အေးအေးဆေး
ဆေး နားလိုက်ဦး”

“ဟုတ်ကဲ့ အစ်ကို”

ဦးမင်းသူရက မန္တလေးမှာပဲ
အနေများပြီး တစ်ခါတစ်ရံမှသာ



မူဆယ်ကို တက်လာတတ်
တာမို့ မူဆယ်လုပ်ငန်းအပိုင်းကို
တာဝန် ခံမန်နေဂျာဖြစ်တဲ့ ကျွန်
တော့်ကိုပဲ လွှဲအပ်ထားတယ်။

ကျွန်တော် အကဲခတ်ရ
သလောက်တော့ မောင်ကျော်ဇော
က မဆိုးရှာပါဘူး။ ရည်ရည်မွန်မွန်
ရှိသလို ကျွန်တော့်အပေါ် ဆက်ဆံ
တာလည်း ကျိုးကျိုးနွံနွံ ရှိပါတယ်။
တာဝန်ပေးတဲ့ အလုပ်ကိုလ
ကျေပွန်အောင် လုပ်ရှာပါတ
သူ ရောက်လာတော့လည်း တ
စကားမတတ်တဲ့ကျွန်တော့်အ
တရုတ်ကုန်သည်တွေနဲ့ လု
စကားပြောရတာ အဆင်ပြေ
တာပေါ့။

တစ်ခု
ရှိတယ်။ ဒီ
လေးက
ကလေးကို
တော့ ခပ်ရှ
ရယ်။ နေတ
တာကလ
စတိုင်ကျကျ
သပ်ရပ်ရပ်၊
လည်း မိန်းက
တွေ သ
ကျလောက်တ
မျိုး ဆိုတော့
လောက်စ
လေ။
တော်က
လုပ်ငန်
မထိ
ရင်ပြီး ရောဆိုပြီး နား
မှုပေးခဲ့ပါတယ်။

ဒီကောင်လေးရောက်ပြီး
လလောက်မှာ ကုမ္ပဏီရဲ့
စာရင်းချုပ်တယ်။ ကုမ္ပဏီ
တွေကို ဘောနပ်(စ်)ပေးဖို့



www.burmeseclassic.com

www.burmeseclassic.com

တွက်တော့ ဒီကောင်လေးနဲ့ပတ်သက်ပြီး ဦးမင်းသူရက မေးတယ်။

"ကိုသစ္စာ.....ကျော်ဇောက ရောက်တာ မကြာသေးဘူးဆိုတော့ ဘောနပ်(စ်)ပေးဖို့၊ မပေးဖို့ ခင်ဗျားသဘောပဲ"

"ကျော်ဇောက အလုပ်ကြိုးစားရှာပါတယ်၊ ကျွန်တော်ကတော့ သူ့ကိုပါ ဘောနပ်(စ်)ပေးဖို့ ထည့်တွက်စေချင်ပါတယ်"

ကျွန်တော့်ရဲ့ သဘောထားတစ်ခုတည်းနဲ့ ဦးမင်းသူရက ကျော်ဇောကို ဘောနပ်(စ်)ပေးဖို့ လက်ခံလိုက်ပါတော့တယ်။

ဘာလိုလိုနဲ့ ကျော်ဇောတစ်ယောက် မူဆယ်ကိုရောက်တာ တစ်နှစ်ကျော် နှစ်နှစ်နီးပါးရှိလာပြီလို့ ဆိုရမှာပေါ့။ လုပ်ငန်းရဲ့ သဘောသဘာဝတွေကိုလည်း အတော်အတန် သိကျွမ်းနေပြီး တရုတ်ကုန်သည်တွေဆီက ကုန်ဖိုးတွေကောက်ခံရရှိရေးကိုလည်း သူ့ကိုပဲ တာဝန်ပေးထားတယ်။

ကုမ္ပဏီလုပ်ငန်းရဲ့ ငွေနဲ့စာရင်းကိုတော့ ကျွန်တော်ကပဲ ထိန်းသိမ်းထားတယ်။ လုပ်ငန်းကိစ္စအတော်များများကိုတော့ ကျော်ဇောကိုပဲ မျက်နှာလွှဲထားလိုက်ပါတယ်။ မိန်းကလေးတွေဆီ မကြာခဏ ဖုန်းဆက်တာ၊ အနှိပ်ခန်း မကြာခဏ သွားတာတွေကိုတော့ လူကြီးပီပီ မသိကျိုးကျွန်ပြုရတာပေါ့။

အချိန်တွေကြာမြင့်လာတာနဲ့အမျှ ကျော်ဇောရဲ့စိတ်တွေလည်း ပြောင်းလဲလာတော့တယ်။ တရုတ်ကုန်သည်တွေနဲ့ ဆက်ဆံဖို့အတွက် ကုမ္ပဏီမှာ သူမရှိရင်မဖြစ်ဘူးဆိုပြီး စိတ်ကြီးဝင်လာတယ်။ ကုမ္ပဏီရဲ့ ငွေတွေ၊ စာရင်းတွေအားလုံးကို ထိန်းသိမ်းကိုင်တွယ်ထားရ၊ စီမံကွပ်ကဲရတဲ့ ကျွန်တော့်ရဲ့တာဝန်ခံမန်နေဂျာနေရာကိုလည်း မျက်စောင်းထိုးလာတယ်။ လောဘစိတ်တွေ ဝင်လာတာနဲ့အမျှ တာဝန်ခံမန်နေဂျာနေရာကနေ ကျွန်တော့်ကို ဖယ်ထုတ်နိုင်ဖို့အရေး ကြံစည်အားထုတ်လာပါတော့တယ်။

ဒီရက်အတွင်း ဦးမင်းသူရနဲ့ ဖုန်းပြောတဲ့အခါ ဦးမင်းသူရရဲ့ လေသံက တစ်မျိုးဖြစ်နေတယ်။ ကျွန်တော့်အပေါ် မယုံကြည်သလိုလို၊ မသင်္ကာသလိုမျိုး လေသံတွေနဲ့။ ကျော်ဇောရဲ့ ပယောဂမှန်း ကျွန်တော် ရိပ်မိလိုက်ပါတယ်။ ဒါပေမဲ့လည်း သူက လက်သီးပုန်းထိုးတာမို့ ကျွန်တော့်ဘက်ကတော့ လက်ဆုပ်လက်ကိုင် မပြနိုင်ဘူးပေါ့။

♛♛♛♛♛

မကြာခင်မှာပဲ ဦးမင်းသူရဟာ သူ့ရဲ့ညီအစ်ကိုဝမ်းကွဲတော်စပ်တဲ့

အချိန်တွေ
ကြာမြင့်လာတာနဲ့အမျှ
ကျော်ဇောရဲ့စိတ်တွေလည်း
ပြောင်းလဲလာတော့တယ်။
တရုတ် ကုန်သည်တွေနဲ့
ဆက်ဆံဖို့အတွက်
ကုမ္ပဏီမှာ
သူမရှိရင်မဖြစ်ဘူးဆိုပြီး
စိတ်ကြီးဝင်လာတယ်။
ကုမ္ပဏီရဲ့ငွေတွေ၊
စာရင်းတွေအားလုံးကို
ထိန်းသိမ်းကိုင်တွယ်ထားရ၊
စီမံကွပ်ကဲရတဲ့.....

www.burmeseclassic.com



ကိုထွန်းပေါက်ဆိုသူကို မှုဆယ်မှာ ကျော်ဇောနဲ့အတူတူ အလုပ်ပူးတွဲ လုပ်ဖို့ဆိုပြီး လွှတ်လိုက်ပါတယ်။ ကျွန်တော့်ကို အလုပ်ကရပ်နား စေတာတော့မရှိသေးပါဘူး။ ကျော်ဇောပြောတဲ့အတိုင်း ဟုတ်၊ မဟုတ် ကျွန်တော့်ကို စောင့်ကြည့်ခိုင်းတဲ့ သဘောဖြစ်မှာပေါ့။ ကိုထွန်းပေါက် ကလည်း ဆရာကြီးစတိုင်လ်နဲ့ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း တော့တာပါပဲ။

ကိုသစ္စာ.....ကုမ္ပဏီရဲ့ငွေစာရင်းတွေ ကျွန်တော်စစ်ဆေးချင်လို့ ကျွန်တော့်ကိုပြပါ''တဲ့။

ကျွန်တော် အရမ်းရယ်ချင်သွားမိတယ်။ ကျွန်တော်က လုပ်ငန်းအပေါ်ကို တိတိကျကျ၊ မှန်မှန်ကန်ကန်လုပ်တဲ့သူ။ ဘာငွေမှ အလွဲသုံးစားလုပ်ထားတာမဟုတ်တော့ တုန်လှုပ်စရာအကြောင်း ဘယ်ရှိလိမ့်မလဲ။ ကြိုက်သလိုသာစစ် ကိုယ့်လူရေပေါ့။

တကယ်တမ်းကျတော့လည်း စာရင်းနဲ့ပတ်သက်ပြီး ဘာမှနားမလည်တဲ့ ကိုထွန်းပေါက်ဟာ ဘာကိုမှလည်း မစစ်ဆေးတတ်ပါဘူး။ ဟိတ်ဟန်လုပ်ရုံပါပဲ။ သူကပြောသေးတယ်။

''ကိုသစ္စာ...ဘာအကြောင်းနဲ့ပဲဖြစ်ဖြစ် ငွေသုံးစရာရှိရင် ကျွန်တော့်ကို အသိပေးပါ၊ ကျွန်တော် မသိဘဲနဲ့လည်း ဘယ်မှမသွားပါနဲ့''

ကျွန်တော်ကလည်း ကျွန်တော့်ကို မယုံကြည်ဘူးဆိုရင် ကုမ္ပဏီအလုပ်က ထွက်တော့မယ်လို့ ဦးမင်းသူရကို ဖုန်းဆက်ပြောလိုက်တယ်။

တကယ်တော့ ဦးမင်းသူရဟာ ကျွန်တော်နဲ့ အချိန်ကာလကြာမြင့်

**ကျွန်တော်**
**အရမ်းရယ်ချင်သွားမိတယ်။**
**ကျွန်တော်က**
**လုပ်ငန်းအပေါ်ကို**
**တိတိကျကျ၊ မှန်မှန်ကန်**
**ကန်လုပ်တဲ့သူ။**
**ဘာငွေမှ**
**အလွဲသုံးစားလုပ်ထားတာ**
**မဟုတ်တော့**
**တုန်လှုပ်စရာအကြောင်း**
**ဘယ်ရှိလိမ့်မလဲ။**
**ကြိုက်သလိုသာစစ်**
**ကိုယ့်လူရေ....**

စွာ အတူလက်တွဲ လုပ်ကိုင်ခဲ့တာမို့ ကျွန်တော့်အပေါ် ယုံကြည်စိတ်ချ ပြီးသား။ ဒါပေမယ့် လူ့ပဖန်များရင် တိုင်ဆိုတာ နဲ့လာတာပဲမဟုတ် လား။ ကျွန်တော် စိတ်ဆိုးနေမှန်း သိလို့ ဦးမင်းသူရက ''ဒီသဘောမျိုး မဟုတ်ရပါဘူးဗျာ''လို့ လေပြည် လေးနဲ့ ပြောရှာတယ်။

ကိုထွန်းပေါက်နဲ့ ကျော် ဇောတို့နှစ်ယောက်ကတော့ တစ်နေ့ တစ်နေ့ ကုမ္ပဏီရုံးခန်းမှာ ကပ်တယ် ရယ် မရှိနိုင်ပါဘူး။ အနိုပ်ခန်းမှာပဲ အချိန်ပြည့်ရောက်နေတတ်တယ်။ နှစ်ယောက်စလုံး ဝါသနာတူတွေ ဖြစ်လို့ အတွဲညီ၊ ဘက်ညီပေါ့။ ကိုထွန်းပေါက်က ကျွန်တော့်ဆီက စာရင်းတွေအမျိုးမျိုးတင်ပြပြီး ငွေ တွေထုတ်တယ်။

ကျွန်တော်ကလည်း စစ်ဆေး မေးမြန်းမနေတော့ပါဘူး။ ထုတ်ပေး လိုက်တာပါပဲ။ အချိန်တန်ရင်တော့ ဘယ်သူမရှိးသားဘူးဆိုတာ ပေါ် လာမှာပဲ မဟုတ်လား။

♛♛♛♛♛

ခုတလော အတွဲညီလှတဲ့ ကို ထွန်းပေါက်နဲ့ ကျော်ဇောတို့ တကွဲ စီဖြစ်နေတာကို သတိထားမိတယ် တစ်ယောက်က အရှေ့ဘက်သွား ရင် တစ်ယောက်က အနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်။ ကျွန်တော်လည်း မသိလိုက် သိဘာသာနဲ့ အကဲခတ်နေလိုက်တယ်။

တစ်နေ့နေ့မှာတော့ သူတို့နှစ်ယောက် ဘယ်လိုဖြစ်ကြတယ်ဆိုတာ ဘူးပေါ်သလို ပေါ်လာမှာပဲပေါ့။ ထင်တဲ့ အတိုင်းပါပဲ။ တစ်နေ့ ကျော်ဇော မရှိတဲ့အချိန်မှာ ကိုထွန်းပေါက်က ပြောလာတယ်။

"ကိုသစ္စာ..... ကျော်ဇောက မကောင်းဘူးဗျ၊ ကိုသစ္စာမသိအောင်ဦးမင်းသူရဆီနဲ့ဆက်ပြီး ကိုသစ္စာက မူဆယ်မှာ မိန်းကလေးတွေနဲ့ ရှုပ်နေတယ်၊ ကုမ္ပဏီငွေ တွေကိုလည်း အလွဲသုံးစားလုပ်နေတယ်ဆိုပြီး ချောက်တွန်းတယ် လေ၊ ဒါကြောင့် ဦးမင်းသူရက ကျွန်တော့်ကို မူဆယ်လွှတ်လိုက်တာ၊ ကိုသစ္စာဟာ ဒီလိုလူစားမျိုး မဟုတ်ဘူးဆိုတာ ကျွန်တော် ကောင်းကောင်းသိသွားပြီ၊ ဦးမင်း သူရကိုလည်း ဒီအကြောင်းတွေ ဖုန်းဆက်ပြောပြလိုက်တယ်"

ထိုနည်းတူစွာပါပဲ။ ကျော်ဇောကလည်း ရင်ဖွင့်လာပြန်တယ်။

"အစ်ကို....ကိုထွန်းပေါက်က စာရင်းတွေလိမ်တင်ပြီး အစ်ကို့ဆီက ငွေတွေထုတ်နေတာ၊ အဲဒီအကြောင်းကို ကျွန်တော် ဦးမင်းသူရကို တင်ပြလိုက်ပြီ"



ကျွန်တော်ကတော့ သူပြောသမျှကို ခေါင်းညိတ်ပြီး နားထောင်ပေးနေလိုက်တယ်။ ကျော်ဇောက ဆက်ပြောတယ်။

"ဒီလူက အချင်းချင်း အပေါ်မှာ စည်းမရှိဘူးဗျာ၊ အနှိပ်ခန်းက နွဲ့နွဲ့ဆိုတဲ့ ကောင်မလေး ကျွန်တော်နဲ့ ငြိနေမှန်းသိရဲ့နဲ့သူက လိုင်းဝင်ပူးတယ်"

ရှူးတာနဲ့ အလိမ်တွေ ပေါ်ကုန်တော့တာပဲ။

အချိန်မကြာလိုက်ပါဘူး။ ဦးမင်းသူရဆီက ညွှန်ကြားချက် ဝင်လာတယ်။

"မူဆယ်က ကုမ္ပဏီလုပ်ငန်းကို ပိတ်သိမ်းလိုက်ပြီ၊ ကိုထွန်းပေါက်နဲ့ ကျော်ဇောတို့ နှစ်ယောက်စလုံး မန္တလေးကို ပြန်လာခဲ့ကြတော့"

ဦးမင်းသူရလည်း အတော် စိတ်ကုန်သွားတယ်ထင်ပါရဲ့။

"အောင်မြင်သူ"ဆိုတဲ့ ကုမ္ပဏီတစ်ခုဟာ ကျော်ဇောဆိုတဲ့ လူတစ်ယောက်ကြောင့် ပြိုကွဲပျက်သုဉ်းသွားပါတော့တယ်။ တော်တော်ဆိုးတဲ့ ကုလားအုတ်..... အဲလေ... ကျော်ဇော။

**နိုင်မျိုးသစ္စာ (နမ္မတူ)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




# စတေးခံမြေစာပင်

ရှင်လွှန်းမယ်

•

မိုးနှောင်းအကုန်၊ ဆောင်းဦး အဝင်မို့ ရာသီဥတုက သာသာ ယာယာရှိသည်ဟု ပြောရမည်သာ။ နမ့်ပေါင်တံတားပေါ်ကကြည့်လျှင် ကြည်လင်စိမ်းမြနေသော ချောင်း ရေကို တွေ့မြင်ရသည်။ တံတား၏ အောက်၌ ရေများတဝေါဝေါ စီးဆင်းနေသော အသံကို ကြားရသော်လည်း ချောင်းရေပြင်ကိုတော့ အရုပ်ဆိုး၊ အကျည်း တန်ခြင်း မဖြစ်စေပါ။

သစ်ပင်၊ တောတောင် များသည် ကြည့်လေရာနေရာ တိုင်းကို စိမ်းစိုအေးမြစေလျက် ရှိသည်။

သောက၊ ပရိဒေဝရှိနေသူဖြစ် သင့်ကစား စိမ်းစိုအုံ့မှိုင်းနေသော တောအလှနှင့် ကြည်လင်အေးမြ နေသော ချောင်းအလှကြောင့် တဒင်္ဂ စိတ်ငြိမ်းချမ်းစေသည်။

“လူဆိုတာ ကိုယ့်ဘဝကို ကျေနပ်ရောင့်ရဲနိုင်ရတယ် မာန် ဟိန်းရဲ့ လုပ်နေရဲ့သားနဲ့ မတိုး တက်သေးရင် အဲဒါ နင့်တိုးတက် ဖို့ ကံမရောက်သေးလို့ပဲ”

စကားသံများက နားထဲဝင် ရောက်လာသည်။ လတ်လတ် ဆတ်ဆတ် ကြားယောင်နေဆဲပါ။

လူတစ်ဦးတစ်ယောက်သည် မတိုးတက်ချင်ဘူးဟုပြောလျှင် လိမ် ညာရာကျပေလိမ့်မည်။ မတိုးတက် ချင်သောသူ၊ မကြီးပွားချင်သောသူ လောက၌ မည်သူရှိမည်နည်း။ သို့ သော်လည်း ထိုတိုးတက်ချင်စိတ် သည် အစွန်းရောက်ခဲ့သဖြင့် ‘ရွှေသမင်အလိုက်များ’ ခဲ့ သော ကျွန်တော့်ရဲ့ဘဝ သည်လည်း ချုံးချုံးကျ ခဲ့ရသည်။



ကျွန်တော်တို့မြတ်ဗုဒ္ဓ သည် ‘မဖို့မပင့်ပဒါ’ လမ်း စဉ်ကို ဟောညွှန်ပြသခဲ့သည်။ အလယ်အလတ် ဘေးသို့မသွေ မဖည်သောလမ်း ဖြောင့်ကို ဦး တည်စေခြင်းဖြစ်သည်။ တင်းလွန်း လျှင်ပြတ်သည်၊ လျော့လွန်း လျှင်ပတ်သည်။ မလျော့မတင်း



www.burmeseclassic.com

www.burmeseclassic.com

စောင်းကြိုးဖြင့်လည်း ဥပမာပေးခဲ့သည်။

ဤသို့မှန်ခဲ့လျှင် ကျွန်တော်သည် နောင်တ,တရားကို ရင်မှာပိုက်ပြီး ယောက်ျားတန်မဲ့ လောကကြီးကို အရှုံးပေး၊ ဥပေက္ခာပြုနေသူတစ်ယောက်သာ ဖြစ်နေတော့သည်။ လောကတွင် မေတ္တာတရားသည် အရေးကြီးဆုံးဟု လူတိုင်းမှတ်ယူကြလေသည်။

မေတ္တာတရားသည် ၅၂၈ တည်း။ ၁၅၀၀ကိလေသာပယောဂ ဘာမှမရောသော သန့်စင်သည့် မေတ္တာတရား။

ဤမေတ္တာတရားကို ကျွန်တော်က သိသိကြီးနှင့် ဥပေက္ခာပြုခဲ့သည်။

"ဝေ့.....ဆရာလုံ၊ မိုးတွေမည်းနေပြီ၊ ပြန်ကြရင်ကောင်းမယ်ထင်တယ်"

ဗမာပင်ဖြစ်သော်လည်း ရှမ်းပြည်နယ်တွင်မွေးသည့်၊ ကြီးပြင်းလာခဲ့ရသည့် ဦးထွန်းမောင်၏လေသံကို ရှင်းလင်းသဲကွဲအောင် အရင်က အားစိုက်နားထောင်ခဲ့ရသည်။ ယခုတော့လည်း ထိုလေသံကို သူကိုယ်တိုင် နားယဉ်လာကာ သူ့ရဲ့အသံပင် တိုင်းရင်းသားသံပေါက်နေသည်ဟု လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများက ပြောကြသည်။

ကောင်းကင်ကြီးက ကြောက်စရာကောင်းအောင် မည်းမှောင်နေသဖြင့် သူတို့တည်းခိုရာ ရိပ်သာဆီသို့ ခပ်သွက်သွက်လျှောက်လာခဲ့သည်။ သို့သော် စိတ်သည် ပုံရိပ်စွဲထင်နေသည့် အတိတ်ဆီသို့ ပြေးသွားလေသည်။

♛♛♛♛♛

"မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ တိုင်းကြားက၊. ထူးခြားလိမ္မာ၊ သည်သာတည့်"

ကျွန်တော်သည် ရှင်မဟာ သာရ၏ ဆုံးမစာကို မျက်စိစုံ ကာ အလွတ်ရသည့်တိုင်အေ ထပ်ခါထပ်ခါရွတ်ဆိုလျက်ရှိသ

"မာန်ဟိန်း....."

ခေါ်သံကိုမကြား။ အသံက ကြီးနှင့် အော်ရွတ်နေဆဲ။

"မှတ်ဖွယ်မှတ်ရာ၊ ထိုထို ဒေါက်.....အမယ်လေးဗျ"

ဆုံးမစာကဗျာလေးသည် စုံအော်သံကြားထဲ ပျောက်ပျက် သည်။ နဖူး၌ ထုပ္ပသွားကာ မ လုံးကိုဖွင့်ပြီး ကြည့်မိလိုက်တေ

"ဘာလို့ ငါ့နဖူးကို ခဲနဲ့ တာလဲ၊ ဒီမှာ စာကျက်နေ မတွေ့ဘူးလား"

'ခင်လေးဖြူ'၏မျက်နှာ အရွယ်နှင့်မလိုက်အောင် မချ ဖြစ်သွားကာ.....

ဆုံးမစာကဗျာလေးသည်သံ စုံအော်သံကြားထဲ ပျောက်ပျက်သွား သည်။
နဖူး၌ ထုပ္ပသွားကာ
မျက် လုံးကိုဖွင့်ပြီး ကြည့်မိလိုက်တော့..




www.burmeseclassic.com

www.burmeseclassic.com

“သိသားပဲ၊ နင့်အသံပြဲကြီးကို အမြင်ကတ်လို့ ပေါက်တာလေ၊ အံ့ဩပါရဲ့ဟယ်၊ နင်တော့မသိဘူး၊ ဒါတော့ နင့်အသံကြောင့် ကျက်စရာ မလိုတော့အောင် အလွတ်ရသွားပြီ”

အဖြူသည် မိန်းကလေး သူငယ်ချင်းများ သိပ်မရှိပေ။ ယောကျ်ားလေးသူငယ်ချင်းများနှင့်သာ သွားလာကစားသည်။ နောက်ပြီး သူတစ်ပါးအပေါ် ဗိုလ်ကျအနိုင်ယူလွန်းသည်။ ခွေးရူးတိုက်တမ်းကစားလျှင် သူဘယ်တော့မှ ခွေးရူးမလုပ်ပေ။ စစ်တိုက်တမ်းကစားလျှင်လည်း သူက စစ်ဗိုလ်လုပ်ချင်သေးကာ ရန်သူလုပ်သူ သူငယ်ချင်းများကို ခဲနှင့် ပေါက်တတ်သေးသည်။ ခပ်ဆိုးဆိုး မိန်းကလေးတစ်ယောက်ဖြစ်သည်။



မိဘများကလည်း ငွေကြေးတတ်နိုင်သူများဖြစ်သဖြင့် အပြစ်မမြင်ကြချေ။ သို့သော် ကျွန်တော့်ကိုတော့ သူအမြဲတမ်း သည်းခံအလျှော့ပေးတတ်သည်။

“ဩော်.....လာရင်းနဲ့ မေ့တော့မလို့၊ ငါနင့်အတွက် ချောကလက်ယူလာတယ်၊ ရော့.....”

အဖြူ့လက်ထဲက ချောကလက်တောင့်ကိုငေးပြီး ကျွန်တော် တစ်ဖက်သို့လှည့်ကာ ခေါင်းယမ်းလိုက်သည်။ အဖြူ မျက်နှာလေး ညှိုးကျသွားကာ.....

“ဘာဖြစ်လို့လဲ၊ နင့်အမေဆူမှာစိုးလို့လား”

“ဘာမှမဆိုင်ဘူး၊ သူများပေးတာကျွေးတာ ငါမစားဘူး”

“နင်ကလည်း သူငယ်ချင်း အချင်းချင်း မာနကြီးလိုက်တာဟာ”

အဖြူဆိုသော ကလေးမလေးသည် အရွယ်နှင့် မလိုက်အောင် မာနဆိုသည့် စကားလုံးကို သုံးလိုက်သည်။ ကျွန်တော်သည် သူပြောသော မာနဆိုသည့် စကားလုံး ၏အဓိပ္ပာယ်ကို နားမလည်ပါ။ ပေးတိုင်းမယူနဲ့၊ ကျွေးတိုင်းမစားနဲ့ဟု ဆုံးမတတ်သော မေမေ့ရဲ့ ဆုံးမမှုကြောင့် မစားချင်ခြင်းဖြစ်သည်။ ထို အရာကိုပဲ မာနဟု အမည် တပ်လျှင်တော့ ကျွန်တော်မသိချေ။

“ကိုဟိန်း စာကျက်သံမကြားဘူး၊ ဘာလုပ်နေတာလဲ”

အိမ်ထဲမှ မေမေ့ရဲ့ အော်သံထွက်လာသောအခါ အဖြူသည် ခေါင်းလေးပု၍ ကုပ်ချောင်းချောင်းနှင့် ထွက်သွားလေသည်။ ကျွန်တော့်ကိုတောင် ပြုံးစိစိနှင့် ကြည့်သွားလေသည်။

♛♛♛♛♛

www.burmeseclassic.com



အချိန်ကာလ၏ တိုက်စားမှုကို အရွယ်ဆိုသည့်အရာက တောင့်မခံထားပါ။ အချိန်ရာသီစက်ဝန်းသည် တစ်ပတ်ပြီးတစ်ပတ် လှည့်ပတ်လျက်ရှိ၏။ ထို့ကြောင့် ကျွန်တော်တို့သည် ကလေးဘဝကိုလွန်မြောက်ကာ လူငယ်၊ သို့မဟုတ် ဆယ်ကျော်သက်ဆိုသည့်အရွယ်သို့ ရောက်ရှိလာခဲ့သည်။ ဆယ်ကျော်သက်ဆိုသည်မှာ သစ်ရွက်လှုပ်တိုင်း ရယ်တတ်သောအရွယ်ဟု ရှေးလူကြီးများက ဆိုတတ်ကြလေသည်။ စိတ်ကစားတတ်သည့်အရွယ်ဟုဆိုလျှင် ကျွန်တော့်ဆယ်ကျော်သက်ဘဝသည် စိတ်ကစားဖို့တောင် အချိန်မရခဲ့ပါ။

အရာအားလုံးသည် ပြောင်းလဲ လာခဲ့သည်။ ပထမဆုံး ပြောင်းလဲမှုမှာ ကျွန်တော်တို့၏ ပုံစံများပင်ဖြစ်သည်။ မိန်းကလေးသူငယ်ချင်းများနှင့် စကားပြောလျှင် တွန့်ဆုတ်ဆုတ်ဖြစ်နေတတ်ခြင်း၊ နောက်ကိုယ့်ကိုယ်ကိုယ် လူလားမြောက်သည့် လူကြီးများဟုထင်ကာ မိဘလူကြီးများ၏ ဆိုဆုံးမမှုကို သိပ်မနာခံချင်သော ကြွပ်ဆတ်ဆတ်ဥဘ်များသည် ဘယ်ဆီကဝင်လာမှန်း မသိချေ။

အပြောင်းလဲဆုံးသော အရာကတော့ ကျွန်တော်၏မိသားစုဘဝပင်ဖြစ်သည်။ ကျွန်တော်ငယ်စဉ်



ကတည်းက ဖခင်မဲ့ခဲ့ရသောဘ
တွင် အမေသည် တစ်ယော
တည်းရုန်းကန်၍ ကျွေးမွေးလာ
ပြီးနောက် ဘာစိတ်ကူးပေါက်သ
မသိ၊ ကျွန်တော် ရှစ်တန်းရော
သည့်နှစ်တွင် နောက်အိမ်ထောင်
လိုက်သည်။

ကျွန်တော့်ဘဝတွင် ဦးကျေ
ထင်ဆိုသည့် ကျွန်တော့်ပထွေး
အမုန်းဆုံးဖြစ်သည်။ သူသည် ကျ
တော်နှင့် ကျွန်တော့်မိခင်တို့ကြ
စိတ်ဝမ်းကွဲအောင် ယောက်ျားကြ
တန်မဲ့ သွေးထိုးလှုံ့ဆော်ပေးသည
ကျွန်တော်သည် ကျောင်းမကြာခ
လစ်ကြောင်း၊ ရပ်ကွက်ထဲတွင်
ကားရှုန်ဖြစ်တတ်ကြောင်း မဟု
ဇာတ်ခင်း၍ အမေ့အားတိုင်တ
၏။ အမေက ဘုမသိဘမသိ
ကျွန်တော့်ကို နေ့စဉ်နှင့်အမျှ
ငေါက်သည်။ တစ်ခါတစ်ရံ ရို
နက်တတ်သေးသည်။ အမေ
ကျွန်တော် နှစ်ယောက်တည်း
သောဘဝတွင် ဆူငေါက်ခြင်း ဘ
တုန်းကမှမရှိခဲ့။ အခုတော့ အ
က ကျွန်တော့်ကို ရိုက်ရက်ခဲ့
အထက်က ဆိုခဲ့သည့်အတိုင်း ကျ
တော်သည် ဆယ်ကျော်သက်
ရွယ်တစ်ယောက်ဖြစ်နေပြီမို့
ကလေးများနှင့် ရည်းစားသနံ
သည့် စိတ်ကစားမှုမျိုး မရှိ
အရပ်တကာလှည့်၊ သမ်းတ

www.burmeseclassic.com

www.burmeseclassic.com



လူသည့် ရမ်းကားစွာ ရန်ဖြစ်တတ်သော ခပ်ဆိုးဆိုးလူတစ်ယောက်ဖြစ်ခဲ့ခြင်းက ကျွန်တော့်ပထွေးကို အရွဲ့တိုက်ခြင်းသာဖြစ်၏။

ကိုယ့်သားရဲ့စိတ်ဓာတ်ကို သိလျက်နှင့် ယောကျ်ားဓါသွေးထိုးမှုကို အဟုတ်မှတ်နေသည့် အမေ့ကိုလည်းကောင်း၊ ယောကျ်ားတန်မဲ့ကိုယ့်အတွက် အကျိုးမဖြစ်စေသောကုန်းတိုက်မှုကို လုပ်တတ်သော ပထွေးကိုလည်းကောင်း၊ နောက်လောကကြီးကိုလည်းကောင်း ကျွန်တော်သည် အရာရာတိုင်းကို စိတ်နာလျက်ရှိသည်။

အရက်မသောက်ဘဲ သောက်တယ်ဟုပြောလျှင် ကျွန်တော်သည် အရွဲ့တိုက်ပြီးသောက်သည်။ ဆေးလိပ်မသောက်ဘဲ သောက်သည်ဟုဆိုလျှင် တမင်သောက်ပြသည်။ ကျွန်တော်မလုပ်ဘဲ လုပ်ကြောင်းပြောလျှင် ကျွန်တော်သည် မကောင်းမှုန်းသိသိနှင့် အရွဲ့တိုက်၍လုပ်သည်။ ကိုယ့်ကိုယ်ကိုယ်ဖျက်ဆီးချေးတက်ဟု ဆိုချင်ဆို ကျွန်တော် တစ်လောကလုံးကို ဂရုစိုက်ပါ။

ကျွန်တော့်အပေါ် အမြဲတမ်းအားလည်း၍ မပြောင်းလဲတတ်သူကအဖြူဆိုသည့် ခင်လေးဖြူသာဖြစ်သည်။ ကျွန်တော့်ရဲ့အခြေအနေအပေါ် ကရုဏာသက်၍ ကျွန်တော့်



ရဲ့ ဖိုလ်ကျအနိုင်ကျင့်မှုများကို အလျှော့ပေးသည်းခံတတ်သည်။ ကျွန်တော်ကိုယ်တိုင် အလျှော့ပေးကို မကြိုက်ပါ။

"ဘာလို့ ကိုယ့်ဘဝကို နစ်မွန်းသထက်နစ်မွန်းအောင် လုပ်နေရတာလဲ မာန်ဟိန်းရယ်၊ နင်ဟာ လူတော်တစ်ယောက်ပါ၊ ကောင်းချင်လျက်နဲ့ အရွဲ့တိုက်ဆိုးမိုက်နေတာ မကောင်းဘူးနော်၊ အခုဆို နင်သယ်တန်းကျတာ သုံးကြိမ်မြောက်ပြီနော်၊ ညဏ်မကောင်းတာလည်း မဟုတ်ဘဲ ဘာလို့အချိန်တွေကို အလဟဿ ဖြုန်းတီးနေရတာလဲ"

ထိုသို့ပြောဆိုသည့်အခါတိုင်း ကျွန်တော်သည် အဖြူကို ခပ်လှောင်လှောင်ရယ်ပစ်လိုက်သည်။ နင့်ထက် တစ်နှစ်ကြီးတယ်၊ ငါ့ကို ဆရာလာမလုပ်နဲ့ဟု အော်ငေါက်ပစ်လိုက်သည်။ သို့သော် အဖြူသည် အမှတ်မရှိစွာ ကျွန်တော်နှင့်တွေ့တိုင်း ရွှေပြည်အေး လေချိုသွေး၍ တရားများဟောတတ်သည်။

"အဖြူက မင်းအပေါ် အရမ်းသည်းခံတယ်နော် မာန်ဟိန်း"

"တော်စမ်းပါကွာ"

သူငယ်ချင်းတွေစုံလျှင် မိန်းကလေးတွေအကြောင်းပြောတာကို ကျွန်တော် လုံးဝမကြိုက်ချေ။ ထိုကြောင့် စကားဝိုင်းတွင်းသို့ အဖြူ

www.burmeseclassic.com

နာမည်ကို ဆွဲသွင်းလာသဖြင့် ကျွန်တော် ဟောက်လိုက်သည်။

ဤအရာကို လူတိုင်းသိမြင်ရိပ်မိနေသည့်အရာမို့ မဟုတ်ဘူး၊ မမှန်ဘူးဟူ၍လည်း ငြင်းမနေချင်၊ အတိုက်အခံလုပ်မနေချင်ပါ။ ထွန်းဝေသည် ကျွန်တော်ဟောက်သည်ကို အလေးမထားဘဲ.....

"အဖြူက ဒီနှစ်ပြီးရင် ဘွဲ့ရပြီနော်၊ ငါတို့ကတော့ လေလို့ ကောင်းနေလိုက်တာ၊ ဒီနှစ်တော့ ဆယ်တန်း ဝင်ဖြေကြည့်ဦးမယ်ကွာ"



"ဘာလဲ စာမကျက်ဘဲ ခုံနံပါတ်သွားထုတ်ပြီး ဖြေမလို့လား၊ မလုပ်နဲ့နော်၊ နောက်နှစ်လည်း ဒီနှစ်လို ဒီခုံနံပါတ်နဲ့ ဒီနေရာမှာပဲ ထိုင်နေရမယ်နော်"

ထွန်းဝေ၏စကားကို နောက်သူငယ်ချင်းတစ်ယောက်က ခပ်လှောင်လှောင်နှင့်ဆိုသဖြင့် အားလုံးက သဘောကျစွာ ရယ်ကြသည်။

"ဟော.....ဟိုမှာ ပြောရင်းဆိုရင်း မင့်အဖြူလာပြီ"

ထွန်းဝေမေးငေါ့ပြသည့်နေရာကို ကျွန်တော် လှည့်မကြည့်ဘဲ ထွန်းဝေ၏ရှပ်အင်္ကျီကော်လံစကို ဆွဲကာ.....

"အဲဒီလို မစနောက်နဲ့လို့ မင်းကို ငါ ပြောထားတယ်နော်"

ထွန်းဝေက သူ့ရဲ့လက်ကို ခပ်သာသာတွန်းဖယ်ရင်း.....

"မင်းကလည်း ယောကျ်ားလေးပဲ၊ ဘာနစ်နာစရာရှိလဲ၊ အဖြူကတော့ ချစ်ကောင်းရဲ့သီချင်းလေးလို ဖြစ်နေပြီ"

"ဘာသီချင်းလဲ"

အခြားသူငယ်ချင်းများက စိတ်ဝင်တစား လှမ်းမေးသံကို ကြားရသော်လည်း ကျွန်တော် သူတို့ကို ကျောခိုင်းလိုက်၏။ ကျော[...] မှပြန်လာသော အဖြူ့ကိုမြင်လိုက်[...] စဉ်.....

"ဟိုသီချင်းလေကွာ၊ [...] လေးလို ကြိုးနဲ့ဆွဲကာ ခေါ်သွ[...] မလား"

"ဟား.....ဟား.....ဟား"

ရင့်သီးလှသောစကားကြော[...] ကျွန်တော် အဖြူ့ကို အားနာ[...] လှမ်းကြည့်လိုက်သော်လည်း အ[...] က အတော်လှမ်းနေသဖြင့် ကြ[...] ဟန်မတူချေ။ တော်သေးတာ[...]

♛♛♛♛♛

ကျွန်တော့်ဘဝ[...] အချိုး အဆစ်အ[...] များကို ကျွန်တေ[...] ကိုယ်တိုင်လိုက်မမီနိုင်တော့[...] ပထမအချိုးအဆစ်၌ ပထွေး[...] သည့်လူကို မလိုလားနိုင်ဘဲ လ[...] ခံလိုက်ရသည်။ လောကကြီး[...] တွင် ကျွန်တော်သည် ရွှဲလို့ကော[...] တလေလေလို့ကောင်းနေခဲ့သည်[...]

ဘဝ၏ ဒုတိယအချိုးအ[...] တွင်တော့ ကျွန်တော့်မိခင်သ[...] ကျွန်တော့်ကိုထားခဲ့ကာ မ[...] တံခါးပေါက်တွင်းသို့ တိုးဝင်[...] ခဲ့သည်။ အဲဒီအချိန်က ကျွန်[...] အသက် (၂၃)နှစ်ရှိပြီ။ အမေ[...] နောက်ဆုံးခရီးအဖြ[...] ကျွန်[...]



www.burmeseclassic.com

www.burmeseclassic.com

အတွက်နှင့် စိတ်ချမ်းသာစရာများ ခဲ့ပေ။ အမေ့ရဲ့ရက်လည်တောင် ရောက်နိုင်အောင် ကျွန်တော်က ရိုက်မှုဖြစ်ပြီး အချုပ်ထဲရောက်နေ သည်။ ပထွေးဆိုသည့်လူက ပို၍ ပြောအားရှိနေသည်။ ယောကျ်ား ဘန်မဲ့ ဖွံ့နွဲ့ကာ.....

"မအေကတော့ သူ့အတွက်နဲ့ နောက်ဆံတင်းပြီး အသေမဖြောင့် ရှာဘူး၊ သားဖြစ်သူကတော့ မိုက် သွဲ့ကောင်းနေတယ်"

ကျွန်တော့်ဒေါသက တားဆီး၍မရချေ။ ဝမ်းနည်းကြေကွဲမှုဆိုတာ မျက်ရည်နဲ့ဖော်ကျူးမှ ရမှာတဲ့လား။ ကျွန်တော့်ကို မွေးဖွားပေးခဲ့တဲ့ ကျွန်တော့်အမေအတွက် ကျွန်တော့်ရင်ထဲမှာ ငိုနေ၊ နောင်တရနေတာကိုတော့ ဘယ်သူသိနိုင်မှာလဲ။ ကျွန်တော် ပထွေးကို ဒေါသဖြစ်လွန်းလို့ လူကြားထဲတောင် မရှောင်နိုင်ဘဲ အတင်းဝင်ထိုးပစ်လိုက်တယ်။ ပတ်ဝန်းကျင်က ဟဲ့...ဟဲ့ ကိုယ့်ဖအေကို ပြန်ထိုးတယ်၊ နင်ငရဲကြီးမှာ မကြောက်ဘူးလား လူရမ်းကားရဲ့ တဲ့။ မဟုတ်ဘူး။ ပထွေးဟာပထွေး၊ ဘယ်တော့မှ အဖေအရင်းဖြစ်လာမှာမဟုတ်ဘူး။ မပြောနဲ့၊ အဲဒီလူက ကျွန်တော့်အဖေမဟုတ်ဘူး။

သိပ်ပြီးဖွံ့ဖွံ့နွဲ့နွဲ့ အငိုကောင်းတဲ့၊ အများက ကျွန်တော့်အဖေလို့ ပြောတဲ့ ပထွေးကတော့ ဇာတိပြလာပါပြီ။ တစ်နှစ်တောင်မလည်သေးတဲ့ အမေ့သေနေ့ကို အားနာလိုက်တာ။ အမေ့ခင်ပွန်းကြီး နောက်တစ်ယောက်ကို အမေနဲ့အဖေရဲ့ လက်ထက်ပွား ကျွန်တော်တို့အိမ်ပေါ် ခေါ်တင်လာပြီဗျာ။

ကျွန်တော့်မှာ ဘယ်လိုဆွေမျိုးစပ်ပြီရမှန်းကိုတောင် မသိတော့ဘူး။ မိထွေးလို့ပြောရအောင် ဘိုးတော်က ကျွန်တော့်အဖေမဟုတ်ဘူး။ အဲဒီတော့ ပထွေးကခေါ်လာတဲ့ မိထွေးပေါ့။ ထားပါတော့လေ။ အမေနဲ့ကျွန်တော် နေခဲ့တဲ့အိမ်လေးကို မက်မောပေမယ့် အရွယ်တွေမှ မထောက် ချူကလီးယားလုပ်နေကြတဲ့အိမ်မှာ ကျွန်တော် မနေချင်တော့ဘူး။

"နိုင်ငံခြားသွားမှ တိုးတက်တော့မှာမို့လား မာန်ဟိန်း၊ နင်သာ အလုပ်ကို အပိုးကျိုးကျိုးလုပ်မယ်ဆိုရင် ငါတို့နိုင်ငံမှာလည်း အလုပ်တွေပေါပါတယ်၊ ပြီးတော့ နင်က သွားရင် တရားဝင်သွားမှာမဟုတ်ဘူး၊ တရားမဝင်အလုပ်သမားတွေ တစ်ဖက်နိုင်ငံမှာ ဘယ်လောက် ဒုက္ခရောက်ရသလဲ၊ နင်သိတယ်မဟုတ်လား၊ တရားမဝင်အလုပ်သမားမို့ ခေါင်းပုံဖြတ်တာခံရတာ သိသိနဲ့လည်း ဘယ်မှတိုင်လို့မရတဲ့ အဖြစ်၊ အစစ်အဆေးရှိတဲ့နေ့ဆို ဟိုရှောင်ရ၊ ဒီရှောင်ရနဲ့ ဘယ်မှာ ကောင်းကောင်းအိပ်ရ၊ စားရလို့လဲ၊ မသွားပါနဲ့ဟာနော်"

ကျွန်တော်ဆိုတဲ့ကောင်က ဆုံးဖြတ်ပြီးရင် ပြင်တတ်တဲ့ကောင်

ကျွန်တော့်ဒေါသက တားဆီး ၍မရချေ။ ဝမ်းနည်းကြေကွဲမှုဆိုတာ
မျက်ရည်နဲ့ဖော်ကျူးမှ ရမှာတဲ့လား။
ကျွန်တော့်ကို မွေးဖွားပေးခဲ့တဲ့ ကျွန် တော့်အမေအတွက် ကျွန်တော့်ရင် ထဲမှာ
ငိုနေ၊ နောင်တရနေတာကို တော့......



www.burmeseclassic.com

www.burmeseclassic.com



မှမဟုတ်တာ။ သွားမှာပေါ့။ ဘာလို့ ကျွန်တော့်ကို နာကြည်းမှုတွေပဲ ပေးနေတဲ့နေရာမှာ နေရမှာတဲ့လဲ။ ကျွန်တော့်အပေါ် အထင်သေးတဲ့ အထူးသဖြင့် အဖြူ့ရဲ့မိဘတွေပေါ့။ သူတို့သမီးလို ဘွဲ့ရအလုပ်အကိုင်ရှိသူနဲ့ ကျွန်တော့်လိုတောလေကြမ်းပိုးနဲ့ တွဲနေတာကို အထင်သေးတာ ကျွန်တော် မခံနိုင်ဘူး။ နိုင်ငံခြားမှာ ငွေရှာပြီး ချမ်းသာမှ ကျွန်တော်ပြန်လာမယ်။ လောကကြီးကို မထားသင့်တဲ့ အငြိုးအတေး အာဃာတတွေနဲ့ အဆုံးစွန်ထိ ကျွန်တော်တွေးထားခဲ့တယ်။

"နင်ငါ့ကို တားမနေနဲ့အဖြူ၊ ငါသွားဖို့ အားလုံးစီစဥ်ပြီးပြီ၊ ငါ့ကို အထင်သေးတဲ့လူတွေကို ငါဘယ်လောက် အစွမ်းအစရှိသလဲဆိုတာ ပြရမယ်၊ တစ်ခုပဲ ငါလိုချင်တဲ့ကတိက နင်ငါ့ကို စောင့်နိုင်ရဲ့လား၊ အဲဒါပဲပြော"

အဖြူက မျက်ရည်များနှင့် ကျွန်တော့်အမေးကို မဖြေခဲ့ချေ။ သူမသွားစေချင်တဲ့ခရီးကို ကျွန်တော်သွားလို့ စိတ်မကောင်းတာလည်း ပါချင်ပါမယ်၊ ဒါမှမဟုတ် မစောင့်နိုင်တဲ့အကြောင်း မပြောရက်တာလည်း ပါနိုင်သည်။

ဒါပေမဲ့ ကျွန်တော့်ကို ကားဂိတ်လိုက်ပို့ရင်း အဖြူပြောခဲ့တာကတော့.....

"စိတ်ချသွားပါ မာန်ဟိန်း၊ ငါနင်လာတဲ့အချိန်ထိ စောင့်နေမှာပါ"တဲ့။

♛♛♛♛♛

အဖြူပြောခဲ့သည့်စကားများ မှန်ပါသည်။ သူတစ်ပါးနိုင်ငံမှာ တရားဝင်အလုပ်သမားများမဟုတ်သော ကျွန်တော်တို့အတွက် မည်သည့်အခွင့်အရေးမှမရခဲ့ပါ။ ပြောရ

ကျွန်တော် ထိုင်းနိုင်ငံကို
အောက်လမ်းနည်းနဲ့
ရောက်ခဲ့တယ်။
အလုပ်ကတော့ငါးဖမ်းသင်္ဘောပေါ်မှာ
ရေလုပ်သားပဲဆိုပါတော့။
မစုမိမဆောင်းမိပေမယ့်
ဒုက္ခရောက်လျှင်
မြန်မာအချင်းချင်းရိုင်းပင်း
ကူညီတတ်ကြသည်။
တချို့ဆိုလျှင်
ဝမ်းနည်းမှုများဖြေဖျောက်ကာ....

မည်ဆိုလျှင် ကိုယ့်အိတ်ထဲမှာရှိလျှ
ပင် ပါသွားတတ်သေးသည်။
တော့ကာ ကျွန်တော်ချမ်းသာ
မြန်မာနိုင်ငံပြန်မည်ဆိုသော စက
အရဆိုလျှင် ကျွန်တော် ဘယ်တေ
မှ မချမ်းသာနိုင်ပါ။

ပိုက်ဆံရသော်လည်း သူ
နိုင်ငံရဲ့ ငွေပမာဏအရဆိုလ
မများလှပါ။ ကိုယ့်နိုင်ငံအနေနဲ့
လျှင်တော့ မြန်မာနိုင်ငံထက်
တာပေါ့လေ။ ငွေကြေးပမာဏ
မှ မတူဘဲလေ။

ကျွန်တော် ထိုင်းနိုင်ငံ
အောက်လမ်းနည်းနဲ့ ရောက်ခဲ့တ
အလုပ်ကတော့ ငါးဖမ်းသင်္ဘော
မှာ ရေလုပ်သားပဲဆိုပါတော့။
မိမဆောင်းမိပေမယ့် ဒုက္ခရော
လျှင် မြန်မာအချင်းချင်း ရိုင်း
ကူညီတတ်ကြသည်။ တချို့ဆိုလ
ဝမ်းနည်းမှုများဖြေဖျောက်ကာ
သလိုနေတတ်ကြသည်။ သော
ကြ၊ စားကြသည်။ အပျော်အ
လုပ်ကြသည်။ ရသမျှဝင်ငွေ
များ ပွန်းရာမှပဲ့၊ ပဲ့ရာ
မဲ့လာသည်။ ကျွန်တော်က
ကိုယ့်ခံစားချက် နှင့်ကိုယ်
ငွေကိုစုနိုင်သမျှစုသည်။

ကျွန်တော် အဖြူ့ဆီ တ
မှ ဖုန်းလည်းမဆက်၊ စာ
မရေးခဲ့ပေ။ ကျွန်တော့်ဒီမှာ
နှစ်နေပြီးမှပြန်မယ့် သန္နိဋ္ဌာ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ ဒီကြားထဲမှာ သံယောဇဉ်ကြိုးကြောင့် နောက်ဆံမငင်ချင်ဘူး။ အဖြူ ကျွန်တော့်ကို စောင့်နေမယ်ဆိုတဲ့စကားကို ကျွန်တော်ယုံတယ်။ ကျွန်တော့် ကိုချစ်တဲ့အဖြူ မျက်နှာမငယ်အောင် ကျွန်တော် ကြိုးစားနေတာ။ ဒါကို သူနားလည်မှာပါ။

ပြောရမည်ဆို လျှင် အဆက်အသွယ်က လုံးလုံးလျားလျားကို ပြတ်နေသည့် အနေ အထားပေါ့။ ...မိဆောင်းမိလို့ ငါးနှစ်ပြည့်တော့ ကျွန်တော်ပြန်ခါနီး ရဲဘော်ရဲဘက် သူငယ်ချင်းတွေနဲ့ နှုတ်ဆက်ပွဲလေး လုပ်တယ်။ မြန်မာနိုင်ငံ ရောက်ရင် ဘာလုပ် မှာလဲ ဆိုတော့ 'မိန်းမယူမယ်'လို့ ဖြေလိုက်တယ်။ အားလုံးက ပျော်ပျော်ပါးပါးနဲ့ ကောင်းပါတယ်၊ ကောင်းပါတယ်တဲ့။ တကယ်တော့ သူတို့ကလည်း ပျော်ချင်ယောင်ဆောင်နေတဲ့သူတွေပါ။ ကိုယ်နဲ့ အစားအသောက်မတူ၊ အနေအထိုင် မတူတဲ့အရပ်မှာ ဘယ်ပျော်ပါ့မလဲ။

နောက်မှာကျန်ခဲ့တဲ့ မိသားစုဝင်အချို့က သား၊ သမီးက နိုင်ငံခြားမှာဆိုပြီး သုံးလိုက်ကြ၊ ဖြုန်းလိုက်ကြနဲ့ ဘာမှမစုဆောင်းမိဘူး။ နိုင်ငံမှာ ကိုယ့်မိသားစုဝင်တွေ ဘယ်လောက်ထိ အစားဆင်းရဲ၊ အနေဆင်းရဲခံပြီး စုဆောင်းရသလဲ ဆိုတာ မသိဘူး။

♛♛♛♛♛



"ခင်လေးဖြူ"

အသက် (၂၆)နှစ်

(၁-၁၀-၂၀၀၆)တွင် ကွယ်လွန်သည်။

လှပသော ပေါင်လေးအတွင်းတွင် ရေးထားသည့် စာလုံးလေးများကို စာမဖတ်တတ်သေးသူ တစ်ယောက်လိုတစ် လုံးချင်းပေါင်းဖတ်ရင်း ကျွန်တော် မယုံကြည်နိုင်မှု၊ အံ့သြမှုများဖြင့် ငြိမ်သက်လျက်။ ကျွန်တော် မငိုပါ။ ဟုတ်တယ်။ အပြင်ပန်းမှာ ကျွန်တော် မငိုပေမယ့် ကျွန်တော် ရင်တွင်း၌ ငိုကြွေးနေလေသည်။ ကျွန်တော့်ကိုချစ်သော သူတစ်ယောက်ကတော့ သွားပြီ။ ကျွန်တော့်ကို ဆက်သွယ်ဖို့ လိပ်စာ မပေးခဲ့လို့လား၊ ဒါမှမဟုတ် ကျွန်တော်ကိုယ်တိုင်က အသည်းနှလုံးမာကျောသူမို့လား။ ကြည့်စမ်း။ အဖြူလူ့ လောကမှာ မရှိတော့တာ နှစ်နှစ်ရှိပြီ။ အဲဒါ ဘယ်သူ့အပြစ်လဲ။ ကျွန်တော့်အပြစ်လား။ ကျွန်တော်သည် ပုထုဇဉ်လူသားတစ်ဦး ဖြစ်သော်လည်း ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ အချိန်မရွေး ရောက်လာနိုင်သော သေခြင်းတရားကို မေ့လျော့နေခဲ့သည်။ ဘယ်နှစ်၊ ဘယ်ကာလမှာ ဘာတွေလုပ်မယ်ဆိုပြီး ဖယားချခဲ့သည်။ တကယ်ကော ကျွန်တော် ဖယားချထားသကဲ့သို့ ဖြစ်လာခဲ့သလား။ ကျွန်တော့်ကို စောင့်နေမယ်ဆိုတဲ့ အဖြူကလည်း ကျွန်တော့်ကို မစောင့်နိုင်တော့ပါ။ ကျွန်တော့်ချစ်သူက ထားသွားခဲ့လေပြီ။

ကျွန်တော် တည်းခိုရာသို့



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးတစ်ဦးရောက်လာပြီး သူဟာ အဖြူ့ရဲ့မိတ်ဆွေဖြစ်ကြောင်း မိတ်ဆက်ရင်း.....

"ကျွန်မနဲ့အဖြူက ရင်ဖွင့်ဖော် သူငယ်ချင်းလည်းဖြစ်တယ်၊ အထူးသဖြင့် ကျွန်မ ခံစားချက်ထက် အဖြူ့ခံစားချက်ကို မျှဝေခံစားပေးတာက များပါတယ်၊ ဩော်.....ဒါနဲ့ရှင် အဖြူ ဘာရောဂါနဲ့ သေသလဲဆိုတာ သိပြီးပြီလား"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ အဖြူသည် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခြင်းတဲ့။ အဖြူမှာ နှလုံးရောဂါ ရှိနေကြောင်း ကျွန်တော် မသိပါ။

"အမှန်တော့ အဖြူသေတာ အဲဒီရောဂါကြောင့်လို့ အပြင်ပန်း နာမည်တပ်လို့ရပေမယ့် တကယ်တော့ အဲဒီလိုပြောလို့မရဘူး၊ အဖြူ သေရတာ ရှင့်လို ခံစားချက်မရှိတဲ့လူကြောင့်၊ ရှင့်ကြောင့် အဖြူသေရတာ၊ နောက်ဆုံးဆေးရုံပေါ်ရောက်နေတဲ့အထိ အဖြူက ရှင့်ကိုတမ်းတနေခဲ့တာ၊ ရှင့်ဘက်ကတော့ စာတစ်စောင်၊ ဖုန်းလေးတစ်ချက်တောင် ရောက်မလာခဲ့ဘူး၊ အသက် ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေတဲ့အထိ သူ့အရေးထက် ရှင်တစ်ဖက်နိုင်ငံမှာ ဒုက္ခရောက်နေပြီထင်တဲ့ သောက,က ပိုခဲ့တယ်၊ ရှင့်စိတ်နဲ့ အဖြူဆုံးတာ၊ ရှင့်လိုလူကိုမှ အဖြူ ဘာကြောင့်ချစ်ရတာလဲ"

"ခင်ဗျားစကားတွေ လွန်နေပြီနော်"

"လွန်ပါစေလေ၊ အဖြူမသေခင် ရှင်ရောက်လာခဲ့ရင် ပြောဖို့ ကျွန်မ စဉ်းစားထားခဲ့တာ၊ အခု မမျှော်လင့်ဘဲ အဖြူကွယ်လွန်ခဲ့ရတယ်၊ ကျွန်မ ရှင့်ကို ရန်လာတွေ့



တာမဟုတ်ဘူး၊ အမှန်တရားကိုသိအောင် ဖော်ထုတ်တာ၊ ချစ်သူတိုင်းကို ပေါင်းစေချင်တယ်၊ သေကွဲ မပြောနဲ့၊ ရှင်ကွဲတောင် မကွဲစေချင်ဘူး၊ တစ်ခုပဲပြောစရာရှိတာက အဖြူ့ကို စိတ်နဲ့သတ်တဲ့ တရားခံက ရှင်ပဲ၊ ရှင့်ရဲ့အငြိုးအာဃာတတွေထဲမှာ အဖြူက မြေစာပင်ဖြစ်ရတာ၊ အဖြူ့ကိုသတ်တာ ရှင်ပဲ"

ကျွန်တော်သည် လုံးဝ ထ
မှတ်မထားသည့် စကားများ
ကြားလိုက်ရသဖြင့် မှင်တက် တ
လှုပ်ကာ ထွက်ခွာသွားသည့် အ
သမီးကိုပင် သတိမထားမိချေ။
ပွဲပေါ်တွင် သားရေအိတ်အနက်
ထည့်ထားသော ငွေကြေးများစွ
လာသည်။ ကျွန်တော့် အ
အထင်သေးသော အဖြူ့မိဘ
ကို မကျေနပ်လို့ ရှာခဲ့သည့်
တွေ။ အခု အဖြူ မရှိတော့
အဖြူမရှိတော့ဘဲ ဒီငွေကြေး
ကို ကျွန်တော် ဘာလုပ်ရမှာ

ကျွန်တော့်အပေါ် အ
တမ်း အားပေးစကားပြော
ကျွန်တော် မှားမှားမှန်မှန်
တော့်ဘက်က ရပ်တည်ပေး
သော အဖြူ။ အခု
ကျွန်တော့်ကို တစ်ယော
တည်းထားခဲ့ပြီ။ ကျွန်
ဖြစ်စေချင်တာ ဒီလိုမဟုတ်
ကျွန်တော်အဖြူ့ကို မသေစေ
ဘူး။

"အဖြူ့ကို စိတ်နဲ့သတ်
တရားခံက ရှင်ပဲ၊ အဖြူက
ရန်ငြိုးအာဃာတတွေထဲမှာ မြေ
ပင်ဖြစ်ရတာ"

မဟုတ်ဘူး.....မဟုတ်
အား.....။

ရှင်လွန်း



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# အလှမက်တဲ့ ကျွန်တော်

ဆုမွန်ဦး (ဟသာတ)

ညနေကျောင်းဆင်းချိန် ဖြစ်သည်။ လင်းလွန်းပင်ရွာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ ကျောင်းဆင်းလာကြ၏။ ထက်အောင်၊ ခင်ထွန်းနှင့် ဝင်းမြင့်တို့ ကျောင်းထဲမှ ထွက်လာကြ၏။ ထက်အောင်ကမေး၏။

"ဖြစ်ပါ့မလားကွ ဝင်းမြင့်ရ"

"ဟာကွာ.....ဘာလို့မဖြစ်ရမှာလဲ၊ ကြောက်တတ်ရင်လွဲ၊ ရဲတဲ့ သူမင်းဖြစ်ဆိုတဲ့ စကားပုံမင်းမကြားဖူးဘူးလား၊ ယောကျ်ား မဟုတ်တဲ့အတိုင်းပဲကွာ"

ထက်အောင်တို့ရှေ့တွင် သံစဉ်လှလှနဲ့ ခင်မြတ်မွန်၊ နီနီတို့သုံး ယောက်က စကားတွေဖောင်ဖွဲ့ရင်း လျှောက်လာသည်။ ထက်အောင်နဲ့ သံစဉ်လှလှတို့သည် ဒသမတန်းကျောင်းသားများဖြစ်ကာ အတန်းတူ သူငယ်ချင်းများလည်း ဖြစ်လေ၏။

ထက်အောင် အားတင်းလိုက်သည်။ ထို့နောက် သံစဉ်လှလှတို့



လမ်းလျှောက်နေသောအေ ကျော်၍တက်သည်။ သူတို့လေ တစ်တန်းတည်းဖြစ်၍သွားသ သံစဉ်လှလှနဲ့ ထက်အောင်မှာ လျက်အနေအထား ဖြစ်သွားသ

"လှလှ.....ငါနင့်ကိုစ တစ်ခွန်းလောက် ပြောချင်လို့ ခဏနေပါဦး"

"ဟဲ့.....ထက်အေ လူတွေ ရှေ့မှာ နင် ဒါ လုပ်တာလဲ"

မိမိတို့နှစ်ယောက် ကြည့်၍ လှလှ၏သူငယ် အေးမာက ဆိုလာသည်

"ဟဲ့.....ထက်အေ နင် ဟုတ်သားပဲ အတန်းတူ သူငယ်ချင် စောင့်တောင်စောင့်ရှေ ရဦးမှာ၊ ခုတော့ နင်က

"နင်တို့ကည် ငါလှလှကို စကားပြော ရှိလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



လုလု စိတ်ဆိုးသွားသည်။ နှုတ်ခမ်းလေးပင် စူလိုက်၏။ မျက်စောင်းတစ်ချက်ကတော့ အတားအဆီးမရှိ ကင်းမဲ့စွာ။ ထက်အောင် သံစဉ်လုလု၏ လွယ်အိတ်ကလေးကို ဆွဲလိုက်သည်။

"ဟဲ့...ထက်အောင် မလုပ်နဲ့ လို့ပြောနေတာ မကြားဘူးလား"

နောက်ဆုံး ထက်အောင် သံစဉ်လုလု၏လက်ကလေးကို ဖမ်းဆွဲ၍ အသင့်ကြံစည်ယူဆောင်လာသော ရည်းစားစာရွက်လေးကို ထည့်ပေးလိုက်သည်။

"ထက်အောင်.....နင် အဲဒီလိုမလုပ်နဲ့လေ"

"ကဲပါ...သံစဉ်လုလုရယ် သူများတွေ မြင်ကုန်ပါ့မယ် ယူထားလိုက်ပါ"

သံစဉ်လုလု ဘေးဘီဝဲယာ ကြည့်လိုက်သည်။ အေးမာတို့နှစ်ယောက်ပင်လျှင် သံစဉ့်နားက ခွာသွားကြပြီ။ ထက်အောင် ကျန်ရစ်နေခဲ့၏။ သံစဉ်လုလုကတော့ ရှက်ကိုးရှက်ကန်းဖြင့် ဟန်မပျက် ထွက်သွားလေ၏။ ထက်အောင် သက်ပြင်းမောကို ချလိုက်၏။

"ဟူး.....တော်ပါသေးရဲ့ ယူသွားလို့"

အတွေးမဆုံးမီ ခင်ထွန်းနဲ့ ဝင်းမြင့် အနားရောက်လာ၏။

"ကဲ.....ဘယ့်နှယ်လဲ ဆရာကြီး၊ ယူသွားပြီမဟုတ်လား၊ မြှောက်ပေးလိုက်ရတာ မောတောင်မောတယ်၊ လာ.....ငါတို့ကို ကြံရည်လိုက်တိုက်"

စကားဆုံးတော့ အအေးဆိုင်လေးတစ်ခုဆီသို့ သူငယ်ချင်းသုံးဦး လျှောက်လာခဲ့ကြတော့သည်။

♛♛♛♛♛

လင်းလွန်းပင်ရှာ

သံစဉ်လုလု
ဘေးဘီဝဲယာ
ကြည့်လိုက်သည်။
အေးမာတို့
နှစ်ယောက်ပင်လျှင်
သံစဉ့်နားက
ခွာသွားကြပြီ။
ထက်အောင် ကျန်ရစ်နေခဲ့၏။
သံစဉ်လုလုကတော့
ရှက်ကိုးရှက်ကန်းဖြင့်....

အထက်တန်း ကျောင်းရုံးခန်းတွင်ဖြစ်၏။ ကျောင်းအုပ်ဆရာကြီးမှ ထက်အောင်၏ မိဘများနှင့် သံစဉ်လုလု၏ မိဘများကို ခေါ်ထား၏။ အတန်းပိုင်ဆရာမ နော်အယ်ထူးကိုလည်း တွေ့ရသည်။ ဆရာကြီး၏စကားသံ ထွက်လာသည်။

"နှစ်ဖက်ကျောင်းသားမိဘတွေကို ခေါ်ရတာကတော့ ဒီလိုပါဗျာ၊ မနေ့က မောင်ထက်အောင်ဟာ ကျောင်းဆင်းချိန်မှာ မသံစဉ်လုလုရဲ့ လက်ကိုဆွဲပြီး စာပေးတဲ့ကိစ္စပါ၊ အဲဒါကို မသံစဉ်လုလုက တိုင်ကြားလာတာမို့ နောက်နောင် ဒီလိုမလုပ်ရအောင် ခံဝန်ကတိထိုးကြဖို့ပါပဲ၊ တကယ်တော့ ဒီလို ပြုမူတယ်ဆိုတာ မကောင်းပါဘူး၊ မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာကိုထိခိုက်ပါတယ်၊ နောက်တစ်ကြိမ်ဆိုရင်တော့ ဒီကျောင်းကနေ အပြီးထုတ်ပယ်တဲ့အထိ အရေးယူပါ့မယ်"

ထက်အောင်မှာ ခေါင်းငုံ့ရင်း နားထောင်နေသည်။

"ကဲ.....မောင်ထက်အောင် မင်း သံစဉ်လုလုနဲ့ သူ့မိဘတွေကို ကျေနပ်အောင်တောင်းပန်လိုက်ပါ"

"ဟုတ်ကဲ့ ကျွန်တော် မှားသွားပါတယ်၊ နောက်နောင် ဒီလိုအဖြစ်မျိုးတွေ ဘယ်တော့မှ မဖြစ်စေရပါဘူးလို့ ကျွန်တော် ကတိပေးပါ



www.burmeseclassic.com

တယ်''

ထိုနေ့မှစ၍ ထက်အောင်မှာ သူ့ကို ကျောင်းမထုတ်သော်လည်း ကျောင်းမတက်လေတော့။ အစ ကနဦးတွင် သံစဉ်ကို စိတ်ဆိုးမိ၏။

''ဘယ့်ဖြစ်ဖြစ်ပေါ့ကွာ၊ ဒီ လောက်ကိစ္စလေးကို ဒီလောက် ကြီးမားတဲ့ အခြေအနေထိ တော့ မလုပ်သင့်ဘူးပေါ့၊ ခုတော့ မိဘ တွေပါခေါ်ပြီး ခံဝန်ကတိထိုးရ တယ်ဆိုတာ ဘယ်လူ့ ကြားလို့ ကောင်းပါ့မလဲ၊ ရပါတယ်သံစဉ်ရယ်၊ ငါက ချစ်မိတဲ့လူဆိုတော့ လည်း နင်ပြုသမျှ နုရမှာ ပေါ့''

ထိုနှစ်တွင် သံစဉ်လှလှတစ် ယောက်(၁၀)တန်းစာမေးပွဲကို ဂုဏ် ထူးသုံးဘာသာဖြင့် အောင်သွား သည်။ တက္ကသိုလ်သို့ ဆက် တက်၏။ ထက်အောင်မှာတော့ ရှက်သည်ဆို၍ ကျောင်းမှထွက်ခါ နယ်ဒေသတစ်ခုရှိ ဘကြီးတစ် ယောက်ထံသွားကာ ခြံလုပ်ငန်းများ လုပ်ကိုင်ရင်း ဘဝကို ဖာတ်မြှုပ်နေ ၏။

ထိုသို့သော ကာလများ၏ နာရီစက္ကန့်များသည် အချိန်ပြည့် မလပ် သံစဉ်လှလှကိုသာ သတိရ လွမ်းဆွတ်စေ လေ၏။

♛♛♛♛♛

အမေဖြစ်သူ တော် တော်နေ



မကောင်း၍ မြို့ကလူကြုံနဲ့မှာ လာ သည်။ ထက်အောင် မြို့တက် လာ၏။ မြို့ကနေ ချစ်ဝေဒနာ တစ်ခုနှင့် ခွာလာခဲ့သည်မှာ ငါးနှစ် နီးပါးခန့်ရှိပြီဖြစ်၍ အခြေအနေ အရပ်ရပ်တို့က ပြောင်းလဲနေ၏။ မြို့ရောက်သည့်နေ့မှာပင် သူငယ် ချင်း ဝင်းမြင့်နဲ့တွေ့၏။ မကြာ ဟန် ဆောင်နေခဲ့သော သံစ လှလှ၏ သတင်းစကားများ ကြားရ၏။

''ဟေ့ကောင် ထက် အော ခုထိ သံယောဇဉ်မကု သေးဘူးလား၊ ဟိုကတော ယောကျာ်း တောင်ယူတော မယ်မောင်''

''မဟုတ်ပါဘူး ဝင်းမြ ရာ၊ ကြုံလို့မေးတာပါ''

''လုပ်မနေပါနဲ့ ထက် အောင်ရာ၊ မင်းအကြောင်း မသိတာ မှတ်လို့၊ အတ ပေါင်းလာတဲ့သူငယ်ချင်းတွေ ပဲ၊ ချက်ဆိုတာနဲ့ နားခွက် မီးတောက်တယ်ဆို တ မှတ်ထား၊ ခု မင်းရဲ့သံစဉ်က တက္ကသိုလ်မှာ နောက်ဆုံးနှ ရောက်နေပြီ၊ ပြီးတော တက္ကသိုလ်တစ်ခုလုံးမှာ သူက ကွင်းတဲ့မောင်၊ အင်း...ပြီးတော သူဌေးသားဆိုလား ဘာလ ကောင်တစ်ကောင်ကလည် မနက် မနက်ဆိုရင် သူတို့အိမ် ကျောင်းပို့ပေးဖို့ ကားနဲ့လာလ ခေါ်တာ တွေ့ရတယ်''

''ရပါတယ် သူငယ်ချင်းရယ် ငါလည်း သူနဲ့ဝေးသွားတာ ငါးနှ လောက်ရှိပြီဆိုတော့ မေ့နိုင် သလောက်လည်း မေ့လို့ရနေပါပြီ



www.burmeseclassic.com

www.burmeseclassic.com



ပြောမယ့်သာပြောရသော်လည်း ထက်အောင် တကယ်တမ်းတော့မမေ့။ ဟိုတစ်ချိန် ရင်ခုန်ချစ်ခဲ့ရသော သံစဉ်လုလုနဲ့ ခုတက္ကသိုလ်ကျောင်းတော်သူကြီး သံစဉ်လုလု။ အလုတရားချင်း ဘယ်လောက်ခြားနားသွားပြီလဲ၊ မြင် ချင်လိုက်တာ သံစဉ်ရယ်။

မြို့ပြန်ရောက်ပြီး တစ်လခန့် ကြာတော့ အမေက ဆုံးသွားသည်။ ကျောင်းတွင်ဖြစ်ပျက်ခဲ့သော အချစ်မီးတောက်လေးတစ်ခုမှ အစချီကာ ထက်အောင် ကျောင်းပညာတွေ ဆုံးရှုံးရင်းမှ ဆိုးမအမေကို ပင်အစ်မနဲ့ထားကာ တခြားဒေသတစ်ခုသို့ သွားနေ၏။ ခုတော့ အမေဆုံးလေပြီ။

အမေဆုံးသည့်ရက်များမှစ၍ စိတ်ညစ်စရာများနှင့် ပေါင်းစပ်ရောထွေးကာ ထက်အောင် နေ့စဉ်အရက်သောက်၏။ ဖဲဝိုင်း၊ ကြက်ဝိုင်း၊ လောင်းကစားဝိုင်းများရှိရာသို့ သွားသည်။

အစ်မဖြစ်သူမှာလည်း မောင်ဖြစ်သူ ထက်အောင်ကို ထိန်းမရ။ နောက်ဆုံး လွှတ်၍ထားတော့သည်။

ဒီတော့ ဖောင်းလွှတ်လိုက်သည့် မြင်းတစ်ကောင်လို ထက်အောင် ထင်ရာစိုင်းတော့၏။ လုပ်ချင်ရာတွေကို လုပ်တော့၏။ ထက်အောင် ပေါင်းသင်းသောသူများသည် လူကောင်းများမဟုတ်၊



ခိုး၊ ဆိုး၊ လု၊ နှိုက်သူများဖြစ်သည်။

ပေါင်းပါများလေတော့ လက်ရည်တူလာသည်။ အသွင်က ထပ်တူကျလာ၏။ စရိုက်ဆိုးအချို့ပင် လျှင် ထက်အောင်ကိုယ်ခန္ဓာ၌ ပူးကပ်ခိုဝင်လာစပြု၏။

♛♛♛♛♛

အလုပ်အကိုင် အတည်တကျမရှိ၍ ကြုံရာကျပန်းလုပ်သည်။ တစ်ခါတစ်ခါတွင်တော့ ရပ်ကွက်ထဲမှ သူငယ်ချင်းဖြစ်သူ နီတိုးတို့ ဆိုက်ကားဂိတ်ထိုးရာ ဆိုက်ကားဂိတ်လေးတွင် စစ်တုရင်ထိုးသည့်အခါထိုး၊ ကျားထိုးသည့်အခါ ထိုးရင်း မအားမလပ်သောအခါများတွင် ဆိုက်ကားသမားအချို့၏ ဆိုက်ကားကိုယူကာ ဟိုနားသည် နားလိုက်ပို့ပေး၏။ ထိုအခါ ဘော်ဒါ ကြေးဟုခေါ်သော ငွေအချို့ရ၏။

တစ်နေ့ သံစဉ်လုလု ဈေးသွားရန် ထွက်လာ၏။ ထက်အောင်တို့ရှိသည့် ဆိုက်ကားဂိတ်လေးဆီသို့ ဖြစ်၏။

''ဆိုက်ကား အားလား''

သံစဉ်လုလု ထွက်လာတာမြင်ကတည်းက ထက်အောင် ခမောက်ကိုအုပ်၍ ဆောင်းထားသည်။

''အားပါတယ်ခင်ဗျာ၊ ဘယ်သွားမလဲ''

''ဈေးကိုပါရှင်''

ထက်အောင် နင်း၍ထွက်လာသည်။ လမ်းတစ်ဝက်ရောက်မှ ခမောက်ကို ချွတ်လိုက်ရင်......



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့.....သံစဉ်၊ ငါ့ကို မှတ်မိသေးရဲ့လား"

"ဟင်.....နင်.....နင် ထက်အောင် မဟုတ်လား"

"ဟုတ်ပါတယ်၊ ထက်အောင်မှ ထက်အောင်အစစ်ပါဟာ"

"ဒါနဲ့ နင် ဘယ်ပျောက်သွားတာလဲ"

"ငါ နယ်က ငါ့ဘကြီး ခြံလုပ်ငန်းမှာ သွားလုပ်နေတာ"

"ဩော်.....ဟုတ်လား"

"နင်ရော ကျောင်းပြီးသွားပြီလား၊ ပြီးတော့ အိမ်ထောင်တော့ မကျသေးပါနော်"

"တော်.....ထက်အောင်၊ နင့်ပါးစပ်ပိတ်တော့၊ နင်မှန်းမသိလို့လည်း ငါ ဆိုက်ကားကိုစီးလာတာ၊ ခု ဒီစကားတွေ ပြန်စမယ်ဆိုရင် နင့်ဆိုက်ကားကို ငါမစီးဘူး၊ ခုပဲ ငါ့ကိုရပ်ပေး၊ ငါဆင်းတော့မယ်"

"ဒီလိုတော့ မလုပ်ပါနဲ့ဟာ၊ ဒီစကားတွေ ပြန်မစပါနဲ့ဆိုရင် ငါ မစပါဘူး၊ ဒါပေမဲ့ ငါ နင့်ကို တစ်ခုမေးမယ်၊ ခု နင်တို့အိမ်ကို လာလာနေတဲ့ ကားနဲ့လူဟာ ဘယ်သူလဲ၊ အဲဒါ နင့်ရဲ့ရည်းစားလား"

"ဟုတ်တယ်၊ အဲဒါ ငါ့ရည်းစား၊ နိုင်ငံခြားပြန် သူဌေးသားတစ်ဦးလည်းဖြစ်တယ်၊ နင့်လို ငပေငတေ လူတစ်ယောက်မဟုတ်ဘူး၊ မိကောင်းဖခင်သားသမီးတစ်ဦး"

"အေးပါ သံစဉ်ရာ၊ နင်ကသာ ဘဝမြင့်မားသွားလို့ မောက်မာသွားတာ၊ ငါကတော့ နင့်ကို ကျောင်းတုန်းကလိုပဲ ချစ်နေတုန်းပဲလေ"

"တော်စမ်းပါ ထက်အောင်ရာ၊ နင်ကြားဘူးတယ်မဟုတ်လား၊ အနူလက်နဲ့ ရွှေခွက်မနှိုက်ချင်နဲ့ဆိုတဲ့ စကားလေ၊ ငါ တက္ကသိုလ်မှာ အလှဆုံး၊ အချောဆုံး၊ ငါ့နားမှာဆိုရင်လည်း ဥစ္စာပေါ၊ ရုပ်ချောတဲ့ သူဌေးသားတွေ ဝိုင်းဝိုင်းကိုလည်နေတာပဲ၊ နင်သိထားပါ"

တော်စမ်းပါ ထက်အောင်ရာ၊ နင်ကြားဘူးတယ်မဟုတ်လား၊ အနူလက်နဲ့ ရွှေခွက်မနှိုက်ချင်နဲ့ဆိုတဲ့ စကားလေ၊ ငါ တက္ကသိုလ်မှာ အလှဆုံး၊ အချောဆုံး၊ ငါ့နားမှာဆိုရင် လည်း ဥစ္စာပေါ၊ ရုပ်ချောတဲ့ သူဌေးသားတွေ ဝိုင်းဝိုင်းကိုလည်နေတာပဲ၊

"နင် အဲဒီလောက်အထိ ငါ့ကို နှိုင်းစရာမလိုဘူး သံစဉ်၊ နင်နဲ့ငါက တစ်ချိန်က သူငယ်ချင်းတွေလေ"

"ဘာ.....သူငယ်ချင်း ဟုတ်စ၊ ငါ့သူငယ်ချင်းတွေထဲမှာ နင့်လောက် အောက်တန်းကျတဲ့သူငယ်ချင်း မရှိဘူး၊ ကဲ...ကဲ ငါ့ကို ဆိုက်ကားရပ်ပေး၊ ငါဆင်းတော့မယ်"

သံစဉ်လှလှ ဆိုက်ကားပေါ်မှ ဆင်းတော့.....

"ရော့.....ဆိုက်ကားခ"

"မပေးပါနဲ့၊ ငါလိုက်ပို့တာပါ"

"မလိုပါဘူး၊ ငါ့ကို နင့်လို ဆိုက်ကားနဲ့မဟုတ်ဘူး၊ ကားနဲ့ပို့ပေးချင်တဲ့သူတွေ ဝိုင်းနေတယ်ဆိုတာ နင်မှတ်ထား၊ ရော့....နင့် ဆိုက်ကားခ"

သံစဉ်လှလှ ဆိုက်ကားပေါ်မှ ဆင်းသွားတော့ ထက်အောင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ချက်ကြုံးဝါးလိုက်သည်။

"တောက်.....တွေ့ကြသေးတာပေါ့ သံစဉ်လှလှရယ်၊ ငါ ဒီဘဝဆိုးကိုရောက်ဖို့ ကျောင်းကထွက်ရဖို့ ဘဝချောက်ထဲကို တွန်းပို့ခဲ့တဲ့တရားခံဟာ တကယ်တော့ နင်ပဲ၊ နင်ကြားဖူးမှာပေါ့၊ ဦးချိုလှလို့ မာနထောင်ခဲ့တဲ့ သမင်တစ်ကောင်ရဲ့ဇာတ်လမ်း နောက်ဆုံးတော့ သူမြတ်နိုး၊ သူအထင်ကြီးတဲ့ သူ့ဦးချိုကပဲ သူ့ကို သေတွင်းတွန်းပို့ခဲ့တာ၊ နင်လည်း ဘာထူးသေးလဲ ငါလုပါတယ်၊ တက္ကသိုလ်မှာတောင် အလှဘုရင်မဆိုပြီး မာန်တက်နေတဲ့ ကောင်မ၊ တစ်နေ့ နင့်မာနတွေက နင့်ကို ဘယ်လိုဒုက္ခပေးမလဲဆိုတာ ကြည့်လိုက်၊ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ် သံစဉ်လှလှရယ်"

♛♛♛♛♛

ဒီနေ့ည.....

အိမ်ရောက်တော့ ထက်အောင်တစ်ယောက် အိပ်၍မပျော်။ နေ့လယ်က အမှတ်မထင် တွေ့ဆုံခဲ့ရသော သံစဉ်လှလှ၏ ပိုးတဝါးဆံရိပ်အချို့က ရွှန်းရွှန်းစားစား လွှမ်းမိုး သာသည်။

"ဪ....ငါက သံစဉ်လှလှရဲ့ အချစ်တရားတွေမှာ ယစ်မူးဖို့



လူဖြစ်လာရလေသလား"

"ရက်စက်လိုက်တာ သံစဉ်လှလှရာ၊ ငါ့ကိုများ ပြောသွားလိုက်တာ၊ အနူလက်နဲ့ ရွှေခွက်ကို မနှိုက်ချင်နဲ့တဲ့၊ နင်နဲ့ငါက အဲဒီလောက်တောင် အခြေအနေချင်းက ဝေးကွာသွားပြီတဲ့လား၊ ဒါပေါ့လေ နင်က တက္ကသိုလ် ကျောင်းတော်သူ၊ ငါက လူပေလူတေ လူလွင့်တစ်ယောက်၊ ဒီတော့လည်း နင်ပြောမှာပေါ့၊ နင့်ရဲ့ ဖြစ်တည်လာတဲ့ အလှတရားတွေဟာ ထက်အောင်အတွက်ပဲဖြစ်ရမယ်၊ လူဆိုတာ ပေးသူနဲ့ယူသူ အဆင့်တူရမယ်တဲ့၊ ငါပေးချင်တာက အချစ်၊ ဒါပေမဲ့ နင်က ငါ့အချစ်တွေကို မလိုလားဘူး၊ ဒီတော့လည်း နင်လိုချင်သလို ငါ အမုန်းတွေ ပေးရတော့မှာပေါ့၊ ထက်အောင်ကတော့ မစားရတဲ့အမဲ သဲနဲ့ပက်တယ်ပဲဆိုဆို နင့်လို စိတ်ထားဝတီ တာဝတိံသာမှာ မာနတွေ လွှမ်းမိုးနေတဲ့ လူတစ်ယောက်ကို သင်ခန်းစာ ပေးရတော့မှာပေါ့၊ ဟား.....ဟား.....ဟား"

♛♛♛♛♛

သည်နေ့ လင်းလွန်းပင်ရွာ ကြက်ဝိုင်းမှာ ထက်အောင်တစ်ယောက် ကြက်ပွဲနိုင်သည်။ ထို့ကြောင့် အောင်ပွဲခံသောအနေဖြင့်

www.burmeseclassic.com



ညတွင် လင်းလွန်းပင်တောင်ပိုင်းရှိ အရက်ပုန်းဆိုင်လေးထဲတွင် ခရေကုန်းရွာဘက်မှ စံတိုး၊ ဗထူးတို့နှင့် အရက်အတူသောက်သည်။ ထက်အောင်က ဒကာခံခြင်းဖြစ်သည်။

ထိုမှ စကားစမိ၏။ စံတိုးနဲ့ ဗထူးတို့သည် မကြာမီနှစ်ကပင် လူသတ်မှုဖြင့် လွတ်လာကြသော လူသတ်တရားခံများဖြစ်ကြသည်။ ထို့ကြောင့် လူသတ်ရန်ပင် ဝန်မလေး။ လက်ရဲဇက်ရဲ ရှိကြသူများ ဖြစ်လေသည်။ ထိုသူများနှင့် ထက်အောင် ခင်မင်ရင်းနှီးခဲ့ရသည်က လည်း ကြက်ဝိုင်းတစ်ခုတွင်သာ ဖြစ်လေသည်။

"ဟေ့ကောင် ဗထူးနဲ့ စံတိုး မင်းတို့နှစ်ယောက်ကို ငါ အကူအညီတစ်ခု တောင်းချင်လို့ကွာ"

"ဘာအကူအညီလဲကွ ထက်အောင်ရ၊ ပြောလေကွာ"

"ကဲ.....ငါပြောတာ သေသေချာချာ နားထောင်၊ ဒီလိုကွ....."

ဗထူးနှင့်စံတိုးတို့သည် ထက်အောင်ပြောသောစကားအား စိတ်ပါဝင်စားစွာ နားထောင်နေကြ၏။

"ဒီတော့ကွာ အသက်သေအောင်တော့ မလုပ်နဲ့၊ မင်းတို့ ငါပြောတဲ့အတိုင်း ဒီကောင်မက သူက လှတယ်ဆိုပြီး သူ့ကိုယ်သူ မာန်တက်နေတာမို့ သူ့အလှတရား တစ်ခုခု ပျက်စီးသွားရုံလောက်ပဲ လုပ်ပါ"

"ရပါတယ်သူငယ်ချင်း၊ ဗထူးနဲ့ စံတိုးအကြောင်း သိတယ်မဟုတ်လား၊ နေရာမလွဲစေရဘူး၊ အကွဲ အပြဲလား၊ အလှပျက်ရုံလား၊ ကြိုက် တဲ့ပုံစံပြော၊ တစ်ချက်လေး မလွဲစေရဘူး"

"အေးပါ ငါပြောတဲ့အတိုင်းသာလုပ်ပါ၊ မင်းတို့အတွက် ဒီကိစ္စပြီးရင် ငါ ထိုက်ထိုက်တန်တန် ပြုစုပါ့မယ်၊ ကဲ....ဘယ့်နှယ်လဲ ဖြစ်တယ်မဟုတ်လား"

"ဖြစ်တယ်သူငယ်ချင်း၊ ဒါနဲ့ ဘယ်တော့စမလဲ"

"အင်း...သူက ကျောင်းပိတ်

**စံတိုးနဲ့ဗထူးတို့သည်**
**မကြာမီနှစ်ကပင်**
**လူသတ်မှုဖြင့်လွတ်လာကြသော**
**လူသတ်တရားခံများ**
**ဖြစ်ကြသည်။**
**ထို့ကြောင့်လူသတ်ရန်ပင်ဝန်မလေး။**
**လက်ရဲဇက်ရဲရှိကြသူများ**
**ဖြစ်လေသည်။**
**ထိုသူများနှင့်ထက်အောင်....**

ရက်ကျမှ ဈေးကိုသွားလေ့သွား ရှိတာ"

"ဒါဆို နောက်တစ်ပတ်မှ စမယ်"

♛♛♛♛♛

သည်နေ့ မိုးလေးက တဖွဲ ရွာနေသည်။ သံစဉ်လှလှတ ယောက် ဈေးမှပြန်လာ၏။ ဆိုက် ကားတစ်စီးနှင့် ပြန်လာခြင်းဖြစ်လေ သည်။ ထိုဆိုက်ကားသည်လည် ထက်အောင်နင်းသော ဆိုက်ကာ တော့မဟုတ်။ ရပ်ကွက်တစ်ခုထိ သို့ ရောက်လာ၏။ ထိုစဉ် လူတ ယောက်က ရှေ့မှ ကာဆီးလို သည်။

"ဆိုက်ကားဆရာ ခဏ"

"ဟေ့ကောင်...ဘာလုပ်တာ လဲ"

ဆိုက်ကားဆရာက မေး

"မင်းပါးစပ်ပိတ်ထား၊ တိ တိတ်နေ"

ထိုစဉ် နောက်မှလူတ ယောက်ရောက်လာပြီး ဆိုက်ကာ ပေါ်ထိုင်လာသူ သံစဉ်လှလှအ မေးခဲ့၏။

"ခင်ဗျားက တက္ကသိုလ် အလှဘုရင်မလေး သံစဉ်လ မဟုတ်လား"

"ဟုတ်တယ်၊ ရှင်တို့ ဘာ



www.burmeseclassic.com

www.burmeseclassic.com



သူလဲ၊ ဘာကိစ္စရှိလို့လဲ''

''ဟာ...ရှိတာပေါ့ ခင်ဗျားကို ပေးစရာရှိလို့''

''ဘာပေးမှာလဲ''

''ရော့.....ဒီမှာ''

စကားဆုံးတော့ ထိုလူမှ သံစဉ်လှလှ၏ အိစက်နုညက်သော ဖြူဖြူလွလွ မျက်နှာလေးပေါ်သို့ လက်ကြမ်းကြီးဖြင့် တစ်ချက်ပွတ်သပ်လိုက်သည်။ သွေးများက နီရဲရင်းဖြာကျလာ၏။

''အမယ်လေး... လာ... လာကြပါဦး ရှင်၊ ကျွန်မ.....ကျွန်မ မျက်နှာကို ဓားနဲ့မွှန်းလို့''

လူနှစ်ယောက် ထွက်ပြေးသွားသည်။ ထို့နောက် ရပ်ကွက်လေး ထဲသို့ ဝင်ရောက်ပြေးလွှား ပျောက်ကွယ်သွားတော့၏။ သံစဉ်လှလှ့ ၁ လည်း ဆေးရုံတစ်ခုသို့ သွားရောက်ကုသရင်း အမှုကိုလည်း ရဲစခန်း တစ်ခုတွင် တိုင်ကြားရတော့၏။

♛♛♛♛♛

ရဲစခန်းတစ်ခု၏ အခန်းတစ်ခုတွင် ဖြစ်၏။

''ခင်ဗျား ဒီကိစ္စကို ကျူးလွန်တယ်ဆိုတာ တာဝန်ခံပြီလား ကိုထက်အောင်''

''ဝန်ခံပါတယ်ဆရာ၊ စံတိုးနဲ့ ဗထူးကို ကျွန်တော် အကူအညီ တောင်းခဲ့တာပါ''

''ခင်ဗျားဗျာ.....ဘာဖြစ်လို့



ဒီလိုလုပ်ရတာလဲ''

''သံစဉ်လှလှက ငယ်ငယ်ကတည်းက ကျွန်တော် တစ်ဖက်သတ်ချစ်ခဲ့ရတဲ့ ချစ်သူတစ်ယောက်ပါ၊ ကျောင်းသားဘဝကလည်း သူ့ကို ချစ်ရေးဆိုခဲ့မိလို့ ကျောင်းပညာတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ခဲ့ရပါတယ်၊ ဘဝပျက်ခဲ့ရပေမယ့် ကျွန်တော် သူ့ကို အပြစ်မမြင်ပါဘူး၊ မုန်းလည်းမမုန်းပါဘူး၊ အခု သူက တက္ကသိုလ်မှာ နောက်ဆုံးနှစ်ကျောင်းသူဖြစ်နေပြီ၊ ကျွန်တော်သူ့ကို ပြန်တွေ့တော့ ချစ်စိတ်တွေက ပြန်နိုးကြားလာတယ်၊ ဒါကြောင့် သူ့ကို ချစ်ရေးထပ်ဆိုတော့ ကျွန်တော့်ကို အနူလက်နဲ့ ရွှေခွက်နိုက်တယ်ဆိုပြီး ချိုးချိုးဖွဲ့ဖွဲ့ပြောလို့ ကျွန်တော် အလှမာန်တက်နေတဲ့ သံစဉ်လှလှကို ဒီလိုသင်ခန်းစာပေးဖို့ ဆုံးဖြတ်ခဲ့တာပါ၊ ကျွန်တော် သံစဉ်လှလှရဲ့ လုပတဲ့ အလှတရားတွေကို မကြေမနပ်ခဲ့သူပါ၊ ခုတော့ ကျွန်တော်မကျေမနပ်ခဲ့တဲ့ အလှတရားတွေက ကျွန်တော့်ကို ပြန်ပြီး ဒဏ်ခတ်ခဲ့ပြီ၊ ကျွန်တော့်လုပ်ရပ်အတွက် ထိုက်တန်တဲ့အပြစ်ဒဏ်ကိုသာ ပေးပါတော့ဆရာ''

အလှတရားဟူသည် အရာခပ်သိမ်းမကောင်း။ ထိုအလှတရားများကပင် မိမိအား ပြန်လည်၍ ဒုက္ခပေးတတ်ကြောင်း ဤဖြစ်ရပ်လေးသည် လောကတွင် သံဝေတရား ပွားများစရာအဖြစ် ပြဆိုနေပါလေတော့သည်။

ဆုမွန်ဦး (ဟင်္သာတ)

www.burmeseclassic.com

ခင်ဦး (မုတီးကျွန်း)

# ပန်းချီသူ





www.burmeseclassic.com


www.burmeseclassic.com




## ပန်းချီးသူ

ခင်ဦး (ပုတီးကုန်း)

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြေပြန့်ဒေသ၏ တောင်ဘက်အကျဆုံးတွင် တည်ရှိသည်။ တောင်ဘက်နှင့် အနောက်ဘက်တွင် ကပ္ပလီပင်လယ်နှင့် ဘင်္ဂလားပင်လယ်အော်၊ အနောက်မြောက်ဘက်တွင် ရခိုင်ပြည်နယ်တို့နှင့် တစ်ဆက်တည်း တည်ရှိနေသည်။



ကဒုံကနီကျေးရွာကြီးသည် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေး မြို့နယ်အောက်ဘက်ရှိ ပင်လယ်ကမ်းစပ်မှ ရွာကြီးဖြစ်သည်။ အိမ်ခြေပေါင်း ငါးထောင်ခန့်ရှိ၍ ရေလုပ်သားများ အခြေကနေထိုင်ရာ ရွာကြီးဖြစ်သည်။

ရွာမဝင်မီ ပင်လယ်လေကို ရှူရှိုက်ရသည်နှင့် ပုစွန်ခြောက် နံ့၊ ပုစွန်နံ့များရရှိလျှင် ကဒုံကနီရွာသို့ ဝင်လာပြီဖြစ်ကြောင်း သိသာလှသည်။ ပုစွန်လုပ်ငန်းများကြောင့် စီးပွားရေးအဆင်ပြေသော ရွာကြီးဖြစ်ပေသည်။

ထိုရွာထဲမှ ဦးကြီးထူးရှိန်နှင့် သားဖြစ်သူ မောင်လူ၊ မောင်ဖြူတို့သည် စန္ဒားထောင်ခြင်းဖြင့် အသက်မွေးကြသော ရေလုပ်ငန်းရှင်များ ဖြစ်ကြသည်။ ၎င်းတို့သားအဖသုံးဦးသည် ပင်လယ်ကြီးကို ချစ်ခင်ကြသည်။ သူတို့ချစ်သော ပင်လယ်ကို မခွဲမခွာနေထိုင်လျက် အလုပ်လုပ်ကိုင်ရင်း သူတို့၏ဘဝကို ကျေနပ်နေသူများဖြစ်ကြသည်။

"ဟေ့.....မောင်ဖြူရေ"

"ဗျာ.....အဘ"

"ကမ်းခြေဆီ သွားစောင့်စမ်း၊ စန္ဒားကလူတွေတချို့ ပြန်လာတယ်၊ တို့လူတွေ မလာသေးလို့"

မောင်ဖြူမှာ ငါးခြောက်စင်၊ ပုစွန်လှန်းစင်များအောက်မှ ပင်လယ်ကမ်းစပ်ဆီသို့ ပြေးထွက်သွားခဲ့သည်။ သဲနုန်းနုတို့အပေါ် မောင်ဖြူ၏ခြေရာလေးများ ထင်ကျန်ခဲ့သည်။ သူ့အရိပ်၊ သူ့အသံတို့ကြောင့် ကစွပ်ကောင်လေးများ သဲတွင်း

www.burmeseclassic.com



ထဲသို့ ပုန်းခိုကြသည်။

မောင်ဖြူမှာ ခရုခွံလေးများကို ကောက်လိုက်၊ တစ်လှမ်းချင်းသွားလိုက်နှင့် ရေစပ်အနီး ရောက်သွားခဲ့သည်။ လက်ခုပ်တွင်းမှ ရောင်စုံခရုခွံများကို ပင်လယ်ရေထဲသို့နှစ်ကာ ဆေးကြောလိုက်သည်။ ယင်းနောက် ခါးပုံစထဲထည့်ထားလိုက်သည်။



**ဆင့်ကာတဲ့ ဆင့်ကာ**
**တစ်ကောင်ကိုတစ်ကောင်ဖိတယ်**
**ဂျိုင်းဒါးတွေလား။**
**နက်ရာကပြာ**
**ပြာရာကလဲ့စိမ်း**
**ပါးမှုတ်ကိုသူဖောင်လို့**
**သဲသောင်မှာအမောက်လဲတယ်**
**သဲစပ်မှာဟိန်း။ ။**

မောင်ဖြူမှာ သူ၏ရင်တွင်းမှ ကဗျာလေးကို တီးတိုးရေရွတ်ရင်း ပင်လယ်ကြီးကို လှမ်းကြည့်လိုက်သည်။ ပင်လယ်ရေပြင်ကြီးမှာ စိမ်းသည့်နေရာစိမ်း၊ မည်းသည့်နေရာမည်း၊ ပြာသည့်နေရာ ပြာလျက်ရှိသည်။

ပင်လယ်လှိုင်းလုံးများက ပြေးလာကာ ကမ်းစပ်သို့အရောက် လဲပြိုကျသွားကြသည်။ ရေများမှာ ဖွားခနဲနေအောင် ကျောက်ဆောင်ဘေး၌ ဖြာထွက်သွားကြပြန်သည်။ လှိုင်းခေါင်းဖြူတို့ တလိပ်လိပ်ပြေးလာပုံကိုကြည့်ရင်း အလွန်ပျော်နေရှာသည့် မောင်ဖြူမှာ ပတ်ဝန်းကျင်ကိုပင် မေ့နေမိသည်။

"ဟဲ့.....မောင်ဖြူ"

"အမယ်လေးဗျ....."

"ဟာ..လုပ်လိုက်ရင် အရမ်းချည်းပဲ၊ ငါ ရေထဲပြုတ်ကျတော့မယ်"

နောက်မှလှမ်းတွန်းလိုက်သော မိဖြူသီ၏ နောက်ပြောင်မှုကြောင့် မောင်ဖြူမှာ လန့်သွားသည်။

"အမယ်.....ပင်လယ်ဖျံလုပ်မလို့ဆို၊ ရေထဲပြုတ်ကျမှာကြောက်နေသေး"

"နေပါဦး၊ နင့်ကို ငါးခြောက်လှန်းခိုင်းထားတာ၊ မိုးတွေ လာတော့မယ်၊ သွားရုပ်လေ"

"လုပ်မှာပေါ့၊ နင်က အဘ ထက်ပိုကဲနေပြန်ပြီ၊ ငါက အ[illegible] လူတို့ ပြန်မလာသေးလို့ စိတ်[illegible] လာမျှော်တာ"

"နင့်အပူပါပြန်ပြီလား၊ နင်[illegible] ကိုယ့်နေရာ ကိုယ်မနေတ[illegible] ကြီးတော် မအေးမြကြ အတင်[illegible] နေတာ"

"အဲဒီ ငါးရွေးတဲ့အဒေါ်[illegible] လျှာရှည်လွန်းတယ်၊ သူများအ[illegible] ပဲ လိုက်ပြောနေတယ်"

"ဟိုမှာ...ဟိုမှာ သူတို့[illegible] လှေကြီးလာပြီ"

"အေး.....ပျော်လိုက်တ[illegible]

ဖြူသီမှာ ဝမ်းသာလွန်း[illegible] သောင်ပြင်ပေါ်၌ ခုန်နေသည်[illegible] သီ၏ရင်ဘတ်ပေါ်မှ ခရုဆွဲကြ[illegible] တဖတ်ဖတ်ခုန်နေသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

...ထားသော ဒဟတ်ပန်းတို့ ပြုတ်ကျကုန်သည်။

"အမယ်လေး...ရင်တွေပန်းတွေ ပြုတ်ကျကုန်ပြီ"

"ဘာ.....ဘာပြောတယ်၊ ...သနာကောင်"

ဖြူသီက မောင်ဖြူကို သဲနှင့် ...ပက်သည်။ မောင်ဖြူက ပြေးသည်။ ကဏန်းများ၊ ဝင်ကစွပ်များ ...၍ပြေးကြလွှားကြ၊ ပုန်းခိုကြ...၊ မောင်ဖြူ၏ရယ်သံ၊ လှိုင်းရိုက်...တို့ ဆူညံနေသည်။

"ဘော်...ဘော်...ဘော်"

စန္ဒားလှေကြီးကမ်းသို့ကပ်လာ...လုပ်သားများက လှေပေါ်တွင် ...လာသော ပုစွန်များ၊ ငါးများကို တောင်းများနှင့်သယ်၍ အိမ်သို့အရောက် ထမ်းပို့ကြသည်။ မိုးချုပ်ခါနီး၍ အလျင်အမြန် လုပ်နေကြသည်။ မကြာမီ နေမင်းကြီးကား ပင်လယ်ထဲသို့ ငုပ်လျှိုးနေပြီဖြစ်သည်။

♛♛♛♛♛

"ဟဲ့.....မီးခွက်ကြီးနှစ်ခွက် ထွန်းစမ်း"

ရေနံဆီမီးခွက်ကြီးနှစ်ခွက် ထွန်း၍ ဝိုင်းတစ်ဝိုင်း၌ မိဖြူသီတို့ မိန်းကလေးတစ်စု ငါးရွေးနေကြသည်။ ငါးအမျိုးအစား တူရာတူရာကို အချို့က စုပုံရွေးချယ်ပေးသည်။ ဖြူသီက ငါးခြောက်ခွဲရန် ကောင်းသည့် ငါးများကိုရွေးကာ တောင်းထဲသို့ ထည့်နေသည်။

**ဖောင်ဝင်မြစ်သည်သင်ပေါင်းတောကို တောင်မြောက်ဖြတ်၍စီးဆင်းနေသည်။ ထိုမြစ်၏အရှေ့ဘက်တွင် မိန်းမလှကျွန်းရှိသည်။ မိန်းမလှကျွန်း၏တောင်ဘက်တွင် ဖြူးမွေးကျွန်းရှိသည်။ ဖောင်ဝင်မြစ်၏အနောက်ဘက်တွင်ဘုတ် ချောင်းကျေးရွာရှိသည်။ ထိုရွာ၏မြောက်ဘက်၌....**

"သမီး.....တောင်းပြည့်ရင် အမေ့ဆီပို့"

နောက်ဖေးရေစင်အနီးမှ ဖြူသီ၏အမေက ငါးခြောက်လုပ်ရန် ငါးများကို ငါးခြောက်ခွဲနေသည်။

"ဟဲ့.....နောက်တစ်ပတ်မှာ မောင်ဖြူတို့ ကျွန်းညိုကြီးသွားကြမှာတဲ့"

"ဟယ်...တို့မိန်းကလေးတွေ လိုက်သွားကြမယ်လေ"

မောင်ဖြူ၏ဖခင်က မောင်ဖြူကို မြို့မှသူဌေးတစ်ဦးက မှာထားသော သင်ပေါင်းပိုးဝယ်ရန်အတွက် သင်ပေါင်းတောဘက်သို့ စေလွှတ်ခြင်းဖြစ်သည်။

ဖောင်ဝင်မြစ်သည် သင်ပေါင်းတောကို တောင်မြောက်ဖြတ်၍ စီးဆင်းနေသည်။ ထိုမြစ်၏ အရှေ့ဘက်တွင် မိန်းမလှကျွန်းရှိသည်။ မိန်းမလှကျွန်း၏ တောင်ဘက်တွင် ဖြူးမွေးကျွန်းရှိသည်။ ဖောင်ဝင်မြစ်၏ အနောက်ဘက်တွင် ဘုတ်ချောင်းကျေးရွာရှိသည်။ ထိုရွာ၏ မြောက်ဘက်၌ ကျွန်းညိုကြီးကျွန်း ရှိသည်။ ထိုနေရာသို့ မိဖြူတို့မိန်းကလေးတစ်သိုက် ရောက်ချင်နေကြသည်။

"ဟဲ့...နင်တို့ ကျွန်းညိုကြီး သွားရင် မောင်ရှင်နဲ့ တွေ့နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး ဒေါ်ကြီးအေး မြရယ် မောင်ရှင်နဲ့တွေ့လို့ကတော့ သိပ်ပျော်မှာ၊ မောင်ရှင်ကို တွေ့၊ မတွေ့တော့ မသိဘူး၊ မိကျောင်းတွေနဲ့တော့ ကျိန်းသေကိုတွေ့မှာ"

"အမယ်..မောင်ဖြူ ပါပါတယ်ဟ"

"သြော်...ဖလံကြောင်၊ ငပိန်၊ ဖြူဖတ်ဖြူရော်နဲ့ကောင်ကို ညည်းတို့က အားကိုးတယ်"

"ဟယ်..မောင်ဖြူက ပိန်သာ ပိန်တာပါဟယ်၊ သူကသန်တယ် ဟဲ့"

မိဖြူသီက ထိုသို့ဝင်ပြောရာ မိန်းကလေးတစ်သိုက်က မိဖြူသီအား ဝိုင်း၍ဟားတိုက်ကြတော့၏။

"သူက သိနေတယ်ပေါ့"

"ဝါး..ဟား..ဟား...ဟား"

"ကဲ.....ကဲ ၁၂ နာရီထိုးတော့မယ်၊ ညဉ့်နက်ပြီ၊ အလုပ်မြန်မြန်သိမ်း၊ ရေခဲရိုက်တဲ့လူရိုက်၊ ဆားထပ်သူ မြန်မြန်ထပ်"

အဘဦးထူးရှိန် လာအော်မှ မိန်းကလေးများ အသံရပ်ကာ အလုပ်ကို သိမ်းကြတော့၏။

"အောက်..အီး..အီး..အွတ်"

သန်းခေါင်ယံ ညောင်ကန်ကြက်ပင် တွန်လေပြီ။

♛♛♛♛♛

နောက်တစ်ပတ်ခန့်အကြာ မောင်ဖြူမှာ သင်ပေါင်းပိုးဝယ်... ဖောင်ဝင်မြစ်ဘက်သို့ စက်လှေတ... စီးဖြင့် သွားခဲ့သည်။ ဖောင်ဝင်မြ... ကိုဖြတ်အကူး စက်လှေပျ... လေရာ မောင်ဖြူရော၊ မိန်းကလေ... များပါ ထိတ်လန့်နေကြသည်။

"ရေစုန်နဲ့ မျှောလိုက်ရမှ... အစ်ကို"

စက်လှေမောင်းသမားလေ... ပဲ့ကိုင်ရင်း ပြောခဲ့သည်။ မိဖြူသီ... ကောင်မလေးသုံးယောက်မှာ တ... ဦးနှင့်တစ်ဦး ပူးကပ်နေကြ၏။ မျ... လုံးလေးများမှာ ကြောက်ရွံ့စိတ်... ပြူးကြောင်ကြောင်ဖြစ်နေကြသ...

"ငါ...ငါ မိကျောင်းကြီး... လာမှာကို အရမ်းကြောက်တ... ဟာ"

မိဖြူသီမှာ မောင်ဖြူ၏လ... မောင်းကိုလှုပ်၍ စိုးရိမ်တကြီး... ခဲ့သည်။

"တို့စက်လှေလောက်... မှောက်မပစ်နိုင်ပါဘူးဟာ၊ မို... ပဲကြောက်ရတာ"

"မြန်မြန်ရောက်အောင် ဘ... လိုလုပ်ရပါ့"

"နင် ဆင်းတွန်းလေ"

"ဟာ...နင်ကလည်း အ... ထဲဟာ"

မိဖြူသီ၏ ကြောက်ရွံ့... ငယ်နေသော မျက်နှာလေး... ကြည့်ရင်း မောင်ဖြူ... သနား...

**စက်လှေမောင်းသမားလေး ပဲ့ကိုင်ရင်း ပြောခဲ့သည်။ မိဖြူသီနှင့် ကောင်မလေးသုံးယောက်မှာ တစ်ဦးနှင့်တစ်ဦး ပူးကပ်နေကြ၏။ မျက်လုံးလေးများမှာ ကြောက်ရွံ့စိတ်ဖြင့် ပြူးကြောင်ကြောင်ဖြစ်နေ....**



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ငါရှိပါတယ် မိဖြူသီရယ်"

"အားကိုးလောက်တယ်ဆိုတာ သူ့ဗလကြီးလားဟင်"

မိန်းကလေးများက ပြုံးတူဆိုလိုက်ရာ မောင်ဖြူမှာ အရှက်ပြေ ရယ်လိုက်မိသည်။

"ငါက လူသာ ပိန်တာပါဟာ၊ ငါ့ နှလုံးသားက ကြီးပါတယ်"

"ဘာ.....ဘာ၊ နင့် နှလုံးက ကြီးတယ်"

"ဝါး.....ဟား.....ဟား"

အကြောက်ပြေစ ပြုလာကြပြီ ဖြစ်သည်။ ရယ်စရာလေးများဖြင့် အတိုင်အဖောက်ညီနေရာမှ မကြာမီ မိန်းမလုကျွန်းသို့ ကပ်လာပြီဖြစ်သည်။

"မိုးလင်းမှ ဆက်သွားမယ်၊ တို့ဒီမှာ တည်းခိုကြတာပေါ့"

မိဖြူသီအား ယုယစွာတွဲခေါ်၍ စက်လှေပေါ်မှချပေးရာ မိန်းကလေးများက ပြုံးစိစိဖြင့် ကြည့်နေကြသည်။ နောက်တစ်နေ့တွင် သူတို့၏ကိစ္စ ပြီးမြောက်ပြီဖြစ်၍ ကျွန်းညိုကြီးမှတစ်ဆင့် ၎င်းတို့နေထိုင်ရာ ကဒ်ကနီရွာဘက်သို့ ထွက်လာကြတော့သည်။

နောက်တစ်နေ့တွင် တန်းဝင်ငါးကုလားများကို မိခင်ဖြစ်သူကခွဲပြီး မိဖြူသီက ငါးနေလှန်းနေစဉ်



မောင်လူရောက်လာပြီး မိဖြူသီကို လှမ်းဆွဲကာ ကမ်းခြေဘက်သို့ ပြေးထွက်ခဲ့လေသည်။

♛♛♛♛♛

"ဖြူ....."

"ဟင်.....အစ်ကို"

"ဖြူ့ကို အစ်ကို အသည်းနှင့်အောင်ချစ်နေရတာ ဖြူအသိနော်"

"သိပါတယ် အစ်ကိုရယ်"

"ဟောဒီပင်လယ်ရေတွေ မခန်းသရွေ့ ကိုယ့်အချစ်စမ်းရေတွေလည်း မခန်းခြောက်ပါဘူး ဖြူရယ်"

"တကယ်လား အစ်ကို"

"ဖြူ့ကို ဘယ်လောက်ချစ်ရတယ်ဆိုတာ ဖြူသိချင်မှ သိမယ်၊ ဟောဒီပင်လယ်ကြီးကတော့ သိနေတယ်လေ"

စန္ဒာလေ့ကြီးနှင့် ပင်လယ်ထွက်တိုင်း မောင်လူ၏ အလွမ်း၊ အဆွေးရိပ်များကို ပင်လယ်ကြီးက မြင်နေရသည်။ လွမ်းမိတိုင်း ပင်လယ်ကြီးကို ကြည့်၍ 'ဖြူရေ သိပ်လွမ်းတာပဲဟေ့'ဟု အော်နေလေ့ရှိသည်။ ရေလုပ်သားတို့ဘဝမှာ ရေထဲမှာသာ အချိန်ကုန်နေရ၍ ချစ်ရသူနှင့် ဆုံစည်းချိန်မှာ နည်းလွန်းလှသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဖြူ....."

"ရှင်....."

"ဒီတစ်ခေါက် ပင်လယ်က ပြန်လာရင် အဖေနဲ့ ဖြူ့အမေကို ပြောပြီး လက်ထပ်ကြစို့နော်"

"အစ်ကိုရယ်"

မိဖြူသီမှာ မောင်လူ၏ ရင်ခွင်ထဲသို့ ခေါင်းလေး တိုးဝှေ့ဝင်လိုက်သည်။ ပင်လယ်လေညင်းက ချစ်သူနှစ်ဦးထံ ဝှေ့ဝဲ တိုက်လိုက်ရာ စိမ့်ခနဲအေးသွား၏။

မောင်လူက မိဖြူသီ၏ ကိုယ်လုံးလေးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားမိသည်။

နောက်ဆယ့်ငါး ရက်ခန့်အကြာ ပင်လယ်သို့ မောင်လူတို့ လုပ်သားများ ပြန်ထွက်သွားကြပြန်သည်။

လက်ကလေးတပြပြနှင့် ချစ်သူနှစ်ဦးမှာ ရည်ရွယ်ရာ ချစ်ခရီးအတွက် ကြည်နူးဝမ်းမြောက်စွာ ပြုံးပျော်ရင်း ခွဲခွာသွားကြပြန်သည်။

"အစ်ကို့အပြန်ကို ဖြူလေ အပျော်တွေနဲ့ ကြိုနှင့်မှာပါ"

မိဖြူသီတစ်ယောက် ချစ်အိပ်မက်လှလှလေးများမက်ရင်း သူမ၏ချစ်သူ မောင်လူကို မျှော်နေရှာသည်။

♛♛♛♛♛



"ဗြီး.....ဝုန်း.....ဒိုင်း"

"ဟာ...လေနီကြမ်းကြီးဟေ့"

ကဒုံကနိရွာအား ပင်လယ်ပြင်ဘက်မှ ဝှေ့ဝိုက်တိုက်ခတ်လာသော လေနီကြမ်းကြောင့် သစ်ပင်များ၊ တဲအိမ်များ၊ ငါးခြောက်လှန်းစင်များ၊ ပုစွန်လှန်းစင်များ ပြို ကုန်သည်။

"ဘုရား..ဘုရား၊ အစ်ကို လွတ်မှလွတ်ပါ့မလား"

ဘုရားစင်ရှေ့၌ ခပ်ကုပ်ကု လေးထိုင်ကာ ဆုတောင်းနေသေ မိဖြူသီမှာ ချစ်ရသူအတွ ရတက်မအေးနိုင် ဖြစ်နေ သည်။ နောက် တစ်နေ့နံန ခင်းတွင် သတင်းဆိုးတ က မိဖြူသီ၏ရင် တုန်ယင် လှိုက် စေခဲ့သည်။

"မောင်လူ စက်လှေပျောက် တယ်တဲ့"

လူငါးဦးပါသေ စန္ဒားလှေမှာ လေနီကြ ကြောင့် မည်သည့်အရပ် ရောက်သွားသည်ကို မည်သူ မပြောနိုင်ကြပေ။

ပင်လယ်မှ မသေမပျော ပြန်လာသူတို့က မောင်လူတို့၏ လှေကြီး မည်သို့ဖြစ်သွားကြော မည်သို့မျှ မသိနိုင်ခဲ့ကြပေ။ ထို ရပ်သည် သုံးလကျော်၊ လေ အတွင်းသို့ပင် ရောက်ရှိခဲ့ပေ

"အစ်ကိုရယ်၊ မိဖြူ မျှော် ပါတယ်၊ အစ်ကို တစ်နေ့မှာ ဆီကို အရောက်လာခဲ့ပါကွယ်

ညနေတိုင်း ပင်လယ်က



www.burmeseclassic.com

www.burmeseclassic.com

...နှ မိဖြူကို တွေ့နေရသည်။ အငို...ကျက်ဝန်းလေးနှင့် နှုတ်မှလည်း တတွတ်တွတ်ပြောလျက် ပင်လယ်ကြီးကိုကြည့်ကာ မောင်လူကိုမျှော်နေရှာသည်။

"မိဖြူရယ်...ပြန်ကြရအောင်ဟာ"

အနားမှ ချော့မော့နှစ်သိမ့်နေသူ မောင်ဖြူက မိဖြူသီ၏အဖြစ်ကို မကြည့်ရက်ရှာပေ။ နောက်ပိုင်းရက်များ၌ ကဏန်း၊ ပုစွန်၊ ငါးများရွေးနေသော မိန်းကလေးနှစ်ဦးနှင့် မိဖြူသီတို့မှာ ရွာမှ ပျောက်ခြင်းမလှ ပျောက်သွားပါတော့သည်။

♛♛♛♛♛

"ဒီမှာ ကိုအတှာ"

"ဘာလဲဗျ"

"ရှင်က ရန်ကုန်လိုလို၊ ထိုင်းနိုင်ငံကိုလိုလိုနဲ့ ခေါ်လာတာ၊ အခုဘယ်ရောက်ပြီလဲ"

"ဩော်....ကော့သောင်းလေဗျာ၊ ဒီသောင်ရင်းမြစ်ကြီးကနေပြီး ထိုင်းနိုင်ငံထဲကို ကူးကြမှာလေ"

"ရှင့်အလုပ်က တကယ်သေချာရဲ့လား"

" ဩော်ဗျာ...ဘတ်ငွေတွေ အများကြီးရမှာ၊ ခင်ဗျားတို့ ငါးရွေးတာထက် ပိုရမှာ၊ ဟိုကျရင် တစ်လကို ရှစ်သောင်းနဲ့ တစ်သိန်းကြား ရကြမှာလေ၊ ဒါတောင် စားပြီး သောက်ပြီး စရိတ်ငြိမ်းရမှာ"

"မက်လောက်ပါတယ်၊ တကယ်ဆိုရင်ပေါ့"

မိန်းကလေးများမှာ ကဏန်းကုန်သည် ပွဲစား စစ်မောင်၏စကားကို မယုံတစ်ဝက်၊ ယုံတစ်ဝက်နှင့် လိုက်ပါလာခဲ့ကြသည်။

ကော့သောင်းမှ တစ်ဆင့် သောင်ရင်းမြစ်ကိုဖြတ်ကာ ထိုင်းနိုင်ငံနယ်စပ်သို့ ကူးလာခဲ့ကြသည်။

ခရီးလမ်းကား တောလမ်းဖြစ်၍ မိန်းကလေးများ နွမ်းနယ် မောဟိုက်နေကြသည်။

"ရောက်ခါနီးပါပြီဟာ၊ မြို့ကိုရောက်ရင် နင်တို့ဘဝတွေ လှပပြီမှတ်၊ ငါ့ကိုတောင် နင်တို့က ခေါ်ပါ့မလားမသိဘူး"

"တော်ပါ ကိုစစ်မောင်ရယ်၊ ရှင့်လေလုံးစကားတွေက လေထဲမှာပဲရှိသေးတော့ ယုံရခက်တယ်"

"ကျုပ်က ခင်ဗျားတို့ဘဝကို သနားလို့ပါဗျာ"

စစ်မောင်က မျက်နှာသေလေးဖြင့် မိန်းကလေးများအား နှစ်သိမ့်နေသည်။ မကြာမီ မြို့အနီးအနား ရောက်လာသဖြင့် အဆောက်အအုံ၊ တိုက်တာတို့ဖြင့် လှပနေသော မြို့ပြအနေအထားများကို မြင်တွေ့လာရသည်။

အနားမှ ချော့မော့နှစ်သိမ့်နေသူ မောင်ဖြူက မိဖြူသီ၏အဖြစ်ကို မကြည့်ရက်ရှာပေ။ နောက်ပိုင်းရက်များ၌ ကဏန်း၊ပုစွန်၊ငါးများရွေးနေသော မိန်းကလေးနှစ်ဦးနှင့် မိဖြူသီတို့မှာရွာမှ ပျောက်ခြင်းမလှ ပျောက်သွားပါတော့......



www.burmeseclassic.com

www.burmeseclassic.com

"ဟို...ဟိုမှာ ထိုင်းနိုင်ငံထဲ ရောက်လာပြီထင်တယ်"

"အေးတော့်"

စားသောက်ဆိုင်တစ်ဆိုင်၌ ဝင်နားကြသည်။ ထိုစဉ် ကုန်သည်အကြီးစား သူဌေးတစ်ဦးနှင့် စစ်မောင်တို့ တီးတိုးပြောကာ ငွေအထပ်လိုက်ကို စစ်မောင်၏လက်ထဲသို့ ထည့်ပေးလိုက်သည်ကိုတွေ့ရသည်။

ထိုညက မိန်းကလေးများမှာ မောမောပန်းပန်းနှင့် အိပ်မောကျသွားစဉ် စစ်မောင်မှာ ပျောက်ခြင်းမလှ ပျောက်သွားလေတော့သည်။ နံနက်လင်းသည်နှင့် မိန်းကလေးသုံးဦးအနက်နှစ်ဦးအား စားသောက်ဆိုင်ကြီးတစ်ဆိုင်၌ စားပွဲထိုးအဖြစ်သွင်းပေးမည်ဟုပြောပြီး အနှိပ်ခန်းတစ်ခု၌ အလုပ်လုပ်ခိုင်းတော့၏။

"ဟင့်အင်း၊ အိမ်ပြန်ပို့ပါ၊ ကျွန်မတို့က မိကောင်းဖခင်သားသမီးတွေပါ၊ ရိုးရိုးသားသားအလုပ်ပဲ လုပ်ချင်တာပါ"

"ဟ.....နင်တို့လား၊ ရိုးရိုးသားသား၊ ရိုးသားရင် ဘာဖြစ်လို့ လူမှောင်ခိုနဲ့ လိုက်လာတာလဲ"

"ဟင်.....လူမှောင်ခိုဆိုတာ ဘယ်သူ့ကိုပြောတာလဲ"

"စစ်မောင်လေ"

"ဟင်....."

မိန်းကလေးနှစ်ဦးမှာအထိတ်တလန့်ဖြင့် အော်ရင်း ငိုကြရာ တရှုံ့ရှုံ့မြည်နေသော ကြားပွတ်သံကြောင့် မိဖြူသီမှာ အကြောက်လွန်ကာ အသားများ တဆတ်ဆတ်တုန်နေရှာသည်။

ထိုညက အဖော်နှစ်ဦးမှာ မည်သို့နေရာသို့ လိုက်ပါသွားရသည်မသိ။ လိုက်ပါသွားသည်ကိုသာ သိလိုက်ရသည်။ ၎င်းမှာ တစ်ဦးတည်း တည်းခိုခန်းလေး၌ငိုလျက် သူမ၏အမှားကို နောင်တရနေရှာသည်။

"အစ်ကိုတို့စက်လှေ မုန်တိုင်းကြောင့် ထိုင်းနိုင်ငံဘက် ရောက်[...] သွားတယ်လို့ သတင်းရလို့ မိ[...] ထိုင်းနိုင်ငံဘက်ကို လိုက်လာတာ[...] အစ်ကို့ကို ရှာမယ်ဆိုပြီး အစ်က[...] အတွက် ယုံကြည်ချက်နဲ့ လိုက်လ[...] တာပါ အစ်ကိုရယ်၊ အခုတော့ [...] ဖြူတို့ရဲ့အဖြစ်ဆိုးကို မြင်စေချင်[...] ဘိ အစ်ကိုရယ်"

မိဖြူသီမှာ မျက်ရည်တ[...] တွေကျဆင်းရင်း ရွာမှမိခင်ကြီး[...] သတိရနေပြန်သည်။

"အမေရယ်...သမီးကို က[...] ပါဦး"

နံနက်လင်းသည်နှင့် ဆိုင်[...] သို့ဝင်လာသော အသက်ငါးဆ[...] ခန့် တရုတ်လူမျိုးတစ်ဦး၏လက်[...] သို့ မိဖြူသီကို အပ်လေတော့သည်[...]

"ကဲ.....နင် ဒီလူကြီးနဲ့လို[...] သွား၊ နင့်ကို ကောင်းကောင်း[...] မွန်ဆက်ဆံမှာ၊ သူက ကြင်န[...] တတ်ပါတယ်၊ နင်ကလှတော့ [...] ကောင်းတယ် မိန်းကလေး"

ထိုညက မိန်းကလေးများမှာ မောမောပန်းပန်းနှင့်
အိပ်မောကျ သွားစဉ် စစ်မောင်မှာ ပျောက်ခြင်း မလှ ပျောက်သွားလေတော့သည်။
နံနက်လင်းသည်နှင့် မိန်းကလေး သုံးဦးအနက် နှစ်ဦးအား
စားသောက် ဆိုင်ကြီးတစ်ဆိုင်၌ စားပွဲထိုးအဖြစ် သွင်းပေးမည်ဟုပြောပြီး
အနှိပ်ခန်း တစ်ခု၌



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်သူဌေးက တရုတ်လူမျိုးတစ်ဦးထံမှ ငွေများယူ၍ မိဖြူသီအား ထိုသူနောက်သို့ ထည့်လိုက်သည်။ ထိုလူကြီးက ထိုင်းနိုင်ငံထဲမှ သူ့နိုင်ငံသို့ ခေါ်သွားတော့သည်။ မိဖြူသီမှာ ထိုတရုတ်လူမျိုး၏အိမ်၌ အိမ်ဖော်လုပ်ရသည့် အထင်နှင့် လိုက်ပါလာခဲ့သည်။ သို့သော် ထိုအိမ်ရောက်မှ မယားအဖြစ် တဏှာကျေးကျွန် လုပ်ရလေတော့သည်။ ဖြူစင်သန့်ရှင်းသော မိဖြူတို့ မိန်းကလေးသုံးဦးမှာ ဘဝပျက်ရလေတော့သည်။

"အစ်ကိုရေ မိဖြူဘဝက ရေတိမ်နစ်ခဲ့ရပြီလေ၊ တရုတ်မယား ဘဝနဲ့ အစ်ကို့ကို ဘယ်လိုရှာရမလဲ အစ်ကိုရယ်"

မိဖြူသီမှာ ငိုရှုံ့လွှဲ၍ မတတ်နိုင်ရှာချေ။ ကဒုံကနီရွာမှ ငါးရွေးသူ အပျိုရိုင်းမလေးတစ်စု ပန်းကောင်းအညွန့်ချိုးခံရလေသည်သာမက ဘဝနွံထဲ၊ အမှောင့်တကာ့အမှောင်ထဲ၌ တဝဲလည်လည်ကျန်ရစ်ခဲ့ကြသည်။

ᵂᵂᵂᵂᵂ

"တောက်.....ရိုင်းလိုက်လေကွာ"

မောင်ဖြူမှာ မိဖြူသီတို့ အကြောင်း သတင်းအစအန ကြားလိုက်ရ၍ နားကိုပိတ်ပြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါသည်အထိ နာကျင်မှုဝေဒနာကို ခံစားနေရသည်။



"စစ်မောင်...စစ်မောင်၊ မင်းကိုတွေ့လို့ကတော့ တွေ့ရာသင်္ချိုင်းမားမဆိုင်းဘဲကွ"

မောင်ဖြူမှာ အော်လိုက်၊ ငိုလိုက်၊ ခုန်လိုက်နှင့် ပင်လယ်ကမ်းခြေ သဲသောင်ပေါ်၌ လူးလိမ့်ငိုကြွေးနေရှာသည်။

"အစ်ကိုမရှိတော့ပေမယ့် ငါရှိနေတာပဲ မိဖြူရယ်၊ ငါမသိလိုက်တာ နာတယ်ဟာ၊ ငါနင့်ကိုချစ်နေတာ နင်မသိချင်ယောင်ဆောင်ခဲ့တာကိုး၊ ငါ့ရင်တွေ ကွဲမတတ် ခံစားနေရပြီ မိဖြူရယ်"

ငယ်သူငယ်ချင်းမ မိဖြူသီကို ငယ်စဉ်တောင်ကျေးကလေးဘဝ ကတည်းက သံယောဇဉ်ရှိခဲ့သူမှာ မောင်ဖြူပင်ဖြစ်သည်။ အပျိုအရွယ်ရောက်လာသော အခါ မိဖြူသီ၏စိတ်က မောင်လူ ဘက်သို့သာ တိမ်းညွတ်ခဲ့သည်။ မောင်ဖြူမှာ အစ်ကိုနှင့် ချစ်သူအကြား ခံစားချက်ကို မျိုသိပ်ခဲ့ရသည်။ မောင်ဖြူမှာ ယခုတော့ ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ရတော့၏။ မကြာမီ ရွာအတွင်းမှ မောင်ဖြူပါ ပျောက်သွားပြန်သည်။

အကြောင်းအမျိုးမျိုးကို ထင်မြင်ချက်ပေးရင်း ရွာထဲ၌ သတင်းအစုံစုံ ကြားနေကြရသည်။

"မောင်ဖြူက မိဖြူကိုချစ်လို့ ထိုင်းနိုင်ငံဘက် လိုက်သွားတာတဲ့"

"မောင်ဖြူနဲ့မိဖြူရဲ့ လုပ်ကြံ ဇာတ်လမ်းကော မဖြစ်နိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား''

"မိဖြူက ချမ်းသာချင်တော့ တရုတ်မယားလုပ်မှာပါအေ''

ထိုသို့သော သတင်းစကားများသည် မောင်ဖြူ၏မိခင်နားထဲသို့ ရောက်လာခဲ့ကြသည်။ ထိုသတင်း ဆိုးကြောင့် မောင်ဖြူ၏မိခင်ကြီးမှာ အိပ်ရာထဲဗုန်းဗုန်း လဲကျသွားသည့် အဖြစ်နှင့် ကြုံရ တော့သည်။

♛♛♛♛♛

"မောင်လူ ပြန်လာပြီတဲ့ ဟေ့''

မိုးချုပ်စအချိန်၌ လူတစ်ဦးက ရွာထဲသို့အော်၍ ပြေးလာသည်။ အဘဦးထူးရှိန်မှာ ထမင်းဝိုင်းမှပြေးထွက်ခဲ့ပေသည်။

"ဟင်.....သား၊ မင်း ပြန်လာပြီနော်''

မိခင်ကြီးပါ အိမ်ရှေ့သို့ပြေးထွက်လာပြီး ကမ်းနားဆီသို့ လင်မယားနှစ်ဦး ပြေးလာကြသည်။

ကမ်းနား၌ ၎င်းတို့၏စက်လှေကြီးကို မြင်လိုက်ရာ မိခင်ကြီးမှာ ဝမ်းသာလွန်း၍ မူးမေ့လဲကျသွားခဲ့သည်။

"အမေ...အမေ၊ အမေ့သား ပြန်လာပါပြီဗျ၊ သတိရပါဦး အမေ၊ သား မသေပါဘူးဗျာ''

မိခင်ကြီးမှာ ခဏအကြာတွင် သတိရလာသည်။ မောင်လူအား ပွေ့ဖက်ကာ နမ်းရှုပ်လေတော့၏။

"သားကြီးပြန်လာတော့ သားငယ်က ပျောက်နေပြန်တယ်''



"ဘာ.....ဘယ်လို''

အကြောင်းစုံကို ဖခင်ကြီးက ရှင်းပြရန် အိမ်ဘက်သို့ ခေါ်လာခဲ့သည်။ ထမင်းကျွေးပြီးမှ မိဖြူသီနှင့် မောင်ဖြူတို့အကြောင်း ပြောပြရာ မောင်လူမှာ ချစ်ရသူနှင့် အချစ်ဆုံးညီလေးအတွက် ကြေကွဲစွာ ခံစားရတော့သည်။

"လူတစ်ခု ပူမှုရယ် ဆယ်ကုဋေဆိုတာ ကျွန်တော်တို့အဖြစ် တွေများလားဗျာ''

"ကံတရားပေါ့ကွယ်၊ ငါ့သား ကြီးလည်း သေကံမရောက် သက် မပျောက်ဘဲ ပြန်လာရတာပဲ၊ ညီ လေးနဲ့ မိဖြူတို့အတွက်လည်း က ကိုပဲ အားကိုးရမှာပေါ့ကွာ''

♛♛♛♛♛

မောင်ဖြူမှာ လ ကောင်သေး သလော ဖွဲ့ကြီးလှသည်။ မြိ မြို့မှတစ်ဆင့် ရေလု ငန်း၌ ဝင် လုပ်ရင်း ကေ သောင်းမြို့သို့ရော လာသည်။ ကော့သော မြို့ပေါ်သို့ မကြာခ သွားသည်။ ယင်း ရနောင်းသို့သွားသည် ရနောင်းမြို့ မှတစ်ဆ ထိုင်းနိုင်ငံနယ်စပ်ထဲ မှိုင်းမှုန်မှုန်၊ ဆိုင်းဆိုင်းညို့ည မြေအနေအထားများကို လှ ကြည့်နေခဲ့သည်။

"ပျံလေတဲ့ငှက်ခါး အပင် နားတဲ့တစ်နေ့ ငါနဲ့တွေ့ရပေမ ကွာ''

ရင်ထဲမှ ကျိတ်၍တွေးရင်း မောင်ဆိုသူ လူမှောင်ခိုကို ရှာနေခဲ့သည်။ ဖွဲ့ကောင်းကြေ ဟုပင် ပြောရပေမည်။ ဖွဲ့ကြီး

www.burmeseclassic.com



နှင့် တစ်နေ့တွေ့ရနိုး မျှော်ကိုးရင်း စစ်မောင်ကို ရနောင်းမြို့ရှိ နယ်စပ်စားသောက်ဆိုင်တစ်ခု၌ တွေ့လိုက်ရတော့သည်။

မောင်ဖြူက စစ်မောင်နောက်သို့ အရိပ်ပမာ လိုက်ခဲ့သည်။ လူပြတ်သည့်နေရာသို့အရောက်၌ စစ်မောင်၏လည်မျိုကိုညှစ်ရင်း ဓားနှင့်ဝမ်းဗိုက်နံဘေးကို ထောက်ထားလိုက်သည်။

"မိဖြူကို မင်းပြန်ခေါ်လာခဲ့၊ မိဖြူနဲ့မင်းနဲ့ အသက်ချင်းလဲရမယ်"

လူဗလံလေးဟု အထင်သေးခံရသော မောင်ဖြူ၏လက်တွင်းသို့ စစ်မောင်မှာ သမင်ငယ်လေးတစ်ကောင်သဖွယ် ရောက်နေခဲ့၍ သေဘေးအတွက် စိုးရိမ်ပြီး ကြောက်စိတ်ဖြင့် တဆတ်ဆတ်တုန်ယင်နေသည်။

"မိဖြူဘယ်မှာလဲ၊ ပြောစမ်း"

"ဟို.....ဟို ငါမသိဘူး"

"ဘာ.....မင်းမသိဘဲ နေပါ့မလား၊ မင်း လူလိမ်လူကောက်ပဲ၊ နှမချင်းမစာနာတဲ့ အမျိုးယုတ်၊ သစ္စာဖောက်၊ ကိုယ့်လူမျိုး အမျိုးသမီးလေးတွေကိုမှ ရက်စက်ရက်တဲ့အကောင်၊ မင်းကိုငါသတ်မှာ"

"နေ...နေပါဦး၊ လိပ်စာပေးပါ့မယ်"

"ပေး"

စစ်မောင်က သူခေါ်ဆောင်လာပြီး အပ်နှံခဲ့သည့် တည်းခိုခန်းပိုင်ရှင်၏ လိပ်စာကတ်ကို ပေးလိုက်သည်။

"ဒီလူ့ကိုမေးရင် သိမှာပါ၊ ကျန်တာတော့ ကျုပ်လည်းမသိဘူး"

"မင်း သေချာတယ်နော်"

စစ်မောင်မှာ ခေါင်းကို တွင်တွင်ညိတ်ပြလိုက်သည်။ မျက်နှာ၌ အဆီပြန်လျက် အဆီဝင်းဝင်းတောက်နေသည်။ ကြောက်စိတ်ကြောင့် ချွေးသီးချွေးပေါက်များကလည်း စို့ရွှဲလျက်။ တဆတ်ဆတ်တုန်နေသော ဒူးခေါင်းကို မောင်ဖြူက ဆောင့်ကန်လိုက်သည်။

စစ်မောင်မှာ မြေပေါ်သို့ ဒူးထောက်လျက် ကျသွားသည်။ မောင်ဖြူ၏ဓားမြှောင်က စစ်မောင်၏ နံဘေး နံရိုးကြားသို့ စူးနစ်သွားခဲ့သည်။

"အဲဒါ တိုင်းပြည်ထဲက မြန်မာ အမျိုးသမီးလေးတွေအတွက် အကြွေးဆပ်တာပဲ"

စစ်မောင်၏ ခန္ဓာကိုယ် ငြိမ်ကျသွားတော့မှ မောင်ဖြူမှာအဝေးသို့ပြေးထွက်ခဲ့တော့သည်။ နောက်တစ်နေ့ ထိုင်းဘက်သို့ ကူးခဲ့၏။ ယင်းမှတစ်ဆင့် စစ်မောင်၏ လိပ်စာကတ်အရ တည်းခိုခန်းဆိုင်ရှင်ထံသို့ ဝင်တွေ့ခဲ့သည်။

"ဩော်...မင်းက မိဖြူရဲ့အစ်ကိုလား"

"ဟုတ်ပါတယ်ဗျာ၊ သူ့အမေက သေတော့မှာမို့ လာခေါ်တာပါဗျာ၊ သူ့ဆီကို ပို့ပေးပါဗျာ"

"နားပါဦးလား ဒီည၊ နောက်တစ်နေ့တော့ တွေ့ဖို့လိုက်ပို့မှာပါ"

သဘောကောင်းပုံရသော လူကြီးက ဧည့်ဝတ်စကားဆိုခဲ့သည်။ အစားအသောက်မှအစ အိပ်ရာနေရာပေးသည်။ နံနက်စောစော၌ ယောကျ်ားသားနှစ်ဦးက လာခေါ်သည်။ မိဖြူသီကို တွေ့ရတော့မည်ဆိုသောအသိဖြင့် ဝမ်းသာစွာဖြင့် အိပ်ရာမှထ၍ လိုက်သွားလေသည်။

"မင်းတို့က ဘယ်ခေါ်လာတာလဲကွ၊ တောအုပ်ထဲက

လူဗလံလေးဟု
အထင်သေးခံရသော
မောင်ဖြူ၏လက်တွင်းသို့
စစ်မောင်မှာ
သမင်ငယ်လေး
တစ်ကောင်သဖွယ်
ရောက်နေခဲ့၍
သေဘေးအတွက်
စိုးရိမ်ပြီး
ကြောက်စိတ်ဖြင့်
တဆတ်ဆတ်တုန်ယင်....



www.burmeseclassic.com

www.burmeseclassic.com


ဖြတ်ရဦးမှာလား''

''ခွပ်.....''

''အေး.....ဒါ ဥပဒေမဲ့နေရာ ဆိုပါတော့''

''ဟာ.....''

ကျောချမှ ဓားပြမှန်းသိရသူ မောင်ဖြူမှာ မိမိဘေးမှ ရန်သူနှစ်ဦး၏တိုက်ကွက်ကို ရှောင်နေရ၏။ လူသန်ကြီးနှစ်ဦးက လူဗလံလေး မောင်ဖြူကို လက်နက်ထုတ်၍ တိုက်ခိုက်လေရာ မောင်ဖြူ၏ခေါင်းမှသွေးများနှင့် ဝမ်းဗိုက်မှသွေးများမှာ မြေပေါ်သို့ လွင့်စဉ်ကျသွားခဲ့သည်။

''ဟား.....ဟား.....ဟား''

''နယ်ကျွံလာတဲ့ သားကောင်ကို တို့မုဆိုးတွေက ဘေးမဲ့ပေးရိုး ထုံးစံမရှိဘူးကွ''

ဧရာဝတီတိုင်းဒေသကြီးမှ ရိုးလွန်းအလွန်းသော တံငါသည်လေး မောင်ဖြူမှာ ချစ်စိတ်နှင့် မခံချင် စိတ်ကြောင့် ရန်သူ့နယ်မြေထဲသို့ မစဉ်းမစား ဝင်လာမိခဲ့ပြီဖြစ်သည်။

ငွေကိုသာ အဓိကထားသော ရက်စက်လွန်းသည့် လူ့အဖွဲ့အစည်း ကြီးထဲမှလူတို့ ကလိမ်ကကျစ်ကျပုံကို မျက်ဝါးထင်ထင် မြင်ရပေပြီ။

''မင်းရဲ့နှမကို ငွေပေါင်းများစွာနဲ့ တရုတ်ကြီးဆီက လဲပြီးမှ ပြန်ယူလို့ရပါ့မလားကွာ၊ စဉ်းစဉ်းစားစားလည်းလုပ်ပါဦး၊ လဲလို့ရရင်တောင် မူလအနေအထားနဲ့ ဘယ်ပြန်လာနိုင်မလဲကွာ၊ ပုံပျက်ရင်ပျက်၊ မပျက်ရင် အသေကောင်ပဲရမှာကွ''

''မင်းတို့တစ်တွေဟာ လူတွေမှ ဟုတ်ရဲ့လား၊ မြန်မာလူမျိုး အချင်းချင်း ငွေကိုပဲကြည့်ပြီး ရက်



စက်ကြတာ၊ မင်းတို့ ခွေးတွေလောက်မှ သစ္စာမရှိတဲ့ကောင်တွေ''

''ကဲကွာ.....ချကွာ၊ ပါးစပ်ပိတ်ပစ်''

မောင်ဖြူမှာ ခြင်းခြင်းနီနေသော သွေးအိုင်ထဲ၌ နာကျင်မှုကို မေ့လျက် မိဖြူသီကိုသာ သတိတရဖြင့် တွေးနေမိသည်။

''မိဖြူရယ် နင့်ဘဝကို ငါ[illegible] ကယ်ပေမယ့် ငါရှုံးခဲ့ရပြီ၊ ငါမက[illegible] နိုင်ခဲ့တာ ခွင့်လွှတ်ပါ မိဖြူရ[illegible] တို့လေ နောင်ဘဝမှာ ပင်လ[illegible] ကြီးထဲမှာပဲ ပျော်ရွှင်စွာ ဆုံကြ[illegible] အောင်နော်''

မောင်ဖြူ၏ဝိညာဉ်ကား မိ[illegible] သီထံသို့ ရောက်နေမည်လော၊ [illegible] သို့ပြန်ရောက်နေမည်လောဆိုသ[illegible] ကို မည်သူမျှ မသိနိုင်ပါ။

ထိုင်းနိုင်ငံနယ်စပ် [illegible] အုပ်အတွင်း မောင်ဖြူ[illegible] အသက်မဲ့ခန္ဓာကိုယ်အား [illegible] သူမျှ အရေးတယူ ရှာဖွေ[illegible] လိမ့်မည်မဟုတ်ပါ။ တ[illegible] ဥပဒေလမ်းကြောင်းအတိုင်[illegible] မရှာမိခဲ့၍ မောင်ဖြူမှာ အဖြစ်[illegible] နှင့်ကြုံခဲ့ရသည်။

♛♛♛♛♛


နှစ်၊ လတို့ ပြောင်းခဲ့ပြီ[illegible] သည်။ အချိန်တိုင်း မျှော်ခဲ့ရ[illegible] မောင်ဖြူနှင့် မိဖြူသီတို့အတွ[illegible] မောင်လူမှာ မမေ့နိုင်ခဲ့ပေ။

ကဒုံကန်ပင်လယ်ပြင်ကြီး[illegible] မိဖြူကို တွေ့လိမ့်နိုး၊ မောင်ဖြူ[illegible] တွေ့လိမ့်နိုးနှင့် မောင်လူ[illegible] ယောက် မျှော်နေမည်ကား အ[illegible] ပင်ဖြစ်ပေတော့သတည်း။

ခင်ဦး (ပုတီး[illegible]


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ပန်သစ္စာ



## အောင်ကျော်ဇော

သူငယ်ချင်းနှစ်ယောက်.....

အသက်က မတိမ်းမယိမ်း။

တစ်ဦးနှင့်တစ်ဦး အသက် တစ်နှစ်ခန့်သာ ကွာခြားသည်။

သို့သော် နှစ်ဦးစလုံး အသက် (၂၀) စွန်းရုံသာရှိသေးသည်။

သူတို့နှစ်ဦး နံနက် ၈ နာရီခန့်၌ ဆုံနေကျ လက်ဖက်ရည်ဆိုင်တွင် ဆုံတွေ့ကြသည်။

လက်ဖက်ရည်ဆိုင်နာမည်က ဆုံစည်းရာ။

သူတို့နှစ်ဦး နေ့တိုင်းဆုံစည်းရာနေရာကလည်း ဆုံစည်းရာလက်ဖက်ရည်ဆိုင်တွင်ဖြစ်၏။ လက်ဖက်ရည်ဆိုင်က သူတို့နှစ်ဦးနေထိုင်ရာ ရပ်ကွက်ထိပ်တွင်ရှိသည်။

ဆုံစည်းရာလက်ဖက်ရည်ဆိုင်တွင် မုန့်မျိုးစုံရောင်းသည်။

အကြော်အလျော် အကုန်ရနိုင်သည်။ အကြော်ဆရာများကို သီးသန့်ခန့်ထားသည်။ ပြီးတော့ မြန်မာ လူမျိုးတို့အကြိုက် မုန့်ဟင်းခါးနှင့် အုန်းနို့ခေါက်ဆွဲ၊ ခေါက်ဆွဲသုပ်၊ နန်းကြီးသုပ်၊ ပဲနံပြား။



စားစရာတွေက အစုံအလင်။

သည်တော့ လူငယ်လူရွယ်မှအစ လူလတ်၊ လူကြီး၊ ယောက်ျား၊ မိန်းမ အရွယ်စုံတို့က နေ့စဉ် ဆုံစည်းရာမှာ ဆုံကြ၊ တွေ့ကြသည်။

အရွယ်တူဖြစ်သော လူငယ်နှစ်ဦး.....

တစ်ဦးက ကျော်ပိုင်၊

တစ်ဦးက ခက်နိုင်။

ကျော်ပိုင်က သူ့ကိုယ်သူကြွားလုံးထုတ်သည်။

ကျော်ပိုင်ဆိုသည်မှာ အားလုံးကို ကျော်ဖြတ်၍ ပိုင်နိုင်စွမ်းရှိပြီး အောင်မြင်မှုရသည်အထိ အနိုင်ယူနိုင်သူဟုဆိုသည်။

သူတို့နာမည်တွေနှင့် ပတ်သက်၍ ဟိတ်၊ ဟန်၊ မာန်အပြည့်ဖြင့် ဟစ်ကြွေးရင်း အပေါင်းအသင်းများပေါ်တွင် ဂုဏ်ယူလေ့ရှိကြသူများဖြစ်သည်။

"ဟာ....."

လက်ဖက်ရည်ခွက်ကိုကိုင်ရင်း

www.burmeseclassic.com





စည်းစိမ်အပြည့်ဖြင့် စုပ်ယူရုံမျှဖြင့် အရသာခံသောက်နေသည့် ကျော်ပိုင်မှာ အံ့သြတကြီးဖြင့် ကျောက်ရုပ်လိုဖြစ်သွားသည်။

ကျော်ပိုင်၏မျက်လုံးများက လက်ဖက်ရည်ဆိုင်ရှေ့မှ လမ်းမပေါ် ရောက်နေသည်။ ကျော်ပိုင်၏မျက်လုံးများကို လမ်းမပေါ်မှ မိန်းမလှကလေးတစ်ဦးက စက်ကွင်းညှို့ယူဖမ်းစားထားခဲ့သည်။

"ဟေ့ကောင် မင်းနှယ်ကွာ အရှက်မရှိလိုက်တာ"

"ဘာလဲကွ၊ အမြင်အာရုံကို ဖမ်းစားထားနိုင်တဲ့ မိန်းမလှလေးကိုကြည့်တာဟာ ရှက်စရာလား"

"ရှက်စရာပေါ့ကွ"

"ဘာဖြစ်လို့လဲ"

"အားလုံးမှာ သူ့သိက္ခာနဲ့သူရှိတယ်၊ ယောက်ျားလေးတစ်ဦးရဲ့မာန မင်းမှာမရှိတော့ဘူးလား"

"ဖယောင်းတိုင်တစ်တိုင်ဟာ အအေးနဲ့ထိတွေ့နေသရွေ့ သူ့ရဲ့မာနနဲ့သိက္ခာကို ထိန်းထားနိုင်တယ်၊ မီးနဲ့တွေ့ရင်တော့ သူ့မာနတွေဟာ ဖယောင်းသားနဲ့အတူ အရည်ပျော်သွားတော့တာပဲ"

"အဲဒါက သက်မဲ့မွေတာကွ၊ မင်းက အသိဉာဏ်ရှိတဲ့လူသားတစ်ယောက်၊ မင်းရဲ့မာနနဲ့သိက္ခာကို မင်းရဲ့အသိဉာဏ်နဲ့ထိန်းပါကွာ"

"ဒါတော့ဒါပေါ့ကွာ၊ အမြင်ထဲဝင်လာတဲ့ ဆွဲငင်အားလေ"

သူတို့နှစ်ဦး စကားပြိုင်၊အနိုင်လုနေကြစဉ် လမ်းမပေါ်မှ မိန်းကလေးမှာ သူတို့နှစ်ဦးရှေ့မှကျော်လွန်သွားခဲ့သည်။

"ကျော်ပိုင်၊ မင်းရဲ့နာမည်ကို ပြောင်းလိုက်တော့၊ မင်းဟာ မကျော် နိုင်ဘဲ ရှုံးသူဖြစ်သွားပြီကွ"

"ဘာဆိုင်လို့လဲ"

"ဘာဆိုင်လို့လဲဆိုတော့ မင်းက အမြင်အာရုံကို အမြင်သဘောနဲ့မထားဘဲ အတွေးထဲ အတင်းဆွဲခေါ်နေလို့ အမြင်ကိုမကျော်လွှားနိုင်တဲ့ အရှုံးသမားဖြစ်သွားပြီလေ"

"မဆိုင်လိုက်တာကွာ"

"ငါရှင်းပြမယ်၊ မင်းမျက်လုံးဟာ မင်းအတွက် မြင်ကွင်းကျယ်မှန်ဘီလူးတစ်ခုပဲ၊ အမြင်နဲ့ အ... ခံ အရာဝတ္ထုတို့ဟာ ပေါင်း... မဖြစ်ရင် ဘာခံစားချက်မှ မဖြ... ဘူး"

"ဆိုစမ်းပါဦး"

ခက်နိုင်က ခက်ခဲသော... ကို အနိုင်ရရှိထားသူဟန်ဖြင့် ... ပိုင်ကို လှမ်းကြည့်သည်။ ကျော်... ၏ မျက်လုံးများက ခိုးကြော... ဝှက်ဖြင့် လမ်းမပေါ်မှဖြတ်သ... သော မိန်းမလှကလေးထံ ... နေခဲ့သည်။

"ငါရှင်းပြမယ်၊ မျက်လုံး... တာ သူ့မြင်ကွင်းထဲ ရောက်လာ... အရာဝတ္ထုမှန်သမျှကို အမြင်... သွားတယ်၊ အမြင်ခံပစ္စည်း... အမြင် တို့ ပေါင်းစပ်ချိန်...



www.burmeseclassic.com

www.burmeseclassic.com

တစိတ် မထားရင် မြင်ပြီးရင် သွား တဲ့အဆင့်ပဲရှိမယ်''

မင်းစကားက သစ်ခြောက် ပန်းပွင့်နဲ့ ရွက်စိမ်းတွေကပ် ပြီး မရှိကို အရှိလုပ်ပြတဲ့ ာ သက်ရောက်နေပြီ''

ကျော်ပိုင်က မခံချင်စိတ်ဖြင့် တက်ပြီး ချေပသည်။

ခက်နိုင်က စာဒကကို ခက် ဖြေထုတ်ပြရင်း တုံ့ပြန်၏။

အမြင်နဲ့ အမြင်ခံပစ္စည်းကို က မဖမ်းစားသရွေ့ တွေ့ ပဲ၊ အာရုံစက်ဝန်းခြုံလွှာနဲ့ လိုက်ရင် အမြင်ခံပစ္စည်းက င်းက ပျောက်သွားသည့်တိုင် ထဲမှာ ပုံရိပ်ထင်ပြီး ကျန်နေ တယ်''

ခက်နိုင်က အလေးအနက် ထား၍ ရှင်းပြသည်။

ကျော်ပိုင်အဖို့ တကယ့်ကို ပိုစရာ ဖြစ်ခဲ့ရသည်။

အခုပဲကြည့်၊ ပန်သစ္စာကို အာရုံထဲမှာ ပုံရိပ်သွင်းမိပြီ လား''

ဘယ်သူ.....သူ့နာမည်က ပန်သစ္စာတဲ့လား''

''ဟုတ်တယ်၊ ပန်သစ္စာတဲ့''

''သူက ဘယ်ကလဲ၊ ဘယ် မှာနေတာလဲ''

''ငါ့အိမ်နဲ့ တစ်အိမ်ကျော်မှာ နေတယ်၊ အပြင်ထွက်လေ့မရှိလို့ အိမ်နီးချင်းတွေလောက်ပဲ သိကြတာ၊ အခုတော့ မကြာခဏ အပြင်ထွက်လေ့ရှိလို့ မင်းမြင်ခွင့်ရလိုက်တာပဲ''

''ပန်သစ္စာတဲ့၊ နာမည်ကလှတယ်၊ အဓိပ္ပာယ်လည်းပြည့်တယ်၊ လူကလည်း တစ်ခါမြင်ရုံနဲ့ စွဲမက်နိုင်တဲ့ အလှမျိုးပဲကွ''

ကျော်ပိုင်က ပန်သစ္စာနှင့်ပတ်သက်ပြီး ချီးမွမ်းခန်းဖွင့်ဆဲပင်။ ခက် နိုင်က ကျော်ပိုင့်ကိုကြည့်ရင်း ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးနေမိ၏။

''ပန်သစ္စာက ဘာအလုပ်လုပ်သလဲ''

''ဒါတော့ ငါမသိဘူး''

''သူတို့က ဒီဇာတိတော့ မဟုတ်ဘူးပေါ့''

''ဟုတ်တယ်၊ သူတို့မိသားစု ပြောင်းလာတာ ခြောက်လလောက်ပဲရှိသေးတယ်၊ အိမ်နီးချင်းတွေနဲ့ မဆက်ဆံဘူး၊ သီးခြားနေတယ်''

''ဟင်...သူတို့မိသားစုပုံစံက မာနကြီးတာလား''

''ဘယ်လိုပြောရမလဲတော့ မသိဘူး၊ မိန်းကလေးဆိုလို့ အဲဒီ မိသားစုထဲမှာ ပန်သစ္စာတစ်ယောက်ပဲရှိတယ်၊ အရင်က အိမ်ထဲကအိမ် ပြင် လုံးဝမထွက်ဘူး၊ လွန်ခဲ့တဲ့ နှစ် လလောက်ကမှ ပန်သစ္စာက အပြင် ထွက်တာ၊ ဒါပေမဲ့ မြို့ထဲဘက်ပဲ သွားတယ်၊ ရပ်ကွက်ထဲနဲ့ နေထိုင်ရာ ပတ်ဝန်းကျင်မှာတော့ သွားလာ ဆက်ဆံတာမျိုး မရှိဘူး''

''အင်း....ဒါကြောင့် တွေ့ရခဲတာနဲ့တူတယ်၊ တွေ့မိပြန်တော့လည်း.....''

ကျော်ပိုင်က သူ့စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်ထားခဲ့သည်။

''တွေ့ပြန်တော့ ပန်သစ္စာ အပေါ်မှာ မင်းစိတ်က ဖောက်ပြန်သွားတယ်လို့ ဝန်ခံတာလား''

''မိန်းကလေးကို ဖယောက်ျား

**အမြင်နဲ့ အမြင်ခံပစ္စည်းကို အာရုံက မဖမ်းစားသရွေ့ တွေ့ ပျောက်ပဲ၊**
**အာရုံစက်ဝန်းခြုံလွှာနဲ့ ပစ်ဖမ်းလိုက်ရင်**
**အမြင်ခံပစ္စည်းက မြင်ကွင်းက ပျောက်သွားသည့်တိုင် အာရုံထဲမှာ ပုံရိပ်ထင်ပြီး**



www.burmeseclassic.com

www.burmeseclassic.com



လေးက စိတ်ဖောက်ပြန်မိတာဟာ သဘာဝက သင်ကြားပေးတဲ့ ဓမ္မတာတရားလိုက်နာမှုပဲ"

"တော်စမ်းပါကွာ၊ မင်းက နာ ဘူးပဲ၊ အာရုံထဲမသွင်းရင် ဘာမှ ဖောက်ပြန်စရာမရှိဘူး"

"ဒါတော့ မင်းက ဓမ္မတာ သဘောကို ဆန့်ကျင်တဲ့အတွေးပဲ"

"အာရုံဟူသမျှ ခံစားမှုသည် စိတ်တဲ့၊ မြင်စိတ်ကို သိစိတ်နဲ့ ဖျောက်လိုက်ရင် အစွဲအလမ်းမဖြစ် နိုင်ဘူး"

"ကဲ.....နောက်မှဆွေးနွေး မယ်၊ ငါ သူ့နောက်က နောက် ယောင်ခံပြီး လေ့လာချင်တယ်"

ကျော်ပိုင်က လက်ဖက်ရည် ခွက်ကို ကောက်ကိုင်ရင်း ကပျာ ကသီသောက်သည်။ လက်ဖက် ရည် တစ်ခွက်လုံးကို အရသာမခံ ဘဲ သောက်ပြီးသည်နှင့် ပန်သစ္စာ ထွက် သွားရာနောက်သို့ ပြေးထွက် သွားတော့၏။

ခက်နိုင်က တားဆီးချိန်ပင် မရလိုက်။

ဆိုင်ထဲ၌ အံ့ဩတကြီးဖြင့် ကျန်နေရစ်ခဲ့တော့သည်။

♛♛♛♛♛

"ပန်သစ္စာ"

ကျော်ပိုင်က ပန်သစ္စာနောက် သို့ အပြေးလိုက်ရင်း လူချင်းယှဉ် မိချိန်၌ အသံမတိုးမကျယ်ဖြင့်ခေါ် လိုက်သည်။

ပန်သစ္စာက အံ့အားသင့်စွာ လှည့်ကြည့်သည်။

ကျော်ပိုင့်ကို လှည့်ကြည့်သော အကြည့်က ကြွေအပြည့်။

ခေါင်းငုံ့ရုံမျှ ငုံ့ကြည့်ရင်း မျက် နှာကို အရှေ့သို့ ဦးတည်မြဲအတိုင်း လှည့်လိုက်သည်။

ကျော်ပိုင်က လူချင်းအနီးကပ် ဆုံး နေရာယူ၍ ယှဉ်တွဲလျှောက် သည်။

"ပန်သစ္စာ"

ကျော်ပိုင်က ထပ်ပြီးနာမည် ကိုခေါ်သည်။

"ရှင် ဘယ်သူလဲ"

"ကျွန်တော့်နာမည် ကျော်

ပါ"

"ကျွန်မအသိထဲမှာ ရှင်

ဘူး"

"ဟုတ်ပါတယ်၊ ကျွန်တော် အသိတိုးပွားအောင် မိတ်ဆ

သူပါ"

"ကျွန်မ ရှင်နဲ့ မိတ်ဆွေ ဖို့ ဆန္ဒမရှိဘူး"

"အခုမရှိသေးပေမယ့် ခင် အသိအမှတ်ပြုနိုင်မှာပါ"

"အဲဒီလိုပြောဖူးတဲ့ယော တွေ အများကြီးပဲ၊ ပြော ကပ်သူတိုင်းကို အသိအမှ ရင် စကားသံတွေကြောင့် အ တိုသွားနိုင်တယ်"

ပန်သစ္စာ၏အပြောက သံပြတ်ဖြစ်သည်။

မျက်နှာကို ရှေ့သို့ကြည် လျက် ကြွေသိက္ခာအပြည့် ပြောနေခဲ့၍ ကျော်ပိုင်မှာ တုံးကို ကိုယ်နှင့်ဝင်တိုက်နေ ဖြစ်နေခဲ့ရ၏။

"ကျွန်တော် ပန်သ စကားပြောချင်လို့ပါ"

"ရှင်နဲ့ ဘာမှအဆက် မရှိလို့ စကားပြောစရာမ

"လူနဲ့လူချင်း ဆက် စကားမျိုးပါ"

"ယောကျ်ားတွေရဲ့စကာ မှာ အဖုံးအကွယ်နဲ့ ဆန္ဒ

**ကျော်ပိုင်က လက်ဖက်ရည် ခွက်ကို ကောက်ကိုင်ရင်း ကပျာ ကသီသောက်သည်။ လက်ဖက် ရည် တစ်ခွက်လုံးကို အရသာမခံ ဘဲ သောက်ပြီးသည်နှင့် ပန်သစ္စာ ထွက် သွားရာနောက်သို့ ပြေးထွက် သွားတော....**



www.burmeseclassic.com

www.burmeseclassic.com


တတ်လို့ စကားမပြောပါရစေနဲ့''

''ကျွန်တော်က အရိုးခံစိတ်နဲ့ပါ''

''အရိုးပေါ်မှာ အရေဖုံးထား တတ်စမြဲပါ''

''ပန်သစ္စာက စကားကြွယ် လှချည်လား''

''ဟုတ်ကဲ့၊ စကားကြွယ်အောင် လူလိမ်လူညာယောကျ်ားတွေက သင်ပေးထားခဲ့လို့ပါ''

ကျော်ပိုင်မှာ သူ့ကိုပါ ဝါးလုံးရှည်နှင့်ရမ်း၍ အလိမ်အညာလူစားမျိုးဟု စွပ်စွဲခံနေရ၍ မည်သို့ပြန်ပြောရမှန်းမသိအောင် ဖြစ်နေခဲ့သည်။

ကျော်ပိုင်က စကားမပြောဘဲ လူချင်းယှဉ်တွဲ၍ လျှောက်နေခဲ့၏။

ပန်သစ္စာက လှမ်းနေသော ခြေလှမ်းကို ရုတ်တရက် ရပ်ပစ်လိုက်၏။ ကျော်ပိုင်ကပါ ရောယောင်၍ ရပ်လိုက်ရ၏။

ပန်သစ္စာက ဒေါသအခိုးအငွေ့များ လွှမ်းခြုံထားသည့် မျက်လုံးဖြင့် ကျော်ပိုင့်ကို စူးစိုက်ကြည့်လိုက်သည်။

''ရှင် ကျွန်မအနားက ထွက်သွားဖို့ သတိပေးပါရစေ''

''စကားပြောချင်လို့ လိုက်လာတာပါ''

''ရှင့်စကားကို နားထောင်ဖို့ ဆန္ဒမရှိဘူး''



''ဟိုလေ....ကျွန်တော်...ကျွန်တော်''

ကျော်ပိုင်၏အသံတွေက တုန်နေ၏။ စကားကိုအဆုံးသတ်အောင် မပြောနိုင်ခဲ့ပေ။

''ဘာလဲ ရှင်က ကျွန်မကို စိတ်ဝင်စားနေမိပြီလို့ ပြောချင်တာ မဟုတ်လား''

ပန်သစ္စာ၏ အရှိုးစင်းဆုံး စကားက ကျော်ပိုင်၏အရှိုက်ကို ဖြောင့်လက်သီးပစ်သွင်းသလို ခံစားလိုက်ရ၏။

''ရှင် မပြောနိုင်ဘူးမဟုတ်လား၊ ရှင်ထွက်သွားတော့၊ ရှေ့ဆက်ပြီး အနှောင့်အယှက်ပြုနေရင် ပတ်ဝန်းကျင်ကို အော်ဟစ်ပြီး အကူ အညီတောင်းရလိမ့်မယ်''

ပန်သစ္စာက ခြိမ်းခြောက်နေသည်ဟု ကျော်ပိုင်က တွေးလိုက်၏။

''အော်ချင် အော်လိုက်လေ''

''ရှင်တကယ်ပြောတာလား၊ ကျွန်မလို မိန်းမချောက အကူအညီတောင်းရင် လူစွမ်းကောင်းလုပ်ပြချင်သူတွေက ချက်ချင်းရောက်လာမှာနော်''

ပန်သစ္စာစကားက မှန်နေ၍ ကျော်ပိုင်မှာ ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်သွားခဲ့ရသည်။

မှန်ပါသည်။ မိန်းမလှလေးများနှင့် ပတ်သက်လျှင် လူစွမ်းကောင်း လုပ်ပြီး ဆွမ်းကြီးလောင်းပွဲ ပါဝင်သလို လက်စွမ်းပြမည့်သူတွေက အပြည့်။

''ပန်သစ္စာ ကားပေါ်တက်''

အမိန့်သံတစ်ခု။

ဩဇာသံပြည့်သည်။ ပြတ်သားသည့်အမိန့်သံက ဟိန်းထွက်လာသည်။

အမိန့်ပေးစေခိုင်းသူက အနား

www.burmeseclassic.com



သို့ထိုးရပ်လာသော ကားထဲတွင် လိုက်ပါလာသူဖြစ်သည်။ အသက်က (၅၀)ဝန်းကျင်ဖြစ်နိုင်သည်။

ကားထဲတွင် ယောကျ်ားသား သုံးဦးပါလာသည်။ အားလုံးမှာ သန်သန်မာမာနှင့် တောင့်တင်းကျစ်လျစ်သော ခန္ဓာကိုယ်ပိုင်ရှင်တွေချည်း ဖြစ်သည်။

ကားထဲမှတစ်ဦးက တံခါးဖွင့်ပေးသည်။

ပန်သစ္စာက အမိန့်သံကို မလွန်ဆန်နိုင်ဘဲ ကားထဲသို့ ဝင်ထိုင်လိုက်ရသည်။ ပန်သစ္စာ ကားထဲဝင်ထိုင်လိုက်သည်နှင့် ယာဉ်မောင်းက သူ့ကားကို အရှိန်ပြင်းဖြင့် မောင်းထွက်လိုက်တော့သည်။

♛♛♛♛♛

"ဟော့ကောင် ခဏနေဦး"

ကျော်ပိုင့်အနီးသို့ ဆိုင်ကယ်တစ်စီး ထိုးဆိုက်လာသည်။

ကျော်ပိုင်နှင့် ထိလုနီးပါး။ ကျော်ပိုင်က ဆိုင်ကယ်နှင့် မတိုက်မိစေရန် ကိုယ်ကိုနောက်သို့ ယိမ်းလိုက်ရသည်။

"ဟော့ကောင်"

ခေါ်သံက ရင့်သီးသည်။ အထက်စီးလေသံက အမိန့်ပေးသလိုလို။

"ဘာလဲ၊ ဘာကိစ္စလဲ"

ကျော်ပိုင်က လူငယ်ပီပီ မာနကို ထုတ်ပြလိုက်သည်။

"မင်း ဘာကောင်လဲ"

ဆိုင်ကယ်နောက်မှ ထိုင်စီးလာ သူက မြေပြင်သို့ ခုန်ဆင်းသည်။

ပြီးတော့ ကျော်ပိုင်၏ရင်ဘတ်မှ အင်္ကျီစများကို စုဆုပ်ပြီး ခပ်တင်းတင်း ဆွဲဆောင့်လိုက်၏။

"ခင်ဗျား ဘာလုပ်တာလဲ"

ကျော်ပိုင်က အသံမာမာဖြင့် ပြန်မေးသည်။

သို့သော် သူ့အင်္ကျီကို စုဆုပ်ကိုင်ထားသူက



သူ့ထက် အရပ်မြင့် သည်။ ကိုယ်လုံးကလည်း ကာယဗလမောင်တစ်ယောက်လို သန်မာထွားကျိုင်းသည်။

လူချင်းမယှဉ်နိုင်မှန်းသိပေမယ့် ကျော်ပိုင်က ဟန်ကိုယ့်ဖို့ဖြင့် သူ့အင်္ကျီအား ဆွဲဆုပ်ထားသည့် လူထွားကြီး၏လက်ကို ပုတ်ထုတ်သည်။

ကိုင်ထားသော လူထွားကြီး၏လက်က ပြုတ်တူတစ်လက်ကဲ့သို့ ခိုင်မာလှသည်။

"မင်း ပန်သစ္စာနဲ့ ဘာများအဆက်အသွယ်ရှိသလဲ"

"ဒါက ကျုပ်ကိစ္စပါ"

"ဟုတ်လား၊ ရော့ကွာ....."

လူထွားကြီးက ကျော်ပိုင်ကို အားဖြင့်ဆောင့်တွန်းပစ်လိုက်၏

ကျော်ပိုင်မှာ အရုပ်လေးတစ် ရုပ်လို ပုံခနဲလဲကျသွားခဲ့သည်။

လဲကျသွားသော ကျော်ပိုင်၏ ခန္ဓာကိုယ်အပေါ်မှ လူထွားကြီးက ခွပြီးရပ်လိုက်သည်။ ကျော်ပိုင်က ပက်လက်လန်လဲကျနေရာမှ ကြည့်လိုက်၏။ သူ့အနေဖြင့် ဟန် ဆောင်ထားရသော်လည်း ကြောက် စိတ်က ဝင်နေခဲ့၏။

"မင်း နောက်ထပ် ပန်သ နဲ့ မပတ်သက်နဲ့၊ ပတ်သက်ခဲ့ မင်းရဲ့ခန္ဓာကိုယ်ဟာ မြေသြ

www.burmeseclassic.com

www.burmeseclassic.com

သွားမယ်''

ကျော်ပိုင်က ဘာမှပြန်မပြောနိုင်မီ လူထွားကြီးက နောက်သို့ လှည့်သည်။ ဆိုင်ကယ်ပေါ် တက်ထိုင်လိုက်၏။ ဆိုင်ကယ်ပေါ်ရောက်သည်နှင့် ဆိုင်ကယ်မောင်းနှင်သူက ဆိုင်ကယ်ကို အရှိန်ပြင်းဖြင့်မောင်းထွက်လိုက်သည်။

♛♛♛♛♛

ကျော်ပိုင်နှင့် ခက်နိုင်တို့ ဆုံစည်းရာလက်ဖက်ရည်ဆိုင်တွင် ပုံမှန်အတိုင်း ဆုံခဲ့ကြသည်။ ကျော်ပိုင်က ပန်သစ္စာနောက်သို့လိုက်ပြီး စကားပြောစဉ် လူထွားကြီး၏ ရန်ရှာခြင်းခံခဲ့ရပုံကို ပြန်လည်ရှင်းပြခဲ့၏။

''မင်းပြောပုံအရဆိုရင် ပန်သစ္စာက စိတ်ဝင်စားစရာပဲ''

''မင်း ဘာကိုစဉ်းစားမိလို့လဲ''

''ဒီလိုလေကွာ၊ မင်းနဲ့လူထွားကြီးတို့ ရင်ဆိုင်တွေ့ခဲ့ရတဲ့ကိစ္စဟာ ပန်သစ္စာနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်ပဲ''

''ဟုတ်တယ်၊ ပန်သစ္စာဟာ အန္တရာယ်ကြားက လုဒေဝီပဲကွ''

''ရုပ်ချောသလောက် သူ့ဘဝဟာ အကျဉ်းသားလိုဖြစ်နေတာဟာ နောက်ကွယ်မှာ လူသိမခံဝံ့တဲ့ လျှို့



ဝှက်ချက် ရှိနေလို့ပဲကွ''

''အေးကွ''

သူတို့နှစ်ဦး တီးတိုးဆွေးနွေးနေကြစဉ် လက်ဖက်ရည်ဆိုင်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာသည်။

ဆိုင်ရှေ့တွင် ကားများ၊ ဆိုင်ကယ်များကအပြည့်။ လက်ဖက်ရည် ဆိုင်သို့ လက်ဖက်ရည်သောက်ရန် လာရောက်သည့်သူများ စီးလာကြသည့် ကားများ၊ ဆိုင်ကယ်များဖြစ်သည်။

ဆိုင်အနီးတွင် ကားများတန်းစီရပ်ထားသည်။

နောက်ဆုံးမှဝင်လာသောကားက ရပ်ထားသော ကားတစ်စီး၏ နံဘေးတွင် ဝင်ရပ်လိုက်သည်။

ကားထဲမှလူနှစ်ဦးဆင်းလာပြီး လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့၏။

ထိုသူနှစ်ဦးကို ကျော်ပိုင်က ကောင်းစွာမှတ်မိခဲ့၏။

''ဟိုနေ့က ငါနဲ့တွေ့ခဲ့တဲ့ လူမိုက်ပဲကွ''

ကျော်ပိုင်က ခက်နိုင်ကို တိုးတိုးလေးပြောလိုက်၏။

ခက်နိုင်က မသိမသာ လှမ်းကြည့်လိုက်သည်။

တကယ့်ကို ထွားကျိုင်းသန်မာသူဖြစ်ကြောင်း တွေ့လိုက်ရသည်။ လူထွားကြီးနှစ်ဦးက လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာပြီး စားပွဲလွတ်တွင် ဝင်ထိုင်သည်။

လက်ဖက်ရည်မှာသောက်ရင်း သူတို့ချင်း စကားပြောနေကြ၏။ ကျော်ပိုင်နှင့် ခက်နိုင်တို့က [illegible] မသာ အကဲခတ်နေခဲ့ကြသည်။

ထိုအချိန်၌ပင် [illegible]

www.burmeseclassic.com

ပန်သစ္စာ ရောက်လာသည်။

လက်ဖက်ရည်သောက်နေကြ သူများ၏ အကြည့်မျက်လုံးများက ပန်သစ္စာထံတွင် မတိုင်ပင်ဘဲ ဆုံ စည်းနေခဲ့ကြသည်။

လူတွေအားလုံး အံ့အားသင့် နေကြသည်။

ပန်သစ္စာ၏အလှတွင် ယစ်မူး ပြီး မေ့မောနေကြသည်။

ပန်သစ္စာတွင် အဖော်မပါ။ သူမထက်စော၍ လက်ဖက်ရည် ဆိုင်ထဲသို့ ရောက်ရှိနေကြသော လူ ထွားကြီးများနှင့် မသိသလို ခပ်ခွာ ခွာ၊ ခပ်ကင်းကင်း နေခဲ့ကြသည်။

ပန်သစ္စာက မုန့်ဟင်းခါးနှင့် လက်ဖက်ရည်မှာပြီး စားသောက် နေခဲ့သည်။ လူတွေအားလုံးက ပန် သစ္စာကို လူထူးလူဆန်းလို ဝိုင်း ကြည့်နေခဲ့ကြသည်မှာ ဣန္ဒြေမဲ့ လွန်းလှသည်။

ဆယ်မိနစ်ခန့်ပင် မကြာ လိုက်။ ဆိုင်ထဲသို့ ဝင်လာသော လူထွားကြီးနှစ်ယောက်က ပြန် ထွက်သွားသည်။ သူတို့စီးလာ သောကားဖြင့် ပြန်ထွက်သွားခဲ့၏။

ကားထွက်သွားမှ ကားထဲ တွင် လူပိုနှစ်ယောက်ရှိနေခဲ့မှန်း သိလိုက်ရ၏။ ကျော်ပိုင်က မကျေ နပ်ချက် စိတ်ထားကြောင့် လူ ထွားကြီးနှစ် ယောက်စီးလာသည့် ကားနံပါတ်ကို အသေအချာ မှတ်သားထားလိုက် ၏။

လူထွားကြီးနှစ်ယောက်နှင့် ပန်သစ္စာတို့တွင် လျှို့ဝှက်သော ဆက်သွယ်မှုတွေ ရှိနေပါလျက် လက်ဖက်ရည်ဆိုင်ထဲတွင် မသိ သည်။



ပန်သစ္စာက ကြွကြွရွရွ လှ ပပဖြင့် ဆိုင်ထဲမှ လှမ်းထွက်သွား ခဲ့သည်။ လူတွေအားလုံး၏အကြည့် များက ဆိုင်ထဲမှထွက်သွားသော ပန်သစ္စာနောက်သို့ ထက်ကြ

သလို နေခဲ့ကြသည်။

သူတို့ချင်း အဆက်အသွယ် ရှိနေသည်ကို မည်သူကမှမသိ။

ကိုယ်တွေ့ကြုံဖူးခဲ့သော ကျော်ပိုင်ကသာ သိနေခဲ့သည်။

လူထွားကြီးနှစ်ယောက် ထွက် သွားပြီးသည်နှင့် မရှေးမနှောင်းမှာ ပင် ပန်သစ္စာလည်း လက်ဖက် ရည်ဆိုင်ထဲမှ ပြန်ထွက်သွားခဲ့

လိုက်ပါသွားခဲ့ကြ၏။

လူတွေအားလုံး မှင်တက် သလို ဖြစ်နေကြသည်။

ပန်သစ္စာ၏ အလှကွန် ဆွဲငင်အားက ပြင်းထန်လွန် သည်။

လူတွေအားလုံးကို မှော် တိုက်ခဲ့သလို ဖြစ်နေသည်

ပန်သစ္စာက ကျွန်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။ လမ်းထောင့်ချိုး တစ်ခုထဲသို့ ဝင်ရောက်သွားတော့ လူတွေအားလုံးက သူတို့၏ အကြည့်များကို ရုပ်သိမ်းခဲ့နိုင်ကြသည်။

"ဟာ.....ပါသွားပြီ"

ကားတစ်စီးအနီးမှ လူတစ်ယောက်၏ အလန့်တကြားအော်သံက ဟိန်း၍ထွက်လာသည်။

လူတွေအားလုံး အသံရှင်ရှိရာသို့ ဝိုင်းကြည့်ကြပြန်သည်။

ကားတစ်စီးအနီးတွင် လူနှစ်ယောက်ကို တွေ့လိုက်ရ၏။ စောစောက လူထွားကြီးနှစ်ယောက်စီးလာသောကားနှင့် ယှဉ်ရပ်ထားသည့်ကားမှလူများဖြစ်နေကြသည်။

ကားတွင် ဆေးကုမ္ပဏီတစ်ခု၏ တံဆိပ်တပ်ဆင်ထား၍ ဆေးကုမ္ပဏီပိုင်ကားမှန်း သိသာနေ၏။

"ငွေသိန်း ၂၀၀ ကျော်အထုပ် ပါသွားပြီ"

"ဘယ်မှာထားလို့လဲ"

"ကားထဲမှာပါ၊ ယာဉ်မောင်းထိုင်ခုံအနီးက ထိုင်ခုံနှစ်ခုကြားထဲမှာ ထားတာ"

"သိန်း ၂၀၀ ဆိုတော့ အထုပ် က ကြီးမှာပေါ့"

"မကြီးဘူး၊ ကျပ်တစ်သောင်းတန် သိန်း ၁၀၀ နဲ့ ကျပ် ၅၀၀၀ တန် သိန်း ၁၀၀ ဆိုတော့ အထုပ် သေးတယ်"

"ဘယ်ကယူလာတာလဲ"

"ဘဏ်ကထုတ်လာတာပါ၊ ကုမ္ပဏီအပြန် လက်ဖက်ရည်ဝင်သောက်တုန်း ကားတံခါးဖွင့်ပြီး အခိုးခံလိုက်ရတာပါ"

အပြန်အလှန် မေးမြန်းပြော ဆိုနေသံများကို ကျော်ပိုင်နှင့်ခက်နိုင်တို့က ကြားနေရ၏။

ငွေပိုင်ရှင်မှာ ကုမ္ပဏီ၏ မန်နေဂျာနှင့် ယာဉ်မောင်းဖြစ်သည်။ ဘဏ်မှထုတ်ယူလာသောငွေဟုသိရသည်။

လက်ဖက်ရည်သောက်နေကြစဉ် အခိုးခံရခြင်းဖြစ်သည်ဆို၏။ ထိုအချိန်က လူတွေ၏အကြည့်မျက်လုံးများသည် မိန်းမလှလေး ပန်သစ္စာထံ ရောက်နေကြ၍ ငွေခိုးသူဟု သံသယဖြစ်ဖွယ်ရှိသူကို မည်သူကမှ သတိမထားနိုင်ခဲ့ကြ။

ကုမ္ပဏီမန်နေဂျာက သက်ဆိုင်ရာရဲစခန်းသို့ ဖုန်းဖြင့်ဆက်သွယ်ပြီး သတင်းပေးတိုင်ကြားသည်။

စခန်းမှူး ဒုရဲမှူး ကျော်မင်းခေါင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ ချက်ချင်းရောက်လာကြသည်။ လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ပြီး ပတ်ဝန်းကျင်တွင် မေးမြန်းစုံစမ်းသည်။

မည်သူကမှ သံသယရှိသူကို မပြောပြနိုင်ခဲ့ကြပေ။

ကျော်ပိုင်က အပြေးအလွှား စဉ်းစားကြည့်သည်။

လူထွားကြီးနှစ်ယောက် လက်ဖက်ရည်ဆိုင်သို့ ကားဖြင့်ရောက်လာသည်။ ငွေပျောက်ဆုံးသောကားနံဘေးတွင် သူတို့စီးလာသောကားကို ရပ်ထားခဲ့ကြ၏။

သူတို့ လက်ဖက်ရည်ဆိုင်ထဲဝင်ထိုင်နေခဲ့ကြသည်။

မကြာမီ ပန်သစ္စာရောက်လာသည်။

လူထွားကြီးနှစ်ယောက်နှင့် ပန်သစ္စာတို့ ဆက်နွှယ်မှုရှိသော်လည်း လက်ဖက်ရည်ဆိုင်ထဲတွင် မသိသလို နေခဲ့ကြသည်။

ပန်သစ္စာရောက်လာတော့ လူတွေအားလုံး၏အကြည့်များက ပန်သစ္စာထံတွင် စုပြုံနေခဲ့ကြသည်။

လူတွေအားလုံး ပတ်ဝန်းကျင်ကို မေ့ထားမိကြချိန်မှာပင် လူထွားကြီးနှစ်ယောက်စလုံး ဆိုင်ထဲမှပြန်ထွက်သွားခဲ့ကြသည်။

ပန်သစ္စာက ခဏအကြာမှ ဆိုင်ထဲမှ ထွက်သွားသည်။

ပန်သစ္စာထွက်သွားပြီး မကြာမီ လူတွေအသက်ပြန်ဝင်လာကြသည်။ ထိုအချိန်ကျမှ ကုမ္ပဏီမန်နေဂျာနှင့် အဖော်ပါလာသူတို့က ဘဏ်မှထုတ်ယူလာသော ငွေကျပ်သိန်း ၂၀၀ ခိုးယူခံရမှန်း သိလိုက်ကြ၏။

www.burmeseclassic.com

အားလုံးကို သတိထားစောင့်ကြည့်နေခဲ့မိသည့် ကျော်ပိုင်၏ အတွေးထဲတွင် အဖြေများကို တစ်ခုပြီးတစ်ခု ထုတ်ကြည့်နေခဲ့မိလေသည်။

♛♛♛♛♛

ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းမကြီး။

ဘဏ်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်ရှိ ဘဏ်ရှေ့တွင် ငွေထုတ်မည့်သူ၊ ငွေသွင်းမည့်သူများနှင့် စည်ကားနေသည်။

ဘဏ်လမ်းထိပ် ပလက်ဖောင်းတစ်လျှောက်တွင် ဈေးသည်များကအပြည့်။ စားစရာက အစုံအလင်။ ထီရောင်းသည့်ကား၊ ထီလှည့်များ ကလည်း အစီအရီ။

ကျော်ပိုင်နှင့် ခက်နိုင်တို့နှစ်ဦး သူငယ်ချင်းတစ်ယောက်နှင့်အတူ ထိုနေရာသို့ ရောက်ရှိနေကြသည်။ ဘဏ်မှငွေထုတ်မည့် သူငယ်ချင်းနှင့်အတူ အဖော်အဖြစ် လိုက်ပါခဲ့ကြခြင်းဖြစ်၏။

**လူထွားကြီးနှစ်ယောက်နှင့်အတူ**
**လူနှစ်ယောက်လည်း**
**အတူရှိနေသည်။**
**သူတို့ရပ်နေသောအနီးရှိ**
**လင့်ခရူဇာကားထဲတွင်**
**ပန်သစ္စာ**
**ထိုင်နေသည်ကို.....**

အချိန်က နံနက် ၉ နာရီခွဲကျော်ရုံသာ ရှိသေးသည်။

သူတို့နှစ်ဦး သူငယ်ချင်းဖြစ်သူ၏ကားထဲ၌ ထိုင်နေကြ၏။ သူတို့ စီးလာသောကားမှာ ဘဏ်ရှေ့တွင် ရပ်ထားသည်။

"ဟော့ကောင်...ဟိုမှာ...ဟိုမှာ"

ကျော်ပိုင်က အံ့အားသင့်စွာဖြင့် ခက်နိုင်ကိုပြောသည်။

ခက်နိုင်က သူတို့ထိုင်နေသော ကားနှင့် နှစ်စီးကျော်တွင် ရပ်နေသောသူများကို ကြည့်လိုက်သည်။

ကျော်ပိုင့်ကိုရန်ရှာပြီး ဆုံစည်းရာလက်ဖက်ရည်ဆိုင်ထဲတွင် တွေ့ဆုံခဲ့ဖူးသော လူထွားကြီးနှစ်ယောက်ကို တွေ့လိုက်ရသည်။

လူထွားကြီးနှစ်ယောက်နှင့် အတူ လူနှစ်ယောက်လည်း အတူရှိနေသည်။ သူတို့ရပ်နေသောအနီးရှိ လင့်ခရူဇာကားထဲတွင် ပန်သစ္စာ ထိုင်နေသည်ကို တွေ့လိုက်ရသည်။

ဆုံစည်းရာလက်ဖက်ရည်ဆိုင်ထဲတွင် မသိသလိုနေခဲ့ကြသော လူထွားကြီးနှစ်ယောက်နှင့် ပန်သစ္စာတို့ကို အတူတွေ့လိုက်ရ၍ စဉ်းစား မရအောင် ဖြစ်နေခဲ့ကြသည်။

ပန်သစ္စာက ကားထဲတွင်ထိုင် နေ၍ သူမ၏အလှကို လူတွေသတိ မထားမိကြ။ ကျော်ပိုင်နှင့် ခက်နိုင်တို့က သတိထားမိ၍ တွေ့နေခြင်းဖြစ်သည်။

ကျော်ပိုင်နှင့် ခက်နိုင်တို့က အကဲခတ်နေခဲ့ကြ၏။

သူတို့ကမသိ။

ကျော်ပိုင်နှင့်ခက်နိုင်တို့၏ သူ ငယ်ချင်းမှာ လူငယ်ဖြစ်သည်။

ဘဏ်မှငွေထုတ်ရန် ဘဏ်ထဲ သို့ဝင်ရောက်သွား၍ သူတို့နှစ်ဦးက ကားအတွင်းမှ ထိုင်စောင့်နေ ကြခြင်းလည်း ဖြစ်သည်။

"ဟော့ကောင် လှမင်းကျော်

"ဘာလဲ၊ ငွေထုတ်လို့ရတော့ မယ်"

ကျော်ပိုင်က သူ့လက်ထဲ လက်ကိုင်ဖုန်းဖြင့် ဘဏ်ထဲရှိ သူ ငယ်ချင်းဖြစ်သူ လှမင်းကျော် ဆက်သွယ်မှုယူလိုက်၏။

"ငါပြောတာ နားထောင် မင်း ငွေထုတ်ပြီးထွက်လာရ ကားထဲကို လုံခြုံရေးဝန်ထ အကူအညီနဲ့ သယ်ခဲ့"

"မင်းတို့က မကူညီချင် လား"

"မဟုတ်ဘူး၊ မင်းကိုပြော လို့ မရသေးတဲ့ကိစ္စရှိနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com





အငှားကားနဲ့ မင်းကားနောက်က ကပ်ပြီးလိုက်ခဲ့မယ်''

''ဟာ..... မင်းတို့ ဘာဖြစ်ရတာလဲ''

''မသိချင်နဲ့၊ ငါတို့ပြောတဲ့ အတိုင်းလုပ်၊ အပြင်ရောက်ရင် ငါတို့နဲ့ လုံးဝ စကားမပြောနဲ့၊ ဒါပဲ၊ ထပ်မဆက်နဲ့တော့''

ကျော်ပိုင်က ဖုန်းကိုပိတ်လိုက်သည်။

ကျော်ပိုင်နှင့် ခက်နိုင်တို့က လူ ထွားကြီးနှစ် ယောက်နှင့် ပန်သစ္စာတို့ မမြင်မိစေရန် ဂျာနယ်တစ်စောင်စီဖြင့် မျက်နှာကိုကွယ်၍ ကားထဲမှ ထွက်ခဲ့ကြသည်။

ချက်ချင်း အငှားတက္ကစီ ငှား ပြီး ကားထဲဝင် ထိုင်လိုက်ကြသည်။ ငွေထုတ်ပြီး ပြန်ထွက်လာသည့် သူငယ်ချင်းကို စောင့်ကြည့်နေခဲ့ကြ၏။

ငွေထုတ်လာသူက ဘဏ်လုံခြုံရေးအကူအညီဖြင့် ငွေထုပ်ကို သယ်ယူသည်။ ပြီးတော့ ကားနောက်ခန်းထဲ ထည့်လိုက်၏။

ငွေထုတ်လာသူ၏ လှုပ်ရှားမှုကို လူထွားကြီးနှစ်ယောက်က မျက်ခြည်မပြတ် အကဲခတ်ကြည့်နေခဲ့၏။

ငွေထုတ်လာသူက ငွေထုပ် ကားထဲရောက်သည်နှင့် သူ့ကားကို မောင်းထွက်လိုက်သည်။

လူထွားကြီးနှစ်ယောက်က ကားထဲပြန်ဝင်သည်။ ငွေထုပ်သယ်ဆောင်သူ မောင်းနှင်သွားသည့် ကားနောက်သို့ ကပ်ပြီးလိုက်သွားခဲ့၏။

လူထွားကြီးနှစ်ယောက်၏ ကားနောက်မှ ပန်သစ္စာ စီးနှင်းလိုက်ပါသော စူပါရှဖ်ကားဖြူလေးက မျက်ခြည်ပြတ်မခံဘဲ လိုက်သွားခဲ့ပြန်၏။

ရှေ့မှကားသုံးစီးတို့ကို လှမ်းကြည့်ရင်း ကျော်ပိုင်က တက္ကစီ ယာဉ်မောင်းအား အမီလိုက်ရန်ပြောခဲ့သည်။

''အစ်ကို ရှေ့က ထွက်သွားတဲ့ အမျိုးသမီးတစ်ဦးပါရှိတဲ့ ကားနောက်ကို မျက်ခြည်ပြတ်မခံဘဲ လိုက်ပေးပါနော်''

''ဟဲ.....ဟဲ၊ မင်းတို့လူငယ် တွေကအချစ်သူရဲကောင်းလုပ်ကြ မလို့လား''

''မဟုတ်ပါဘူး၊ အဲဒီအမျိုးသမီးက ကျွန်တော့်အစ်မပါ၊ သူ ဘယ်ကိုသွားသလဲ ဆိုတာ သိအောင် လို့ပါ''

ယာဉ်မောင်းက ဘာမှဆက်မပြော တော့။

ကားလေးစီးတို့ ရှေ့နောက် ကပ်ပြီး မောင်းနေကြသည်။ ပန်းဆိုးတန်း လမ်းမ ကြီးအတိုင်း မြောက် ဘက်သို့ ဦးတည်၍ မောင်းနေကြ၏။

ကျော်ပိုင်နှင့် ခက်နိုင်မှာ ပန်သစ္စာနှင့် လူထွားကြီးနှစ်ယောက်တို့၏ လျှို့ဝှက်လှုပ်ရှားမှုကို ဖော်ထုတ်ရတော့မည်ဖြစ်၍ ရင်ခုန်နေခဲ့ကြ၏။

**ရှေ့လဆက်ဖတ်ပါ**

**စာပေသစ္စာရှင်**

**အောင်ကျော်စော**



www.burmeseclassic.com

www.burmeseclassic.com



## အပေါင်ဆိုင်မန်နေဂျာအမျိုးသမီးက ပြင်ပလူနဲ့ပေါင်းပြီး စာရင်းလိမ်ပြငွေထုတ်ကာ

# ယုံကြည်မှုကို အလွဲသုံးစားပြုခဲ့မှု

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အသည်ကြီးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ကုန် သည်လမ်းရှိ အမိန့်ရအပေါင်ဆိုင်မှ အသက်(၃၆)နှစ် အရွယ်ရှိ အပေါင်ဆိုင်မန်နေဂျာ အပျိုကြီးက ပြင်ပလူနှင့် ပူးပေါင်း၍ အပေါင်ခံရွှေထည်များအား အလေးချိန်ပိုပြကာ ငွေလိမ်ထုတ်ပြီး ကိုယ်ကျိုးအတွက် အလွဲသုံးစားမှုပြုခဲ့သဖြင့် အပေါင်ဆိုင်ပိုင်ရှင်က ဥပဒေအရတိုင်တန်းမှု ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၅-၉-၂၀၁၃ ရက်နေ့တွင် ပုသိမ်မြို့၊ အသည်ကြီးမြို့နယ်၊ (၄)ရပ်ကွက်၊ ကုန်သည်လမ်းနေ အမိန့်ရအပေါင်ဆိုင်ပိုင်ရှင် ဦးမောင်မောင်ကျော် (၆၀နှစ်)သည် အသည်ကြီးမြို့မရဲစခန်း တာဝန်မှူး ဒုရဲအုပ်မောင်မောင်ရွှေထံ ရောက်ရှိလာပြီး ၎င်း၏ အပေါင်ဆိုင်မန်နေဂျာ မရီရီသိန်း(၃၆နှစ်)က အပေါင်ခံထားသော ရွှေထည်(၁၀)မျိုးအား အပေါင်ခံဘောက်ချာများနှင့်တိုက်ဆိုင်၍ ချိန်တွယ် စစ်ဆေးရာ အလေးချိန်အား မှန်ကန်စွာ မဖော်ပြဘဲ ငွေကြေး ပိုမိုထုတ်ယူ၍ အလွဲသုံးစား ပြုလုပ်ထားကြောင်း စစ်ဆေးတွေ့ရှိလိုက်ရသည် ဆို၏။

ဦးမောင်မောင်ကျော်က အပေါင်လက်မှတ် လက်ခံဘောက်ချာ(၁၀)ရွက်ကို သက် သေအဖြစ် တင်ပြ၍ အမှုဖွင့် တိုင်ကြားသဖြင့် အသည်ကြီး နယ်မြေရဲစခန်းမှ (ပ) ၁၇၄/ ၂၀၁၃၊ ပြစ်မှုပုဒ်မ၄၀၈ဖြင့် အရေးယူခဲ့သည်။

အမှုစစ် ဒုရဲအုပ် မောင် မောင်ရွှေက ဥပဒေနှင့်အညီ တရားရုံးတွင် ရမန်တောင်းခံ၍ မန်နေဂျာ မရီရီသိန်းကို ဖမ်းဆီးစစ်ဆေးခဲ့သည်။

အပေါင်ဆိုင်မန်နေဂျာ မရီရီသိန်း(၃၆နှစ်)သည် ပုသိမ်မြို့၊ ဝေန်ကျွန်းသာ ဇာတိဖြစ်၍ ငယ်စဉ်က (၁၀ တန်းထိ ပညာသင်ယူခဲ့ဖူးသူဖြစ်၏။ ၁၉၉၉ခုနှစ်တွ ဖခင် ဖြစ်သူမှာ နိုင်ငံ့ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့ နောက် အမှတ်(၅)ရပ်ကွက်၊ ဘူတာရုံ လမ်းရှိ အပေ ဆိုင်တွင် အလုပ်လုပ်ခဲ့သဖြင့် ဖခင်ဖြစ် သူ အလုပ်လု ရာသို့ နေ့စဉ် ထမင်းချိုင့် ပို့ပေးခဲ့ရသည် ဆို၏။

အပျိုကြီးဖြစ်သည့် မရီရီသိန်းမှာ ဖခင်ဖြစ်သူ ထမင်း ပို့သွားစဉ် ၂၀၀၁ခုနှစ်၌ ကိုးသိန်းလမ်းတွ လှသွင်ဆိုသူအား လူမှားပြီး နှုတ်ဆက်မိရာမှ ခင်မင်ရ နှီးခဲ့ကြသည်ဆို၏။ ထိုစဉ်က မရီရီသိန်း၏အသက် (၂၄နှစ်) ကျော်သာရှိသေးသည်ဆို၏။

၂၀၁၁ခုနှစ်တွင် ဖခင် ဖြစ်သူ၏ အကူအညီ မရီရီ သိန်းမှာ တစ်လလျှင် လစာ ကျပ်(၆၀၀၀၀) အပေါင် ဆိုင်တွင် အလုပ်ရရှိခဲ့သည်။ ၎င်း၏ကြိုးစာ ကြောင့် မကြာသေးမီက ၎င်းအား အပေါင်ဆိုင်ပိုင် က လစာကျပ် (၈၀၀၀၀)ထိ တိုးပေး၍ မန်နေ တာဝန်ပေးအပ်ခဲ့သည် ဆို၏။

မန်နေဂျာမရီရီသိန်း၏ တာဝန်မှာ ရွှေအ အထွက်နှင့် ငွေအဝင်အထွက်ကို တာဝန်ယူ ထိန်း ၍ နေ့စဉ်ညနေ ၆နာရီဆိုင်ပိတ်ချိန်၌ အပေါင်ခံထာ သော ရွှေထည်ပစ္စည်းများအား စာရင်းနှင့် တ ငွေများကိုပါ အပ်နှံရသည်ဆို၏။

အပေါင်ဆိုင်တွင် တာဝန်ထမ်းဆောင်နေ အပေါင်ဆိုင်ပိုင်ရှင် ဦးမောင်မောင်ကျော်က ၎င် ရေကြည်ဦး တာပတ်လမ်းရှိ နေအိမ်ကို တစ်လ ကျပ်(၂၀,၀၀၀)ဖြင့် ငှားရမ်းခဲ့၍ ထိုအိမ်သို့ ပြောင် နေထိုင်ခဲ့သည် ဆို၏။

တစ်နေ့တွင် ယခင်က ခင်မင်ခဲ့သော ဦးလှသွ

www.burmeseclassic.com




တွေ့ဆုံစဉ် အပိုဝင်ငွေရရှိနိုင်သော စီးပွားရေးလုပ်ငန်းကို တိုင်ပင်ဆွေးနွေးခဲ့ရာ ဦးလှသွင်က ရွှေအပေါင်ဆိုင်တွင် ရွှေအတုပေါင်နှံခြင်းပြုလုပ်လိုကြောင်း အကြံပြုခဲ့သဖြင့် ထိုအလုပ်ကို မလုပ်နိုင်ကြောင်း ငြင်းဆိုခဲ့သည်ဆို၏။

ထိုအခါ ရွှေပေါင်လျှင် မည်သို့ငွေချေးကြောင်း မေးမြန်း၍ အလေးချိန်အတိုင်း တွက်ချက်ကာ ငွေချေးကြောင်း ပြောပြခဲ့သည်။

ထိုသို့တွေ့ဆုံပြီး ရက် အနည်းငယ်အကြာ၌ ဦးလှသွင်က အလေးချိန်နှစ်ရွေးသားရှိ မောင်းကွင်းတစ်ကွင်းကို ငွေကျပ်၅၀,၀၀၀ဖြင့် ဝယ်ယူခဲ့ကြောင်း ပြောပြကာ ပေါင်နှံခဲ့၍ အမည်နှင့်နေရပ်တို့အား ပြောင်းလဲ ရေးသွင်းအပေါင်ခံ၍ ငွေကျပ်(၂,၀၀,၀၀၀) ထုတ်ပေး ခဲ့၏။ ဦးလှသွင်က ဝေစုအဖြစ် ငွေကျပ် ၁၀၀၀၀ခန့် စတင်ပေးခဲ့၏။

နောက်ရက်များတွင် ရွှေအလေးချိန်ကို မှန်မကန်ရေး သွင်း၍ ငွေများကို ပိုမိုထုတ်ယူမှုပြုခဲ့ရာ နံမှန်း လက်စွပ် ကွင်းရေ (၄၀/၅၀)ခန့်အား အပေါင်လက်ခံ၍ ... ဦးလှသွင်နှင့်အတူ အကျိုးအမြတ်ခွဲဝေယူခဲ့သည်ဆို၏။

ထိုသို့မသမာသောနည်း ဖြင့် ငွေများရယူဆောင်းမိခဲ့၍ ၂၀၁၃ခုနှစ်၊ ဇူလိုင်လအတွင်း ဦးလှသွင်နှင့်အတူ ရွှေရည် (၁၄)ပဲ၊အလေးချိန်(၄)ပဲရှိ ရွှေလက်ကောက်တစ်ကွင်းကို ငွေကျပ်(၂,၀၀,၀၀၀)ဖြင့် လည်းကောင်း၊ နောက်ထပ်ရက် သတ္တတစ်ပတ်ခန့်အကြာ တွင် ရွှေလက်ကောက်တစ်ကွင်းကို လည်းကောင်း၊ နောက် တစ်ပတ်ခန့်အကြာတွင် အမ်စီရွှေဆွဲ ကြိုးအလေးချိန် တစ်မတ်သားအား ငွေကျပ် (၁,၉၀,၀၀၀)ဖြင့် လည်းကောင်း၊ နှစ်ပတ်ခန့် အကြာတွင် အလေးချိန် ...ပဲသားရှိ ဆွဲကြိုးအား ငွေ ကျပ်(၂,၆၀,၀၀၀)ဖြင့်လည်းကောင်း၊ နောက်တစ်နေ့တွင် ဦးလှသွင် ရရှိထားသည့် ဝေစု ထဲမှငွေဖြင့် အဖြူရောင် ကျောက်ပါ နား ကပ် တစ်ရန် ... ငွေကျပ် (၃၆,၀၀၀)ဖြင့် လည်းကောင်း၊ ကျောက်ရောင်စုံပါ ဟန်းချိန်းအား ငွေကျပ် (၁,၁၀,၀၀၀)



ဖြင့် ဝယ်ယူခဲ့ကြောင်း၊ လွန်ခဲ့သော တစ်ပတ်ခန့်က ကျပ် (၂,၆၀,၀၀၀)ဖြင့် ဝယ်ယူခဲ့သော ရွှေဆွဲကြိုးအား အလိုက်ပေးငွေကျပ် (၁,၃၀,၀၀၀)ထပ်မံပေး၍ ကျောက်ရောင်စုံပါရွှေဆွဲကြိုးကို ဝယ်ယူခဲ့ကြောင်း ဝန်ခံ ထွက်ဆိုခဲ့သည်။

မရီရီသိန်း၏ ထွက်ဆို ချက်အရ ကြံရာပါဝေစုခွဲယူသူ လှသွင်ကို အမှုစစ်နှင့်အဖွဲ့က လိုက်လံရှာဖွေဖမ်းဆီး၍ တိုက်ဆိုင်စစ်ဆေးမှုပြုခဲ့ရာ ၁၁-၉-၂၀၁၃ ရက်နေ့အထိ စစ်ဆေး ချက်အရ ယုံကြည်မှုကို အလွဲသုံးစားပြုလုပ်၍ ကိုယ်ကျိုးသုံး စွဲခဲ့မှုမှာ ငွေကျပ် သိန်းပေါင်း (၂၀၀) ကျော်ရှိသည်ဟု အတည်မပြုနိုင်သေးသော သတင်းအရ သိရှိရပါသည်။

ယခုဖြစ်စဉ်မှာ အယုံ လွန်၍ ယုံကြည်အပ်နှံဖောက်ဖျက်မှုကို ကျူးလွန်ခဲ့ခြင်း ဖြစ်သဖြင့် လူတိုင်း၊ လုပ်ငန်းရှင်တိုင်းအတွက် သင်ခန်းစာယူ စရာမှုခင်းတစ်ခု ဖြစ်ခဲ့ရကြောင်း သိရသည်။

ရွှေဘိုဝဏ္ဏ



www.burmeseclassic.com

www.burmeseclassic.com



# မြို့တွင်း မြို့နယ်များအတွင်း လှည့်လည်သွားလာ၍

## လက်ကိုင်ဖုန်း ခိုးယူရောင်းစားနေသူလူငယ်ကို စမ်းချောင်းမြို့မရဲစခန်း လှည့်ကင်းအဖွဲ့က ဖမ်းမိဖော်ထုတ်ခဲ့နိုင်မှ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့မရဲစခန်းမှ နယ် ထိန်းခေါင်းဆောင်နှင့်အဖွဲ့သည် နေ့ပိုင်းအချိန် နယ်မြေအတွင်း လှည့်ကင်းဆောင် ရွက်နေကြစဉ် ကားဂိတ်တစ်ခုအနီး မသင်္ကာသူကို တွေ့ရှိစစ်ဆေးရာမှ လက်ကိုင်ဖုန်းများ လှည့်လည်ခိုးယူ ရောင်းစားနေသူ အသက်(၂၁)နှစ်အရွယ် လူငယ်အား စစ်ဆေးဖော်ထုတ် အရေးယူလိုက်နိုင်ကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ၃၁-၈-၂၀၁၃ရက်နေ့ မွန်းလွဲ ၁၂နာရီ ၃၀မိနစ်အချိန်က စမ်း ချောင်းမြို့နယ်၊ မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်စိုးနိုင် ဦးခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် တပ်ကြပ်ဟန်ဝင်းနိုင်၊ တပ်ကြပ်အောင်ရင်၊ တပ်ကြပ် လင်းသူရတို့အဖွဲ့သည် သက်သေ ရာအိမ်မှူး ဦးမောင် မောင်လွင်နှင့်အဖွဲ့လိုက်ပါလျက် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် စမ်းချောင်းမြို့နယ်၊ စမ်း/



မြောက်ရပ်ကွက်၊ ဗားဂရာလမ်း၊ ရှမ်းလမ်း ကားမှတ်တိုင်အနီးသို့ အရောက်၌ မသင်္ကာဖွယ်လူ တစ်ဦးကို တွေ့ရှိ၍ စစ်မေးမှုပြုခဲ့ကြသည်။

မသင်္ကာဖွယ်တွေ့ရှိရသူမှာ ထူးထူး(ခ)ထူးအောင်ကျော်(၂၁နှစ်)၊ မြင့်မိုရ်လမ်း၊ စမ်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေသူဖြစ်၍ ၎င်းအား စမ်းချောင်းမြို့မ ရဲစခန်းသို့ ခေါ်ဆောင်ပြီး စနစ်တကျစစ်ဆေးမှုပြုလုပ်ခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် ထူးထူး (ခ)ထူးအောင်ကျော်က ၂၀၁၃ခုနှစ်၊ ဇူလိုင်လအတွင်း ရက်မမှတ်မိသည့်နေ့က ကျွန်းတော အလယ်ရပ်ကွက်၊ ဖျာပုံလမ်း အတွင်းရှိ PS 2,PS 3 ဂိမ်းဆိုင်မှ I phone 5အဖြူရောင်၊ (ဆင်းကတ်မပါ)တန်ဖိုးကျပ်ရှစ်သိန်းအား ခိုးယူရရှိခဲ့ကြောင်း၊ ၎င်းနောက် စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်းအတွင်း ရှိ အင်တာနက်ဆိုင်အတွင်းမှ HTCအနက်ရောင်(ဆင်း ကတ် မပါ)လက်ကိုင်ဖုန်း တစ်လုံး (တန်ဖိုးကျ ၂,၅၀,၀၀၀)ကို ခိုးယူ ကြောင်း ထွက်ဆိုခဲ့သည်

၂၀၁၃ခုနှစ်၊ ဩဂု လအတွင်း ရက်မမှတ် သည့်နေ့၌ စမ်း/မြော ရပ်ကွက်၊ စမ်းချော လမ်း အတွင်းရှိ L Empier အင်တာနက် အတွင်းမှ HUAW အဖြူရောင် (ဆင်းက မပါ) ဟန်းဆက် တစ် (တန်ဖိုးကျပ် ၁၈၀၀၀ အား ခိုးယူရရှိ၍ ၎ လက်ကိုင်ဖုန်းများအ ပန်းဘဲတန်းမြို့န ၂၈လမ်းရှိ ဖုန်းအရော ဆိုင်တွင် ရောင်း ကြောင်း ဝန်ခံထွက် သည်။

အမှုစစ် အဖွဲ့ သက် သေခံပစ္စည်းမျာ သိမ်းယူနိုင်ခဲ့ပြီး စ ချောင်းမြို့မရဲစ (ပ)၂၇၉/၂၀၁၃၊ ပြ



www.burmeseclassic.com

www.burmeseclassic.com




ပုဒ်မ၃၈၀/၅၄ဖြင့်အရေးယူခဲ့သည်။

ထူးထူး(ခ)ထူးအောင်ကျော်က ဆက်လက်ထွက်ဆိုရာတွင် ၂၀၁၃ခုနှစ်၊ ဇွန်လအတွင်း ရက်မမှတ်မိသောနေ့က အလုံမြို့နယ်၊ သီတာရုပ်ရှင်ရုံနံဘေးလမ်းကြားရှိ ဂိမ်းဆိုင်မှ HUAWEI စာတန်းပါ C8813အနက်ရောင် (ဆင်းကတ်မပါ)ဟန်းဆက်တစ်လုံး (တန်ဖိုးကျပ် ၁,၈၀,၀၀၀)အား ခိုးယူရရှိ၍ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်းရှိ ဖုန်းအရောင်းဆိုင်တွင် ရောင်းချခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

သက်သေခံပစ္စည်းများအား သိမ်းဆည်းရမိ၍ စမ်း ချောင်းမြို့မရဲစခန်းမှ (ပ) ၂၈၀/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀/၅၄ ဖြင့် အရေးယူခဲ့သည်။

၂၀၁၃ခုနှစ်၊ ဇွန်လအတွင်း၌ပင် ကျွန်း/တောင်ရပ်ကွက်၊ ဇမ္ဗူရာဇ်လမ်းရှိ ဂိမ်း ဆိုင်မှ SamSung GIN 7100 (ဆင်းကတ်မပါ)အဖြူရောင်လက်ကိုင်ဖုန်း (တန်ဖိုးကျပ် ၄,၅၀,၀၀၀)အား ခိုးယူရရှိ၍ မြေနီကုန်းမြောက်ရပ်ကွက်၊ ရှမ်းကုန်းလမ်းရှိဖုန်းအရောင်းဆိုင်တွင် ရောင်းချခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

သက်သေခံပစ္စည်းများကို သိမ်းယူရရှိပြီး စမ်းချောင်း မြို့မရဲစခန်းမှ(ပ)



၂၈၂/ ၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀/၅၄ဖြင့် အရေးယူခဲ့သည်။

၂၀၁၃ခုနှစ်၊ ဇွန်လအတွင်း၌ပင် လသာမြို့နယ်၊ ၂၁လမ်းရှိ အင်တာနက်ဆိုင်မှ HUAWEI C8812 အနက်ရောင် (ဆင်းကတ်မပါ)လက်ကိုင်ဖုန်း(တန်ဖိုးကျပ် ၁,၃၀,၀၀၀)နှင့်HUAWEI U 8825အဖြူရောင်လက်ကိုင်ဖုန်း(တန်ဖိုးကျပ်၁,၂၀,၀၀၀)အား ခိုးယူရရှိ၍ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ဖုန်းဆိုင်တွင် ရောင်းချကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

သက်သေခံပစ္စည်းများအား ပြန်လည် သိမ်းယူရရှိခဲ့ပြီး စမ်းချောင်းမြို့မရဲစခန်းမှ (ပ)၂၈၃/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀/၅၄ဖြင့် အရေးယူခဲ့သည်။

အလားတူ ဇွန်လအတွင်း၌ပင် ကျောက်တံတားမြို့နယ်၊ (၃၆)လမ်းရှိ ဆိုက်ဘားအင်တာနက်ဆိုင်မှ Samsung S3 GT-193000တန်ဖိုးကျပ် ၃၅၀၀၀၀တန် လက်ကိုင်ဖုန်းနှင့် Huawei 8813 လက်ကိုင်ဖုန်း၊ တန်ဖိုးကျပ် (၁၃၀၀၀၀)အား ခိုးယူရရှိ၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာ ပထမထပ်ရှိ ဖုန်းအရောင်းဆိုင်တွင် ရောင်းချခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ခိုးရာပါသက်သေခံဖုန်းကို သိမ်းယူရရှိပြီး ဖြစ်သည်။ စမ်းချောင်းမြို့မရဲစခန်းမှ(ပ) ၂၈၄/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၈၀/၅၄ဖြင့် အရေးယူ၍ သက်ဆိုင်ရာ နယ်မြေစခန်းများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

လှည့်ကင်းအဖွဲ့မှ တွေ့ရှိ ဖမ်းမိခဲ့သူသည် စမ်းချောင်း၊ အလုံ၊ ပန်းဘဲတန်း၊ လသာ၊ ကျောက်တံတားမြို့နယ်များသို့ လှည့်လည်သွားလာ၍ ဂိမ်းဆိုင်နှင့်အင်တာနက်ဆိုင်များအတွင်းမှ လက်ကိုင်ဖုန်းများအား ခိုးယူပြီး ရောင်းချကာ ဆက်တိုက်ဒုစရိုက်မှု ကျူးလွန်နေခဲ့သူဟုသိရသည်။

www.burmeseclassic.com

www.burmeseclassic.com



# ညအချိန် အလုပ်မှပြန်လာသူ အမျိုးသမီးဝတ်ဆင်ထားတဲ့ ဆွဲကြိုးကို စက်ဘီးစီး လူငယ်က လုယူထွက်ပြေးသွားမှု

ဖြစ်စဉ်မှာ ၁၀-၉-၂၀၁၃ရက်နေ့ ညရနာရီ၃၀မိနစ်အချိန်က မရီရီဝင်း(၃၃နှစ်)၊ အထည်ချုပ် စက်ရုံအလု‌ပ်သမား၊ (၂၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေသူသည် ညီမဖြစ်သူနှင့်အတူ လှိုင်သာ ယာမြို့နယ်၊ (၂၀)ရပ်ကွက် အနော်ရထာလမ်း၊ (၈၆)ကားဂိတ်ဟောင်းရှိ ဆေးဆိုင်မှဆေးဝယ်ပြီး အနော်ရထာလမ်းအတိုင်း လမ်းဘေးကပ်၍ လမ်းလျှောက်လာခဲ့သည်ဆို၏။

ထိုအချိန်တွင် မျက်နှာချင်းဆိုင်မှ မိန်းမစီးစက်ဘီးအစိမ်းရောင်အား စီးလာသည့် အသက် (၂၀)နှစ်ခန့် အသားလတ်၊ ခန္ဓာကိုယ်ပိန်၊ အရပ်(၅)ပေ(၅)လက်မခန့်ရှိ လူငယ်တစ်ဦးက စက်ဘီး အားရပ်ပြီး မရီရီဝင်း၏ လည်ပင်းတွင် ဝတ်ဆင်ထားသော အလေးချိန်တစ်ကျပ်သားခန့်ရှိ SMD ရွှေဆွဲကြိုးတစ်ကုံး (တန်ဖိုးကျပ် ၆,၀၀,၀၀၀)၊ အလေးချိန် သုံးပဲသားခန့်ရှိ ပန်းပွင့်ရောင်ပုံဆွဲသီး တစ်ခု (တန်ဖိုးကျပ် ၁,၀၀,၀၀၀)တို့အား ဆွဲဖြတ်၍ ထွက်ပြေးသွားခဲ့သည်ဆို၏။

မရီရီဝင်းမှ တရားလိုပြုလုပ်တိုင်တန်း၍ သောင်ကြီးနယ်မြေရဲစခန်းမှု(ပ)၅၄၆/၂၀၁၃၊ ပြစ်မှုပုဒ်မ၃၈၂ဖြင့် အမှုဖွင့်ပြီး အမှုစစ်ဒုရဲအုပ်ဝင်းလွင်ထွန်းက ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။

**အိသဲ‌ဝိုး**

BURMESE CLASSIC .com

# လင်ကိုစိတ်ဆိုးပြီး သေကြောင်းကြံစည်ခဲ့သူ အမျိုးသမီးကို ဥပဒေအရ အရေးယူခဲ့ရမှု

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်အတွင်း လင်နှင့်မယားအဆင်မပြေသည့်ကိစ္စ နှင့်စိတ်ညစ်ကာ ပိုးသတ်ဆေးသောက်၍ မိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့သော်လည်း ကံကောင်းထောက်မစွာ အသက်မသေခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၈-၉-၂၀၁၃ရက်နေ့ ည၁၀နာရီခွဲအချိန်ခန့်က သန်လျင်ဆေးရုံတွင် ပိုးသတ် ဆေးသောက်သည့် လူနာတစ်ဦးရောက်ရှိနေကြောင်း သတင်းရရှိ၍ သန်လျင်မြို့မရဲစခန်းမှ ဒုရဲအုပ်ဇော်လင်းက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ပိုးသတ်ဆေးသောက်သူမှာ မအိအိခိုင်(၂၇နှစ်)(အထည်ချုပ်စက်ရုံ လုပ်သား) ကွမ်းခြံကုန်းကျေးရွာ၊ သန်လျင်မြို့နေသူဖြစ်ပြီး လင်မယားချင်း အဆင်မပြေဖြစ်သည့် ကိစ္စဖြင့် စကားများကြ၍ စိတ်ညစ်ကာ ပိုးသတ်ဆေးသောက်၍ သေကြောင်းကြံစည်ခြင်း ဖြစ်ကြောင်း စစ်ဆေးသိရှိခဲ့ရသည် ဆို၏။

ယင်းဖြစ်စဉ်အား ဒုရဲအုပ်ဇော်လင်းက တရားလိုပြုလုပ်တိုင်တန်းခဲ့၍ သန်လျင်မြို့မ ရဲစခန်းမှု (ပ)၈၃၈/၂၀၁၃၊ ပြစ်မှုပုဒ်မ၃၀၉ဖြင့် အမှုရေးဖွင့်၍ အမှုစစ်တရားလိုက ပြစ်မှုကျူးလွန်သူအား စစ်ဆေးဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

**TTသိန်း**



www.burmeseclassic.com

www.burmeseclassic.com



# (၉) ရက်သားသမီး တစ်လတာကံကြမ္မာ

**တနင်္ဂနွေ**

BURMESE CLASSIC .com

စီးပွားရေးတွင် အနှောင့်အယှက်အမျိုးမျိုး၊ ပြိုင်ဘက်တို့နှင့် ထိပ်တိုက်ရန်နှင့် တွေ့ဆုံတတ်၍ ရှောင်ပါ။ အောင်မည်။ မိမိမေတ္တာစေတနာ အကျိုးဖြင့် တိုးတက်မည်။ နိုင်ငံခြားခရီးသွားရန် တစ်ဆို့တားဆီး ကြန့်ကြာနေလျှင် စနေထောင့်မှာ ဒါနသုခရွက် (၉) ရွက်လှူပါ။ မြန်မြန်ထွက်ရမည်။ အမဲသား၊ ကြက်သား၊ ဝက်သား၊ သား, ငါး, ပုစွန် ရောင်းဝယ်ပါ။ ဆန်၊ ဆီ၊ ပေါ်၊ ဆေး ရောင်းဝယ်ပါ။ အလုပ်အကိုင်တွင် ဝန်ထမ်းဖြစ်လျှင် အထက်လူကြီးမှ ငြိုငြင်ခြင်း၊ အထင်လွဲခြင်း ခံရမည်။ မိမိက ရိုးသားဂုဏ်၊ ကြိုးစားဂုဏ် ပြပေးလိုက်ပါ။ ဆရာသမားတို့က ကြည့်ရှုမည်။ ဆုလာဘ်ငွေများစွာရမည်။ ကံအထူးကောင်းလာမည် မှတ်ပါ။ အရောင်းအဝယ် သိပ်မဖြစ်ပါ။ အချစ်ရေးတွင်ချစ်သူနှစ်ဦး ပြိုင်ပေါ်မှာ ရှိနေပေမယ့် မိမိစိတ်တိုင်းကျ ချစ်သူဖြစ်တတ်ပါတယ်။ ကျန်းမာရေးအရ အာရုံကြောဝေဒနာ၊ သွေးတိုးရောဂါ ဖြစ်တတ်တယ်။ အိပ်ရာအောက်မှာ မာလကာရွက် ထားအိပ်လိုက်ပါ။ ကျန်းမာသွား လိမ့်မည်။

| | |
|---|---|
| **ထီထိုးရန်ရက်။** | ။ ၁၁၊ ၁၆၊ ၁၈၊ ၁၉၊ ၂၂၊ ၂၄၊ ၂၆။ |
| **ထီထိုးရန်ဂဏန်းများ။** | ။ (န) ၈-၃၊ (မ) ၄-၅၊ (ည) ၃-၅။ |
| **ခါတ်စာ။** | ။ မြင်းခွာရွက်သုပ်စားပါ။ ကျွဲကောသီးမှည့်စားပါ။ |
| **ယတြာ။** | ။ ရွှေပန်း၊ ငွေပန်းပွင့် (၂၇)ပွင့် လှူဒါန်းပါ။ |

**တနင်္လာ**

စီးပွားရေးတွင် တစ်မြို့၊ တစ်နိုင်ငံ၊ တစ်နယ်သို့ သွားရမယ်။ ကံကောင်းမည်။ သွားလိုက်ပါ။ နယ်စပ်ဆောက်လုပ်ရေးလုပ်ငန်း၊ ရွှေ၊ ငွေရတနာ အရောင်းအဝယ်အောင်မြင်မယ်။ သိန်းသန်းကုဋေ ရတနာစိန်ကျောက် ဖယ်တောက်လို့ ကစားနိုင်မည့်လအခါဖြစ်မယ်။ ကားဝယ်ရောင်း၊ ရာသီကုန် ရောင်းဝယ်ပါလေ။ ဝန်ထမ်းဖြစ်ပါက ရာထူး၊ လုပ်ငန်း၊ ဌာန တိုးတက်မှုနှင့် ပြောင်းကိန်းရှိတယ်။ ပြောင်းလျှင်ကောင်းမယ်။ လုပ်ငန်းစာမေးပွဲ ဖြေဆိုရမယ်။ တိုးတက်အောင်မြင်မယ်။ အချစ်ရေးတွင် ချစ်သူနှင့်ခရီးသွားရမယ်။ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်တယ်။ သတိပြုပြီး ပညာကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ကြိုးစားသင်ပါလေ။ ကျန်းမာရေးတွင် သွေးကြောထဲတွင် ရောဂါတစ်ခုရှိနေတတ်သည်။ သားအိမ်ဆိုင်

ဝေဒနာ ခံစားတတ်ရသည်။ ငါ နေကောင်းတယ်ဆိုပြီး ပေါ့ပေါ့ဆဆ မနေသင့်ပါ။ ရောဂါဝေဒနာ တာရှည်မ

**ထီထိုးရန်ရက်။** ။ ၂၁၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ (ဋ) ၈–၁၊ (ပ) ၄–၂၊ (ဏ) ၅–၁။

**ခါတ်စာ။** ။ မုန့်ဟင်းခါးသုပ်၊ ထမင်းသုပ် စားပါ။

**ယတြာ။** ။ မိမိမွေးနံထောင့်တွင် ပန်းသီးသုံးလုံး၊ မာလကာသီးသုံးလုံး၊ ရေသက်

ကပ်ပါ။

BURMESE CLASSIC .com

**အင်္ဂါ**

စီးပွားရေးတွင် ခရီးသွားရန် အကြံပျက်မည်။ စက်တပ်ယာဉ် ထိခိုက်တတ်ခြင်း ကြုံမည်

လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်း၊ ဆန်၊ ဆီ၊ ဆား ရောင်းဝယ်ပါလေ။ ယခုလ စီးပွားရေး

တက်ကိန်းရှိတယ်။ အရာရာတိုင်းတွင် အနစ်နာခံခြင်းကြောင့် တိုးတက်ချမ်းသာမည်။

ထမ်းဖြစ်ပါက လုပ်ငန်းခွင်အတွင်း ရန်ဘက်ရှိသည်။ အိမ်၊ခြံ၊မြေ၊ နေရာသစ်တို့ ရရှိနိုင်ပါသည်။ ဂေါ်မလွဲပါ

လုပ်ငန်းမထွက်သင့်ပါ။ အပြင်လုပ်ငန်း မကောင်းသေးပါ။ အချစ်ရေးတွင် တကယ်ချစ်တယ်ဆိုတဲ့ ချစ်သူ

သစ္စာဖောက်ပြီး တခြားသူနှင့် လက်ထပ်တတ်တယ်။ အချစ်ကံညံ့တယ်။ သတ္တဘာဂ ဖူးစာရေးနတ်ကို မေတ္တာ

အချစ်သစ်ထပ်မံတွေ့ပြီး အချစ်ကံကောင်းသွားမည်။ ကျန်းမာရေးတွင် မျက်စိရောဂါဝေဒနာရရှိမည်။ ဆီးေ

ဖြစ်တတ်သည်။ ဝေဒနာ တာရှည်မခံရတတ်ပါ။ အိပ်ရာခေါင်းရင်းမှာ တမာညွန့် ကိုးညွန့် ချိတ်ဆွဲထား

**ထီထိုးရန်ရက်။** ။ ၃၊ ၄၊ ၅၊ ၇၊ ၁၀၊ ၁၁၊ ၁၃။

**ထီထိုးရန်ဂဏန်းများ။** ။ (အ) ၄–၆၊ (ပ) ၇–၃၊ (ဏ) ၅–၆။

**ခါတ်စာ။** ။ ကင်ပွန်းချဉ်ရွက် ကြော်ချက်စားပါ။ ဟင်းနုနယ်ကြော်ချက်စားပါ

**ယတြာ။** ။ မုန်လာ၊ ဟင်းဂလာ၊ မာလာကာ သုံးညွှန့်စီ အိမ်ဘုရားမှာ ကပ်ပါ

**ဗုဒ္ဓဟူး**

စီးပွားရေးတွင် တိုက်ဆိုင်တစ်လီ၊ ကုမ္ပဏီတစ်ဖက်၊ လုပ်ငန်းတွေ ဖယ်ဆက်သည်

သွက်သွက် စီးပွားရေးတက်မယ့် လအခါဖြစ်တယ်။ ငွေကလည်း ပေါ၊ အလှူအတန်း

ပေးလှူပေးပါ။ တွင်ခုံ၊ ဝပ်ရှော့ ကားပစ္စည်းရောင်းဝယ်၊ အထည်အလိပ်တို့ ကံကောင်းတတ်ပါ

ဝန်ထမ်းဖြစ်ပါက ငွေကိစ္စ ပြဿနာတက်မယ်။ ဌာနဆိုင်ရာ အကြီးအကဲတို့မှ ခေါ်ယူစစ်ဆေးခြင်းခံ



www.burmeseclassic.com

www.burmeseclassic.com



အဖမ်းအဆီး၊ အချုပ်အနှောင်ခံရတတ်သည်။ အစစအရာရာ သတိရှိရမည့် လအခါသမယဖြစ်ပါသည်။ အချစ်ရေးတွင် အပြစ်တွေးစရာတွေ ဖြစ်တတ်သည်။ ချစ်သံသယစိတ်ကို ဖျောက်လိုက်ပါ။ သင့်ချစ်သူက ...န်ခေါ်ရင် တိမ်ပေါ်ထိလိုက်လိမ့်မည်။ ကျန်းမာရေးတွင် ခွဲစိတ်ကုသခံရသော ရောဂါဝေဒနာရမည်။ ဆေးရုံတက်ရမည်။ တက်လိုက်ပါ၊ ရောဂါပျောက်မည်။ ကျန်းမာရေးညံ့သောလပိုင်း ဖြစ်တယ်။ သတိထားပါလေ။

**ထီထိုးရန်ရက်။** ။ ၁၆၊ ၁၈၊ ၂၂၊ ၂၄၊ ၂၅၊ ၂၆၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။** ။ (ယ) ၆–၂၊ (ရ) ၆–၃၊ (ဝ) ၉–၄။

**ဓာတ်စာ။** ။ စပျစ်သီး၊ မာလကာသီးမှည့်မှည့်ကို သကြားနှင့် တို့စားပါ။

**ယတြာ။** ။ နှင်းဆီနီနီရဲရဲ ကိုးပွင့် မွေးနံထောင့်ဘုရားမှာ ကပ်ပါ။

**ကြာသပတေး**

စီးပွားရေးတွင် မိမိအိမ်အနီးမှာ လုပ်ငန်းအသစ် တိုးချဲ့လုပ်ကိုင်ရမည်။ ရေခြား မြေခြား ခရီးသွားရန် သေချာသောလမှတ်ပါ။ အိမ်ထောင်ရေး၊ အိမ်တွင်းရေး စိတ်ဒုက္ခကြုံတတ်သည်။ သားရေထည်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ရောင်းဝယ်ပါလေ။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးမည်။ ဝန်ထမ်းအိမ်ရာမှ မိမိပိုင်မြေရမည်။ အိမ်ဆောက်ရမည်။ အချစ်ရေးတွင် မိမိစိတ်တိုင်းကျ ချစ်သူနှင့် မညားနိုင်။ မိဘပေးစားသောသူယူမှ အချစ်ရေးကံကောင်းမည်။ နှလုံးသားအလိုမလိုက်နှင့်။ အချစ်ကျေးကျွန် ဖြစ်တတ်သည်။ ဝေဒနာ သေရွာထိပါသွားမည်။ သတိပြုပါ။ ကျန်းမာရေးတွင် အအေးပတ် နာစေးရာမှ လည်ချောင်းနှင့် ပတ်သက်သော ရောဂါရတတ်သည်။ အသေးအမွှား ရောဂါဝေဒနာမှ ကြီးမား သောဒုက္ခ ခံစားရတတ်၍ သတိပြုပါ။ ကျန်းမာရေး ဂရုစိုက်ပါ။

**ထီထိုးရန်ရက်။** ။ ၁၊ ၆၊ ၇၊ ၉၊ ၂၀၊ ၂၁၊ ၂၂။

**ထီထိုးရန်ဂဏန်းများ။** ။ (သ) ၆–၁၊ (ဝ) ၆–၃၊ (မ္မ) ၄–၈။

**ဓာတ်စာ။** ။ အုန်းထမင်း၊ ကြက်သားနှင့် ချက်စားပါ။ သံပရာရည်သောက်ပါ။

**ယတြာ။** ။ သပြေ၊ ခံတက်၊ စီးပွားတက်ဟု နှုတ်ကပြော၍ လှူပါ။

**သောကြာ**

စီးပွားရေးတွင် လခစားလုပ်ငန်းမှ ကိုယ်ပိုင်သို့ ပြောင်းတတ်သည်။ လုပ်ငန်းသစ်တွင် ထစ်ထစ်ငေါ့ငေါ့ အဆင်မပြေမှုများမည်။ ဖိနပ်သစ်၊ ထီးသစ် မဝင်သင့်။ ဝင်ပြီးလျှင် ရွှန် လွှတ် လှူဒါန်းလိုက်ပါ။ သိန်း၊ သန်း ထီပေါက်ကိန်းရှိသည်။ ထမင်း ဟင်း ရောင်းသင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲဆိုင်၊ ရတနာဆိုင်၊ အထည်အလိပ်ဆိုင် ဖွင့်ပါလေ။ အချစ်ရေးတွင် အချစ်က ရေမြေခြားတစ်နေရာသို့ ရောက်တတ်၏။ ဖူးစာရေးနတ်ကို နှင်းဆီပန်းရောင်တစ်ပွင့် လှူပါ။ ကျန်းမာရေးတွင် ဦးခေါင်းကိုက်ရောဂါဝေဒနာ ခံစားရမည်။ နှလုံး၊ ကျောက်ကပ် ဝေဒနာရတတ်သည်။ အိပ်ရာနားမှာ ကျောက်ဖရုံသီး ထားအိပ်ပါလေ။ ဆရာဝန်နှင့် ရောဂါကို စစ်ဆေးပါ။ မြန်မြန်ပျောက်မည်။

**ထီထိုးရန်ရက်။** ။ ၁၀၊ ၁၆၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ (န) ၉-၃ အဆုံး၊ (ပ) ၉-၄ အဆုံး၊ (ည) ၄ အစ ၅ အဆုံး။

**ခါတ်စာ။** ။ ငါးရံ့ဆန်ပြုတ်၊ ကြက်စွပ်ပြုတ်၊ ကြက်ပေါင်းရည်၊ ကြက်အဆီထုတ်ပြီး စားသုံးပေးပါလေ။

**ယတြာ။** ။ မရှိဆင်းရဲနွမ်းပါးသူကို အဝတ်သစ် လှူဒါန်းပါ။ ခိုစာကျွေး ဒါနပြုပါလေ။

BURMESE CLASSIC .com

**မိဿ**

စီးပွားရေးတွင် လက်ရှိလုပ်ငန်းမှ ပြောင်းရွှေ့ရမည်။ တိုးချဲ့လုပ်ငန်း မလုပ်သင့်သေးပါ။ သာသနာပြုလုပ်ငန်းတစ်ခု ပြုလုပ်ရတတ်သည်။ ခရီးဝေး၊ နိုင်ငံခြားခရီး ထွက်ရမည်။ လာဘ်ဝင်မည်။ စီးပွားရေးအထူးကောင်းသော လတစ်လ ဖြစ်ပါသည်။ ရေကြောင်း စက်လှေ၊ သမ္ဗန်၊ ပိုက်၊ ငါးဖမ်းလုပ်ငန်း ကောင်း၏။ ဝန်ထမ်းဖြစ်ပါက အကြီးအကဲတို့နှင့် ခရီးသို့ခေတ္တသွားတတ်သည်။ ရာထူးတိုး၊ နေရာပြောင်း ကံကောင်းသောလဖြစ်သည်။ အချစ်ရေးတွင် သူများတွေ ရယ်နေချိန်မှာ မိမိ ငိုနေရတတ်သည်။ အငိုမျက်လုံးပေမယ့် မျက်နှာမှာ အပြုံးပြထားပါ။ ကံပိုင်းမှာ ကောင်းပြီး ကြမ္မာပိုင်း ခေ အညံ့ရှိပါသည်။

**ထီထိုးရန်ရက်။** ။ ၁၀၊ ၁၁၊ ၁၅၊ ၁၆၊ ၁၈၊ ၂၆၊ ၂၇။

**ထီထိုးရန်ဂဏန်းများ။** ။ (ဠ) ၇-၃၊ (သ) ၇-၄၊ (အ) ၄-၆။

**ခါတ်စာ။** ။ ချဉ်ပေါင်အဖြူရွက်ကြော်၊ ဒန့်သလွန်ရွက်ကြော်စားပါ။ ပဲထမင်းချက်စားပါ။

**ယတြာ။** ။ စာကလေး ကိုးကောင် လွှတ်ပါ။

**စမ်းလိုအေး၍ ပန်းလိုမွှေးပါစေ**

**သစ္စာ၊ မေတ္တာ ဆရာထွန်းလင်းကျော်**

**နက္ခတ်ဗေဒင် လက္ခဏာပညာရှင်**



www.burmeseclassic.com